အဂ္ဂမဟာပဏ္ဍိတ

မူလပဋ္ဌာန်းဆရာတော်ဘုရား

# သင်္ခါရယမကကျမ်း

အသံဖမ်းယမိုက်ပို့ချစဉ်

ဓမ္မဒါန

၁၃၄၂-ခု၊ သီတင်းကျွတ်လပြည့်၊ ၁၉၈၀-ပြည့်၊ အောက်တိုဘာ ၂၄-ရက်၊

၁၄၈၇၂

ရန်ကုန်မြို့
**အဘိဓမ္မာပြန့်ပွားရေးအသင်း**
၏

# ပထမသြဝါဒါစရိယ

အဂ္ဂမဟာပဏ္ဍိတ

**မူလပဋ္ဌာန်းဆရာတော်ဘုရား**

ကိုယ်တော်တိုင်နည်းပေးခါ အဓိပ္ပါယ်များနှင့် တကွ
အဋ္ဌကထာ ဋီကာမိန့်ဆိုချက်များပါ

# သင်္ခါရယမကကျမ်း

ကို

တပည့်များအား ဝေဝေဆာဆာ ပို့ချပေးစဉ်
အသံဖမ်းကြိုးခွေမှတဆင့် ကူးယူ
ထုတ်ဝေလိုက်သော

# အသံဖမ်းယမိုက်ပို့ချစဉ်

ဣစ္ဆာသယပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၁၁[illegible]၂)

ကင်းလွတ်ခွင့်အမှတ် (၄၅၅)


ထုတ်ဝေသူ - ဦးဘငွေ
အဘိဓမ္မာပြန့်ပွားရေးအသင်း
ဆူးလေယင်ပြင်တော်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးသန်းမောင်
ပုံနှိပ်သူ မှတ်ပုံတင်အမှတ်(၀၇၉၄)
ဣစ္ဆာသယ ပိဋကတ် စာပုံနှိပ်တိုက် ၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

၁၃၄၂-ခုနှစ်၊ တန်ဆောင်မုန်းလ။ ၁၉၈၀ - ခုနှစ်၊ နိုဝင်ဘာလ။

ပထမအကြိမ် စာအုပ်ရေ(၁၀၀၀)

ဓ မ္မ ဒါ န



ရန်ကုန်မြို့၊ ပြည်လမ်း၊ ပဌာန်းကျောင်းတိုက်

အဂ္ဂမဟာပဏ္ဍိတ

# မူလပဌာန်းဆရာတော် ဘဒ္ဒန္တနာရဒ

# နိဒါန်း

ကျွန်ုပ်တို့သည် မာတိကာ ဓာတုကထာ ယမိုက် ပဋ္ဌာန်းစသော အဘိဓမ္မာ တရားတော်ကြီးများ မြန်မာပြည်အရပ်ရပ်၌၎င်း၊ နိုင်ငံခြား တိုင်းပြည်များ၌၎င်း၊ ပြန့်ပွား၍ အလွယ်တကူ သင်ယူနိုင်ကြ၊ လေ့လာ နိုင်ကြစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးကို ၁၃၁၇-ခု နှစ်၌ တည်ထောင်ခဲ့ပါသည်။

တည်ထောင်ခဲ့သည့် မူလရည်ရွယ်ချက်အတိုင်း ရန်ကုန်မြို့ ဆူးလေစေတီ ရင်ပြင်တော်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းတိုက်၌ အသင်းကြီး၏ ပထမ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မူလ ပဋ္ဌာန်းဆရာတော်ဘုရားကြီး ကိုယ်တိုင်၎င်း၊ ထိုဆရာတော်ဘုရားကြီး၏ နည်းနာနိဿယအတိုင်း တပည့်များက၎င်း၊ ပို့ချပေးခဲ့ရာ ရဟန်းရှင်, လူအပေါင်းတို့ နှစ်ထောင်းအားရစွာ သင်ကြားကြပါသည်။

အဘိဓမ္မာပြန့်ပွားရေးအသင်းသို့ ကိုယ်တိုင်လာရောက်၍ မသင်ကြားနိုင်ကြသော ပုဂ္ဂိုလ်များအတွက် အခက်အခဲမရှိ ပို့ချသင်ကြားနိုင်ကြရန် ပဋ္ဌာန်းပါရဂူကျမ်း၊ ယမိုက်ပါရဂူကျမ်း၊ ယမိုက်ပါရဂူကျမ်း နောက်ဆက်တွဲ၊ မာတိကာ ဓာတုကထာ ပါရဂူကျမ်း၊ သင်္ဂြိုဟ် ၉-ပိုင်း သရုပ်ခွဲကျမ်း၊ ပဥ္စာဝါရ ဝိဘင်္ဂ အသံဖမ်း ပဋ္ဌာန်းပို့ချစဉ်ကျမ်းနှင့် ပစ္စယနိဒ္ဒေသ ပဋ္ဌာန်းပို့ချစဉ်ကျမ်းများကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်၊ ယခုပဥ္စာဝါရ သင်္ချာခဏ်း၊ ဆဝါရသင်္ချာခဏ်း၊ ပဋ္ဌာန်းပို့ချစဉ်ကျမ်းများကို ပုံနှိပ်ဆဲဖြစ်ပါသည်။

နိုင်ငံခြား တိုင်းပြည်များတိုင်း အဘိဓမ္မာတရားတော်ကြီး ပြန့်ပွားစေလိုသောမူလရည်ရွယ်ချက်အတိုင်း ဆရာတော်ရေးသားသော အင်္ဂလိပ်ဘာသာပြန် ဓာတုကထာကျမ်း (Discourse on Elements)ကို ၁၉၆၂-ခုနှစ်၌၎င်း၊ အင်္ဂလိပ်ဘာသာပြန် ပဋ္ဌာန်းပါဠိတော်ပထမအုပ်(Conditional Relations Vol: 1.)ကို ၁၉၆၉-ခုနှစ်၌၎င်း၊ ပဋ္ဌာန်းဟောပုံ နည်းမျိုးစုံ လမ်းညွှန်ကျမ်း ပထမပိုင်း(Guide to Conditional Relations Part: 1 )ကို ၁၉၇၀-ပြည့်နှစ်၌၎င်း၊ လန်ဒန်မြို့ ပါဠိအသင်းကြီးမှ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်၊ ထိုအထက်ပါ စာအုပ်များကို ပါဠိအသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သော(Dr. I. B. Horner)၏ တောင်းပန်ချက်အရ တပည့် ဦးသိန်းညွန့်၏ အကူအညီဖြင့် ရေးသားခဲ့ခြင်း ဖြစ်ပါသည်၊ ပဋ္ဌာန်းဟောပုံ နည်းမျိုးစုံ လမ်းညွှန်ကျမ်း

ဒုတိယပိုင်းကို မြန်မာပြည်၌ ပုံနှိပ်ရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်၏ တိုက်တွန်းချက် အရ ကမ္ဘာ့အေး သာသနာရေးဦးစီးဌာနသို့ စာမူပို့လိုက်ရာ ယခုပုံနှိပ်ဆဲဖြစ်ပါသည်၊ တတိယပိုင်းကို ရေးသားပြီးဖြစ်သော်လည်း ပြန်၍ ပြင်ဆင်သုံးသပ်လျက်ရှိပါသည်။

ထိုပဋ္ဌာန်း ယမိုက်စသည်ကို ကျွန်ုပ်တို့သာမဟုတ် မြန်မာပြည်အရပ်ရပ်ရှိ ဆရာတော်၏ သိဿာနုသိဿတို့ကပါ ဆရာတော်စီစဉ်ကြံဆထားသော ဇယားများကို ကူးယူကြခါ ဆရာတော်၏ နည်းနာနိဿယအတိုင်း ပို့ချပေးကြပါသည်၊ ကျွန်ုပ်တို့သည် ဆရာတော်၏ ပဋ္ဌာန်းပို့ချပုံပို့ချနည်း အစုံအလင်ကို သိရှိလိုလှသည့်ပြင် ဓမ္မမိတ်ဆွေ အပေါင်းတို့အားလည်း ကျွန်ုပ်တို့ကဲ့သို့ တတ်သိနားလည်စေလိုသော သမ္မာဆန္ဒဖြင့် ပဋ္ဌာန်းပို့ချစဉ်ကို အသံဖမ်း၍ ကုသလတိက် အပြည့်အစုံနှင့် ဝေဒနာတိက်ကို စာအုပ်အဖြစ် ထုတ်ဝေလျက်ရှိပါသည်။

**သင်္ဂါရဃမက**

ပဋ္ဌာန်းပို့ချစဉ်ကိစ္စပြီး၍ အထက်ယမိုက်များကို ဆက်လက်၍ ပို့ချပေးရန် လျှောက်ထားခဲ့ရာ သင်္ဂါရစသော အထက်ယမိုက်များကို ၁၃၃၂-ခု၊ ဝါဆိုလဆုတ် ၂-ရက်(၂၀-၇-၇၀) အင်္ဂါနေ့ကစ၍ ပို့ချပေးခဲ့ပါသည်၊ ပဋ္ဌာန်းကျမ်းကြီးသည်ကား လွန်စွာ ကျယ်ဝန်း များပြားလှလည်း တကျမ်းနှင့် တကျမ်း ဝါရတခုနှင့်တခု အာသေဝနပစ္စည်း ဆက်ခါ ဟောကြားထားသဖြင့် ရှင်းရှင်းနှင့် ခက်လှပါသည်၊ ယမိုက်ကျမ်းများ၌ကား ထိုကဲ့သို့ အာသေဝနပစ္စည်း တပ်မှုနည်းပါးလှသဖြင့် ရှုပ်ရှုပ်နှင့် ခက်လှပေသည်၊ ပါဠိတော်ဟောထားပုံ အရကောက်ကောက်ထားပုံများ၏ ဟောလိုရင်း ကောက်ပြလိုရင်းများနှင့် အရကောက် ဆရာတော်၏ အာဘောဂကို သိမြင်မိရန်ကား ပို၍ပင် ခက်လှပေသည်။

မည်သည့် အကြောင်းကြောင့် ဤဝိဘင်းပါဠိတော် ဟွက်လာသနည်း၊ ဤဝိဘင်းပါဠိတော်အရ အရကောက်ဆရာတော်ကြီးက မည်သည့် အကြောင်းကြောင့် ဤသို့ ကောက်ပြသနည်း၊ ထိုသို့ ကောက်ပြမှုသည် ပါဠိတော်၌ ဟောတော်မူသည့် အတိုင်းပင်လော၊ စသည်ဖြင့်ရင်း၊ သဒိသကောက်များကို မည်သည့်ပါဠိ၌ သွင်းယူရမည်နည်း၊ ရသင့်၍ ကောက်သည်ဆိုရာ၌ မည်သည့် အကြောင်းကြောင့် ရသင့်သနည်း၊ ပါဠိမရှိဆိုရာ၌လည်း မည်သည့်အကြောင်းကြောင့်နည်း၊ ၎င်းကိုမည်သည့်ပါဠိ၌ သွင်းယူရမည်နည်း၊ အရကောက်

ဆရာတော်ကြီး၏ အာဘောဂကား မည်သို့နည်း စသည်ဖြင့် နားလည်ကြရအောင် ရှင်းပြထားပါသည်။

ဤသင်္ဂါရယမိုက်၌ကား ပဝတ္တိကာလများကိုပါ ဟောသဖြင့် ခက်ခဲနက်နဲရုံမက အသိဉာဏ် ရှုပ်ထွေးဘွယ်ရာလည်း များလှပါသည်၊ ထိုအခက်အခဲအရှုပ် အထွေးများကို လွန်မြောက်နိုင်ရန် ကိုးကားသင့်သော အဋ္ဌကထာဋီကာများကို ကိုးကား၍ အရကောက် ဆရာတော်ကြီး၏ အာဘောဂကိုအများဆုံး ရှင်းလင်းအောင် ပြထားပါသည်။

**ပါဠိတော်နှင့် အရကောက်ဇယားများ**

ဝိဘင်းပါဠိတော်ထုတ်ပုံများကို ပဝတ္တိဝါရအားလုံးအတွက် ဇယား တခုတည်းဖြင့်သာ ပြထားရာ ဇယားသွားလာပုံများကို လေ့လာ သဘောကျပါက ကျက်မှတ်စရာမလိုဘဲ အမျိုးသမီးများသော်မှ ပါဠိတော်များကို အာဂုံဆောင်နိုင်ကြ၊ အရကောက်များကို ကောက်နိုင်ကြပါသည်၊ မှန်ပါ၏၊ ကျွန်ုပ်တို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၌ ယမိုက်ပဋ္ဌာန်းစသော အဘိဓမ္မာများကို ပို့ချရာဝယ် အစိုးရစာမေးပွဲကို အောင်ရုံမျှလောက်သာ မရည်ရွယ်ဘဲ အပြည့်အစုံ ပါဠိတော်အရကောက်များ၌ ရှိသည့်အတိုင်း ပို့ချပေးရုံမက ဖေါ်သင့်သော ပေယျာလများကိုပင် ဖေါ်၍ ပို့ချပေးပါသည်။

**အနာဂတပုဂ္ဂလောကာသဝါရ အရကောက်ဇယား**

သင်္ခါရယမက အနာဂတ ပုဂ္ဂလောကာသဝါရ အရကောက်များမှာ အတော်ခက်ခဲရှုပ်ထွေးလှသည့်အပြင် လွန်စွာလည်း ရှည်လျားလှသောကြောင့် စာသင်သားများအတွက် ခေါင်းကိုက်စရာကောင်းလှပါသည်၊ ဆရာတော်သည် ထိုအခက်အခဲများကို လွယ်အောင် အရှုပ်အထွေးများကို ရှင်းအောင် အထူးကြံဆခါ အရကောက်ဇယားများ၌ ဝိဘင်းထုတ်ပုံများကိုပါ တပါတည်းသိနိုင်ရန် ပြထားပါသည်။

**အာသေဝနပစ္စည်းတပ်အောင်ဖို့ချပုံ**

ဆရာတော်သည် အာသေဝနပစ္စည်း တပ်မှုနည်းပါးလှသော ယမိုက်ကျမ်းများ၌ တကျမ်းတည်း၌ပင် အချင်းချင်း အာသေဝနပစ္စည်း တပ်နိုင်ရန်ပို့ချပေးပုံမှာ ပစ္စုပ္ပန္နဝါရကို ပို့ချပေးရာဝယ် ရှေးဦးစွာဥပ္ပါဒဝါရကို ပို့ချပြီးနောက် နိရောဓဝါရနှင့် ဥပ္ပါဒနိရောဓဝါရကို ဆက်လက်၍ ပို့ချပေးသဖြင့် ဥပ္ပါဒဝါရမှ အာသေဝနပစ္စည်းရခါ လွယ်ကူလာပါသည်၊ ဤသို့စသည်ဖြင့်ကြွင်း ဝါရများကိုလည်း ဤသဘောအတိုင်း ပို့ချပေးပါသည်၊ မူ-မူလီတခု၌

ပင် ဥပ္ပါဒ၊ နိရောဓ၊ ဥပ္ပါဒနိရောဓဝါရများကို ပို့ချပေးသဖြင့် အာသေဝန ပစ္စည်း တပ်ခါ လွယ်ကူသွားပါသည်။

**ပစ္စုပ္ပန္နာနာဂတဝါရ**

ဤဝါရသည် သဘာဝအားဖြင့်လည်း ခက်ခဲနက်နဲ သိမ်မွေ့လှသည့်ပြင် အရကောက်များမှာလည်း အမှာအထားများလှ၍ နည်းမရလျှင် ရှုပ်ထွေးခဲယဉ်းလှပါသည်၊ ဤစာအုပ်၌ ဈာနောကာသ ဘုမ္မောကာသ ဇယားနှစ်ခုထဲ၌ ဝင်အောင် ကြံဆထားသဖြင့် ထိုဇယားနှစ်ခုကို သဘောမိအောင် ကြံဆလျှင် အထူးခက်ခဲမှုမရှိကြောင်း ပို့ချပေးစဉ်က လက်တွေ့စမ်းသပ်ခဲ့ပြီး ဖြစ်ပါသည်၊ မှန်ပါ၏၊ အမျိုးသမီးများသော်မှ ဤဇယားများဖြင့် သင်္ခါရယမိုက်၏ ပါဠိတော်ကို အာဂုံဆောင်နိုင်ကြ၊ အရကောက်ကို ရေးဖြေနိုင်ကြပါသည်။

**ပစ္စုပ္ပန္နာနာဂတပုဂ္ဂလောကာသဝါရ**

၎င်းဝါရကို ကမ္ဘာအေးနောက်ဆုံးမိုက် စာမျက်နှာ(၃၃၉)၌ ပြင်ဆင်ချက်တွေ ထည့်ပြီး နောက်ပိုင်းက အမှာကွေ့ပါပြထားပါသည်၊ ယမိုက်အရကောက်ကို ပြင်ဆင်ပုံ အပေါ်က ဆရာတော်၏အလိုကျ လုံးဝ မဟုတ်ပါ၊ ရှေးအရကောက် ဆရာတော်ကြီးများ၏ ယူဆချက်သည် ရှင်းလင်းပြတ်သားလှ၍ ထိုပြင်ဆင်ချက်အတိုင်း ပို့ချမပေးဘဲ အရကောက်ဆရာတော်များ၏ အာဘောဂအတိုင်းသာ ဤစာအုပ်၌ ပို့ချပေးထားကြောင်း အထူးသတိပြုစေလိုပါသည်။

ဤမျှခက်ခဲလှသည့် သင်္ခါရယမိုက်ကို ရှင်းလင်းလွယ်ကူအောင်၊ ၁၃၃၂-ခုနှစ်၊ ဝါဆိုလဆုတ် ၂-ရက်၊ (၂၀·၂·၇၀) အင်္ဂါနေ့ကစ၍ ပို့ချပေးခဲ့ရာ နှစ်ပေါင်း (၁၀)နှစ်ထဲရောက်လာခဲ့ပေပြီ၊ ဤမျှအသုံးတန်သော စာအုပ်ကို စာချ စာသင်ပုဂ္ဂိုလ်များလွယ်ကူစွာ သင်ကြားပို့ချနိုင်ရန်နှင့် သာသနာတော်မှာ အကျိုးများရန်အတွက် ပုံနှိပ်သင့်သည်မှာ ကြာမြင့်လှပြီ ဖြစ်သော်လည်း အစစခက်ခဲမှု မပြည့်စုံမှုကြောင့် ယခုမှပင် ပုံနှိပ်ထုတ်ဝေလိုက်ရပါသည်၊ ကြွင်း ယမိုက်ကျမ်းများ၏ ပို့ချစဉ်များကိုလည်း အသင့်ဖမ်းထားပြီး ဂတ်စတင်နှာဖြင့် ရိုက်နှိပ်ထားရာ အကြောင်းအားလျော်စွာ ထုတ်ဝေသွားမည် ဖြစ်ပါကြောင်း။

အဘိဓမ္မာ ပြန့်ပွားရေးအသင်း၊
ရန်ကုန်မြို့။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | နိဒါန်း | | |
| ၂။ | မာတိကာ | | |
| ၃။ | သင်္ခါရယမက ပဝတ္တိဝါရ ပါဠိတော်ဇယား | | က |
| ၄။ | သင်္ခါရယမက ဥဒ္ဒေသနှင့် သရူပချာဝါရဇယား | | ခ |
| ၅။ | ပဏ္ဏတ္တိဝါရ နိဒ္ဒေသပါဠိတော်ဇယား | | ဂ |
| ၆။ | ပဏ္ဏတ္တိဝါရ အကျဉ်းချုပ်အကောက်ဇယား | | ဃ |
| ၇။ | ဖစ္စုပ္ပန္နဝါရ ပုဂ္ဂလ-ပုဂ္ဂလော-အရကောက်ဇယား | | င |
| ၈။ | အတီတပုဂ္ဂလဝါရ အရကောက်ဇယား | | စ |
| ၉။ | အနာဂတဝါရ ဘုမ္မောကာသ အရကောက်ဇယား | | ဆ |
| ၁၀။ | အနာဂတဝါရ ပုဂ္ဂလောကာသ စျာနောကာသ အရကောက်ဇယား | | ဇ |
| ၁၁။ | ပဏ္ဏတ္တိဝါရ | | ၁ |
| ၁၂။ | ကာယသင်္ခါရ စသည်မည်ပုံ | | ၄ |
| ၁၃။ | ပဏ္ဏတ္တိဝါရ နိဒ္ဒေသ | | ၁၇ |
| | **ပဝတ္တိဝါရ** | | |
| ၁၄။ | ဩကာသဝါရ | | ၂၈ |
| | **ပစ္စုပ္ပန္နဝါရ** | | |
| ၁၅။ | ပုဂ္ဂလ-ပုဂ္ဂလော | | ၃၃ |
| ၁၆။ | ဥပ္ပါဒဝါရ | ကာယမူဝစီမူလီ | ၃၆ |
| ၁၇။ | နိရောဓဝါရ | ။ | ၄၄ |
| ၁၈။ | ဥပ္ပါဒနိရောဓဝါရ | ။ | ၄၇ |
| ၁၉။ | ဥပ္ပါဒဝါရ | ကာယမူစိတ္တမူလီ | ၅၁ |
| ၂၀။ | နိရောဓဝါရ | ။ | ၅၃ |
| ၂၁။ | ဥပ္ပါဒ နိရောဓဝါရ | ။ | ၅၆ |
| ၂၂။ | ဥပ္ပါဒဝါရ | ဝစီမူစိတ္တမူလီ | ၅၈ |
| ၂၃။ | နိရောဓဝါရ | ။ | ၆၀ |
| ၂၄။ | ဥပ္ပါဒနိရောဓဝါရ | ။ | ၆၂ |

| အပုဒ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အတီတဝါရ ပုဂ္ဂလောကာသ** | |
| ၂၅။ | ကာယမှုဝစီမှုလီ | ၆၆ |
| ၂၆။ | ကာယမှုစိတ္တမှုလီ | ၇၁ |
| ၂၇။ | ဝစီမှုစိတ္တမှုလီ | ၇၃ |
| | **ပစ္စုပ္ပန္နာတီတဝါရ ပုဂ္ဂလ** | |
| ၂၈။ | ဥပ္ပါဒဝါရ ကာယမှုဝစီမှုလီ-စိတ္တမှုလီ | ၇၅ |
| ၂၉။ | နိရောဓဝါရ ။ ။ | ၇၇ |
| ၃၀။ | ဥပ္ပါဒဝါရ ဝစီမှုစိတ္တမှုလီ | ၇၈ |
| ၃၁။ | နိရောဓဝါရ ။ | ၈၀ |
| | **ပစ္စုပ္ပန္နာတီတဝါရ ပုဂ္ဂလောကာသ** | |
| ၃၂။ | ဥပ္ပါဒဝါရ ကာယမှု ဝစီမှုလီ | ၈၁ |
| ၃၃။ | နိရောဓဝါရ ။ | ၈၆ |
| ၃၄။ | ဥပ္ပါဒဝါရ ကာယမှု စိတ္တမှုလီ | ၈၈ |
| ၃၅။ | နိရောဓဝါရ ။ | ၉၀ |
| ၃၆။ | ဥပ္ပါဒဝါရ ဝစီမှု စိတ္တမှုလီ | ၉၂ |
| ၃၇။ | နိရောဓဝါရ ။ | ၉၃ |
| | **အနာဂတဝါရ ပုဂ္ဂလ** | |
| ၃၈။ | ဥပ္ပါဒဝါရ ပုဂ္ဂလ ရှင်းလင်းချက် | ၉၅ |
| ၃၉။ | ဥပ္ပါဒဝါရ ကာယမှုဝစီမှုလီ | ၉၆ |
| ၄၀။ | နိရောဓဝါရ ။ | ၁၀၂ |
| ၄၁။ | ဥပ္ပါဒနိရောဓဝါရ ။ | ၁၀၆ |
| ၄၂။ | ဥပ္ပါဒဝါရ ကာယမှု စိတ္တမှုလီ | ၁၀၈ |
| ၄၃။ | နိရောဓဝါရ ။ | ၁၁၁ |
| ၄၄။ | ဥပ္ပါဒနိရောဓဝါရ ။ | ၁၁၃ |
| ၄၅။ | ဥပ္ပါဒဝါရ ဝစီမှု စိတ္တမှုလီ | ၁၁၅ |
| ၄၆။ | နိရောဓဝါရ ။ | ၁၁၆ |
| ၄၇။ | ဥပ္ပါဒနိရောဓဝါရ ။ | ၁၁၈ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **အနာဂတဝါရ ပုဂ္ဂလောကာသ** | | |
| ၄၈။ | ဥပ္ပါဒဝါရ | ကာယမူ ဝစီမူလီ | ၁၂၂ |
| ၄၉။ | နိရောဓဝါရ | ။ | ၁၂၉ |
| ၅၀။ | ဥပ္ပါဒနိရောဓဝါရ | ။ | ၁၃၅ |
| ၅၁။ | ဥပ္ပါဒဝါရ | ကာယမူ စိတ္တမူလီ | ၁၄၁ |
| ၅၂။ | နိရောဓဝါရ | ။ | ၁၄၄ |
| ၅၃။ | ဥပ္ပါဒနိရောဓဝါရ | ။ | ၁၄၈ |
| ၅၄။ | ဥပ္ပါဒဝါရ | ဝစီမူ စိတ္တမူလီ | ၁၄၉ |
| ၅၅။ | နိရောဓဝါရ | ။ | ၁၅၂ |
| ၅၆။ | ဥပ္ပါဒနိရောဓဝါရ | ။ | ၁၅၅ |
| | **ပစ္စုပ္ပန္နာနာဂတဝါရ ပုဂ္ဂလ** | | |
| ၅၇။ | ဥပ္ပါဒဝါရ | ကာယမူ ဝစီမူလီ | ၁၆၀ |
| ၅၈။ | နိရောဓဝါရ | ။ | ၁၆၃ |
| ၅၉။ | ဥပ္ပါဒနိရောဓဝါရ | ။ | ၁၆၅ |
| ၆၀။ | ဥပ္ပါဒဝါရ | ကာယမူ စိတ္တမူလီ | ၁၆၆ |
| ၆၁။ | နိရောဓဝါရ | ။ | ၁၆၈ |
| ၆၂။ | ဥပ္ပါဒနိရောဓဝါရ | ။ | ၁၆၉ |
| ၆၃။ | ဥပ္ပါဒဝါရ | ဝစီမူ စိတ္တမူလီ | ၁၇၁ |
| ၆၄။ | နိရောဓဝါရ | ။ | ၁၇၃ |
| ၆၅။ | ဥပ္ပါဒနိရောဓဝါရ | ။ | ၁၇၅ |
| | **ပစ္စုပ္ပန္နာ နာဂတဝါရ-ပုဂ္ဂလောကာသ** | | |
| ၆၆။ | ဥပ္ပါဒဝါရ | ကာယမူဝစီမူလီ | ၁၇၇ |
| ၆၇။ | နိရောဓဝါရ | ။ | ၁၈၃ |
| ၆၈။ | ဥပ္ပါဒနိရောဓဝါရ | ။ | ၁၈၈ |
| ၆၉။ | ဥပ္ပါဒဝါရ | ကာယမူစိတ္တမူလီ | ၁၉၃ |
| ၇၀။ | နိရောဓဝါရ | ။ | ၁၉၆ |
| ၇၁။ | ဥပ္ပါဒနိရောဓဝါရ | ။ | ၁၉၉ |

| အမှတ်စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၇၂။ | ဥပ္ပါဒဝါရ | ဝစီမူစိတ္တမူလိ | ၂၀၂ |
| ၇၃။ | နိရောဓဝါရ | ။ | ၂၀၈ |
| ၇၄။ | ဥပ္ပါဒနိရောဓဝါရ | ။ | ၂၁၁ |
| | | အတီတာနာဂတဝါရ-ပုဂ္ဂလ | |
| ၇၅။ | ဥပ္ပါဒဝါရ | ကာယမူဝစီမူလိ | ၂၁၅ |
| ၇၆။ | နိရောဓဝါရ | ။ | ၂၁၇ |
| ၇၇။ | ဥပ္ပါဒဝါရ | ကာယမူစိတ္တမူလိ | ၂၁၉ |
| ၇၈။ | နိရောဓဝါရ | ။ | ၂၂၀ |
| | | အတီတာနာဂတဝါရ-ပုဂ္ဂလောကာသ | |
| ၇၉။ | ဥပ္ပါဒဝါရ | ကာယမူဝစီမူလိ | ၂၂၁ |
| ၈၀။ | နိရောဓဝါရ | ။ | ၂၂၅ |
| ၈၁။ | ဥပ္ပါဒဝါရ | ကာယမူစိတ္တမူလိ | ၂၃၁ |
| ၈၂။ | နိရောဓဝါရ | ။ | ၂၃၄ |
| ၈၃။ | ဥပ္ပါဒဝါရ | ဝစီမူစိတ္တမူလိ | ၂၃၇ |
| ၈၄။ | နိရောဓဝါရ | ။ | ၂၄၂ |

| သင်္ခါရယမက။ ဥဒ္ဒေသနှင့် သရူပချာဝါရ။ တယောသင်္ခါရာ။ ကာယသင်္ခါရော။ပ။စိတ္တသင်္ခါရော | | |
|---|---|---|
| ကာယသင်္ခါရော | ဝစီသင်္ခါရော | စိတ္တသင်္ခါရော |
| အဿာသ<br>ပဿာသာ | ဝိတက္ကဝိစာရာ | သညာစ ဝေဒနာစ ဌပေတွာ<br>ဝိတက္က ဝိစာရေ သဗ္ဗေပိ<br>စိတ္တသမ္ပယုတ္တကာဓမ္မာ |

| | ပဏ္ဏတ္တိဝါရ။ ဥဒ္ဒေသ | | ပဒသောဓနမူလစက္ကဝါရ။ အနုလုံ-ပစ္စနိက် | | | |
|---|---|---|---|---|---|---|
| | ပဒသောဓနဝါရ။ အနုလုံ ပစ္စနိက် | | သင်္ခါရာ | ကာယ သင်္ခါရော | ဝစီ သင်္ခါရော | စိတ္တ သင်္ခါရော |
| ၁ | ကာယော | ကာယသင်္ခါရော | ။ | * | | |
| ၂ | ဝစီ | ဝစီသင်္ခါရော | ။ | | * | |
| ၃ | စိတ္တံ | စိတ္တသင်္ခါရော | ။ | | | * |

| သုဒ္ဓသင်္ခါရဝါရ။အနုလုံ-ပစ္စနိက် | | |
|---|---|---|
| ။ | ။ | ။ |
| | ။ | ။ |

| ပဏ္ဏတ္တိဝါရ။နိဒ္ဒေသ | | | | ပဒသောဓနမူလစက္ကဝါရ။ အနုလုံ | | | | နိက် |
|---|---|---|---|---|---|---|---|---|
| ပဒသောဓနဝါရ။အနုလုံ | | | ပစ္စနိက် | သင်္ခါရာ | ကာယ သင်္ခါရော | ဝစီ- | စိတ္တ- | [illegible] |
| ၁ | ကာယော | ကာယသင်္ခါရော | ဥပေတ္ဗာ | ။ | * | | | |
| ၂ | ဝစီ | ဝစီသင်္ခါရော | အဝသေ | ။ | | * | | |
| ၃ | စိတ္တံ | စိတ္တသင်္ခါရော | သာ | ။ | | | * | |

| သုဒ္ဓသင်္ခါရဝါရ။အနုလုံ | | | နိက် |
|---|---|---|---|
| ။ | ။ | ။ | ဥပေတ္ဗာ အဝသေသာ |
| | | ။ | |

သင်္ဂြိုဟ်မက ပဏ္ဏတ္တိဝါရ အကျဉ်းချုပ် အကောက်ဇယား

| | ကာယာဒိ | ကာယသင်္ခါရာဒိ | ပစ္စနိက် |
|---|---|---|---|
| ကာယ | စတုသမုဋ္ဌာနိကရုပ်ဟု ဆိုအပ်သော အကြောင်းဖြစ်သော ကရဇကာယ | ကရဇကာယ၏ အကျိုးဆက်ဖြစ်သော အဿာသ ပဿာသဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ် | ကာယ, ကာယသင်္ခါရမှတပါး စိတ် ဂ၉၊ စေ ၅၂၊ ရုပ် ၂ဂ၊ နိဗ္ဗာန်၊ ပညတ် |
| ဝစီ | အကျိုးဆက်ဖြစ်သော ဝစီဘေဒသဒ္ဒ | ဝစီဘေဒသဒ္ဒ၏ အကြောင်းဖြစ်သော ဝိတက် ဝိစာရ | ဝစီ, ဝစီသင်္ခါရမှတပါး စိတ် ဂ၉၊ စေ ၅ဝ၊ ရုပ် ၂ဂ၊ နိဗ္ဗာန်၊ ပညတ် |
| စိတ္တ | အကြောင်းဖြစ်သော စိတ် ဂ၉ | အကျိုးဖြစ်သော ဝိတက် ဝိစာရမှတပါး စေတသိက် ငါးဆယ် | စိတ္တ, စိတ္တသင်္ခါရမှတပါး ဝိတက်ဝိစာရ၊ ရုပ် ၂ဂ၊ နိဗ္ဗာန်၊ ပညတ် |
| သင်္ခါရာ | သင်္ခါရသုံးပါးသည် သင်္ခါရမည်၏ | | စိတ် ဂ၉၊ ရုပ် ၂ဂ၊ နိဗ္ဗာန်၊ ပညတ် |

## သင်္ဂြိုဟ်ပကာ။ ပစ္စုပ္ပန္နဝါရ၊ ပုဂ္ဂလ-ပုဂ္ဂလောကာသ အရကောက်ဇယား

| | တရား | ဥပ္ပါ ဘက် | သင်္ခါရ ကာ | သင်္ခါရ ဝ | သင်္ခါရ ဒ | ပုဂ္ဂိုလ် ကာ | ပုဂ္ဂိုလ် ရှု | ပုဂ္ဂိုလ် အရှု | ဈာနနောကာ[illegible] ဈာန် ပ | ဈာန် ဒုတ | ဈာန် စ | ဘုံမှောကာသ ဘုံ ကာ | ဘုံ ရှု | ဘုံ အရှု | ပစ္စနိက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | အဿာနှင့်တကွ ပ ၂၀ တိုက်[illegible] | | ။ | ။ | | ။ | | | ။ | | | | | | |
| ၂ | ။ ၃ ၁၀၊ တ ၁၀ ။ | | ။ | | ။ | ။ | | | | | | | | | ဝေဒနာသမ်းဘက် (ဥပ္ပါ) |
| ၃ | အဿာကင်း ပ ၂၀ ။ | | | ။ | ။ | ။ | ။ | | | | | | | | ဈာန်ဝင်စား မဝင်စား |
| ၄ | ။ ၃ ၁၀၊ တ ၁၀၊စ ၁၀ | | | | ။ | ။ | | | | | | | | | ကာ-ရှု-အရှု |
| ၅ | သောတာပတ္တိမဂ်ကြိုက်[illegible] ပ ၁၄ ။ | | | ။ | ။ | | | ။ | | | | | | | ပ၊ ဒု၊ တ၊ စ ဈာန် |
| ၆ | ။ ၃ ၇၊ တ ၇၊စ ၁၅ ။ | | | | ။ | | | ။ | | ။ | ။ | | | | ကာသ-၁၁-၁၅-[illegible] |
| ၇ | အဿာနှင့်တကွ ဒွေပဉ္စ[illegible]ကာမ ၄၄ ။ | | ။ | | ။ | | | | | | | ၁၁ | | | ဘုံမှောကာသ |
| ၈ | အဿာကင်း ။ | | | ။ | ။ | ။ | | | | | | ၁၁ | | | နိရောဓ ၁၊ ၁ |
| ၉ | ဒွေပဉ္စဝိညာဉ်တစ်ဆယ် ။ | | | | ။ | ။ | | | | | | ၁၁ | | | အသညာ-ဥစ ၁၊ ၁ |
| ၁၀ | .... သဝိသေသ ၃၆ | | | | ။ | | | | | | | | ၁၂ | | |
| ၁၁ | .... [illegible]သေသ ။ | | | | | | | | | | | | | ၁[illegible] | |
| ၁၂ | .... အဝိအဝေ ၇ | | | | ။ | | | | | | | | ၁၃ | | |
| ၁၃ | .... အဝိအဝေ ၄ | | | | ။ | | | ။ | | | | | | | |

( ၈ )

## အတီတ ပုဂ္ဂလဝါရ အရကောက်ဇယား

| ကာယ | ဝစီ | စိတ္တ | ပုဂ္ဂိုလ် | ပစ္စနိက် |
|---|---|---|---|---|
| = | = | ခပ်သိမ်း ဥပ၊ စဝန္တ၊ ဥပ္ပါ-ဘင် | ၄၊ ၈ | × |

## အတီတ ပုဂ္ဂလောကာသဝါရ အရကောက်ဇယား

<table>
<tr><td rowspan="2">သင်္ခါရ</td><td colspan="3">ဈာန်=ဝင်စားကာ၊ ရူ၊ အရူ</td><td colspan="2">စိတ္တုပ္ပါဒ် = မဝင်စား</td><td colspan="3">ဘုံ</td></tr>
<tr><td>ပ ၂၀</td><td>ဒု ၁၀<br>တ ၁၀</td><td>စ ၁၈</td><td>ကာမ ၅၄<br>ကာ</td><td>သဝိ၊ အဝိ = ၄၇<br>ရူ - အရူ</td><td>ကာမ<br>၁၁</td><td>ရူပ<br>၁၅</td><td>အရူပ<br>၄</td></tr>
<tr><td>ကာယ</td><td>။</td><td>။</td><td></td><td>။</td><td></td><td>။</td><td></td><td></td></tr>
<tr><td>ဝစီ</td><td>။</td><td></td><td></td><td>။</td><td>။</td><td>။</td><td>။</td><td>။</td></tr>
<tr><td>စိတ္တ</td><td>။</td><td>။</td><td>။</td><td>။</td><td>။</td><td>။</td><td>။</td><td>။</td></tr>
<tr><td rowspan="2" colspan="2">သုဒ္ဓါဝါသ</td><td>×</td><td colspan="3">* ၆</td><td colspan="3">၀။ ၆</td></tr>
<tr><td>ပဋိ</td><td>ပဘွင်</td><td colspan="2">ဘွင် ၁၅၊ မနေ့ဘွဲ</td><td colspan="3">ဘဝနိကန္တိက<br>ပဇော .... စုံ</td></tr>
<tr><td colspan="2">ကြွင်း ရူ-အရူ</td><td colspan="7">ပဋိ .... .... .... စု သဝိ၊ အဝိ - ၄၇ ( ၀။ ၆ )</td></tr>
</table>

## သင်္ခါရယမက အနာဂတဝါရ ဘုမ္မောကာသဇယား

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဃ | ကာမာဝစရာနံ ပဋ္ဌိမစိတ္တဿဥပ္ပါ | မဟာဝိ သံ ၄+ ဓေ-၃၃ တို့၏ ဥပ္ပါ....ကာမ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် (ကာသု ၇။ ၁၁) | သဝိသစာ-၆ | ကာ | ၀ | ၈ | ပစ္စနိက် |
| ခ | သဝိသစာ ပဋ္ဌိမဥပ္ပါ | ပါဒကျာန်ဝိပါက် ၂ ခု....သဝိသစာပဋ္ဌိမ စိတ်၏ ဥပ္ပါ....ရူပါဝစရပုဂ္ဂိုလ် (ရူ၆။၆) | | | ၀ | ၈ | ပဋ္ဌိမဘင်္ဂ တိဟိတ်စု၁၃,စေ၃၅.. ပဋ္ဌိမဘင်္ဂ....ကာ, ရူ,အရူ,အရဟတ္တ ဖလဋ္ဌာန် |
| ဂ | အဝိအစာ ပဋ္ဌိမဥပ္ပါ | တ၊စ၊ပဥ္စမဝိပါက်၊အရူပ ဝိ ၄....အဝိအစာ ပဋ္ဌိမစိတ် ၇ ခုတို့၏ ဥပ္ပါ....ရူ၊အရူပုဂ္ဂိုလ် (၁၂-၄။၁၁-၄) | | | | ၈ | |
| ၁ | မဖြစ်ပြန်= ဋ္ဌတရေသံ (ကာမာ ဝစရာနံ) | ပဋိမှ ဆုံးစွန်အဿာ....၃၃ အနန္တရ ကာမပဋ္ဌိမ (ကာသု ၇။၁၁) | ပဋိမှပဋ္ဌိမအနန္တရ ကာမပဋ္ဌိမ မဟာဝိသံ ၄ | ကာ | ၀ | ၈ | ပဋ္ဌိမသမင်္ဂီနံ တိဟိတ်စုတိ ၁၃ စေ ၃၅.... ကာ-ရူ-အရူ အရဟတ္တ ဖလဋ္ဌာန် (၇-၁၅-၄။ ၁၁-၁၄-၄) အသညသတ် |
| ၂ | ယဿစိတ္တဿ အနန္တရာကာမာ ဝစရာနံ | ပဋ္ဌိမမှ ပြန်ရေ....ဆုံးစွန်အဿာ....၃၃ စိတ်မှ ပဋ္ဌိမ၏ အနန္တရ ဒုရှိ၊ မရဏာ သန္န ပဉ္စမဇောဘင်-ကာမအရဟတ္တ ဖလဋ္ဌာန် (၇။၁၁) | | | ၀ | ၈ | |
| ၃ | ရူပါဝစရေ အရူပါ ဝစရေ ပဋ္ဌိမဘာဝိ ကာနံ(ရူ-အရူပါ ဝစရာနံ) | သဝိသစာ (၂) ပရိပြု=ပဋိမှပဋ္ဌိမအနန္တရ အဝိအစာ (၇) ပရိပြု=ပဋိမှမရဏာသန္န စတုတ္ထဇော-ရူ, အရူ ပဋ္ဌိမ (၁၅-၄။၁၄-၄) | ပဋိမှ ပဋ္ဌိမအနန္တရ-ရူ-အရူ | | ၀ | ၈ | |
| ၄ | ယဿစိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ | အဝိအစာ (၇) ပရိပြု=ဇောနောင်စု ပဉ္စမဇော၏ ခဏတ္တယ၊ဘင်နောင်စုပဉ္စမဇော၊ဘင်၏ ခဏတ္တယ-ရူ၊အရူအရဟတ္တဖလဋ္ဌာန် (၁၂-၄။၁၁-၄) | | | | ၈ | |
| ×၅ | ဋ္ဌတရေသံ | ကာမသုမှ ရူ-အရူပရိပြု=ပဋိမှဆုံး စွန်အဿာ....အနန္တရ၊ကာမ | ဘဝမဆုံး၊ ပဋိမှစု၊ ကာ-ရူ-အရူ | ကာ | ၀ | ၈ | |
| ×၆ | ယေစရူပါဝစရံ အရူပါဝစရံ.... | ကာမသုမှ ရူ၊အရူပရိပြု=ဆုံးစွန်အဿာ.... မှစု....ကာမစဝန္တ။ ရူ-အရူချင်းချင်း ပရိပြု=ပဋိမှစု။ အသညသတ်အကနိဋ္ဌမှတပါး ရူ-အရူ | | | ၀ | ၈ | |
| ×၇ | ဋ္ဌတရေသံ | ကာမဖြစ်ပြန်။ ပဋိမှစု၊ ကာမ သုဒ္ဓါဝါသမှတပါး ရူ-အရူ | | ကာ | ၀ | ၈ | |
| ဂ | (ကာမာ ဝစရာနံ) | ဖြစ်ပြန်။ပဋိမှစု၊ကာမ (ကာမ ၁၁) | | ကာ | ၀ | ၈ | |
| ၉ | (ရူ-အရူပါ ဝစရာနံ) | ဖြစ်ပြန်။ပဋိမှစု၊ရူ-အရူ (၁၀-၄) | | | ၀ | ၈ | |

## သံခါရယမက အနာဂတ ပုဂ္ဂလောကာသ ဈာနောကာသ ဇယား

<table>
<tr><td rowspan="6">ဉဓဂဃ</td><td>ပ ဈာန်ဝင်စား = ဆုံးဈာန် (ကာ၊ ရူ)<br>* မဝင်စားဆုံးစွန်အဃာနှင့်တကွ<br>ဈာန်၏အနန္တရ (ကာ)</td><td>ကာ</td><td>ဝ</td><td>ဝိ</td><td rowspan="6">ပ၊ ဒု၊ တ၊ စ ဈာန်<br>မဝင်စား ဆုံးဈာန်<br>ခဏတ္တယ<br>ကာ - ရူ - အရူ</td></tr>
<tr><td>ဒု၊ တ ဈာန် ။ ။ ။</td><td>ကာ</td><td></td><td>ဝိ</td></tr>
<tr><td>ဒု၊ တ ဈာန်မဝင်စား = ဆုံး စွန်အဃာမှဆုံး<br>ဈာန် (ကာမ) စဉ္စာဈာန်မှဆုံး ဈာန် (ရူအရူ)</td><td></td><td></td><td>ဝိ</td></tr>
<tr><td>ပ၊ ဒု၊ တ ဈာန်မဝင်စား=ရူ။ အရူဝင်စား<br>ဆုံးစွန်အဃာမှဆုံးဈာန် (ကာ) စဉ္စာဈာန်<br>မှ ဆုံးဈာန် (ရူ-အရူ)</td><td rowspan="2"></td><td rowspan="2">ဝ</td><td rowspan="2">ဝိ</td></tr>
<tr><td>ရူ၊ အရူ၌ မဝင်စား = ဆုံးစွန်အဃာမှ<br>ဆုံးဈာန်အနန္တရ (ကာ)<br>စဉ္စာဈာန်မှ ဆုံးဈာန်အနန္တရ (ရူ၊ အရူ)</td></tr>
<tr><td>ပ၊ ဒု၊ တ၊ စ ဈာန်ဝင်စား = ဆုံးဈာန်။<br>မဝင်စား = ဆုံးဈာန်၏ အနန္တရ<br>(ကာ၊ ရူ၊ အရူ)</td><td></td><td>ဝ</td><td>ဝိ</td></tr>
</table>



# သင်္ခါရယမိုက်ကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏ္ဏတ္တိဝါရ

အဘိဓမ္မာဆိုတာ သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာ အာရုံဖြစ်ခြင်းကြောင့် ခက်ခဲပါတယ်၊ နည်းမရခဲ့လို့ရှိရင် ပိုပြီးခက်ခဲပါတယ်၊ ယမိုက်ကျမ်းများဟာလဲ ခက်ခဲပါတယ်၊ ပဝတ္တိအခါကိုပါ ဟောတဲ့ သစ္စ, သင်္ခါရ စတဲ့ ယမိုက်ကျမ်းများရဲ့ ပါဠိတော်ဟောပုံ, အရကောက်ပုံများက အထူးသဖြင့် ခက်ခဲနက်နဲ သိမ်မွေ့ကြပါတယ်၊ အဋ္ဌကထာဋီကာများရဲ့ ဖွင့်ဆိုချက်ကလည်း အလွန်ကျဉ်းလေတော့ ဝိဘင်းပါဠိတော် အရ အစစ်ဘယ်လို ကောက်ရမယ်၊ အတုသဒိသက ဘယ်လို, ရသင့်က ဘယ်လို ကောက်ရမယ်ဆိုတာကို အဋ္ဌကထာဋီကာများကို ကြည့်တတ်ရုံနဲ့ ပြည့်ပြည့်စုံစုံ ကောက်တတ်ဘို့ မလွယ်ကူလှပါဘူး။ [တေရဝါဒ နိုင်ငံများဖြစ်ကြတဲ့ သီဟိုဠ် ယိုးဒယား စတဲ့ တိုင်းပြည်တွေမှာ ပါဠိတော် စာအုပ်တွေလည်း ရှိတယ်၊ အဋ္ဌကထာ, ဋီကာစာအုပ်တွေလဲ ရှိပေမယ်လို့နားမလည်ကြဘူး]။ မြန်မာပြည်မှာ အဘိဓမ္မာတရားတော်ကြီး ထွန်းကားနေတာဟာ တောင်ဘီလူးစတဲ့ အရကောက်ဆရာတော်ကြီးများ ရေးသားပို့ချခဲ့ကြတဲ့အရကောက်များကြောင့် ဖြစ်ပါတယ်၊ ပိဋကသမိုင်းမှာ ဒိဂတောင်ဘီလူး စတဲ့ ဆရာတော်ကြီးများ ဘယ်နှစ်ခုနှစ်က ရေးသားခဲ့ကြောင်း စသည်ကို အတိအလင်း ပြဆိုထားပါတယ်။

## မောဟဝိစ္ဆေဒနီကျမ်း

ရိုမင် ( Roman )အက္ခရာနဲ့ ပါဠိလိုရေးထားတဲ့ မောဟဝိစ္ဆေဒနီကျမ်းရဲ့ နိဒါန်းနဲ့ ပတ်သက်လို့ သိမှတ်စရာ အနည်းငယ်ကို ပြောပြပါမယ်၊ မောဟဝိစ္ဆေဒနီကျမ်းဆိုတာ ဓမ္မသင်္ဂဏီစတဲ့ အဘိဓမ္မာ (၇) ကျမ်းရဲ့ ပါဠိတော်များကို တအုပ်တည်းနှင့် ကိစ္စပြီးအောင် အကျဉ်း အားဖြင့် ဖွင့်ပြတဲ့ ကျမ်း

ဖြစ်ပါတယ်၊ ဒီစာအုပ်ကို အရှင်ကဿပ မထေရ်က ရေးပါတယ်၊ လန်ဒန် (Pali Text Society) က ၁၉၆၁-ခုနှစ်က ပုံနှိပ်ထုတ်ဝေတယ်။

ဒီစာအုပ်ရဲ့နိဒါန်း(Introduction) မှာ သီဟိုဠ်ဆရာတော် အရှင်ဗုဒ္ဓဒတ္တက ဘယ်လို ရေးထားသလဲ ဆိုရင် "ဒီမောဟဝိစ္ဆေဒနီ ကျမ်းနဲ့ အခြား အဘိဓမ္မာကျမ်းများကို သီဟိုဠ်နဲ့ ဂူနီယ တောင်ပိုင်းရှိ အဘိဓမ္မာပါရဂူများက ရေးသားပြုစုခဲ့ကြပါတယ်၊ ဒါပေမဲ့ ယခု သီဟိုဠ်မှာ အဘိဓမ္မာကို သင်ကြားမှု မရှိလေတော့ အဘိဓမ္မာတရား ပျောက်ကွယ်သလောက် ရှိနေပါတယ်၊ မြန်မာပြည်မှာတော့ ထွန်းကားနေပါတယ်တဲ့၊ ဒီလို သီဟိုဠ်မှာကွယ်ပျောက်ပြီး မြန်မာပြည်မှာ မြန်မာပါရဂူများက ဆက်လက်သင်ကြားပို့ချ နေကြတာဟာ ဘယ်လို ပါလိမ့်လို့ နားလည်ဖို့ရန် အချိန်အတော်ကြာကြာ စဉ်းစားနေပါတယ်တဲ့၊ မြန်မာပြည်မှာပင် မြန်မာများက ဒီအဘိဓမ္မာဟာ သီဟိုဠ်က မြန်မာပြည်သို့ ဘယ်လိုဘယ်အချိန်က ရောက်လာကြောင်းကို သတိမရကြဘဲ မေ့နေဟန်တူကြ ပါတယ်တဲ့၊ သီဟိုဠ်နဲ့မြန်မာပြည်တို့ရဲ့ဆက်သွယ်မှုဟာ ဒီမောဟဝိစ္ဆေဒနီကျမ်း ဖြစ်ပါတယ်တဲ့၊ မြန်မာများဟာ မောဟဝိစ္ဆေဒနီကျမ်းကို မှီငြမ်းပြုပြီး မိမိတို့ရဲ့ ဘာသာအားဖြင့် အဘိဓမ္မာ အကောက်များကို စီရင်ရေးသားကြတာ ဖြစ်ပါ တယ်တဲ့၊ ဒါပေမဲ့ အချိန်ကာလကြာမြင့်သွားတော့ မူကိုဘယ်ကရတယ်ဆိုတာ မေ့နေကြပါတယ်၊ ဒီ မောဟဝိစ္ဆေဒနီကျမ်းကို တွေ့တော့မှ မြန်မာနဲ့သီဟိုဠ်တို့ အဘိဓမ္မာသင်ရိုးများ ပျောက်ဆုံးနေမှုဟာ ဒီစာအုပ်ရဲ့ အဆက်အသွယ်ပါလား ဆိုကြောင်းကို-

"This and other works on the Abhidhamma compiled in Ceylon or south India show that the authors of those works were master of the Abhidhamma lore. But now the tradition of teaching Abhidhamma has been lost in Ceylon, while it is flourishing in Burma. For a long time I tried to understand how we have lost this tradition and how the Burmese Elders retain it. Even the Burmese have forgotten how this tradition came from Ceylon to Burma. The link with which this tradition has come to Burma is the present work. The Burmese, following the MohaVicchedani, have prepared their Abhidhamma Akauk in their own language and in the course of time they have forgotten the origin of the tradition. Thus the discovery of this work supplies a missing link between the Abhidhamma tradition of Ceylon and Burma."လို့ရေးပါတယ်။

သူတို့ရေးတာကို အကျဉ်းချုပ်ပြောလိုတာကတော့ မောဟဝိစ္ဆေဒနီကျမ်းကို မှီငြမ်းပြုပြီး မြန်မာပြည်က အရကောက်ရေးတယ်ဆိုတဲ့ စကားရပ် ဖြစ်ပါတယ်၊ မောဟဝိစ္ဆေဒနီကျမ်းကို မှီငြမ်းပြုဆိုရာမှာ ဒီစာအုပ်ကို ကြည့်လိုက်တော့ အဘိဓမ္မာ (၇) ကျမ်းလုံးကို ဖွင့်ဆိုရေးသားထားတာဟာ စာမျက်နှာအားလုံး ပေါင်းပါမှ (၃၆၀) သာ ရှိပါတယ်၊ ဒီစာအုပ်ထဲမှာ အရကောက်အတွက် မှီငြမ်းပြုစရာလဲ မတွေ့ပါဘူး၊ ဥပမာအားဖြင့် ယခုပို့ချမဲ့ သင်္ခါရယမိုက်အတွက် ပဏ္ဏတ္တိဝါရကို ဖွင့်တာက စာမျက်နှာ တမျက်နှာခွဲနီးပါး ပဝတ္တိဝါရကို ဖွင့်တာက နှစ်မျက်နှာသာသာကလေးသာ ရှိလေတော့ ဘယ်လိုလုပ်ပြီး မှီငြမ်းပြုလို့ ရပါမလဲ။

အဋ္ဌကထာဆရာကြီးများ ဖွင့်ဆိုထားတာကိုတောင်မှ အပြည့်အစုံ မှီငြမ်းပြုလို့မရနိုင်ပါဘူး၊ ဒီတော့ သူတို့ရေးတာတွေဟာ မမှန်လှပါဘူး၊ အရကောက်များဟာ မြန်မာပြည်မှာသာ စ၍ ဖြစ်ပါတယ်၊ အရကောက်ကို ရေးတော်မူကြတဲ့ ဆရာတော်ကြီးများဟာ ထိုက်သင့်သလို အဋ္ဌကထာ, မူလဋီကာ စသည်ကို မှီငြမ်းပြုကြပါတယ်၊ ဆရာတော်ကြီးများ ကိုယ်တော်တိုင်ကလည်း အဘိဓမ္မာရဲ့ သဘာဝနဲ့ သရုပ်များကို လွန်စွာနိုင်နင်းတော် မူကြပါတယ်၊ ဒီ အရကောက်ဆရာတော်ကြီးရဲ့ ကျေးဇူးတော်ကြောင့် မြန်မာပြည်ဟာ တပါးသော ထေရဝါဒတိုင်းပြည်တွေနဲ့ မတူဘဲ အဘိဓမ္မာ တရားတော်ကြီး ထွန်းကား ပွင့်လင်းနေတဲ့ တိုင်းပြည်ဖြစ်ပါတယ်၊ ဒါက မောဟဝိစ္ဆေဒနီ နိဒါန်းနဲ့စပ်ပြီး ပြောပြခြင်း ဖြစ်ပါတယ်။

ဒီ သင်္ခါရ ယမိုက်ကို ယမိုက်ဆယ်ကျမ်းလုံး အတွက် ရေးသားထားတဲ့ ယမိုက်ပါဠိဂူကျမ်းမှာ ပါဠိ အရကောက် ယူဆပုံများကို ဇယားများနဲ့ ပြထားပါတယ်၊ ယမိုက်ပါဠိဂူကျမ်း နောက်ဆက်တွဲမှာတော့ အဋ္ဌကထာ ဋီကာ စကားရပ်များနှင့် တကွ အရကောက်ရဲ့ အာဘောဂများကိုပါ မည်သို့ယူဆရမည်ကို အတော်ကလေး စုံလင်အောင် ပြဆိုထားပါတယ်၊ ယခုပို့ချရာမှာလဲ ဒီ နောက်ဆက်တွဲက စကားရပ်များနှင့် တကွ ဆရာကြီးများ မိန့်ဆိုချက်များကိုပါ ထည့်သွင်းပြီး ပို့ချပေးပါမယ်။

## သရူပချာဝါရ

သင်္ခါရယမိုက်မှာ ခန္ဓယမိုက်စသည်များလို (၁) ပဏ္ဏတ္တိဝါရ၊ (၂) ပဝတ္တိဝါရ၊ (၃) ပရိညာဝါရလို့ သုံးမျိုးမကဘဲ သရူပချာဝါရကို ဟောမူက ထူးခြားချက် ဖြစ်ပါတယ်၊ ခန္ဓယမိုက် စသည်များမှာ ခန္ဓာစသည်တို့ရဲ့ သရုပ်ကို

ခန္ဓယမိုက် စသည်ကို မဟောမိက သရုပ်ထုတ်ပြီး ဟောပြီးရှိသလို သံဒါရ ယမိုက်မှာ ဒီ ကာယသံဒါရ စသည်တို့ရဲ့ သရုပ်ကို ထုတ်ဖော်ပြီး မရှိသေးလို့ သရုပချာဝ ါရကို ဟောရခြင်း ဖြစ်ပါတယ်။

ပဋိစ္စသမုပ္ပါဒ ဝိဘင်းမှာ ကာယသံဒါရ ဝစီသံဒါရ စိတ္တသံဒါရ ရယ်လို့ သံဒါရအဖွင့်မှာ ဟောထားပေမဲ့ သရုပ်ချင်း မတူကြပါဘူး၊ ပဋိစ္စသမုပ္ပါဒ ဝိဘင်းမှာ "တတ္ထ ကတမော ကာယသံဒါရော၊ ကာယသဉ္စေတနာ ကာယ သံဒါရော" စသည်ကို ဟောခြင်းကြောင့် စေတနာဓမ္မများသာ ဖြစ်ကြပါ တယ်၊ သံဒါရယမိုက်မှာတော့ "အဿာသပဿာသာ ကာယသံဒါရော၊ ဝိတက္ကဝိစာရာ ဝစီသံဒါရော၊ သညာစ ဝေဒနာစ စိတ္တသံဒါရော ဌပေတွာ ဝိတက္ကဝိစာရေ သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသံဒါရော"လို့ ဟောသဖြင့် ကာယသံဒါရ စတဲ့ အသံချင်းတူပေမယ်လို့ သရုပ်များ ကွဲပြားကြပါတယ်၊ ဒါကြောင့် ဒီ ကာယသံဒါရ စတဲ့ သရုပ်များကို ထုတ်ဖော်ပြဖို့ရာ အတွက် ဟောခြင်းဖြစ်ပါတယ်။

## ကာယသံဒါရ စသည်မည်ပုံ

**ကာယသံဒါရ။** ။ကာယ ဆိုတာ စတုသမုဋ္ဌာနိက ရုပ်တို့ရဲ့ အပေါင်း အစု အဝေးကြီးဖြစ်တဲ့ ဒီကိုယ်ကြီးဟာ ကာယ မည်တယ်၊ သံဒါရကတော့ ပြုပြင် အပ်တဲ့ သဘောဖြစ်တယ်၊ "ကာယေန သံခရီယတီတိ ကာယသံဒါရော" လို့ ကမ္မသာဓနဝိဂ္ဂဟ်လုပ်ရင် ထွက်သက်ဝင်သက် နှစ်ပါးဟာ ကိုယ်ကာယက ပြုပြင် အပ်တဲ့ သဘောရှိတယ်၊ ဒီကိုယ်ကာယကြီးက ထွက်သက်ဝင်သက် နှစ်ပါးကို ပြုလုပ်နေပါတယ်၊ ထွက်သက်ဝင်သက် ဆိုတာ ကိုယ်ကြောင့်ဖြစ်တဲ့ အရာများ ဖြစ်ကြပါတယ်။

တနည်းအားဖြင့် "ကာယံ သံခရောတီတိ ကာယသံဒါရော" လို့ ကတ္တု သာဓန ဝိဂ္ဂဟ်ပြုလုပ်ရင် ထွက်သက်ဝင်သက်များက ဒီကိုယ်ကြီးကို ပြုပြင်၍ နေတယ်လို့ အဓိပ္ပါယ်ရပါတယ်၊ ကိုယ်ကြီးကို ပြုပြင်နေတယ်ဆိုတာ ဒီကိုယ်ကြီး မသေဘဲ တည်တန့်နေအောင် အမြဲစောင့်ရှောက်တဲ့ သဘောနဲ့ ပြုပြင်မှုဖြစ်ပါ တယ်၊ ဒီကိုယ်ကြီးဟာ ထွက်သက်ဝင်သက် နှစ်ပါးရှိလို့သာ တည်တန့်နေနိုင် ပါတယ်၊ ထွက်သက်ဝင်သက် မရှိရင် သေမှာအမှန် ဖြစ်ပါတယ်။

"ကာယော ကာယသံဒါရော"လို့ ဟောတဲ့နေရာမှာ ကာယ အရကို စတု သမုဋ္ဌာနိက ရုပ်ပဲ့ဆိုအပ်သော အကြောင်းဖြစ်သော ကရဇကာယကို ကောက် ခဲ့ရာ ကရဇကာယ ဆိုတာ ပိဘတို့ သုက်သွေးကြောင့်ဖြစ်တဲ့ စတုသမုဋ္ဌာနိက ရုပ်ဖြစ်ပါတယ်။

ကာယသင်္ခါရ ဆိုတဲ့ ထွက်သက်ဝင်သက် နှစ်ပါးဟာ စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်အစစ်ဖြစ်ပြီး လူတို့ရဲ့သန္တာန်မှာ ဥပရိမကာယ ဆိုတဲ့ အထက်ပိုင်းမှာ ဖြစ်တယ်၊ အဋ္ဌသာလိနီ ရုပ်များကို ခွဲပြတဲ့နေရာဌာနမှာ ဥပရိမကာယ, မဇ္ဈိမကာယ, ဟေဋ္ဌိမကာယရယ်လို့ သုံးမျိုး ခွဲပြပါတယ်၊ (၁) ချက်မှ အောက်အရပ်ဟာ ဟေဋ္ဌိမကာယ ဖြစ်ပါတယ်၊ (၂) ချက်မှ လယ်မျိုအရပ်ဟာ မဇ္ဈိမကာယ ဖြစ်ပါတယ်၊ (၃) လည်မျိုမှ အထက်ပိုင်း အရပ်ဟာ ဥပရိမကာယ ဖြစ်ပါတယ်၊ ဟေဋ္ဌိမကာယမှာ ကလာပ် (၅) စည်း၊ ရုပ်ပေါင်း (၄၄) ခု၊ မဇ္ဈိမကာယမှာ ကလာပ် ၆-စည်း၊ ရုပ်ပေါင်း ၅၄-ခု၊ ဥပရိမကာယမှာ ကလာပ် ၉-စည်း၊ ရုပ်ပေါင်း ၇၄-ခု ရုပ်များကို သင်္ဂြိုဟ် ၉-ပိုင်း သရုပ်ခွဲ ဇယား စာအုပ်မှာ အပြည့်အစုံဇယားများဖြင့် ပြထားတဲ့အပြင် ကောဋ္ဌာသ ၄၂-ပါးတို့ရဲ့ ကံ, စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်ပုံများကို ဝိသုဒ္ဓိမဂ်ယူဆပုံ,သစ္စသံခိပ်ယူဆပုံများကိုပါ ဇယားများနဲ့ ပြထားပါတယ်။

ကာယ ဝစီ စိတ္တ-လို့ဆိုတဲ့ သင်္ခါရသုံးပါးတို့ရဲ့ ဈာန်ဘုံစသည်၌ ဖြစ်ပုံကို ပြောပြပါမယ်။

**ဈာန်ဘုံစသည်။** ။သင်္ခါရယမိုက်ကို သင်ကြားတော့မည့် အခါကာလမှာ ဒီသင်္ခါရ သုံးပါးတို့ရဲ့ ၁-ဈာန်, ၂-ဘုံ, ၃-စိတ္တုပ္ပါဒ်, ၄-ပုဂ္ဂိုလ်များကို သိထားရမည် ဖြစ်ပါတယ်၊ ၎င်းတို့ကို အရကောက်များမှာလဲ ပြထားပါတယ်။

**ကာယသင်္ခါရ**ဟာ ပထမဈာန် ဒုတိယဈာန် တတိယဈာန် သုံးပါးမှာသာ ဖြစ်ပါတယ်၊ စတုတ္ထဈာန်မှာ မဖြစ်ပါဘူး၊ စတုတ္ထဈာန်မှာ မဖြစ်ဆိုသဖြင့် စတုတ္ထဈာန် ဝင်စားနေတဲ့ပုဂ္ဂိုလ်မှာ ထွက်သက်ဝင်သက် မရှိပါဘူး၊ ထွက်သက်ဝင်သက် မဖြစ်ဆိုတဲ့ အဓိပ္ပါယ်ကို သိရပါတယ်၊ ယခုခေတ် နိရောဓသမာပတ် ဝင်စားနေတယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ နှာခေါင်းကို လက်နဲ့ခံကြည့်လိုက်ရင် ထွက်သက်ဝင်သက်ဖြစ်နေတာ တွေ့ရပါလိမ့်မယ်၊ ဒီလိုတွေ့ရင် နိရောဓသမာပတ် မဟုတ်လို့ သင်္ခါရယမိုက်အရ ဆုံးဖြတ်နိုင်ပါတယ်။

၁။ **ဈာန်။** ။ဈာန်များကို ဓမ္မသင်္ဂဏီနဲ့ ဈာနဝိဘင်း အဘိဓမ္မဘာဇနီယမှာသာ စတုက္ကနည်း, ပဉ္စကနည်း ရယ်လို့ နှစ်မျိုးဟောထားပါတယ်၊ ကြွင်းတဲ့ ဓာတုကထာ, ယမိုက်, ပဋ္ဌာန်းများမှာ စတုက္ကနည်းကိုသာ ဟောပါတယ်၊ သုတ္တန်များမှာလဲ စတုက္ကနည်းကိုသာ အဟောများပါတယ်၊ ဒီ သင်္ခါရယမိုက်မှာလဲ စတုက္ကနည်းကိုသာ ဟောလေတော့ ပါဠိတော်အတိုင်း ယူလိုက်ရင် ပထမဈာန် ၁၁၊ ဒုတိယဈာန် ၁၁၊ တတိယဈာန် ၁၁၊ အရူပဈာန်ဟာ

စတုတ္ထဈာန်ဖြစ်လေတော့ စတုတ္ထဈာန် ၂၃-ရယ်လို့ အင်မတန် ရှင်းပါတယ်၊ အရကောက်မှာ ပဥ္စကနည်းက ပထမဈာန်နဲ့ ဒုတိယဈာန်နှစ်ခုကို ပေါင်းပြီး စတုက္ကနည်းမှာ ပထမဈာန်ပြုလုပ်လေတော့ ပဥ္စကနည်းက တတိယဈာန်ဟာ စတုက္ကနည်းမှာ ဒုတိယဈာန် ဖြစ်လာတယ်၊ ပဥ္စကနည်းက စတုတ္ထဈာန်ဟာ စတုက္ကနည်းမှာ တတိယဈာန် ဖြစ်လာတယ်၊ ပဥ္စကနည်းက ပဥ္စမဈာန်ဟာ စတုက္ကနည်းမှာ စတုတ္ထဈာန် ဖြစ်လာတယ်၊ အရကောက်မှာလဲ "ဈာန်နည်း နှစ်ပါးကို စုံစမ်းဆင်ခြင်၍ ကြိုက်နှစ်သက်ရာ ကောက်လေ၊ ထိုဆရာမြတ်တို့ ကောက်တော်မူသည့် ရှေးနည်းပင် ဖြစ်သည်" လို့မှာထားပါတယ်။

၂။ ဘုံ။ ။ကာယသင်္ခါရဟာ ဘုံအားဖြင့် ကာမ ၁၁-ဘုံ၌သာ ဖြစ်ပါတယ်၊ ရူပ အရူပဘုံမှာ ထွက်သက်ဝင်သက် မဖြစ်ပါဘူး၊ ဩကာသဝါရကို ဆိုတဲ့အခါမှာ ထင်ရှားပါလိမ့်မယ်။

၃။ စိတ္တုပ္ပါဒ်။ ။စိတ္တုပ္ပါဒ်အားဖြင့် ဒွေပဥ္စဝိညာဉ်တဆယ်ကြဉ်တဲ့ ကာမစိတ် ၄၄-ခု၌သာ ဖြစ်ပါတယ်၊ ဒွေပဥ္စဝိညာဉ်တဆယ် ဖြစ်နေတဲ့ အခိုက်, ပဋိသန္ဓေစိတ်ဖြစ်ခိုက်, စုတိစိတ်ဖြစ်ခိုက်မှာ ထွက်သက်ဝင်သက် မဖြစ်ပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ထွက်သက်ဝင်သက်က စိတ္တဇရုပ် အစစ်ဖြစ်နေတော့ အားနည်းကြတဲ့ ဒွေပဥ္စဝိညာဉ်တဆယ်နဲ့ စုတိပဋိသန္ဓေစိတ်များဟာ စိတ္တဇရုပ်ကို မဖြစ်စေနိုင်ကြပါဘူး၊ မဟဂ္ဂုတ်ဝိပါက်စိတ်များကလဲ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ စုတိကိစ္စများသာ တပ်ပြီး ဝင်စားအပ်တဲ့ သဘောမဟုတ်လို့ ကာယသင်္ခါရ မဖြစ်ပါဘူး။

၄။ ပုဂ္ဂိုလ်။ ။ပုဂ္ဂိုလ်အားဖြင့် အမိဝမ်းမှာ ကိန်းအောင်းခိုက် ပုဂ္ဂိုလ်, ရေ၌ကိန်းအောင်းတဲ့ပုဂ္ဂိုလ်, ရေနစ်မွန်းတဲ့ပုဂ္ဂိုလ် (ဒီပုဂ္ဂိုလ်တွေမှာ ကာယသင်္ခါရဖြစ်ရာ မဟုတ်ကြဘဲ ချုပ်ရာသာ ဖြစ်တယ်) သေတဲ့ပုဂ္ဂိုလ်, တွေဝေ မိန်းမော နစ်မျောနေတဲ့ ပုဂ္ဂိုလ်, စတုတ္ထဈာန်ဝင်စားခိုက် ပုဂ္ဂိုလ်, နိရောဓသမာပတ်ဝင်စားခိုက်ပုဂ္ဂိုလ် (ဒီ ပုဂ္ဂိုလ်များမှာ ကာယသင်္ခါရဖြစ်စေတတ်တဲ့ စိတ်မရှိကြပါဘူး) ယခုပြောခဲ့တဲ့ ပုဂ္ဂိုလ်တွေမှ တပါး ဗလဝါရမ္မဏဖြစ်တဲ့ ကာမပုဂ္ဂိုလ်၌သာ ကာယသင်္ခါရဖြစ်ပါတယ်၊ ကာယသင်္ခါရအတွက်ပြီးသွားပါပြီ။

## ဝစီသင်္ခါရ

ဝစီဘေဒ သင်္ခါရောတိ ဝစီသင်္ခါရော၊ ဝစီယာသင်္ခါရောတိ ဝစီသင်္ခါရော၊ ဒီဝိဂြိုဟ်များအရ ဝိတက် ဝိစာရ နှစ်ပါးကို ရပါတယ်၊ ဝိတက် ဝိစာရနှစ်ပါး ဟာ ဝစီခေါ်တဲ့စကားကို ပြုလုပ်စီရင်တတ်ပါတယ်။

သင်္ဂြိုဟ်မှာ “သဒ္ဒေါ စိတ္တောတုဇော” လို့ ဆိုလေတော့ အသံဟာစိတ်ကြောင့်ဖြစ်တဲ့ အသံ, ဥတုကြောင့်ဖြစ်တဲ့ အသံ ရယ်လို့ နှစ်မျိုးရှိရာ ဥတုကြောင့်ဖြစ်တဲ့အသံမှာ အက္ခရာမပြီသလေတော့ ဝစီခေါ်တဲ့စကား မဖြစ်နိုင်ပါဘူး၊ ဥတုဇအသံဆိုတာ တုံးသံတိုင်သံ စသည်များ ဖြစ်တယ်၊ လူများမှာ ချောင်းဆိုးသံ ကြို့ထိုးသံ စသည်များဟာလဲ ဥတုဇအသံများဘဲ ဖြစ်ပါတယ်၊ ဒါဖြင့် ဆိုင်းများတီးတဲ့အခါ နှဲမှုတ်တဲ့အခါ စသည်များမှာ အသံပြီသအောင်တီးကြ မှုတ်ကြရင် ဘာသံခေါ်ပမလဲ၊ ဒီ အသံကတော့ စိတ်လျှင် အကြောင်းရင်းရှိလို့ စိတ္တပစ္စယ ဥတုဇအသံလို့ ခေါ်ရပါတယ်။

စိတ္တဇအသံများမှာ ဝစီဝိညတ်ပါလာလို့ အက္ခရာပြီသပါတယ်၊ အက္ခရာပြီသပြီး စကားအဖြစ်ရောက်မှ ဝစီလို့ ဆိုရပါတယ်၊ ဝိညတ်ဟာ စိတ္တဇရုပ်ဖြစ်လေတော့ ဒီဝိညတ်ကို စိတ်ကပြုပြင် စီရင်ပေးရတယ်၊ ဒီဝိညတ်ကို ပြုပြင်ကြတဲ့ စိတ်စေတသိက်တို့တွင် ဝိတက်ဝိစာရတို့က ဝိညတ်ကို ဖြစ်စေမှုမှာ အထူးဂရုတစိုက် ပြုပြင်ကြတယ်၊ အကြွင်းတွေကတော့ အကူအညီမျှသာ ဖြစ်တယ်၊ ဝိတက် ဝိစာရ လှုံ့ဆော်မှုကြောင့် စိတ္တဇ သဒ္ဒမှာ ဝစီဝိညတ်ပါရတယ်၊ ဝစီဝိညတ် ပြုပြင်မှုကြောင့် အက္ခရာပြီသရတယ်၊ အက္ခရာ ပြီသတဲ့ စိတ္တဇ အသံအပေါင်းဟာ စကားမည်လေတော့ ဝိတက်ဝိစာရကို ဝစီသင်္ခါရလို့ ခေါ်ဆိုရပါတယ်၊ စကားတလုံး ပြောချင်ရင် ဝိတက်က ရှေးဦးစွာ ကြံရတယ်၊ ဝိစာရက ဒီအကြံကို အတည်ပြုပြီး ဆုံးဖြတ်ရတယ်၊ ဒီလို ဝိတက်ဝိစာရတို့က ဗျာပါရမှုကို ဆောင်ရွက်ကြလို့ ဝိညတ်နှင့်တကွ အက္ခရာပြီသတဲ့ အသံပေါ်ထွက်လာလေတော့ ဝိဘက် ဝိစာရ နှစ်ပါးကို ဝစီသင်္ခါရလို့ ဆိုရတယ်။

ဝိတက် ဝိစာရကြောင့် စကားပြောနိုင်သဖြင့် ဝိတက်ဝိစာရဟာ ဝစီသင်္ခါရမည်ကြောင်းကို ပဏ္ဏာသစူဠဝေဒလ္လသုတ်မှာ “ပုဗ္ဗေ ခေါ အာဝုသော ဝိသာခ ဝိတက္ကေတွာ ဝိစာရေတွာ ပစ္ဆာ ဝါစံ ဘိန္ဒတိ၊ တသ္မာ ဝိတက္ကဝိစာရာ ဝစီသင်္ခါရော” ဒါယကာ ဝိသာခ သူဌေးကြီး- ရှေးဦးစွာ ဝိတက်ဖြင့် ကြံစည်အားထုတ်ပြီး ဝိစာရနဲ့ စီရင်ပြီးနောက်မှ စကားကို မြွက်ဆိုလေတော့ ဝိတက်ဝိစာရတို့ဟာ ဝစီသင်္ခါရမည်တယ်လို့ဆိုတယ်။

အချို့ပုဂ္ဂိုလ်များဟာ အစွဲအမဲကြီးစွာ ကြံစည်ပြီး ဒီအကြံအစည်ရဲ့ အရှိန်ကြောင့် ရုတ်ခနဲ အသံထွက်လာတာတွေဟာ ဝိတက်အရှိန်ကြောင့် ဖြစ်ပေါ်လာတဲ့ အသံများဖြစ်လို့ “ဝိတက္ကဝိပ္ဖါရ” အသံလို့ ဆိုရပါတယ်၊ ထိုနည်းတူစွာ အင်မတန်ဝမ်းမြောက်လှလို့ ရုတ်ခနဲပေါ်လာတဲ့ အသံများဟာလဲ ပီတိလွှမ်း

မိုးတဲ့ စိတ်မှာပါရှိတဲ့ ဝိတက်ဝိစာရတို့ရဲ့ အရှိန်ကြောင့် ဖြစ်ပေါ်တဲ့ စကားသံများ ဖြစ်ပါတယ်။

## ဈာန်ဘုံ စသည်

ဒီဝစီသင်္ခါရမှာလဲ ကာယသင်္ခါရလို ဈာန်ဘုံ စသည်တွေကို မှတ်သားရပါမယ်။

၁။ ဈာန်။ ။ဝစီသင်္ခါရဟာ ဈာန်အားဖြင့် ပထမဈာန်၌သာ ဖြစ်ပါတယ်၊ စတုက္ကနည်းအားဖြင့် ပထမဈာန်မှာ ဝိတက်ဝိစာရ နှစ်ပါးလုံး ပါလေတော့ ဒုတိယဈာန် စသည်မှာ ဝိတက်ဝိစာရ မရှိတော့ဘူး၊ ဒုတိယဈာန် စသည်မှာ မဖြစ်မှုကလဲ ဘာဝနာနဲ့ပယ်ထားလို့ ဖြစ်ပါတယ်။

၂။ ဘုံ။ ။ဘုံအားဖြင့် အသညသတ်ဘုံမှာ မဖြစ်လေတော့ ကျန်တဲ့ဘုံ (၃၀) မှာ ဖြစ်ပါတယ်။

၃။ စိတ္တုပ္ပါဒ်။ ။စိတ္တုပ္ပါဒ်အားဖြင့် ဝစီသင်္ခါရခေါ်တဲ့ ဝိတက် ဝိစာရဟာ ဒွေပဉ္စဝိညာဉ်တဆယ်မှာ မယှဉ်လို့ကျန်တဲ့ကာမစိတ် ၄၄-ခုမှာ ရပါတယ်။

၄။ ပုဂ္ဂိုလ်။ ။ပုဂ္ဂိုလ်အားဖြင့် နိရောဓသမာပတ် ဝင်စားတဲ့ ပုဂ္ဂိုလ် အသညသတ်ပုဂ္ဂိုလ်မှ တပါး အလုံးစုံသော ပုဂ္ဂိုလ်မှာ ရပါတယ်။

## စိတ္တသင်္ခါရ

စိတ္တေန သင်္ခရီယတီတိ စိတ္တသင်္ခါရော-အရ စိတ်က စိတ္တသင်္ခါရကို ပြုပြင်အပ်ဘယ်၊ စိတ်နဲ့စေတသိက်တို့ ယှဉ်တွဲပြီး ဖြစ်ပေါ်လာတဲ့ အခါ စိတ်က ခေါင်းဆောင် စေတသိက်က နောက်လိုက်ဖြစ်လေတော့ စိတ်ကသာစေတသိက်ကို စီရင်တယ်၊ စိတ္တသင်္ခါရဆိုတာ ဝိတက်ဝိစာရမှ တပါး ကြွင်းကျန်တဲ့ စေတသိက် ၅၀-တို့ ဖြစ်ကြပါတယ်၊ ဝိတက်ဝိစာရကြဉ်ရတာကတော့ ၎င်းတို့ဟာ ဝစီသင်္ခါရဆိုတဲ့ အမည်ကိုရရှိပြီးလို့ ဖြစ်တယ်၊ ပြီးတော့ စိတ္တသင်္ခါရ အတွက်ဘာလာသလဲ။

သညာ စ ဝေဒနာ စ စိတ္တသင်္ခါရော။ စိတ္တသင်္ခါရ အရ စေတသိက် ၅၀-ရရင် ရတဲ့စေတသိက်ကို "ဌပေတွာ ဝိတက္ကဝိစာရေ သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရော"လို့ တိုက်ရိုက်မဟောဘဲ ဘာ့ကြောင့် "သညာ စ ဝေဒနာ စ စိတ္တသင်္ခါရော"လို့ ဟောရသလဲ၊ ဒီဝေဒနာနဲ့ သညာဟာ ခန္ဓာထိုက်တဲ့တရား ထင်ရှားတဲ့တရားများဖြစ်ကြလို့ သီးခြားထုတ်ပြီးဟောတာ ဖြစ်ပါတယ်။

## ဝေဒနာ သညာ စိတ်ကို ခန္ဓာဖွဲ့ပုံ

ခန္ဓယမိုက်များမှာ ဝေဒနာစေတသိက် တခုကို ဝေဒနာက္ခန္ဓာ၊ သညာစေတသိက်တခုကို သညာက္ခန္ဓာ၊ စိတ်ကို ဝိညာဏက္ခန္ဓာလို့ ဒီတရားသုံးပါးကို သီးခြားခန္ဓာတခုစီဖွဲ့ပြီး ဟောမှုအတွက် အကြောင်းက ဘာတုံး? (၁) သုခဝိပလ္လာသ၊ (၂) အတ္တဝိပလ္လာသ၊ (၃) နိစ္စဝိပလ္လာသ၊ အဲဒီဝိပလ္လာသတွေကို ပယ်ဖျောက်ရန်ဖြစ်ပါတယ်။

၁။ သတ္တဝါတွေဟာ သုခရယ်လို့ ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်တဲ့တရားထဲမှာ ဝေဒနာဟာ အလွန်ကဲဆုံး ဖြစ်တယ်၊ ဝေဒနာအတွက် သုခဝိပလ္လာသဖြစ်ရတယ်၊ သုခရယ်လို့ အမြဲမှတ်ထင်ခါ အားကိုးအပ်တဲ့ အရာထဲမှာ ဝေဒနာနဲ့တူတဲ့ အားကိုးရာမရှိဘူး၊ ဘာ့ကြောင့်လဲ လောကမှာ လူနတ်ဗြဟ္မာတို့ရဲ့ စည်းစိမ်ကိုလိုချင်မှု တောင့်တကြမှုဟာ သုခဝေဒနာကို လိုချင်မှုတောင့်တမှုသာဖြစ်တယ်၊ ဒီစည်းစိမ်တွေနဲ့ ကင်းလို့ သုခဝေဒနာကို ရမယ်ဆိုရင် ဒီလူစည်းစိမ်စသည်ကို ဘယ်သူကမှ တောင့်တကြ သာယာကြမယ် မဟုတ်ဘူး၊ ဖဿဝေဒနာစတဲ့ တရားတွေက မိမိတို့ရဲ့ကိစ္စကို ဆောင်ရွက်ကြတဲ့ အခါမှာ လိုရင်းအားဖြင့် သုခဝေဒနာအတွက်သာ ဆောင်ရွက်ကြတာဖြစ်တယ်၊ သတ္တဝါဟူသမျှဟာ သုခဝေဒနာ၌ မျှော်လင့်တဲ့ စိတ်နဲ့သာ အမျိုးမျိုးသော ကိစ္စတွေကို စီရင်ကြလေတော့ သုခလို့မှတ်ထင်ကာ အားကိုးအားထား ပြုအပ်တဲ့တရားအပေါင်းမှာ ဝေဒနာဟာ ထိပ်ဆုံးက ဖြစ်လေတော့ ၎င်းကို သီးခြားခန္ဓာတခုဖွဲ့ပြီး ဟောတယ်။

၂။ သညာ။ ။သညာကို ခန္ဓာဖွဲ့မှုကတော့ သတ္တဝါတွေဟာ အတ္တလို့မှတ်ထင်စွဲမြဲပြီး အားကိုးအားထား ပြုအပ်တဲ့ တရားအပေါင်းတွင် သညာနဲ့တူတဲ့ အားထားရာ မရှိပါဘူး၊ သတ္တဝါဟူသမျှဟာ မိမိတို့ရဲ့ အမျိုးဇာတ်ဘာသာအားလျော်စွာ သိသင့်သိထိုက်တဲ့ အရာဟူသမျှကို သညာနဲ့ အပြည့်အစုံ အကုန်သိကြ ကြားကြ လိမ္မာကြတဲ့အဖြစ်သို့ ရောက်ကြရတယ်၊ ဒီလိုသိလာတော့ ငါဖြင့် လူတွေသိသလို ငါလဲ သိတာဘဲ၊ ဘယ်သူက ငါ့ထက်သာလွန်သေးသလဲ စသည်ဖြင့် အထင်အမြင် ကြီးပြီး သိကြားလိမ္မာမှု ဆိုတဲ့ သညာကို အဟုန်အမြတ် အတ္တပြုလုပ်ပြီး နေတယ်၊ ဒါကြောင့် အတ္တလို့မှတ်ထင်ပြီး အားကိုးအားထား ပြုအပ်တဲ့တရားအပေါင်းမှာ သညာဟာ အထွတ်အထိပ်ဖြစ်လေတော့ ၎င်းကို ခန္ဓာတခုဖွဲ့ပြီး ဟောရတယ်။

၃။ စိတ်။ ။စိတ်ကိုခန္ဓာဖွဲ့ပုံကတော့ နိစ္စလို့မှတ်ထင်ပြီး အမြဲအစွဲ အားကိုးအားထားပြုအပ်တဲ့ တရားအပေါင်းမှာ စိတ်နဲ့တူတဲ့ အားကိုးရာမရှိဘူး၊ သုခ

ဒုက္ခဆိုတာ အမြဲမရှိဘူး၊ သုခဖြစ်ခိုက် ဒုက္ခမရှိ၊ ဒုက္ခဖြစ်ခိုက် သုခမရှိတော့ မမြဲဘူး၊ သညာလဲမမြဲဘူး၊ သင်္ခါရက္ခန္ဓာထိုက်တဲ့ လောက စသည်လဲ မမြဲဘူး ရယ်လို့ သာမည အားဖြင့် ထင်ရှားစွာ သိနိုင်ကြပါတယ်၊ ဒါပေမဲ့ စိတ်ရဲ့ မမြဲပုံကိုတော့ ထင်ရှားစွာမသိနိုင်ကြပါဘူး၊ ဒီစိတ်ဟာ မြဲတယ်, နိစ္စထာဝရ ဖြစ်တယ်၊ နိစ္စတရားဖြစ်လို့သာ ရံခါစိတ်ဖြစ်တယ်, ရံခါ စိတ်မဖြစ်ဘူးရယ်လို့ မရှိ၊ စိတ်ဟာ အမြဲဖြစ်ပေါ်နေတယ်၊ ဒီစိတ်ဟာ သတ္တဝါတွေရဲ့သန္တာန်၌ အမြဲ အစွဲဖြစ်ပြီး ရံခါသုခနဲ့ယှဉ်တယ်, ရံခါဒုက္ခနဲ့ယှဉ်တယ်, ရံခါသဒ္ဓါနဲ့ယှဉ်တယ် စသည်ဖြင့် မှတ်ထင်ကြတယ်၊ သတ္တဝါတို့ရဲ့ သန္တာန်မှာ စိတ်ဟာ အမြဲတည် နေတဲ့အသက် တရားကိုယ်လို့လဲ မှတ်ထင်ကြတယ်၊နိစ္စလို့မှတ်ထင်တဲ့ပြီး အားကိုး အားထားပြုအပ်တဲ့ တရားအပေါင်းမှာ စိတ်ဟာ အထွတ်အထိပ်ဆုံး ဖြစ်လေ တော့ ဒီစိတ်ကိုခန္ဓာတခုဖွဲ့ပြီး ဟောထားပါတယ်၊ဒီလို သုခ အတ္တ နိစ္စ ဝိပလ္လာသ များကို ပယ်ဖျောက်ရန် ဟောထားပါတယ်၊ စိတ်အတွက် ခန္ဓာဖွဲ့ပြီး ဟောမှု ကတော့ စပ်မိလို့ပြောတာ ဖြစ်ပါတယ်၊ ဒါက ဆရာကြီးများ မိန့်ဆိုချက်ကို ဗဟုသုတဖြစ်ရန် ပြောကြားခြင်းဖြစ်ပါတယ်၊ ယခုပြောတာတွေဟာ "ဝေဒနာ စ သညာ စ စိတ္တသင်္ခါရော" ရယ်လို့ သီးခြား ဟောရခြင်းအကြောင်း ဖြစ်ပါ တယ်၊ တဖန် "ဌပေတွာ သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရော" အရ ဝိတက်ဝိစာရ သညာ ဝေဒနာတို့မှ ကြွင်းတဲ့စေတသိက် (၄၈)ခု ရပါ တယ်၊ သညာ ဝေဒနာကိုထည့်လိုက်ရင် စိတ္တသင်္ခါရအရ နောက်ကပြောခဲ့တဲ့ အတိုင်း စေတသိက် (၅၀) ဖြစ်ပါတယ်။

## ထွက်သက်ဝင်သက် စိတ္တသင်္ခါရမမည်ပုံ

ထွက်သက်ဝင်သက်ဟာ စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်များ ဖြစ်လေတော့ စိတ်က ပြုပြင်အပ်လို့ စိတ္တသင်္ခါရလို့ ဆိုထိုက်ပါ့မလား ဆိုရင် စိတ်ကြောင့် ဖြစ်ပေမဲ့ အလွန်ထင်ရှားတဲ့ကိုယ်ကြီးနဲ့စပ်နေလို့ ထင်ရှားရာ လိုက်ပြီး ကာယ သင်္ခါရလို့သာ ဆိုရပေမယ်၊ စိတ္တသင်္ခါရလို့ မဆိုထိုက်ပါဘူး။

## ဈာန်စသည်

၁။ ဈာန်၈ ။စိတ္တသင်္ခါရဟာ ဈာန်အားဖြင့် အလုံးစုံသော ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်များမှာ ဖြစ်ပါတယ်။

၂။ ဘုံ။ ။ဘုံအားဖြင့် အသညသတ်ဘုံမှတပါး အလုံးစုံသောဘုံ(၃၀) မှာ ဖြစ်တယ်။

၃။ စိတ္တုပ္ပါဒ်။ ။စိတ္တုပ္ပါဒ်အားဖြင့် အလုံးစုံသော ကာမစိတ် (၅၄) ခုမှာဖြစ်တယ်။

၄။ ပုဂ္ဂိုလ်။ ။ပုဂ္ဂိုလ်အားဖြင့် အသညသတ် ပုဂ္ဂိုလ် နိရောဓသမာပတ် ဝင်စားခိုက်ပုဂ္ဂိုလ် သေသောပုဂ္ဂိုလ်မှ တပါး အလုံးစုံသော ပုဂ္ဂိုလ်၌ ဖြစ်ပါတယ်။

## ကာယသင်္ခါရ စတုတ္ထဈာန်၌မဖြစ်

စတုတ္ထဈာန်ကိုဝင်စားတဲ့ ကာမပုဂ္ဂိုလ်ဟာ ကာယသင်္ခါရနဲ့ကင်းပြီး ဝင်စားနိုင်မှုသည် ဓမ္မတာပင်ဖြစ်လေတော့ စတုတ္ထဈာန်မှာ ကာယသင်္ခါရ မဖြစ်လို့ မဟာဋီကာက– "စတုတ္ထဇ္ဈာန သမာပန္နာနံ ပန ဓမ္မတာဝသေနေဝ နေသံ နုပ္ပဇ္ဇနံ" လို့ ဖွင့်ပြပါတယ်။ ကေစိဝါဒ အားဖြင့် စတုတ္ထဈာန်ကို ဝင်စားတဲ့ ကာမပုဂ္ဂိုလ်ရဲ့သန္တာန်၌ကား "သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိ ပါရိသုဒ္ဓိံ စတုတ္ထဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ" လို့ စတုတ္ထဈာန် ဝင်စားပုံကိုပြရာဝယ် ၎င်းပုဂ္ဂိုလ်ရဲ့ စိတ်သန္တာန်၌ ဖြစ်ပေါ်နေတဲ့ စိတ္တုပ္ပါဒ်များဟာ လွန်စွာ သိမ်မွေ့နေပါတယ်၊ မှန်ပါတယ်၊ ဈာန်တွေဆိုတာ အဆင့်ဆင့် သိမ်မွေ့သည်ထက် သိမ်မွေ့သွားလေတော့ ရူပဈာန်များတွင် ဒီစတုတ္ထဈာန်ဟာ အသိမ်မွေ့ဆုံး အနူးညံ့ဆုံး ချမ်းသာအများလှဆုံး ဖြစ်ပါတယ်၊ ပထမဈာန်ကစပြီး တတိယဈာန်တိုင်အောင်သော ဈာန်တွေဟာ စတုတ္ထဈာန်ကို ထောက်စာရင် ဩဠာရိကဈာန်များလို့ ဆိုရမှာဖြစ်တော့ ဒီဈာန်များဟာ ကာယသင်္ခါရနဲ့ စပ်ပြီးနေသေးတယ်၊ အသက်ပြင်းပြင်းရှူပြီး အိပ်နေတဲ့ ပုဂ္ဂိုလ်နဲ့ အသက်ရှူသံပင် မကြားရလောက်အောင် သိမ်သိမ် မွေ့မွေ့ အိပ်နေတဲ့သူကို နှိုင်းယှဉ်ကြည့်ပါ၊ ရူပပုဂ္ဂိုလ်များရဲ့ သန္တာန်မှာဖြစ်နေတဲ့ ရုပ်တရားနဲ့ ၎င်းတို့ရဲ့ ဘဝင်စိတ်များမှာလဲ လွန်စွာသိမ်မွေ့လှလေတော့ ကြမ်းတမ်းတဲ့ ထွက်သက်ဝင်သက်တွေဟာ ၎င်းတို့ရဲ့သန္တာန်မှာ မဖြစ်ကြဘူးလို့ ကေစိက မိန့်ဆိုပါတယ်။

ယခုပြဆိုခဲ့တဲ့ သင်္ခါရသုံးပါးမှာပင် သေတဲ့ပုဂ္ဂိုလ်, အသညသတ်ပုဂ္ဂိုလ်, နိရောဓသမာပတ်ဝင်စားခိုက် ပုဂ္ဂိုလ်များ၌ မရကြောင်း တွေ့ရှိရပါလိမ့်မယ်၊ အကြောင်းက ၎င်းပုဂ္ဂိုလ်များမှာ နာမ်တရားမရှိလို့ ဖြစ်ပါတယ်။

ဒီသင်္ခါရသုံးပါးနဲ့ ပတ်သက်လို့ သုတ္တန် မူလပဏ္ဏာသ စူဠဝေဒလ္လသုတ်မှာ ဝိသာခသူဌေးက ဓမ္မဒိန္နာ ထေရီမကို "အရှင်မ– သင်္ခါရတို့သည် အဘယ်မျှနည်း" လို့ မေးတဲ့အခါ "ဒါယကာဝိသာခ– သင်္ခါရတို့သည် ကိုယ်ဖြင့် ပြုလုပ်

စီရင်မှု ကာယသင်္ခါရ၊ နှုတ်ကိုပြု စီရင်မှု ဝစီသင်္ခါရ၊ စိတ်ဖြင့် ပြုစီရင်မှု စိတ္တသင်္ခါရလို့ သုံးပါးရှိကြောင်း'' ဖြေဆိုပါတယ်။

ဝိသာခသူဌေးက ထပ်မံ၍ ''အရှင်မ- အဘယ်သည် ကိုယ်ဖြင့်ပြု စီရင်မှု ကာယသင်္ခါရ မည်သနည်း၊ အဘယ်သည် နှုတ်ကိုပြုစီရင်မှု ဝစီသင်္ခါရမည်သနည်း၊ အဘယ်သည် စိတ်ဖြင့်ပြုစီရင်မှု စိတ္တသင်္ခါရ မည်သနည်း''လို့ ထပ်မံမေးလျှောက်ပြန်တော့ ''ဒါယကာဝိသာခ- ထွက်သက် ဝင်သက်တို့သည် ကိုယ်ဖြင့်ပြုစီရင်မှု ကာယသင်္ခါရမည်၏၊ ဝိတက်ဝိစာရတို့သည် နှုတ်ကိုပြုစီရင်မှု ဝစီသင်္ခါရမည်၏၊ သညာဝေဒနာတို့သည် စိတ်ဖြင့်ပြုစီရင်မှု စိတ္တသင်္ခါရမည်၏'' လို့ ဖြေပါတယ်။

တဖန် ''အရှင်မ- အဘယ်ကြောင့် ထွက်သက်ဝင်သက်တို့သည် ကိုယ်ဖြင့်ပြုစီရင်မှု ကာယသင်္ခါရ မည်သနည်း၊ အဘယ်ကြောင့် ဝိတက် ဝိစာရတို့သည် နှုတ်ကို ပြုစီရင်မှု ဝစီသင်္ခါရမည်သနည်း၊ အဘယ်ကြောင့် သညာ ဝေဒနာတို့သည် စိတ်ဖြင့်ပြုစီရင်မှု စိတ္တသင်္ခါရ မည်သနည်း''လို့ လျှောက်ပြန်တယ်၊ ''ဒါယကာဝိသာခ- ထိုထွက်သက်ဝင်သက်တရားတို့သည် ကိုယ်၌ ဖြစ်ကုန်၏၊ ကိုယ်နှင့်စပ်ကုန်၏၊ ထို့ကြောင့် ယိုထွက်သက် ဝင်သက်တို့သည် ကိုယ်ဖြင့်ပြုစီရင်မှု ကာယသင်္ခါရမည်၏၊ဒါယကာဝိသာခ-ရှေးဦးကပင် ကြံစည်စဉ်းစား၍ နောက်မှစကားကို မြွက်ဆို၏၊ ထို့ကြောင့် ဝိတက်ဝိစာရ တို့သည် နှုတ်ကိုပြုစီရင်မှု ဝစီသင်္ခါရမည်၏၊ ထိုသညာဝေဒနာတရားတို့သည် စိတ်၌ဖြစ်ကုန်၏၊ စိတ်နှင့်စပ်ကုန်၏၊ ထို့ကြောင့် သညာဝေဒနာတို့သည် စိတ်ဖြင့်ပြုစီရင်မှု စိတ္တသင်္ခါရမည်၏''လို့ ဖြေပါတယ်၊ ဒါက သင်္ခါရသုံးပါးကို သုတ္တန်မှာလဲဟော ကြောင်းကို ပြဆိုတာဖြစ်ပါတယ်။

ဒီထက်က နိရောဓသမာပတ် ဝင်စားခိုက် ပုဂ္ဂိုလ်များမှာ သင်္ခါရသုံးပါး မဖြစ်ကြောင်းကို ပြဆိုခဲ့ပါတယ်၊ ဒီသင်္ခါရသုံးပါးမှာ ဘယ်သင်္ခါရက ရှေးဦးစွာချုပ်ပြီး နိရောဓသမာပတ်မှ ထတဲ့အခါ ဘယ် သင်္ခါရက ရှေးဦးစွာ ဖြစ်ကြောင်းကိုလဲ သိသင့်ပါတယ်၊ ၎င်းကို အကျဉ်းချုပ်ပြောပြပါဦးမယ်။

''အရှင်မ- သညာဝေဒနာ ချုပ်နေခြင်းသို့ရောက်တဲ့ ရဟန်းအား အဘယ်သင်္ခါရက ရှေးဦးစွာ ချုပ်ပါသလဲ'' မေးတော့ ဝစီသင်္ခါရ ရှေးဦးစွာချုပ်တယ်လို့ ဖြေဆိုပါတယ်၊ (နိရောဓသမာပတ်ဆိုတာ သမာပတ်ရှစ်ပါးကို အစဉ်အတိုင်း ဝင်စားရတယ်၊ ဝစီ သင်္ခါရဟာ ပထမဈာန်နဲ့သာ ဆိုင်လေတော့ ဒုတိယဈာန်ကိုဝင်စားတဲ့အခါ ဝစီသင်္ခါရမဖြစ်တော့ဘူး။) ထို့နောင် ကာယသင်္ခါရချုပ်တယ်၊ (၎င်းမှာ ပထမဈာန် ဒုတိယဈာန် တတိယဈာန်နဲ့ ဆိုင်လေ

တော့ စတုတ္ထဈာန်ဝင်စားတဲ့အခါ ကာယသင်္ခါရ မဖြစ်တော့ဘူး။) ထို့နောင် စိတ္တသင်္ခါရချုပ်တယ်၊ (နိရောဓသမာပတ် ဝင်စားနေတဲ့ အခိုက်မှာ စိတ် စေတသိက် စိတ္တဇရုပ်များချုပ်နေတော့ စိတ္တသင်္ခါရလဲ မဖြစ်တော့ဘူး။)

တဖန် "အရှင်မ- နိရောဓသမာပတ်မှ ထတဲ့ ရဟန်းအား သင်္ခါရသုံးပါးတို့တွင် အဘယ်သင်္ခါရက ရှေးဦးစွာဖြစ်ပါသလဲ" လို့ မေးလျှောက်ပြန်တယ်၊ "ဒါယကာဝိသာခ- စိတ္တသင်္ခါရက ရှေးဦးစွာ ဖြစ်တယ်၊ (ပဋ္ဌာန်းများမှာ- နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာ နာသညာယတနံ ဖလသမာပတ္တိယာ-လို့ ဟောတော်မူတဲ့အတိုင်း အနာဂါမ်မှာ အနာဂါမိဖိုလ်၊ရဟန္တာမှာ အရဟတ္တဖိုလ် စိတ်များ ရှေးဦးစွာဖြစ်ပါတယ်၊ ဒီဖိုလ်များနဲ့ ယှဉ်တဲ့ သညာဝေဒနာများကို ရည်ရွယ်ပြီး စိတ္တသင်္ခါရ ရှေးဦးစွာဖြစ်တယ်လို့ မိန့်ဆိုခြင်း ဖြစ်ပါတယ်၊) ထို့နောင် ကာယသင်္ခါရဖြစ်တယ်၊ (ဒါက ဖိုလ်နောင်ကျတဲ့ ဘဝင် အခိုက် အတန့်ကို ရည်ရွယ်တာ ဖြစ်ပါတယ်၊ ဘဝင်စိတ်ဖြစ်လာတော့ ထွက်သက် ဝင်သက်လဲ ဖြစ်လာပါပြီ။)

ဒီနေရာမှာမေးစရာရှိနေလို့ အဋ္ဌကထာဆရာကြီးက ပုစ္ဆာတခုထုတ်ပြတာက ဖလသမာပတ်က အဿာသ ပဿာသကို မဖြစ်စေနိုင်ဘူးလားတဲ့၊ အဖြေက ဖြစ်စေနိုင်ပါတယ်တဲ့၊ ဒါပေမဲ့ ဒီဖလသမာပတ်က စတုတ္ထဈာန် ဖလသမာပတ် ဖြစ်နေလို့ အဿာသပဿာသကို မဖြစ်စေနိုင်ပါဘူးတဲ့၊ ဒီအဖြေ ထားလိုက်ပါဦးတော့၊ တနည်းဖြေရမယ်ဆိုရင် ဖလသမာပတ်ဆိုတာ ပထမဈာန်နဲ့ယှဉ်တဲ့ ဖလသမာပတ်ဖြစ်ဖြစ်၊ ဒုတိယ တတိယ စတုတ္ထဈာန်နဲ့ ယှဉ်တဲ့ ဖလသမာပတ် ဖြစ်ဖြစ် ငြိမ်းချမ်းလှတဲ့ သမာပတ်မှထတဲ့ ရဟန်းရဲ့သန္တာန်မှာဖြစ်တဲ့ အဿာသ ပဿာသများဟာ အဿာသ ပဿာသရယ်လို့ မခေါ်ဝေါ်လောက် ပါဘူး၊ အဿာသ ပဿာသရယ်လို့ မခေါ်ဝေါ်လောက် ကြောင်းကို သဥ္ဇီဝမထေရ်ရဲ့ ဝတ္ထုကို ထုတ်ပြပါတယ်၊ သဥ္ဇီဝမထေရ်ဟာ သမာပတ်ကထပြီး ပေါက်ပွင့် အဆင်းနဲ့တူတဲ့ ရဲရဲညီနေတဲ့မီးခဲကိုနင်းပြီး ကြွသွားတော်မူတဲ့အခါ ကိုယ်တော် ရဲ့သင်္ကန်းက ချည်မျှင်ကလေး တခုတောင် မီးမလောင်တဲ့ အပြင် ပူရှိန်ရှိန် ကလေးတောင် မဖြစ်ပါဘူး၊ ဒါဟာ သမာပတ်ရဲ့စွမ်းရည်ပါဘဲတဲ့၊ ထိုနည်းတူစွာ ငြိမ်သက်လှတဲ့ သမာပတ်ကထတဲ့ ရဟန်းအားဖြစ်တဲ့ အဿာသ ပဿာသ များဟာ အဗ္ဗောဟာရိကဖြစ်လို့ ဘဝင်ဖြစ်ခိုက် အခါမှာ ကာယသင်္ခါရဖြစ် တယ်လို့ ဆိုရပါတယ်၊ ကာယဝစီဝိညတ်ကိုဖြစ်စေတဲ့အခါ ဝစီသင်္ခါရဖြစ်တယ်၊ ဒီမှာလဲ ပုစ္ဆာက ဘဝင်ဟာ ဝိတက်ဝိစာရတို့ကို မဖြစ်စေနိုင်ဘူးလားတဲ့၊ ဖြစ်စေ နိုင်ပါတယ်၊ ဒါပေမဲ့ ဒီဘဝင်ကြောင့်ဖြစ်တဲ့ ဝိတက်ဝိစာရများဟာ ဝိညတ်

ကြောင့်ဖြစ်တာ မဟုတ်လို့ စကားသံကိုမပြုပြင် မစီရင်နိုင်ကြပါဘူး၊ (ဒါက နိဒ္ဒေသမာပတ်ဝင်စားတဲ့အခိုက်မှာသခံါရသုံးပါး မဖြစ်ဘူးဆိုတဲ့ မိန့်ဆိုချက် အရ ဘယ်လိုချုပ်တယ်၊ သမာပတ်က ထတဲ့အခါ ဘယ်လိုဖြစ်တယ် ဆိုတာကို ဗဟုသုတအတွက် ထည့်သွင်းပြီး ပြောပြတာ ဖြစ်ပါတယ်။)

ပြီးတော့ ထွက်သက်ဝင်သက်များဟာ တနာရီမှာ ထွက်သက်က(၃၆၀) ဝင်သက်က(၃၆၀)ဖြစ်သည်ဟူ၍ရင်း၊ထွက်သက်ရဲ့လေအစကချက်၊ အလယ်က နှလုံးအနီး ၎င်း၏အထက်၌ဖြစ်သောရင်ဘတ်၊ အဆုံးကနှာခေါင်းဖျား စသည် ဖြင့်၎င်း၊ ဝိနည်းအဋ္ဌကထာများမှာ ထွက်သက်ကိုအဿာသ- ဝင်သက်ကိုပဿာ သ၊ အဘိဓမ္မာသုတ္တန် အဋ္ဌကထာများမှာ ဝင်သက်ကို အဿာသ- ထွက်သက်ကို ပဿာသဟု အယူအဆမတူကြလည်း အဋ္ဌကထာ ဆရာမှာ အရှင်ဗုဒ္ဓဃောသ တပါးတည်း ဖြစ်ပါတယ်၊ ဒါပေမဲ့ ဝိနည်းဆောင် သုတ္တန်ဆောင်ပုဂ္ဂိုလ်တွေရဲ့ အလိုနဲ့ မဆန့်ကျင်အောင် ရေးထားတာ ဖြစ်ပါတယ်၊ အကျယ်ကိုအရကောက် ဂဏ္ဌိစသည်များမှာ ကြည့်ရှုနိုင်ပါတယ်။

ဝိမတိဝိနောဒနီဆရာကြီးကတော့ သုတ္တန်အဋ္ဌကထာဆရာကြီးများရဲ့ မိန့်ဆို ချက်ဟာ ပဏ္ဏာသပါဠိတော်နဲ့ ညီညွတ်ကြောင်းကို “အဿာသာဒိ မဇ္ဈေ ပရိ- ယောသာနံ သတိယာ အနုဂစ္ဆတော အဇ္ဈတ္တံဝိက္ခေပ ဂတေန စိတ္တေန ကာ ယောပိ စိတ္တံပိ သာရဒ္ဓါစ ဟောန္တိ၊ ဣဉ္ဇိတာ စ ဖန္ဒိတာစ ပဿာသာဒိ မဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော ဗဟိဒ္ဓါ ဝိက္ခေပဂတေန စိတ္တေန ကာယောပိ စိတ္တံပိ သာရဒ္ဓါစ ဟောန္တိ ဣဉ္ဇိတာ စ ဖန္ဒိတာ စ”၊ ဝင်သက်ရဲ့ အစ အလယ်အဆုံးကို သတိဖြင့် အစဉ်တစိုက်လျှောက်၍ ဆင်ခြင်သောပုဂ္ဂိုလ် အား အတွင်း၌ပျံ့လွင့်သောစိတ်ဖြင့် ကိုယ်သည်၎င်း, စိတ်သည်၎င်း တောင့်ခိုင် ကြမ်းတမ်းကုန်သည်လည်း ဖြစ်ကုန်၏၊ တုန်လည်း တုန်ကြကုန်၏၊ လှုပ်လည်း လှုပ်ကြကုန်၏၊ ထွက်သက်၏ အစ အလယ် အဆုံးကို သတိဖြင့် အစဉ်တစိုက် လျှောက်၍ ဆင်ခြင်သော ပုဂ္ဂိုလ်အား ပျံ့လွင့်သောစိတ်ဖြင့် ကိုယ်သည်၎င်း, စိတ်သည်၎င်း တောင့်ခိုင်ကြမ်းတမ်း ကုန်သည်လည်း ဖြစ်ကုန်၏၊ တုန်လည်း တုန်လှုပ်ကြကုန်၏၊ လှုပ်လည်း လှုပ်ကြကုန်၏-လို့ ဝင်သက်ကို အဿာသ၊ ထွက်သက်ကို ပဿာသ ဟောကြောင်း ပြပါတယ်။

မှတ်ချက်။ ။ဒီလို သုတ်ဝိနည်းအယူအဆ ကွဲလွဲမှုကို စဉ်းစားရင် ပုဂ္ဂိုလ် ကွဲပြားကြောင်းကိုတွေ့ရလိမ့်မယ်၊ ဝိနည်းအဋ္ဌကထာက ဂဗ္ဘသေယျက ပုဂ္ဂိုလ်ကို ပြတယ်၊သုတ္တန်အဋ္ဌကထာက အာနာပါနဿတိကမ္မဋ္ဌာန်းကို စီးဖြန်းတဲ့ပုဂ္ဂိုလ်ကို ပြတယ်၊ ဒီတော့ ဂဗ္ဘသေယျက ပုဂ္ဂိုလ်ဖြစ်ရင် ထွက်သက်က အရင်ဖြစ်လို့

"အဿာသ"ကို ထွက်သက်၊ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းတဲ့ပုဂ္ဂိုလ် ဖြစ်ရင် ဝင်သက်ကိုအရင်မှတ်လို့ "အဿာသ"ကို ဝင်သက်လို့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဖြစ်စဉ်ကိုယူရင် ဝိနည်း သုတ် နှစ်ပါးလုံး သင့်မြတ်ပါလိမ့်မယ်။

တဖန် အမိဝမ်းတွင်း၌ ကိန်းအောင်းနေကြတဲ့ပုဂ္ဂိုလ်များ အမိဝမ်းတွင်းမှ ဖွားလာတဲ့အခါ ထွက်သက်က ရှေးဦးစွာဖြစ်တယ်၊ နောက်မှဝင်သက် အပြင်လေက နူးညံ့တဲ့မှုကိုယူပြီး အတွင်းအာစောက်ကိုထိခါ ချုပ်ငြိမ်းတယ်၊ ဆိုလိုရင်းက ဖွားခါစသူငယ်ဟာ ရှေးဦးစွာ ထွက်သက်ဖြစ်တယ်၊ နောက်မှ ဝင်သက်ဖြစ်တယ်လို့ဆိုလိုတယ်၊ ဆရာဝန်တယောက်ကတော့ ဒီပါရာဇိကဏ် အဋ္ဌကထာပြဆိုချက်ဟာ ပြောင်းပြန်ဖြစ်နေတယ်၊ သူတို့ဆေးကျမ်းနဲ့ မညီဘူး၊ ဥပမာအားဖြင့် ဖားဖိုကိုဆွဲတဲ့အခါ အပြင်လေကိုအရင်ရယူပြီးမှ အတွင်းရောက်တဲ့လေ ထွက်နိုင်သလို ဒီမွေးဖွားစ သူငယ်မှာ လုံးဝ လေမရှိသေးလေတော့ ဘယ်လိုလုပ်ပြီး ထွက်သက်က ရှေးဦးစွာဖြစ်ပါ့မလဲလို့ အကြောင်းပြတယ်၊ ဗဟုဿုတဖြစ်ဘွယ်ရာများ တော်လောက်ပါပြီ၊ ပဏ္ဏတ္တိဝါရ သရူပဒါဝါရကို ဆက်ပြီး ဆိုကြပါဦးစို့။

## သရူပဒါဝါရ

ဥဒ္ဒေသ ပါဠိဇယားအထက်ပိုင်းမှာ သင်္ခါရယမက-ဥဒ္ဒေသ-သရူပဒါဝါရမှာ တယောသင်္ခါရာစသည် ရှိပါတယ်၊ (ပ) ကလေးက ဝစီသင်္ခါရ ဖြစ်ပါတယ်၊ တယော သင်္ခါရာ၊ ကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရော၊ အောက်အကွက် ကြည့်ပြီး အဿာသ ပဿာသာ ကာယသင်္ခါရော၊ ဝိတက္ကဝိစာရာ ဝစီသင်္ခါရော၊ သညာ စ ဝေဒနာ စ ဌပေတွာ ဝိတက္ကဝိစာရေ သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာဓမ္မာ စိတ္တသင်္ခါရော။

## ပဏ္ဏတ္တိဝါရဥဒ္ဒေသ

ဥဒ္ဒေသက မခက်ပါဘူး၊ ဒီမှာ အနုလုံပစ္စနိက်လို့ ရေးထားသဖြင့် အနုလုံရော ပစ္စနိက်ရော ဒီမှာရှိတဲ့အတိုင်း အပြန်အလှန် ဆိုရရုံပါဘဲ။

ကာယော ကာယသင်္ခါရော၊ ကာယသင်္ခါရော ကာယော။ ။ဝစီ ဝစီသင်္ခါရော၊ ဝစီသင်္ခါရော ဝစီ။ ။စိတ္တံ စိတ္တသင်္ခါရော၊ စိတ္တသင်္ခါရော စိတ္တံ။
ဒါကအနုလုံပါ၊ ပစ္စနိက်ကျတော့ "န"ကလေးထည့်ပေးရရုံပါဘဲ။

န ကာယော န ကာယသင်္ခါရော၊ န ကာယသင်္ခါရော န ကာယော။ ။ န ဝစီ န ဝစီသင်္ခါရော၊ န ဝစီသင်္ခါရော န ဝစီ။ ။န စိတ္တံ န စိတ္တသင်္ခါရော၊ န စိတ္တသင်္ခါရော န စိတ္တံ။

ဒါက ပဒသောဓနေဝါရ ပြီးသွားပါပြီ၊ ပဒသောဓန မူလစက္ကဝါရဆိုတာ ဒီဘက်က ပဒသောဓနေကိုမူတည်ပါတယ်၊ မူတည်ပြီး ဟိုဘက်ကဟာကို မူလီသွတ်ပါတယ်၊ မူလီသွတ်တော့ "သင်္ခါရာ" ကို အမြဲ ဆိုရပါလိမ့်မယ်၊ ခရေပွင့်ကလေးတွေကိုချန်ပြီး ကွက်လပ်တွေကို မူလီသွတ်ရပါလိမ့်မယ်၊ မူက ပဒသော' ဓနေဖြစ်ခြင်းကြောင့် ပဒသောဓနကို အမြဲဆိုရပါတယ်။

ကာယော ကာယသင်္ခါရော၊ သင်္ခါရာ ဝစီသင်္ခါရော၊ ကာယော ကာယသင်္ခါရော၊ သင်္ခါရာ စိတ္တသင်္ခါရော။ ။ဝစီ ဝစီသင်္ခါရော၊ သင်္ခါရာ ကာယသင်္ခါရော၊ ဝစီ ဝစီသင်္ခါရော၊ သင်္ခါရာ စိတ္တသင်္ခါရော။ ။စိတ္တံ စိတ္တသင်္ခါရော၊ သင်္ခါရာ ကာယသင်္ခါရော၊ စိတ္တံ စိတ္တသင်္ခါရော၊ သင်္ခါရာ ဝစီသင်္ခါရော။

ဒါက အနုလုံပါ၊ ပစ္စနိက်ကျတော့ န-ထိုးဆိုရုံပါဘဲ။

န ကာယော န ကာယသင်္ခါရော၊ န သင်္ခါရာ န ဝစီသင်္ခါရော၊ န ကာယော န ကာယသင်္ခါရော၊ န သင်္ခါရာ န စိတ္တသင်္ခါရော။ ။န ဝစီ နဝစီ သင်္ခါရော၊ န သင်္ခါရာ န ကာယသင်္ခါရော၊ န ဝစီ နဝစီ သင်္ခါရော၊ န သင်္ခါရာ န စိတ္တ သင်္ခါရော။ ။န စိတ္တံ န စိတ္တသင်္ခါရော၊ နသင်္ခါရာ နကာယသင်္ခါရော၊ န စိတ္တံ န စိတ္တ သင်္ခါရော၊ န သင်္ခါရာ န ဝစီ သင်္ခါရော။

ပြီးတော့ သုဒ္ဓသင်္ခါရဝါရ၊ သုဒ္ဓသင်္ခါရဝါရမှာ အမှတ်ကလေးအောက်က ကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရောလို့ ရှိပါတယ်၊ ကာယသင်္ခါရမူတည်ပြီး ဝစီနဲ့စိတ္တကို အပြန်အလှန် မူလီသွတ်ဆိုရပါလိမ့်မယ်။

ကာယသင်္ခါရော ဝစီသင်္ခါရော၊ ဝစီသင်္ခါရော ကာယသင်္ခါရော။ ။ကာယသင်္ခါရော စိတ္တသင်္ခါရော၊စိတ္တသင်္ခါရော ကာယသင်္ခါရော။ ။ဝစီသင်္ခါရော စိတ္တသင်္ခါရော၊ စိတ္တသင်္ခါရော ဝစီသင်္ခါရော၊ (နောက်ပစ္စနိက် ဆိုရပါလိမ့်မယ်။)

န ကာယသင်္ခါရော န ဝစီသင်္ခါရော၊ န ဝစီသင်္ခါရော နကာယသင်္ခါရော။ န ကာယသင်္ခါရော န စိတ္တသင်္ခါရော။ န စိတ္တသင်္ခါရော န ကာယသင်္ခါရော။ န ဝစီသင်္ခါရော န စိတ္တသင်္ခါရော။ န စိတ္တသင်္ခါရော န ဝစီသင်္ခါရော။

ဥဒ္ဒေသ ပြီးသွားပါပြီ၊ နိဒ္ဒေသနှင့်တကွ ကျန်တာတွေကို ထိုက်သင့်သလို ပို့ချပြီးပေးပါမယ်၊ သင်္ခါရယမိုက်ဟာ ခက်ပါတယ်၊အရကောက်ကလဲ နောက်နောက်ပြန်ပြီး ညွှန်းတာတွေ အင်မတန် များပါတယ်၊ ဒီတော့ ပါဠိသွားပုံက ဘယ်လိုယူဆရတယ်၊ အရကောက်က ဘယ်လိုယူဆရတယ်ဆိုတာကို သူ့ပါဠိဇယား အရကောက် ဇယားတွေတဲ့ အတိအကျ အဓိပ္ပါယ် ကလေးတွေနဲ့ အကုန်လုံး ရှင်းလင်းပြီးသွားအောင် ပို့ချပေးပါမယ်။

## ပဏ္ဏတ္တိဝါရ နိဒ္ဒေသ

နိဒ္ဒေသပါဠိတော် ဇယားမှာ ဇယားကျဉ်းအောင်လို့ အကွက်တူပြထားတာ ဖြစ်ပါတယ်၊ အရတူလို့ ပြထားတာ မဟုတ်ပါဘူး၊ ကာယနဲ့ ကာယသင်္ခါရ စသည်များဟာ အရမတူကြပါဘူး၊ ယမိုက်ထုံးစံအရ အရမတူလို့ရှိရင် အနုလုံ များအားလုံး "နော" ထွက်ကြပါလိမ့်မယ်၊ အနုလုံ "နော" ထွက်ရင် ပစ္စနိက် များကို ပစ္စနိက်ထုံးစံအရ ဆိုရပါလိမ့်မယ်၊ ဆိုပုံများကို နောက်မှ ပြော ပါမယ်။

## သုဒ္ဓသင်္ခါရ ဝါရ

သုဒ္ဓသင်္ခါရဝါရ ပါဠိကိုကြည့်ရင် ရှေးရှေးယမိုက်များလို "ကာယော၊ သင်္ခါရော" စသည်ဖြင့် ဟောတော်မမူပါဘူး၊ ဘာ့ကြောင့်လဲ? ပဒသောဓန ဝါရများမှာ သန္နိဋ္ဌာန် သံသယအရ ကွဲပြားကြ မတူကြရင် "နော" စတဲ့ ဝိဘင်းများကိုထုတ်၍ ဟောရပါတယ်၊ ဒီ သုဒ္ဓသင်္ခါရဝါရ အတွက် ယမိုက် အားလုံးကို ချုံပြီးစဉ်းစားရင် သန္နိဋ္ဌာန်အရ များဟာ အမြဲ သံသယအောက် နဲ့ရင်နဲ့ရမယ်၊ သို့ မဟုတ် အရတူရမှာ ဖြစ်လေတော့ အနုလောမများမှာ အမြဲ "အာမန္တာ" ဝိဘင်းထွက်တာကို တွေ့ရပါလိမ့်မယ်၊ ဒီမှာ ကာယ စသည်နဲ့ သင်္ခါရတို့ဟာ အရမတူကြလို့ "အာမန္တာ" ဝိဘင်း မထွက်နိုင်ပါဘူး၊ ဒါ့ကြောင့် မဟောတာ ဖြစ်ပါတယ်၊ အဋ္ဌကထာများမှာ သက်သက်သော ကာယစတဲ့ပုဒ်, သင်္ခါရစတဲ့ပုဒ်တို့ရဲ့ အစွမ်းအားဖြင့် အလိုရှိအပ်တဲ့ ထွက်သက် ဝင်သက်စတဲ့ အနက်မဖြစ်နိုင်ကြောင်းကို "သုဒ္ဓိက ကေကပဒဝသေန အတ္ထာ ဘာဝတော" လို့ မိန့်ဆိုချက်ဟာလဲ အထက်က သဘောပင် ဖြစ်ပါတယ်။

ဒါဖြင့် ပါဠိတော် အဋ္ဌကထာများမှာ ဘာ့ကြောင့် သုဒ္ဓသင်္ခါရ ဝါရလို့ ပြထားသလဲဆိုရင် သုဒ္ဓသင်္ခါရ အရာမှာ ဟောလို့ သုဒ္ဓသင်္ခါရလို့ ဆိုရပါ တယ်၊ သုဒ္ဓသင်္ခါရဝါရလို့ဟောမှုကလဲ အခြားယမိုက်များလို အစစ်မဟုတ်ဘဲ သဒိသူပစာအားဖြင့်သာ ဟောထားလေတော့ ဒီ သုဒ္ဓသင်္ခါရဝါရကို မူတည် ပြီးဟောရမဲ့ သုဒ္ဓသင်္ခါရ မူလစက္ကဝါရကို ဟောလို့မဖြစ်တော့ပါဘူး။

## ပဏ္ဏတ္တိဝါရ ပဒသောဓနဝါရ ပါဠိတော် အရကောက်

အနုလုံများမှာ အရမတူကြလို့ အားလုံး "နော" ဝိဘင်းချည်း ထွက်ကြပါ တယ်၊ အရကောက်များကလဲ ဇယားအတိုင်း ဖြစ်ပါတယ်၊ ကောဋ္ဌာသ တင်ပုံများကိုတော့ အထူးပြ၍ မပေးတော့ပါဘူး၊ ယမိုက် ဆယ်ကျမ်းလုံးရဲ့ ကောဋ္ဌာသတင်ပုံများကို ယမိုက်ပါရဂူကျမ်း စာမျက်နှာ (၁၇၁) မှာ ဇယား တခုတည်းနဲ့ ဘယ်လိုတင်ရမယ်ဆိုတာကို ပြည့်စုံအောင် ပြထားပါတယ်။

ပစ္စနိက်ကြွင်း ရုပ်အဋ္ဌဝီသဖြစ်ပုံ။ ။ပစ္စနိက်ကွက်မှာ ပြထားတဲ့ အတိုင်း ပစ္စနိက်ကြွင်းများကို ကောက်ရပါတယ်၊ ဒီအရကောက်မှာ ရုပ်အဋ္ဌဝီသကို ကောက်ရကြောင်းကို အဋ္ဌကထာက "အဝသေသန္တိ န ကေဝလံ သေသသခ်ါရ ဒွယမေဝ၊ ကာယသခ်ါရဝိနိမုတ္တံပန သေသံ သဗ္ဗမ္ပိ သခ်တာသခ်တ ပဏ္ဏတ္တိဘေဒံ ဓမ္မဇာတံ နေဝကာယော န ကာယသခ်ါရော"လို့ မိန့်ဆိုသဖြင့်"ကာယ,ကာယ သခ်ါရမှတပါး စိတ် ၈၉, စေ ၅၂, ရုပ် ၂၈, နိဗ္ဗာန်, ပညတ်"လို့ အရကောက် ရာ၌ ကာယအရ စတုသမုဋ္ဌာနိက ရုပ်ဟုဆို အပ်သော အကြောင်း ဖြစ်သောကရဇကာယ၊ ကာယသခ်ါရ အကျိုးဆက် ဖြစ်သော ထွက်သက် ဝင်သက်ဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ်ကို ကောက်ခဲ့ရာ ၎င်းတို့မှ ကြွင်းသောဟု ဆိုသဖြင့် ကရဇကာယရဲ့ အကြောင်းမဟုတ်တဲ့ ကာယ၊ အကျိုး ဆက်ဖြစ်တဲ့ စိတ္တဇဝါယောဓာတ်မှ တပါး အားလုံးသော သခ်တအသခ်တ ပညတ်များကိုပါ ကောက်ရသဖြင့် ရုပ်အဋ္ဌဝီသ ဖြစ်နေပါတယ်၊ အရကောက် မှာ တနည်းကားဆိုပြီး နည်းနှစ်ပါး ပြပါတယ်၊ တဖန် အဋ္ဌကထာက "ဋ္ဌမိနာ ဥပါယေန သဗ္ဗဝီသာဇ္ဇနေသု အတ္တော ဝေဒိတဗ္ဗော" လို့ မှာထား သဖြင့် ဝစီ စိတ္တတို့ရဲ့ ပစ္စနိက်ကြွင်းများမှာလဲ ဤသဘော ယူရကြောင်း ဇယား မှာ ပြထားပါတယ်၊ ယခု ပဒသောဓနဝါရရဲ့ ပါဠိတော်နဲ့ အရကောက်များကို ဆိုရပါမယ်။

ပဒသောဓနဝါရ

ကာယောကာယသခ်ါရောတိ၊နော။ ။ကာယသခ်ါရောကာယောတိ၊နော။

အရကောက်ဇယား ကြည့်လိုက်ရင် ခေါင်းစဉ်အနေနဲ့ ကာယာဒိ၊ ကာယသခ်ါရာဒိ၊ ပစ္စနိက်လို့ ပြထားပါတယ်၊ ဒီမှာ ကာယာဒိ နံပါတ် ၁-က ကာယ အရဖြစ်ပါတယ်၊ ၂-က ဝစီအရ ဖြစ်ပါတယ်၊ ၃-က စိတ္တ အရ ဖြစ်ပါ တယ်၊ ကာယသခ်ါရာဒိ အတွက် ၁-က ကာယသခ်ါရ၊ ၂-က ဝစီသခ်ါရ၊ ၃-က စိတ္တသခ်ါရ အတွက် ဖြစ်ပါတယ်၊ ပစ္စနိက်ကွက်မှာ ပြထားတာက ပစ္စနိက် ကြွင်း တရားများ ဖြစ်ပါတယ်၊ ပြီးတော့ အောက်ပိုင်းမှာပြထားတဲ့ "သခ်ါရာ" ဆိုတာ သခ်ါရသုံးပါး ဖြစ်လို့ သခ်ါရ မည်ပါတယ်၊ သခ်ါရ မမည်တဲ့ တရားက ပစ္စနိက်မှာရှိတဲ့ စိတ် ၈၉, စေ ၅၂, ရုပ် ၂၈, နိဗ္ဗာန် ဖြစ်ပါတယ်၊ ကာယ အတွက် အရကောက်တော့ ကာယာဒိဆိုတဲ့ အကွက်က နံပါတ် ၁-ကြည့်ဆိုရပါ ပါဘဲ၊ ကာယသခ်ါရ အရကလဲ ကာယသခ်ါရာဒိ အကွက်ကြည့်ပြီးကောက်ပါ။

အနုလောမ ပုစ္ဆာသန္နိဋ္ဌာန်ပုဒ်၏ အရကား စတုသမုဋ္ဌာနိကရုပ်ဟု ဆိုအပ် သော အကြောင်းဖြစ်သော ကရဇကာယ ရ၏၊ သံသယအရမရှိ။

**ပဋိလောမပုစ္ဆာ** သင္ဂဟနိဒ္ဒေသ်ပုဒ်၏ အရကား **ကရဇကာယ၏** အကျိုးဆက်ဖြစ်သော အဿာသပဿာသ-ဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ် ရ၏၊ သံသယ အရ မရှိ။

ပစ္စနိက်ကျတော့ မူလီကိုကြည့်ပြီး "န" ကလေးထည့်၍ ကာယ မမည်ဘူး၊ ကာယသင်္ခါရ မမည်ဘူးလားဆိုတော့ ကာယသင်္ခါရဟာ ကာယမမည်ပါဘူး၊ ကာယသင်္ခါရမည်ပါတယ်၊ ပစ္စနိက်မှာ ပြထားတဲ့"ဌပေတွာ"ဆိုတာ ကာယော ကာယသင်္ခါရောချန်၊ ကျန်တဲ့တရားဟာ ကာယလဲမမည်ပါဘူး၊ ကာယသင်္ခါရလဲ မမည်ပါဘူး၊ မူလီဖြစ်တဲ့ ကာယသင်္ခါရကိုကြည့်ပြီး တဘက်ရထုတ်ရပါတယ်၊ နှစ်ဘက်ရက ပစ္စနိက်ကွက်ကြည့်ပြီး ထုတ်ရပါတယ်။

န ကာယော န ကာယသင်္ခါရောတိ၊ ကာယသင်္ခါရော န ကာယော ကာယသင်္ခါရော၊ ကာယဉ္စ ကာယသင်္ခါရဉ္စ ဌပေတွာ အဝသေသာ နစေဝ ကာယော န စ ကာယသင်္ခါရော၊ (ပဋိလောမမှာလဲ ဒီဘက်ကမူကို တဘက်ရထုတ်ရပါမယ်)။ ။န ကာယ သင်္ခါရော န ကာယောတိ၊ ကာယော န ကာယသင်္ခါရော ကာယော၊ ကာယဉ္စ ကာယသင်္ခါရဉ္စ ဌပေတွာ အဝသေသာ နစေဝ ကာယော န စ ကာယသင်္ခါရော။

အနုလုံတုံးက အနုလောမ ပဋိလောမ တဘက်ရတွေ ကောက်သွားပါပြီ၊ သူတို့ကိုထပ်ပြီး မကောက်တော့ဘဲ ပစ္စနိက်ကြွင်းလို့ဘဲ အကျဉ်း ဆိုလိုက်ကြပါစို့။

ပစ္စနိက် သံသယကြွင်းကား ကာယ, ကာယသင်္ခါရမှ တပါး စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်ရ၏။

ကာယပြီးသွားပါပြီ၊ ဝစီကလဲ ဒီသဘောအတိုင်းပါဘဲ၊ ဝစီနဲ့ ဝစီသင်္ခါရဟာ အရမတူသဖြင့် "နော" ထွက်ပါတယ်။

ဝစီ ဝစီသင်္ခါရောတိ၊ နော။ ။ဝစီသင်္ခါရော ဝစီတိ၊ နော။

အနုလောမ ပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အကျိုးဆက်ဖြစ်သော ဝစီဘေဒသဒ္ဒရ၏၊ သံသယအရ မရှိ။

ပဋိလောမ ပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဝစီဘေဒသဒ္ဒ၏ အကြောင်းဖြစ်သော ဝိတက် ဝိစာရ ရ၏၊ သံသယအရ မရှိ။

ပစ္စနိက်လဲ ခုနကသဘောအတိုင်း ဆိုရမယ်၊ သံသယကြွင်းကလဲ ပစ္စနိက်မှာရှိတဲ့ အတိုင်းပါဘဲ။

န ဝစီ န ဝစီသင်္ခါရောတိ၊ ဝစီသင်္ခါရော န ဝစီ ဝစီသင်္ခါရော၊ ဝစိဉ္စ ဝစီသင်္ခါရဉ္စ ဌပေတွာ အဝသေသာ နစေဝ ဝစီ န စ ဝစီသင်္ခါရော။ ။

န ဝစီသင်္ခါရော န ဝစီတိ၊ ဝစီ န ဝစီသင်္ခါရော ဝစီ၊ ဝစီဥ္စ ဝစီသင်္ခါရဥ္စ ဌပေတွာ အဝသေသာ န စေဝ ဝစီ န စ ဝစီသင်္ခါရော။

ပစ္စနိက် သံသယကြွင်းကား ဝစီ, ဝစီသင်္ခါရမှတပါး စိတ် တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်ရ၏။

စိတ္တလဲ အနုလုံမှာအရမတူသို့ "နော"ဘဲ ထွက်ပါတယ်၊ ပစ္စနိက်မှာ စိတ္တအရ စိတ် ၈၉-ယူသွားပြီး စိတ္တသင်္ခါရက စေတသိက် ၅၀-ဖြစ်တော့ ဝိတက်ဝိစာရဘဲ ကျန်ပါတယ်။

စိတ္တံ စိတ္တသင်္ခါရောတိ၊ နော။ ။စိတ္တသင်္ခါရော စိတ္တန္တိ၊ နော။

အနုလောမ ပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အကြောင်းဖြစ်သော စိတ်တခုယုတ် ကိုးဆယ်ရ၏၊ သံသယအရ မရှိ။

ပဋိလောမ ပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အကျိုးဖြစ်သော ဝိတက်ဝိစာရမှတပါး စေတသိက်ငါးဆယ်ရ၏။ သံသယအရ မရှိ။

န စိတ္တံ န စိတ္တသင်္ခါရောတိ၊ စိတ္တသင်္ခါရော န စိတ္တံ စိတ္တသင်္ခါရော၊ စိတ္တဥ္စ စိတ္တသင်္ခါရဥ္စ ဌပေတွာ အဝသေသာ န စေဝ စိတ္တံ န စ စိတ္တသင်္ခါရော။ ။ န စိတ္တသင်္ခါရော န စိတ္တန္တိ၊ စိတ္တံ န စိတ္တသင်္ခါရော စိတ္တံ၊ စိတ္တဥ္စ စိတ္တသင်္ခါရဥ္စ ဌပေတွာ အဝသေသာ န စေဝ စိတ္တံ န စ စိတ္တသင်္ခါရော။

ပစ္စနိက် သံသယကြွင်းကား စိတ္တ စိတ္တသင်္ခါရမှတပါး ဝိတက် ဝိစာရ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်ရ၏။

## ပဒသောဓန မူလစက္ကဝါရ

ပဒသောဓန မူလစက္ကဝါရမှာ ပဒသောဓနဝါရကိုမှုတည်ပြီး စက်လှည့်ခါ ဟောထားသဖြင့် အနုလုံပစ္စနိက် အနုလောမအရများဟာ ပဒသောဓနဝါရနဲ့ အားလုံးတူပါတယ်၊ ပဋိလောမများသာထူးပါတယ်၊ ပဋိလောမရှိ ကွက်လပ်များဟာ ကာယသင်္ခါရ စသည်တို့ ရတာဖြစ်ပါတယ်၊ ပဋိလောမ သန္နိဋ္ဌာန် တဘက်ရမှာ ကာယစိတ္တ သင်္ခါရ ရပြီး နှစ်ဘက်ရက ဝစီသင်္ခါရ ရပါတယ်၊ ပစ္စနိက် ပဋိလောမမှာ "အာမန္တာ" ထွက်လေတော့ န သင်္ခါရာအရ ဇယားမှာ ပြထားတဲ့အတိုင်း စိတ် ၈၉၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်ကို အမြဲကောက်ရပါတယ်၊ ကျန်တာတွေအားလုံး ဒီသဘောချည်း ဖြစ်ပါတယ်၊ ပဒသောဓန မူလစက္ကဝါရဆိုကြပါစို့။

ကာယော ကာယသင်္ခါရောတိ၊ နော။ (ဒါအနုလောမပါ၊ ပဋိလောမက) သင်္ခါရာ ဝစီ သင်္ခါရောတိ၊ (ဒီမှာ သင်္ခါရာအရက သင်္ခါရသုံးပါးရပါတယ်၊ ဝစီသင်္ခါရအရက ဝစီသင်္ခါရတခုထဲ ရပါတယ်၊ သင်္ခါရာအရက ကာယသင်္ခါရ

စိတ္တသင်္ခါရ ၂-ပါး ပိုနေပါတယ်၊ ဝစီ သင်္ခါရက နှစ်ဘက်ရဖြစ်ပါတယ်၊ ဒီနှစ်ဘက်ရကို ဝိဘင်းအရင်ထုတ်ပါတယ်၊) ဝစီသင်္ခါရော သင်္ခါရော စေဝ ဝစီသင်္ခါရော စ၊ (ဝစီသင်္ခါရဟာ သင်္ခါရလဲမည်တယ်၊ ဝစီသင်္ခါရလဲ မည်တယ်လို့ ဆိုလိုပါတယ်၊ တဘက်ရအတွက်)အဝသေသာသင်္ခါရာ န ဝစီသင်္ခါရော။

အနုလောမ ပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏အရကား စတုသမုဋ္ဌာနိကရုပ်ဟု ဆိုအပ်သော အကြောင်းဖြစ်သော ကရဇကာယ ရ၏၊ သံသယအရမရှိ၊ (ပဋိလောမသင်္ခါရာက ကာယနဲ့ စိတ္တ သင်္ခါရ ၂-မျိုး ပိုနေပါတယ်၊ နှစ်ဘက်ရက ဝစီသင်္ခါရဖြစ်ပါတယ်၊ ဒါ့ကြောင့် ပဋိလောမမှာ-)။

ပဋိလောမ ပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ကာယသင်္ခါရ စိတ္တသင်္ခါရ ရ၏၊ ဝစီသင်္ခါရလည်းရ၏၊ သံသယကား နောက်သာရ၏။

စိတ္တသင်္ခါရကို မူလိသွတ်တော့လဲ ဒီသဘောအတိုင်းပါဘဲ၊ စိတ္တသင်္ခါရကို မူလိမသွတ်မှီ ပစ္စနိက်ကို အရင်ဆိုလိုက်ကြပါဦးစို့၊ အနုလောမ ပဒသောဓနဝါရ အနုလောမအတိုင်းပါဘဲ၊ ပဋိလောမမှာ သင်္ခါရမမည်ဘူး၊ ဝစီသင်္ခါရမမည်ဘူးလားလို့ ဆိုရင် သင်္ခါရမမည်ရင် ဝစီ သင်္ခါရလဲ မမည်နိုင်ပါဘူး၊ ဒါ့ကြောင့် ပဋိလောမမှာ "အာမန္တာ" ထွက်ပါတယ်။

န ကာယော န ကာယသင်္ခါရောတိ၊ ကာယသင်္ခါရော န ကာယော ကာယသင်္ခါရော၊ ကာယဉ္စ ကာယသင်္ခါရဉ္စ ဌပေတွာ အဝသေသာ န စေဝကာယော န စ ကာယသင်္ခါရော။ ။န သင်္ခါရာ န ဝစီသင်္ခါရောတိ၊ အာမန္တာ။

အနုလောမ ပုစ္ဆာ သန္နိဋ္ဌာန်၏အရကား ကရဇကာယ၏ အကျိုးဆက်ဖြစ်သော အဿာသ ပဿာသဟုဆိုအပ်သော စိတ္တဇဝါယောဓာတ် ရ၏၊ ကာယကာယသင်္ခါရမှတပါး စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်လည်းရ၏၊ သံသယကား နောက်သာရ၏။

ပဋိလောမပုစ္ဆာ အရကား(သန္နိဋ္ဌာန်သံသယ အရတူနေရင်"အရကား"လို့သာမညဘဲ ကောက်ပြမယ်)စိတ် ၈၉၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်ရ၏။

ဒီအသွားကိုသိရင် ဒီသဘောသွား အတိုင်း သွားပါ၊ လွယ်ပါတယ်။

ကာယော ကာယသင်္ခါရောတိ၊ နော။ ။သင်္ခါရာ စိတ္တသင်္ခါရောတိ၊ စိတ္တသင်္ခါရော သင်္ခါရောစေဝ စိတ္တသင်္ခါရော စ၊ အဝသေသာ သင်္ခါရာ န စိတ္တသင်္ခါရော။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား စတုသမုဋ္ဌာနိကရုပ်ဟုဆိုအပ်သော အကြောင်းဖြစ်သော ကရဇကာယ ရ၏၊ သံသယအရမရှိ။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ကာယသင်္ခါရ ဝစီသင်္ခါရ ရ၏၊ စိတ္တသင်္ခါရလည်း ရ၏၊ သံသယကား နောက်သာရ၏။

န ကာယော န ကာယသင်္ခါရောတိ၊ ကာယသင်္ခါရော န ကာယော ကာယသင်္ခါရော၊ ကာယဉ္စ ကာယသင်္ခါရဉ္စ ဌပေတွာ အဝသေသာ နစေဝ ကာယော နစ ကာယသင်္ခါရော။ ။န သင်္ခါရာ န စိတ္တသင်္ခါရောတိ၊ အာမန္တာ။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ကရဇကာယ၏ အကျိုးဆက်ဖြစ်သော အဿာသပဿာသ-ဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ် ရ၏၊ ကာယ ကာယသင်္ခါရမှ တပါး စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်လည်း ရ၏၊ သံသယကား နောက်သာရ၏။

ပဋိလောမပုစ္ဆာ အရကား စိတ် ၈၉၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်ရ၏။

ကာယမူ ပြီးသွားပါပြီ၊ နောက် ဝစီမူ လာပါတယ်၊ ဝစီမူလဲ ဒီသဘောအတိုင်း ပါဘဲ။

ဝစီ ဝစီသင်္ခါရောတိ၊ နော။ ။သင်္ခါရာ ကာယသင်္ခါရောတိ၊ ကာယသင်္ခါရော သင်္ခါရောစေဝ ကာယသင်္ခါရော စ၊ အဝသေသာ သင်္ခါရာ န ကာယသင်္ခါရော။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အကျိုးဆက် ဖြစ်သော ဝစီဘေဒသဒ္ဒရ၏၊ သံသယအရ မရှိ။

ပဋိလောမကျတော့ မူက ကာယကို သွတ်ထားသဖြင့် ဝစီနဲ့ စိတ္တ ၂-ပါးကို ကောက်ရတယ်။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဝစီသင်္ခါရ စိတ္တသင်္ခါရ ရ၏၊ ကာယသင်္ခါရလည်း ရ၏၊ သံသယကား နောက်သာ ရ၏။

န ဝစီ န ဝစီသင်္ခါရောတိ၊ ဝစီသင်္ခါရော န ဝစီ ဝစီသင်္ခါရော၊ ဝစိဉ္စ ဝစီသင်္ခါရဉ္စ ဌပေတွာ အဝသေသာ န စေဝ ဝစီ နစ ဝစီသင်္ခါရော။ ။န သင်္ခါရာ န ကာယသင်္ခါရောတိ၊ အာမန္တာ။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဝစီဘေဒသဒ္ဒ၏ အကြောင်းဖြစ်သော ဝိတက်ဝိစာရ ရ၏၊ ဝစီဝစီသင်္ခါရမှ တပါး စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်လည်း ရ၏၊ သံသယကား နောက်သာရ၏။

ပဋိလောမပုစ္ဆာ အရကား စိတ် ဂ၉၊ ရုပ် ၂ဂ၊ နိဗ္ဗာန်၊ ပညတ်ရ၏။
ဝစီ ဝစီသင်္ခါရောတိ၊ နော။ ။သင်္ခါရာ စိတ္တသင်္ခါရောတိ၊ စိတ္တသင်္ခါရော သင်္ခါရော စေဝ စိတ္တသင်္ခါရော စ၊ အဝသေသာ သင်္ခါရာ န စိတ္တသင်္ခါရော။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အကျိုးဆက် ဖြစ်သော ဝစီဘေဒသဒ္ဒရ၏၊ သံသယအရ မရှိ။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ကာယသင်္ခါရ ဝစီသင်္ခါရ ရ၏၊ စိတ္တသင်္ခါရလည်း ရ၏၊ သံသယကား နောက်သာရ၏။

နံ ဝစီ န ဝစီသင်္ခါရောတိ၊ ဝစီသင်္ခါရော န ဝစီ ဝစီသင်္ခါရော။ ဝစိဥ္စ ဝစီသင်္ခါရဥ္စ ဌပေတွာ အဝသေသာ နံ စေဝ ဝစီ န စ ဝစီသင်္ခါရော။ ။
န သင်္ခါရာ န စိတ္တသင်္ခါရောတိ၊ အာမန္တာ။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဝစီဘေဒသဒ္ဒ၏ အကြောင်း ဖြစ်သော ဝိတက်ဝိစာရ ရ၏၊ ဝစီ ဝစီသင်္ခါရမှ တပါး စိတ် ဂ၉၊ စေ ၅၂၊ ရုပ် ၂ဂ၊ နိဗ္ဗာန်၊ ပညတ်လည်း ရ၏၊ သံသယကား နောက်သာရ၏။

ပဋိလောမပုစ္ဆာ အရကား စိတ် ဂ၉၊ ရုပ် ၂ဂ၊ နိဗ္ဗာန်၊ ပညတ်ရ၏။
ဝစီပြီးသွားပါပြီ၊ စိတ္တလဲ ဒီအတိုင်း လာပါတယ်။

စိတ္တံ စိတ္တသင်္ခါရောတိ၊ နော။ ။သင်္ခါရာ ကာယသင်္ခါရောတိ၊ ကာယသင်္ခါရော သင်္ခါရောစေဝ ကာယသင်္ခါရော စ၊ အဝသေသာ သင်္ခါရာ န ကာယသင်္ခါရော။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အကြောင်းဖြစ်သော စိတ် တခုယုတ် ကိုးဆယ်ရ၏၊ သံသယအရ မရှိ။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဝစီသင်္ခါရ စိတ္တသင်္ခါရ ရ၏၊ ကာယသင်္ခါရလည်း ရ၏၊ သံသယကား နောက်သာရ၏။

န စိတ္တံ နစိတ္တသင်္ခါရောတိ၊ စိတ္တသင်္ခါရော န စိတ္တံ စိတ္တသင်္ခါရော၊ စိတ္တဥ္စ စိတ္တသင်္ခါရဥ္စ ဌပေတွာ အဝသေသာ နစေဝ စိတ္တံ နစ စိတ္တသင်္ခါရော။ ။
န သင်္ခါရာ န ကာယသင်္ခါရောတိ၊ အာမန္တာ။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အကျိုးဆက်ဖြစ်သော ဝိတက် ဝိစာရမှ တပါး စေတသိက် ၅ဝ ရ၏၊ စိတ္တစိတ္တသင်္ခါရမှ တပါး ဝိတက် ဝိစာရ၊ ရုပ် ၂ဂ၊ နိဗ္ဗာန်၊ ပညတ်လည်း ရ၏။ သံသယကား နောက်သာ ရ၏။

ပဋိလောမပစ္စုပ္ပန္နအရကား စိတ် ၇၉၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်ရ၏။
ကာယသင်္ခါရမူလီသွတ်ပြီးတော့ ဝစီသင်္ခါရမူလီသွတ်ပါ။

စိတ္တံ စိတ္တသင်္ခါရောတိ၊ နော။ ။သင်္ခါရာ ဝစီသင်္ခါရောတိ၊ ဝစီသင်္ခါရော သင်္ခါရောစေဝ ဝစီသင်္ခါရော စ၊ အဝသေသာ သင်္ခါရာ န ဝစီသင်္ခါရော။

အနုလောမပစ္စုပ္ပန္န သန္နိဋ္ဌာန်ပုဒ်၏ အရကား အကြောင်းဖြစ်သော စိတ် တခုယုတ်ကိုးဆယ် ရ၏၊ သံသယအရ မရှိ။

ပဋိလောမပစ္စုပ္ပန္န သန္နိဋ္ဌာန်ပုဒ်၏ အရကား ကာယသင်္ခါရ စိတ္တသင်္ခါရ ရ၏၊ ဝစီသင်္ခါရလည်း ရ၏၊ သံသယကား နောက်သာရ၏။

န စိတ္တံ န စိတ္တသင်္ခါရောတိ၊ စိတ္တသင်္ခါရော န စိတ္တံ စိတ္တသင်္ခါရော၊ စိတ္တဉ္စ စိတ္တသင်္ခါရဉ္စ ဌပေတွာ အဝသေသာ န စေဝ စိတ္တံ န စ စိတ္တသင်္ခါရော။ ။န သင်္ခါရာ န ဝစီသင်္ခါရောတိ၊ အာမန္တာ။

အနုလောမပစ္စုပ္ပန္န သန္နိဋ္ဌာန်ပုဒ်၏ အရကား အကျိုး ဖြစ်သော ဝိတက် ဝိစာရ မှတပါး စေတသိက် ငါးဆယ် ရ၏၊ စိတ္တ စိတ္တသင်္ခါရမှတပါး ဝိတက် ဝိစာရ၊ ရုပ်အဌဝီသ၊ နိဗ္ဗာန်၊ ပညတ်လည်း ရ၏၊ သံသယကား နောက်သာ ရ၏။

ပဋိလောမပစ္စုပ္ပန္န အရကား စိတ် ၇၉၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်ရ၏။

## သုဒ္ဓသင်္ခါရဝါရ

ပဒသောဓနမူလစက္ကဝါရပြီးသွားတော့ သုဒ္ဓသင်္ခါရဝါရ လာပါတယ်၊ သုဒ္ဓသင်္ခါရဝါရမှာ ကာယ ဝစီ စိတ္တသင်္ခါရတို့ အရမတူကြသဖြင့် အနုလုံ အနုလောမ ပဋိလောမ အားလုံးပင် "နော" ဝိဘင်း ထွက်ကြပါတယ်၊ ဒီနေရာမှာ အရကောက်ပုံဟာ ခက်ခဲဘွယ် မရှိသော်လဲ စဉ်းစားရာတော့ နဲနဲရှိနေပါတယ်၊ ပဒသောဓနဝါရ စသည်၌ ကာယသင်္ခါရ အရကောက်တဲ့ အခါ ဇယားမှာ ပြထားတဲ့အတိုင်း ကရဇကာယ၏ အကျိုးဆက် ဖြစ်သော အဿာသပဿာသ-ဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ်လို့ ကောက်ခဲ့ပါ တယ်၊ ဒီမှာတော့ သာမညအားဖြင့် "အဿာသပဿာသ-ဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ်" လို့ ကောက်ပါတယ်၊ အကြောင်း ဖြစ်သော- အကျိုး ဖြစ်သော ဆိုစရာ မလိုပါဘူး၊ အကြောင်းရှာရင် ပဒသောဓနဝါရ စသည်မှာ ကာယနဲ့ဟဲ့နေတယ်၊ ဒီမှာ ကာယနဲ့ တွဲနေတာ မဟုတ်ခြင်းကြောင့် အကြောင်း

အကျိုးတွေ ထည့်စရာမလိုတော့ဘူး၊ ဝစီသင်္ခါရ စသည်မှာလဲ ဒီသဘော အတိုင်း ဖြစ်ပါတယ်၊ (အရကောက်မှာ လက်သဲကွင်းနဲ့ ပြထားပါတယ်။)

ပစ္စနိက်မှာ ကာယ ဝစီသင်္ခါရမှ တပါးလို့ ဆိုသဖြင့် ပစ္စနိက်ကွက်ကို ကြည့်လိုက်ရင် ရေးထားတဲ့အတိုင်း စိတ် စေတသိက် နိဗ္ဗာန် ပညတ် ရပါ လိမ့်မယ်၊ နောက်တဖန် ကာယနဲ့ စိတ္တ တွဲတဲ့အခါမှာ ကာယသင်္ခါရ စိတ္တသင်္ခါရ မှတပါးလို့ ဆိုတဲ့နေရာမှာ စိတ်ကိုမကြဉ်ပါဘူး၊ စိတ္တပစ္စနိက်အရမှာ စိတ် ၈၉-ထည့်ပေးပါ၊ နံပါတ် ၃-ဝစီသင်္ခါရ စိတ္တသင်္ခါရတပါးလို့ဆိုတဲ့ နေရာမှာ ဝစီ သင်္ခါရ စိတ္တသင်္ခါရတို့ မရသဖြင့် စေတသိက်များအားလုံး မရသောကြောင့် စိတ် ၈၉၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်သာ ရပါတော့မယ်၊ ဒါက ပစ္စနိက် အတွက် ကြိုတင်ပြောထားတာပါ။

သုဒ္ဓသင်္ခါရဝါရပါဠိကို ဆိုရပါမယ်၊ ကာယကို မှတည်၍ ဝစီကို ပထမ မူလီသွတ်၊ နောက် စိတ္တကိုမူလီသွတ်၊ ကာယသင်္ခါရနဲ့ ဝစီသင်္ခါရဟာ အရ မတူကြသဖြင့် "နော" ဝိဘင်းထွက်ပါတယ်၊ အနုလုံအတွက် သင်္ခါရတွေ ဟာ အရမတူကြပါဘူး၊ ဒီတော့ အနုလုံမှာ အားလုံး "နော" ထွက်ပါလိမ့် မယ်။

ကာယသင်္ခါရော ဝစီသင်္ခါရောတိ၊ နော။ ။ဝစီသင်္ခါရော ကာယသင်္ခါ ရောတိ၊ နော။

အရကောက်ကလဲ ကာယသင်္ခါရော အတွက် ကာယသင်္ခါရကို ကောက်ပြီး ဝစီသင်္ခါရော အတွက် ဝစီသင်္ခါရကို ကောက်ရရုံပါဘဲ။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အဿာသပဿာသ-ဟု ဆိုအပ် သော စိတ္တဇဝါယောဓာတ် ရ၏၊ သံသယအရ မရှိ။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဝိတက် ဝိစာရ ရ၏၊ သံသယ အရ မရှိ။

ပစ္စနိက်ကျတော့ ဝစီသင်္ခါရက တဘက်ရ ထွက်မယ်၊ ပြီးတော့ ကာယ ဝစီကြဉ်ပြီး ပဒသောဓနဝါရတုံးက ဆိုခဲ့တဲ့ သဘောအတိုင်း ဥပေတ္တာ လို့ ဆိုရပါလိမ့်မယ်၊ ပဋိလောမလဲ ကာယသင်္ခါရက တဘက်ရထွက်ပါမယ်။

န ကာယသင်္ခါရော န ဝစီသင်္ခါရောတိ၊ ဝစီသင်္ခါရော န ကာယသင်္ခါ ရော ဝစီသင်္ခါရော၊ ကာယသင်္ခါရဉ္စ ဝစီသင်္ခါရဉ္စ ဌပေတွာ အဝသေသာ န စေဝ ကာယသင်္ခါရော န စ ဝစီသင်္ခါရော။ ။န ဝစီသင်္ခါရော န ကာယ သင်္ခါရောတိ၊ ကာယသင်္ခါရော န ဝစီသင်္ခါရော ကာယသင်္ခါရော၊ ဝစီ

သခ်ါရဓ္ဓ ကာယသခ်ါရဓ္ဓ ဠပေတွာ အဝသေသာ နှ စေဝ ဝစီသခ်ါရော နစ ကာယသခ်ါရော။

ဝစီသခ်ါရကို တဘက်ရထုတ်ထားခြင်းကြောင့် ဝစီသခ်ါရကို ကောက်ရပါလိမ့်မယ်၊ နှစ်ဘက်ရကတော့ ကာယဝစီမှ တပါး ကြွင်းကျန်တာတွေကို ကောက်ရပါလိမ့်မယ်၊ ကာယသခ်ါရက စိတ္တဇဝါယောဓာတ် ရပါတယ်၊ ဝစီသခ်ါရက ဝိတက် ဝိစာရ ရပါတယ်။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဝိတက် ဝိစာရရ၏။ ။ကာယသခ်ါရ ဝစီသခ်ါရမှတပါး စိတ် ၇၉၊ ဝိတက် ဝိစာရမှတပါး စေတသိက် ပညာသ၊ ရုပ် အဌဝီသ၊ နိဗ္ဗာန်၊ ပညတ်လည်း ရ၏၊ သံသယကား နောက်သာ ရ၏။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အဿာသပဿာသ-ဟုဆိုအပ်သော စိတ္တဇဝါယောဓာတ်ရ၏၊ အနုလောမသံသယလည်း ရ၏၊ သံသယကား နောက်သာရ၏။

ဒါက ဝစီကို မှုလီသွတ်တာပါ၊ စိတ္တကို မှုလီသွတ်ရင်လဲ ဒီသဘောအတိုင်းပါဘဲ။

ကာယသခ်ါရော စိတ္တသခ်ါရောတိ၊ နော။ ။စိတ္တသခ်ါရော ကာယသခ်ါရောတိ၊ နော။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အဿာသပဿာသ-ဟုဆိုအပ်သော စိတ္တဇဝါယောဓာတ်ရ၏၊ သံသယအရမရှိ။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဝိတက် ဝိစာရမှတပါး စေတသိက် ငါးဆယ် ရ၏၊ သံသယ အရမရှိ။

နှ ကာယသခ်ါရော နှ စိတ္တသခ်ါရောတိ၊ စိတ္တသခ်ါရော နှ ကာယသခ်ါရော စိတ္တသခ်ါရော၊ ကာယသခ်ါရဓ္ဓ စိတ္တသခ်ါရဓ္ဓ ဠပေတွာ အဝသေသာ နှ စေဝ ကာယသခ်ါရော နစ စိတ္တသခ်ါရော။ ။နှ စိတ္တသခ်ါရော နှ ကာယသခ်ါရောတိ၊ ကာယသခ်ါရော နှ စိတ္တသခ်ါရော ကာယသခ်ါရော၊ စိတ္တသခ်ါရဓ္ဓ ကာယသခ်ါရဓ္ဓ ဠပေတွာ အဝသေသာ နှ စေဝ စိတ္တသခ်ါရော နစ ကာယသခ်ါရော။

ကာယသခ်ါရလဲ မမည်၊ စိတ္တသခ်ါရလဲ မမည်ဆိုတော့ စိတ္တသခ်ါရမည်တာက စေတသိက် ၅၀-ရပါတယ်၊ အဲဒီစေတသိက် ၅၀-မှတပါး ကျန်တဲ့တရားတွေနဲ့ဟာ နှစ်ဘက်ရရပါလိမ့်မယ်၊ တဘက်ရကတော့ သူ့ဟာနဲ့သူ ကောက်ရရုံပါဘဲ။

အနုလောမပစ္စ္စော သန္နိဋ္ဌာန်ပုဒ်၏အရကား ဝိတက် ဝိစာရမှတပါး စေတသိက် ငါးဆယ်ရ၏။ ။စိတ် ၈၉၊ ဝိတက် ဝိစာရ၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်လည်း ရ၏၊ သံသယကား နောက်သာ ရ၏။

ပဋိလောမပစ္စ္စော သန္နိဋ္ဌာန်ပုဒ်၏ အရကား အသာသပသာသ-ဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ် ရ၏၊ အနုလောမသံသယလည်း ရ၏၊ သံသယကား နောက်သာရ၏။

ဝစီမူတခုဘဲ ကျန်ပါတော့တယ်။

ဝစီသင်္ခါရော စိတ္တသင်္ခါရောတိ၊ နော။ ။စိတ္တသင်္ခါရော ဝစီသင်္ခါရောတိ၊ နော။

ဝစီသင်္ခါရနဲ့ စိတ္တသင်္ခါရ အရ ကောက်ရရုံပါဘဲ။

အနုလောမပစ္စ္စော သန္နိဋ္ဌာန်ပုဒ်၏ အရကား ဝိတက် ဝိစာရ ရ၏၊ သံသယ အရ မရှိ။

ပဋိလောမပစ္စ္စော သန္နိဋ္ဌာန်ပုဒ်၏ အရကား ဝိတက် ဝိစာရမှတပါး စေတသိက် ငါးဆယ်ရ၏၊ သံသယ အရ မရှိ။

န ဝစီသင်္ခါရော န စိတ္တသင်္ခါရောတိ၊ စိတ္တသင်္ခါရော န ဝစီသင်္ခါရော စိတ္တသင်္ခါရော၊ ဝစီသင်္ခါရဉ္စ စိတ္တသင်္ခါရဉ္စ ဌပေတွာ အဝသေသာ န စေဝ ဝစီသင်္ခါရော န စ စိတ္တသင်္ခါရော။ ။န စိတ္တသင်္ခါရော န ဝစီသင်္ခါရောတိ၊ ဝစီသင်္ခါရော န စိတ္တသင်္ခါရော ဝစီသင်္ခါရော၊ စိတ္တသင်္ခါရဉ္စ ဝစီသင်္ခါရဉ္စ ဌပေတွာ အဝသေသာ န စေဝ စိတ္တသင်္ခါရော န စ ဝစီသင်္ခါရော။

ဝစီသင်္ခါရက ဝိတက် ဝိစာရ၊ စိတ္တသင်္ခါရက စေတသိက် ငါးဆယ်ရတော့ ပစ္စနိက် နှစ်ဘက်ရမှာ စေတသိက်တွေ ကုန်သွားပါပြီ၊ စိတ် ၈၉၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်ဘဲ ကျန်ပါတယ်၊တဘက်ရတွေကတော့ထုံးစံအတိုင်း ကောက်ရရုံပါဘဲ။

အနုလောမပစ္စ္စော သန္နိဋ္ဌာန်ပုဒ်၏ အရကား ဝိတက် ဝိစာရမှတပါး စေတသိက် ငါးဆယ်ရ၏၊ ဝစီသင်္ခါရ စိတ္တသင်္ခါရမှ တပါး စိတ် ၈၉၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်လည်း ရ၏၊ သံသယကား နောက်သာရ၏။

ပဋိလောမပစ္စ္စော သန္နိဋ္ဌာန်ပုဒ်၏ အရကား ဝိတက် ဝိစာရ ရ၏၊ အနုလောမ သံသယလည်း ရ၏၊ သံသယကား နောက်သာရ၏။

ပဏ္ဏတ္တိဝါရ ပြီးသွားပါပြီ၊ နောက်အပတ်မှာဘဲ ပဝတ္တိဝါရ ပို့ချပေးပါမယ်၊ သင်္ခါရယမိုက်ဟာ ခက်သော်လဲ လွယ်အောင်ပို့ချပေးမှု၌ ထိုက်သင့်တဲ့

အဓိပ္ပါယ်တွေကို ပြောပေးရမယ်၊ ပါဠိတော်သွားပုံ ဝိဘင်းတွေ ယှုပုံဆပုံတွေ ကိုလဲပြောပေးရမယ်၊ အရကောက်တွေလဲ ပြောပေးရမယ်၊ ပြောစရာက တော်တော်များတယ်၊ တော်တော်များတယ် ဆိုတာက သင်ကြားတဲ့ပုဂ္ဂိုလ်တွေ လွယ်ကူအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပါဠိတော်က ဘယ်လိုသွားတယ်, အရကောက်က ဘယ်လိုသွားတယ် ဆိုတာတွေကို ဇယားနဲ့ကိုက်ကိုက်ပြီး ပြောရပါမယ်၊ ယခုပြုလုပ်ပေးထားတဲ့ ဇယားကလဲ မများပါဘူး၊ နဲနဲကလေးပါ၊ အဲဒီ နဲနဲကလေးဇယားနဲ့ အားလုံးကုန် ကိစ္စပြီးအောင် ရည်ရွယ်ချက်နှင့်ပြုလုပ်ပြီး ထားပါတယ်၊ ပဏ္ဏတ္တိဝါရကိစ္စ ပြီးကြပါစို့။

ပဏ္ဏတ္တိဝါရ ပြီး၏။

---

## ပ ဝ တ္တိ ဝါ ရ

ပဝတ္တိဝါရမှာ ပစ္စုပ္ပန္န ဝါရကို အရင် ပို့ချပေးပါမယ်၊ သစ္စာယမိုက်, သင်္ခါရယမိုက်စတဲ့ ပဝတ္တိအခါများကိုပါဟောတဲ့ ယမိုက်များဟာ ပဋ္ဌာန်း ကျမ်းလို ရှင်းရှင်းနဲ့ ခက်တာမဟုတ်၊ ရှုပ်ရှုပ်နဲ့ ခက်ခဲပါတယ်၊ ဒီအခက်ကို အာသေဝနပစ္စည်းရပြီး လွယ်သွားတဲ့နည်းနဲ့ ပို့ချပေးပါမယ်၊ ပစ္စုပ္ပန္နဝါရမှာ ပုဂ္ဂလ ဩကာသ ပုဂ္ဂလောကာသလို့ ဝါရသုံးပါး ရှိခဲ့ရာ ပုဂ္ဂလနှင့် ပုဂ္ဂလောကာသဝါရများဟာ ပါဠိ အရကောက်ဘူကြပြီး ပုဂ္ဂလောကာသဝါရ အတွက် ဘုံသတ်ရုံသာ ထူးလေတော့ ပုဂ္ဂလဝါရကို အကျူးပို့ချပြီး မပေးတော့ဘဲ ကိစ္စပြီးလွယ်အောင် ပုဂ္ဂလောကာသဝါရကို ပို့ချပေးပါမယ်၊ ဒါပေတဲ့ ဘုံသတ် ဘုံရာ သိနိုင်ထားရမှာဖြစ်တော့ ဩကာသဝါရကိုရှေးဦးစွာ ပို့ချပေးပါမယ်။

## ဩ က ာ သ ဝါ ရ

အခြားယမိုက်များမှာ ဘုံကိုသာ ဩကာသလို့ ဟောပေမဲ့ ဒီသင်္ခါရယမိုက် မှာတော့ ဈာန်ကိုလည်း ဩကာသလို့ ဟောထားပါတယ်၊ အကြောင်းကား ဈာန်ဟာ ပုဂ္ဂိုလ်ရဲ့ဘည်ရာလည်း ဖြစ်တယ်၊ ဈာန်နဲ့ယှဉ်တဲ့ သမ္ပယုတ်တရားချာန် နဲ့ အတူတကွဖြစ်တဲ့ သဟဇာတ်တရားတို့ရဲ့ တည်ရာလည်းဖြစ်လို့ ဈာန်ကို ဘုံ လုပ်ခါဟောရကြောင်းကို မူလဋီကာ ဆရာကြီးက "သင်္ခါရာနံ ပုဂ္ဂလာနဉ္စ ဩကာသတ္တာဈာနံ ဘူမိစ ဝိသုံ ဩကာသဝသေန ဂဟိတာ" လို့ မိန့်ဆိုပါ တယ်၊ အဋ္ဌကထာမှာတော့ "ဈာနမ္ပိ ဩကာသဝသေန ဂဟိတာ" လို့သာ မိန့်ဆိုပါတယ်။

## ဩကာသ ပါဠိဇယား

တပည့်တော်တို့ စီစဉ်ထားတဲ့ ယမိုက်ပါဠိတော်ဇယား, အရကောက်ဇယား များမှာ ရာသီခွဲစရာလဲမလို၊ လေးချက်သေလှည့်စရာလဲမလိုပါဘူး၊ ဘာ့ကြောင့်လဲဆိုရင် ဇယားများထဲမှာ ခွဲပြီး လှည့်ပြီးလို့ ဖြစ်ပါတယ်၊ ဒီတော့ ဇယားကို ကြည့်ပြီး ယမိုက်ထုံးစံအရ ပိုတာ တဘက်ရ, တူတာနှစ်ဘက်ရ ကျန်တာ ပစ္စနိက်ကြွင်း ထုတ်ရရုံပါဘဲ၊ ရေးထားတဲ့ဇယားရဲ့သဘောကို သိနားလည်ရင် ကိုင်း- ပါဠိဆိုလိုက်ကြ, အရကောက် ကောက်လိုက်ကြလို့ ပြောရုံပါဘဲ၊ ယခု ဩကာသဝါရ ပါဠိဇယားကို ကြည့်ပါ။

## ဩကာသယဇား သဘော

စိတ္တသင်္ခါရက အသညသတ်ဘုံမှတပါး ဈာန်ဘုံတွေအားလုံး ရလေတော့ စိတ္တသင်္ခါရကွက်မှာ ဈာန်ဘုံများကို ရေးထားပါတယ်၊ ညီမျှခြင်း အမှတ်တွေကို ကြည့်ရင် ကာယသင်္ခါရက ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်ရယ်လို့ ဈာန်သုံးပါးနဲ့ ကာမာဝစရရေလို့ ကာမ ၁၁-ဘုံရပါတယ်၊ ဝစီသင်္ခါရက ပထမ ဈာန်လို့ ဈာန်တပါးတည်းသာရပြီး ဘုံအားဖြင့် အသညသတ်ဘုံမှ တပါး ကာမ, ရူပ, အရူပဘုံများကို ရပါတယ်၊ စိတ္တသင်္ခါရက ဈာန်လေးပါးလုံးနဲ့ ဘုံသုံးပါးလုံး ရပါတယ်၊ ပစ္စနိက်ကွက်ကိုကြည့်ရင် သင်္ခါရသုံးပါးနဲ့ လုံးဝ မဆိုင်တဲ့ စိတ်မရှိတဲ့ အသညသတ်ဘုံ ဖြစ်ပါတယ်၊ ဆိုင်ရာမူ မူလီတို့ရဲ့ ပစ္စနိက် ကြွင်းကို ကွက်လပ်နဲ့ ပစ္စနိက်ကွက်မှာရှိတဲ့ တရားကိုကြည့်ပြီး ထုတ်ရပါတယ်၊ ဒါဟာ ယမိုက် ဆယ်ကျမ်းလုံးရဲ့ သဘောပါဘဲ၊ ဒီတော့ ဇယားမှာရှိတဲ့ အတိုင်းကြည့်ပြီး ပိုတာတဘက်ရ, တူတာနှစ်ဘက်ရ, ကျန်တာပစ္စနိက်ကြွင်း ထုတ်ရတယ်။

## ကာယမူ ဝစီမူလီ

ကာယသင်္ခါရနဲ့ ဝစီသင်္ခါရယှဉ်ပြီး ကြည့်လိုက်ရင် ကာယက ဒုတိယဈာနေ တတိယဈာနေ ပိုနေပါတယ်၊ ဒါကို တဘက်ရထုတ်ပါ၊ တူတာက ပထမ ဈာနေနဲ့ ကာမာဝစရေပါ၊သူ့ကို နှစ်ဘက်ရထုတ်ရပါတယ်၊ပဋိလောမအတွက် ကြည့်လိုက်ရင် အောက်ဆုံးကွက် ဖြစ်တဲ့ ရူပါဝစရေ အရူပါဝစရေ ပိုနေပါ တယ်၊ သူ့ကို ပဋိလောမတဘက်ရ ထုတ်ရပါတယ်၊ နှစ်ဘက်ရ အတူတူပါဘဲ၊ ပါဠိကို အရင်ဆိုလိုက်ကြပါစို့။

ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ ဒုတိယ ဈာနေ တတိယဈာနေ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ နော စ တတ္ထ ဝစီ

သခ်ါရော ဥပ္ပဋ္ဌတိ၊ ပထမဈာနေ ကာမာဝစရေ တတ္ထ ကာယသခ်ါရော စ ဥပ္ပဋ္ဌတိ ဝစီသခ်ါရော စ ဥပ္ပဋ္ဌတိ။ ။ယတ္ထ ဝါ ပန ဝစီသခ်ါရော ဥပ္ပဋ္ဌတိ တတ္ထ ကာယသခ်ါရော ဥပ္ပဋ္ဌတီတိ၊ ရူပါဝစရေ အရူပါဝစရေ တတ္ထ ဝစီသခ်ါရော ဥပ္ပဋ္ဌတိ နော စ တတ္ထ ကာယသခ်ါရော ဥပ္ပဋ္ဌတိ၊ ပထမ ဈာနေ ကာမာဝစရေ တတ္ထ ဝစီသခ်ါရော စ ဥပ္ပဋ္ဌတိ ကာယသခ်ါရော စ ဥပ္ပဋ္ဌတိ။

အရကောက်အတွက် စိတ္တသခ်ါရကွက်ကို ကြည့်ပါ၊ ပထမဈာနေအရက ပထမဈာန် ဇော ၂၀-တို့၏ ဈာနေဝကာသ၊ ဈာန်ဖြစ်ရင် ဈာနေဝကာသလို့ ဆိုရလိမ့်မယ်၊ ပထမဈာန် ဇော ၂၀-စသည်ရပုံရဲ့အကျယ်ကိုတော့ ပုဂ္ဂလော ကာသဝါရကျတော့ ပြောပြပါမယ်၊ ဒုတိယဈာနေ တတိယ ဈာနေအရ- ဒုတိယဈာန် ဇော ၁၀၊ တတိယဈာန် ဇော ၁၀-ဟု ဆိုအပ်သော ဈာနေဝ ကာသ၊ စတုတ္ထဈာနေအရ-စတုတ္ထဈာန် ဇော ၁၈-ခုဟုဆိုအပ်သော ဈာနေဝ ကာသ၊ ဈာန်များကို ကောက်တဲ့အခါ ဈာနေဝကာသလို့ ကိန်းသေ ဆိုရပါ လိမ့်မယ်၊ ဘုံဆိုင်ရာမှာ ကာမာဝစရေအရ- ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ ရူပါဝစရေအရ- အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊အရူပါ ဝစရေအရ- အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ဒီတော့ အနုလောမ တဘက်ရမှာ ဒုတိယဈာနေ တတိယဈာနေလို့ ထွက်ထားသဖြင့် ဒုတိယဈာန် တတိယဈာန်ကို ကောက်ရမယ်၊ နှစ်ဘက်ရက ပထမဈာန်နဲ့ ကာမာဝစရေကို ကောက်ရပါလိမ့်မယ်။

အနုလောမ ပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဒုတိယဈာန်ဇော တဆယ်၊ တတိယဈာန်ဇောတဆယ်ဟု ဆိုအပ်သော ဈာနေဝကာသရ၏။ ။ပထမဈာန် ဇောနှစ်ဆယ်ဟုဆိုအပ်သော ဈာနေဝကာသ၊ ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏၊ သံသယကား နောက်သာရ၏။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသရ၏၊ အနုလောမသံသယ လည်း ရ၏၊ သံသယကား နောက်သာရ၏။

ပစ္စနိက်ကျတော့ ယမိုက်ရဲ့ထုံးစံအတိုင်း ဝိဘင်းထုတ်တာကတော့ အားလုံး နားလည်ပြီး ဖြစ်ပါလိမ့်မယ်၊ အနုလောမ ပဋိလောမ တဘက်ရထုတ်ပုံတွေရဲ့ အကြောင်းကိုကြည့်လိုက်ရင် ကာယသခ်ါရနဲ့ ဝစီသခ်ါရ ကွက်လပ်က စတုတ္ထ ဈာနေ ရှိနေပါတယ်၊ ပစ္စနိက်ကွက်ကြည့်လိုက်ရင် အသညသတ္တေလို့ ရှိပါတယ်၊ သူတို့ကိုပစ္စနိက်သံသယကြွင်း ထုတ်ရပါလိမ့်မယ်။

ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတီတိ၊ ရူပါဝစရေ အရူပါဝစရေ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ နော စ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ၊ စတုတ္ထဈာနေ အသညသတ္တေ တတ္ထ ကာယသင်္ခါရော စ နုပ္ပဇ္ဇတိ ဝစီသင်္ခါရော စ နုပ္ပဇ္ဇတိ။ ။ယတ္ထ ဝါ ပန ဝစီသင်္ခါရော နုပ္ပဇ္ဇတိ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတီတိ၊ ဒုတိယဈာနေ တတိယဈာနေ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ နော စ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ၊ စတုတ္ထဈာနေ အသညသတ္တေ တတ္ထ ဝစီသင်္ခါရော စ နုပ္ပဇ္ဇတိ ကာယသင်္ခါရော စ နုပ္ပဇ္ဇတိ။

ပစ္စနိက် သံသယကြွင်းကား စတုတ္ထဈာန် ဇော ၁၈-ခုဟု ဆိုအပ်သော ဈာနောကာသ၊ အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏။

အဋ္ဌကထာ။ ။ကာယသင်္ခါရမူ ဝစီသင်္ခါရမူလီ နှစ်ဘက်ရမှာ ယခုအရ ကောက်ခဲ့တာက ပထမဈာနေအရ- ပထမဈာန် ဇော ၂၀-ဟု ဆိုအပ်သော ဈာနောကာသ၊ ကာမာဝစရေအရ- ကာမ(၁၁)ဘုံဟုဆိုအပ်သော ဘုမ္မောကာသကို ကောက်ခဲ့ပါတယ်၊ ဒါကို အဋ္ဌကထာက- "ပထမဈာနေ ကာမာဝစရေ"အရ ကာမဘုံ၌ဖြစ်တဲ့ ပထမဈာန်ကို ယူပါ၊ ဒီပထမဈာန်ကိုလည်း ဈာန်အင်္ဂါကိုသာ ယူပါ၊ အပ္ပနာစွမ်းဖြင့်သာ မယူပါနဲ့၊ အပ္ပနာ မရောက်သေးပေမဲ့ သဝိတက္က သဝိစာရ စိတ်မှာ ကာယ ဝစီနှစ်ပါး ဖြစ်တာပါဘဲလို့ မိန့်ဆိုပါတယ်။

မူလဋီကာ။ ။မူလဋီကာ ဆရာကြီးက ကာမဘုံမှာဖြစ်တဲ့ ပထမဈာန်ကို အဋ္ဌကထာဆရာ ပြဆိုရမှာ ဖြစ်ရာဘုံဖြင့် ဈာန်ကိုအထူးပြုပြီးဆိုရင် "စတုတ္ထဈာနေ ရူပါဝစရေ အရူပါဝစရေ" များမှာလည်း ရူပ အရူပဘုံ၌ဖြစ်တဲ့ စတုတ္ထဈာန်ကို ကောက်ယူရလိမ့်မယ်၊ ဒီလိုတော့ အလိုမရှိအပ်, မကောက်ယူအပ်ပါဘူး၊ အကြောင်းက ဩကာသကိုယူရာ မရောက်ပါဘူး၊ အလုံးစုံသော စတုတ္ထဈာန်ကို ဩကာသစွမ်းဖြင့် ယူရာမရောက်ဘဲ တစိတ်တွေသာ ဖြစ်နေတော့မှာပေါ့တဲ့၊ဒါကြောင့် ဈာန်နဲ့ဘုံကိုရှုပ်ထွေးအောင် ရောနှောပြီးမကောက်ဘဲ သီးခြားခွဲပြီး ကောက်အပ်ပါတယ်၊ သီးခြားခွဲပြီးကောက်ရင်, ကာယ ဝစီသင်္ခါရ နှစ်ပါးသည် ပထမဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသလို့ ဖြစ်ပါတယ်တဲ့၊ အရကောက်များမှာ အဋ္ဌကထာမိန့်ဆိုသလို ဈာန်နဲ့ဘုံကို ရောထွေးပြီး မကောက်ဘဲ မူလဋီကာဆရာကြီးမိန့်ဆိုချက်အတိုင်း ဈာနောကာသ, ဘုမ္မောကာသရယ်လို့ ဈာန်နဲ့ဘုံကို ခွဲခြားပြီးကောက်ပြတော် မူပါတယ်။

## ကာယမူ စိတ္တမူလီ

ကာယသင်္ခါရနဲ့ စိတ္တသင်္ခါရကို ဇယားမှာ နှိုင်းယှဉ်ကြည့်လိုက်ရင် ကာယသင်္ခါရကညီမျှခြင်းအမှတ်တူ ၃-ခု ရှိပါတယ်၊ စိတ္တသင်္ခါရက အားလုံးကုန်ရပါတယ်၊ ဒီတော့ ကာယကနဲ့လို့ အနုလောမအတွက် "အာမန္တာ"ထွက်ပါလိမ့်မယ်၊ ပဋိလောမကျတော့ စိတ္တသင်္ခါရ ဘက်က ပိုနေတဲ့ စတုတ္ထဈာနေ ရူပါဝစရေ အရူပါဝစရေကို တဘက်ရ ထုတ်ရပါလိမ့်မယ်၊ နှစ်ဘက်ရက ကာယသင်္ခါရမှာရှိတဲ့ ပထမဈာနေ ဒုတိယဈာနေ တတိယဈာနေနဲ့ ကာမာဝစရေကို ထုတ်ရပါတယ်။

ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ အာမန္တာ။ ။ယတ္ထ ဝါ ပန စိတ္တသင်္ခါရော ဥပ္ပဇ္ဇတိ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ စတုတ္ထဈာနေ ရူပါဝစရေ အရူပါဝစရေ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇတိ နောစ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ ပထမဈာနေ ဒုတိယဈာနေ တတိယဈာနေ ကာမာဝစရေ တတ္ထ စိတ္တသင်္ခါရောစ ဥပ္ပဇ္ဇတိ ကာယသင်္ခါရောစ ဥပ္ပဇ္ဇတိ။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား စတုတ္ထဈာန်ဇော ၁၈-ဟုဆိုအပ်သော ဈာနေဘကာသ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံ-ဟုဆိုအပ်သော ဘုမ္မောကာသရ၏။ ။ပထမဈာန်ဇော နှစ်ဆယ်၊ ဒုတိယဈာန်ဇော တဆယ်၊တတိယဈာန်ဇော တဆယ်-ဟုဆိုအပ်သော ဈာနောကာသ၊ ကာမ (၁၁) ဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏၊ သံသယကား နောက်သာရ၏၊ အနုလောမ ငင်းရ၏။

ပစ္စနိက်ကြည့်လိုက်တော့ ပစ္စနိက်ကွက်မှာရှိတဲ့ အသညသတ္တေ ဘဲ ရှိပါတော့တယ်။

ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇတီတိ၊ စတုတ္ထဈာနေ ရူပါဝစရေ အရူပါဝစရေ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ နောစ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇတိ၊ အသညသတ္တေ တတ္ထ ကာယသင်္ခါရော စ နုပ္ပဇ္ဇတိ စိတ္တသင်္ခါရော စ နုပ္ပဇ္ဇတိ။ ။ယတ္ထ ဝါ ပန စိတ္တသင်္ခါရော နုပ္ပဇ္ဇတိ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတီတိ၊ အာမန္တာ။

ပစ္စနိက်သံသယကြွင်းကား အသညသတ်ဘုံဟု-ဆိုအပ်သော ဘုမ္မောကာသရ၏။

## ဝစီမူ စိတ္တမူလီ

အနုလောမ "အာမန္တာ" ပါဘဲ၊ ပဋိလောမမှာ ပိုနေတဲ့ ဒုတိယစျာနေ တတိယစျာနေ စတုတ္ထစျာနေ ကို တဘက်ရထုတ်ပြီး ဝစီကွက်မှာရှိတဲ့ ပထမ စျာနေ ကာမာဝစရေ ရူပါဝစရေ အရူပါဝစရေ ကို နှစ်ဘက်ရ ထုတ်ရပါ တယ်၊ ပစ္စနိက်ကလဲ အသညသတ်ဘဲ ကျန်ပါတယ်။

ယတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ အာမန္တာ။ ယတ္ထ ဝါ ပန စိတ္တသင်္ခါရော ဥပ္ပဇ္ဇတိ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ ဒုတိယ စျာနေ တတိယစျာနေ စတုတ္ထစျာနေ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇတိ နော စ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ၊ ပထမစျာနေ ကာမာဝစရေ ရူပါဝစရေ အရူပါဝစရေ တတ္ထ စိတ္တသင်္ခါရော စ ဥပ္ပဇ္ဇတိ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇတိ။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဒုတိယစျာန်ဇော တဆယ်၊ တတိယစျာန်ဇော တဆယ်၊ စတုတ္ထစျာန်ဇော (၁၈) ခု ဟု-ဆိုအပ်သော စျာနောကာသ ရ၏။ ။ပထမစျာန်ဇော နှစ်ဆယ်ဟု-ဆိုအပ်သော စျာနော ကာသ၊ ကာမ (၁၁) ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပ လေးဘုံဟု-ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏၊ သံသယကား နောက်သာ ရ၏၊ အနုလောမ ၎င်းရ၏။

ယတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇတီတိ၊ ဒုတိယ စျာနေ တတိယစျာနေ စတုတ္ထစျာနေ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ နော စ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇတိ၊ အသညသတ္တေ တတ္ထ ဝစီသင်္ခါရော စ နုပ္ပဇ္ဇတိ စိတ္တသင်္ခါရော စ နုပ္ပဇ္ဇတိ။ ။ယတ္ထ ဝါ ပန စိတ္တသင်္ခါရော နုပ္ပဇ္ဇတိ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတီတိ၊ အာမန္တာ။

ပစ္စနိက်သံသယကြွင်းကား အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏၊ ဩကာသဝါရ ပြီးပါပြီ။

### ပစ္စုပ္ပန္နဝါရ၊ ပုဂ္ဂလ-ပုဂ္ဂလောကာသ

ဝိဘင်း ပါဠိထုတ်ပုံတွေကို မပြောမီ အရကောက်ဇယားရဲ့ သဘောကို အရင်ပြောပြပါမယ်၊ အရကောက်ဇယားကို ကြည့်ပါ၊ တရားတွေကို အထူး မပြောတော့ဘူး၊ တရားတွေဆိုတာက ဒီဘက်ကရေးထားတဲ့ အဿာသပဿာသ နှင့် တကွ ပထမစျာန်ဇော ၂၀-စသည်တွေကို ပြောတာပါ၊ သူတို့အတွက် တချို့ဂဏန်းကလေးတွေကို ပြောပြပါမယ်၊ ဒါတွေဟာ ဇယားမှာ ရေးထား တဲ့အတိုင်း သိနိုင်ပါတယ်။

## ခေါင်းစဉ်

ခေါင်းစဉ်မှာ ဒီဘက်က "ဥပ္ပါဘင်" လို့ ရှိပါတယ်၊ ဥပ္ပါ ဆိုတာ ဥပ္ပါဒက္ခဏ၊ ဘင် ဆိုတာ ဘင်္ဂက္ခဏ ဖြစ်ပါတယ်၊ သင်္ခါရအောက်က ကာယ, ဝစီ, စိတ္တသင်္ခါရ ဖြစ်ပါတယ်၊ ပုဂ္ဂိုလ်အောက်မှာ ကာမ, ရူပ, အရူပပုဂ္ဂိုလ်များ ဖြစ်ပါတယ်၊ စျာန်မှာ ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်များ ဖြစ်ပါတယ်၊ ဘုံမှာ ကာမဘုံ ရူပဘုံ အရူပဘုံများ ဖြစ်ပါတယ်၊ ဥပ္ပါဒက္ခဏေ ဘင်္ဂက္ခဏေလို့ နှစ်မျိုး ရေးထားတာက ဥပ္ပါဒဝါရ, နိရောဓဝါရ, ဥပ္ပါဒ နိရောဓဝါရများ အတွက် ဒီဇယား တခုထဲနှင့် ကိစ္စပြီးစီးရန် ဖြစ်ပါတယ်။

ဒီဘက်က ဂဏန်းကလေးပြထားတဲ့ (၁)မှာ ကာယ ဝစီ စိတ္တ သင်္ခါရသုံးပါးလုံးနဲ့ဆိုင်ပါတယ်၊ ဒီလိုသိုင်ကြောင်းကို (။) လက္ခဏာ (**Ditto Sign**) ပြထားပါတယ်၊ ပုဂ္ဂိုလ်အားဖြင့် ကာမပုဂ္ဂိုလ်, စျာန်အားဖြင့် ပထမစျာန်နဲ့သာ ဆိုင်ပါတယ်၊ စျာန်ကိုကောက်တဲ့အခါ စျာန်ဝင်စားသောလို့ ဆိုရပါတယ်၊ ဘုံကိုကောက်ရင် စျာန်မဝင်စားသောလို့ ဆိုရပါတယ်၊ (၁)အတွက် နည်းရအောင် သို့နည်းတခု ဆိုပြပါမယ်၊ အဿာသပဿာသနှင့် တကွဖြစ်သော ပထမစျာန်ဇော ၂၀-တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ပထမစျာန်ဟု ဆိုအပ်သော စျာနေ၁ကာသ၊ အောက်က အကွက်တွေလဲ ဒီသဘောအတိုင်း ဆိုရပါလိမ့်မယ်။

ပထမစျာန်ဇော နှစ်ဆယ်ဆိုတာ သင်္ဂြိုဟ်သဘော၁နဲ့ လွယ်လွယ် ပြောရင် ပထမစျာန် (၁၁)၊ ဒုတိယစျာန် (၁၁)၊ တတိယစျာန် (၁၁) ရှိရာ ရူပဝ်ပါက်များက ပဋိသန္ဓေ ဘဝင် စုတိကိစ္စများသာ တပ်လေတော့ ဇောမထိုက်သဖြင့် ၎င်းကိုချန်ရင် (၁၀) ဖြစ်ပါတယ်၊ ပထမစျာန် (၂၀) လို့ ဆိုတာ ပထမစျာန်နဲ့ ဒုတိယစျာန်နှစ်ခုကို ပေါင်းပြီး စတုက္ကနည်းအားဖြင့် ယူထားတာ ဖြစ်ပါတယ်၊ ဒုတိယစျာန်ဇော တဆယ်၊ တတိယစျာန်ဇော တဆယ်များက လည်း ဒီသဘောပါဘဲ၊ စတုတ္ထစျာန်(၁၈) ကတော့ စတုတ္ထစျာန်ဇော တဆယ်ထဲမှာ အရူပကုသိုလ် ၄-ခု၊ ကြိယာ ၄-ခု ထည့်ပေးရပါတယ်၊ ဒီအခါမှာ (၁၈) ဖြစ်ပါတယ်၊ ဒါကွက ၁-၂-၃-၄- အတွက်ပါ။

နောက် ၅-ကြည့်လိုက်ရင် သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ပထမစျာန် ဇော (၁၄)ခုတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သောလို့ ဒီမှာ လောကုတ္တရာ ပထမစျာန် ဇော (၁၄)ခုဆိုရာမှာ လောကုတ္တရာမှာ ပထမစျာန် ဇော(၈)ခု၊ ဒုတိယစျာန် ဇော(၈)ခု ပေါ်သဖြင့် (၁၆)ခု ဖြစ်ပါတယ်၊ အဲဒီ

(၁၆)ခုထဲက အရူပဘုံမှာ ပရတောသဃောသ မရှိလို့ သောတာပတ္တိမဂ် ပထမ စျာန်နဲ့ ဒုတိယစျာန်(၂)ခုကို နှုတ်တဲ့အခါ (၁၄)ဖြစ်ပါတယ်။

နံပါတ် ၆-က ဒုတိယစျာန်ဇော(၇)ခု၊ တတိယစျာန်ဇော (၇)ခုဟာလဲ ဒီသဘောအတိုင်းပါဘဲ၊ စတုတ္ထစျာန်ကျတော့(၁၅)ခု ရှိပါတယ်၊ (၁၅)ခုက ခုနက (၇)ထဲက အရူပကုသိုလ် ၄၊ အရူပကြိယာ ၄၊ (၈)ခု ထည့်ပေးလိုက်ရင် (၁၅)ဖြစ်ပါတယ်၊ ဒါတွေက စျာနောကာသဆိုင်ရာတွေပါ။

၇-ကစပြီး ၁၃-တိုင်အောင် ဘုမ္မောကာသများ ဖြစ်ပါတယ်၊ ၇-မှာဆိုရိုး တခုဆိုပြပါမယ်၊ အဿာသပဿာသနှင့်တကွ ဒွေပဥ္စဝိညာဉ်တဆယ် ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ(၁၁)ဘုံဟု ဆိုအပ်သော ဘုမ္မောကာသလို့ ဆိုရပါတယ်၊ ကျန်တာတွေကို ဒီသဘောအတိုင်းဘဲ သိပါတော့။

**ထက်အောက်ဇယား။** ။ဇယားဟာ (**Horizontal**)ဆိုတဲ့ လက်ဝဲက လက်ျာသွားတဲ့နည်းပါ။ အထက်အောက်သွားတဲ့နည်းနဲ့ ကြည့်လိုက်ရင် ကာယ သင်္ခါရဖြစ်ဆဲဟာ နံပါတ် ၁-၂-၇-အကွက်မှာ ရှိပါတယ်၊ ဝစီသင်္ခါရဖြစ်ဆဲ ဟာ သူ့အမှတ်ကလေးတွေလိုက်ကြည့်လိုက်ရင် ၁-၃-၅-၇-၈-၁၀-၁၁-မှာ ရှိပါတယ်၊ စိတ္တသင်္ခါရဖြစ်ဆဲကတော့ အားလုံးကုန်ရပါတယ်၊ သင်္ခါရသုံးပါး ဖြစ်ဆဲမဟုတ်တာကတော့ ပစ္စနိက်ကွက်မှာ ပြထားတဲ့တရားများ ဖြစ်ပါတယ်၊ ဤမျှဖြင့် ကောက်ပုံကို့ သိလောက်ပါပြီ၊ ယခု ပါဠိဇယားကို ကြည့်ရပါလိမ့် မယ်။

**ပါဠိဇယား။** ။ခန္ဓ အာယတန ဓာတုယမိုက်များမှာ ရူပက္ခန္ဓာအရက ဘယ်တရား၊ စက္ခာယတန စက္ခုဓာတ်အရက ဘယ်တရားဆိုတာ ပစ္စုပ္ပန္နဝါရ စတဲ့ ဝါရအားလျော်စွာ အသီးသီး ထိုထိုစာအုပ်တွေမှာ ပြဆိုကြပါတယ်၊ ဒါပေတဲ့ သစ္စ သင်္ခါရစတဲ့ ယမိုက်များမှာ ဒုက္ခသစ္စာဖြစ်ဆဲက ဘယ်တရား၊ ကာယသင်္ခါရဖြစ်ဆဲက ဘယ်တရားရယ်လို့ သီးခြားခွဲခြားပြီး ပြဆိုကြတာ မရှိပါဘူး၊ ယခု ပါဠိဇယားနှင့် အရကောက်ဇယားကိုကြည့်ရင် ဆိုင်ရာဖြစ်တဲ့ ကာယသင်္ခါရ စသည်တွေရဲ့ ဖြစ်ဆဲဖြစ်ပြီးစတဲ့ ပါဠိတရားများနှင့်တကွ အရ ကောက်များကို တွေ့ရှိကြပါလိမ့်မယ်၊ အဲဒီလို အပေါင်းဖြစ်တဲ့ ပါဠိအရ ကောက်များကို သိထားရင်ဆိုင်ရာဖြစ်တဲ့ ဝါရ မူမူလီအားလျော်စွာ ရသင့်တဲ့ တဘက်ရ နှစ်ဘက်ရများကိုလဲ လွယ်ကူစွာ ပါဠိထုတ်နိုင် ကောက်နိုင်ကြပါ လိမ့်မယ်၊ ယခုပါဠိဇယားကို ပြောပြပါမယ်။

ကာယသခ်ါရဖြစ်ဆဲအရ ပါဠိကိုကြည့်ရင် 'အဿာသပဿာသာနံ ဉပ္ပါ-ဒက္ခဏော'ကို တွေ့ရပါလိမ့်မယ်၊ ဝစီသင်္ခါရ ဖြစ်ဆဲက 'ဝိတက္ကဝိစာရာနံ ဉပ္ပါဒက္ခဏော' ဖြစ်ပါတယ်၊ စိတ္တသင်္ခါရက 'သဥ္ဇာသံ စိတ္တဿ ဉပ္ပါဒက္ခဏော' တွေ့ပါလိမ့်မယ်။ (လက်သဲကွင်းနဲ့ပြထားပါတယ်။)

## ဉပ္ပါဒဝါရပါဠိ၊ ကာယမူ ဝစီမူလိ

ယမိုက်ထုံးစံအတိုင်း ကာယသင်္ခါရမူ ဝစီသင်္ခါရမူလိမှာ ကာယသင်္ခါရရဲ့ တဘက်ရကို လိုချင်တော့ 'အဿာသပဿာသာနံ ဉပ္ပါဒက္ခဏော' ရနေတဲ့ ကာယသင်္ခါရပါဠိကို (၁)ဝိတက်ဝိစာရကင်းတဲ့ 'အဿာသပဿာသ (၂) ဝိတက် ဝိစာရနှင့်တကွဖြစ်တဲ့ အ ဿ ာ သ ပ ဿ ာ သ ရယ်လို့ နှစ်ချက်ခွဲပြီး (၁) ဝိတက် ဝိစာရကင်းတဲ့ 'အ ဿ ာ သ ပ ဿ ာ သ ကို တဘက်ရထုတ်ပြီး (၂)ဝိတက် ဝိစာရနှင့်တကွဖြစ်တဲ့ အဿာသပဿာသကို နှစ်ဘက်ရထုတ်ရပါတယ်၊ ဒီလိုခွဲပြီးထုတ်ရကြောင်းကိုလဲ ပါဠိတော်ဇယားမှာ အတိအကျပြထားပါတယ်၊ ဒီတော့ တဘက်ရက ကာယသင်္ခါကွက်မှာသာရှိ၍ ဝစီသင်္ခါရကွက်မှာမရှိတဲ့ 'ဝိနာ ဝိတက္ကဝိစာရေဟိ အဿာသပဿာသာနံ ဉပ္ပါဒက္ခဏော' ဆိုတဲ့ ဝိဘင်းထွက်လာပါတယ်။ (စိတ္တသင်္ခါရကွက်မှာ ရေးပြထားပါတယ်)။ ဒီနေရာမှာ ဇယားရေးထားပုံအတွက် စိစစ်လိုက စိစစ်နိုင်ပါတယ်၊ ဘယ်လိုလဲဆိုရင် စိတ္တသင်္ခါရကွက်မှာ 'ဝိနာဝိတက္ကဝိစာရေဟိ စိတ္တဿ ဉပ္ပါဒက္ခဏော' လို့ ရှိတဲ့အတိုင်း ကာယသင်္ခါရကွက်မှာ ညီမျှခြင်း လက္ခဏာကို ပြထားလေတော့ ဒီပါဠိကို ထုတ်မယ်မဟုတ်လားဆိုရင် မထုတ်ရပါဘူး၊ စိတ္တသင်္ခါရကွက်ရှိပါဠိအတိုင်း ထုတ်လိုက်ရင် ဝိတက် ဝိစာရကင်းတဲ့ ဈာန်တွေ စိတ်တွေ အကုန်ရတော့မယ်၊ ကာယသင်္ခါရ တဘက်ရလိုချင်တာက ဝိတက် ဝိစာရလဲကင်းရမယ် အဿာသပဿာသနဲ့တကွလဲ ဖြစ်ရမယ်ဆိုတာ လိုချင်တယ်၊ အဿာသပဿာသနှင့်တကွဖြစ်တာကို လိုချင်လို့ ကာယသင်္ခါရကွက်မှာ 'အဿာသပဿာသာနံ ဉပ္ပါဒက္ခဏော' လို့ပြထားတာဖြစ်ပါတယ်၊ ကျန်တာတွေကိုလဲ ဒီသဘောအတိုင်း နားလည်ရန်ဖြစ်ပါတယ်၊ ဒီတော့ တဘက်ရအတွက် ကာယသင်္ခါရမှာရှိတဲ့ အထက်ဆုံးအကွက်ကိုကြည့်ပြီး 'ဝိနာ ဝိတက္ကဝိစာရေဟိ အဿာသပဿာသာနံ ဉပ္ပါဒက္ခဏော'လို့ ဆိုရပါတယ်။

နှစ်ဘက်ရအတွက် ဇယားမှာပြထားတဲ့အတိုင်း အတူကိုကြည့်ပြီး 'ပဌမဈာနံသမာပန္နာနံ့ ကာမာဝစရာနံ အဿာသပဿာသာနံ ဉပ္ပါဒက္ခဏော'လို့ ထုတ်ရပါတယ်၊ ဒီဝိဘင်းကို ပေါင်းပြီးဟောထားတာဖြစ်ပါတယ်၊ ပဌမဈာန်

ကို ဝင်စားမှုဟာ အသာသပသာသနဲ့ကင်း၍ ဝင်စားမှု၊ တကွဝင်စားမှုလို နှစ်မျိုးရှိလေတော့ ဒီဝိဘင်းကို 'ပဌမဈာနံ သမာပန္နာနံ အသာသပဿာသာနံ ဥပ္ပါဒက္ခဏေ' လို့ အသာသပဿာသနှင့် တကွ ဝင်စားကြောင်းကို ထင်ရှားအောင်ခွဲပြီး ယူရပါတယ်၊ အရကောက်မှာ ဒီအတိုင်း အနက်ပေးထားပါတယ်။ ဒီဝိဘင်းကို ဈာန်နဲ့ စိတ္တုပ္ပါဒ်ကွဲပြားအောင် ဟောထားတာ ဖြစ်ပါတယ်၊ ပုဂ္ဂလောကာသအရဆိုရင် ဈာနောကာသဘုမ္မောကာသ ကွဲပြားဘို့ ဖြစ်ပါတယ်။

ပဋိလောမအတွက် အနုလောမက ပြောခဲ့တဲ့အတိုင်း ဇယားကိုကြည့်ပြီး ဝိဘင်းထုတ်ရင် ဝစီသင်္ခါရသာရပြီး ကာယသင်္ခါရမရတဲ့အကွက်ဟာ 'ဝိနာ အသာသပဿာသေဟိ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ' တွေ့ပါလိမ့်မယ်၊ သူ့ကို တဘက်ချထုတ်၊ နှစ်ဘက်ရကတော့ အောက်ဆုံးနှစ်ကွက်ကိုဘဲ ထုတ်ရပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ တဿ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ ဝိနာ ဝိတက္ကဝိစာရေဟိ အသာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ နောစ တေသံ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ၊ ပဌမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အသာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရောစ ဥပ္ပဇ္ဇတိ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇတိ။ ။ယဿ ဝါပန ယတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ တဿ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ ဝိနာ အသာသပဿာသေဟိ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ နောစ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ ပဌမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အသာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇတိ ကာယသင်္ခါရော စ ဥပ္ပဇ္ဇတိ။

အရကောက်ဇယားကိုကြည့်ရင် အစကပြခဲ့တဲ့ ဇယားအတိုင်း ဈာန်တွေ, စိတ္တုပ္ပါဒ်တွေ ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်၊ ကာယသင်္ခါရကွက်မှာရှိတဲ့ ၁-၂-၇-တရားက အသာသပဿာသနှင့် တကွသာ ဖြစ်ကြတယ်၊ ဝစီသင်္ခါရကွက်မှာရှိတဲ့ ၁-၃-၇-၈-တရားက အသာသပဿာသနှင့် တကွလဲ ဖြစ်နိုင်၊ ကင်း၍လဲဖြစ်နိုင်တဲ့ ဈာန်စိတ္တုပ္ပါဒ်တွေ ဖြစ်ပါတယ်၊ ဝစီမှာသာရှိတဲ့ တရား ၁၀-၁၁-က ကာယသင်္ခါရနဲ့ လုံးဝမဆိုင်ပါဘူး၊ ဝစီသင်္ခါရက တဘက်ရ သက်သက်ဖြစ်ပါတယ်၊ ကာယနဲ့ဝစီကို ယှဉ်ကြည့်လိုက်ရင် ကာယက ပဌမဈာန် ဒုတိယဈာန် တတိယဈာန်လို့ ဈာန်သုံးပါး ရပါတယ်၊ ဝစီက ပဌမဈာန်သာ

ရလေတော့ ဒုတိယစျာန် တတိယစျာန် ပိုနေပါတယ်၊ဒါကို တဘက်ရကောက်ရမယ်၊ နှစ်ဘက်ရက တူနေတဲ့ ပထမစျာန်နဲ့ ကာမစိတ် (၄၄) ကို ကောက်ရပါတယ်။

အနုလောမပစ္စာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အဿာသပဿာသနှင့် တကွဖြစ်သော ဒုတိယစျာန်ဇော တဆယ်၊ တတိယစျာန်ဇော တဆယ်တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီ-ဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ဒုတိယစျာန် တတိယစျာန်ဟု-ဆိုအပ်သော စျာနောကာသ ရ၏။ ။အဿာသပဿာသနှင့် တကွဖြစ်သော ပထမစျာန်ဇော နှစ်ဆယ်တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု-ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ပထမစျာန်ဟု-ဆိုအပ်သော စျာနောကာသ၊ အဿာသပဿာသနှင့် တကွ ဖြစ်သော ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်သော ကာမစိတ် လေးဆဲ့လေးခုတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု-ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု- ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏၊ သံသယကား နောက်သာ ရ၏။

ပဋိလောမမှာ ကာယနှင့်မဆိုင်ဘဲ ဝစီနှင့်သာ ဆိုင်သောတရားက ဇယားမှာ နံပါတ် ၃-၅-၈-၁၀-၁၁-တွေပါလိမ့်မယ်၊ ဒါတွေကို စျာနောကာသ ဘုမ္မောကာသဆိုင်ရာ ကောက်ရပါတယ်၊ ပို့ချကာစဖြစ်လို့ ဇယားရဲ့သဘောကို နားလည်အောင် အကျယ်ပြောနေတာ ဖြစ်ပါတယ်၊ နောက်အကျဉ်းသာ ပြောပြပါမယ်၊ စျာန်ကိုကောက်ရင် စျာန်ဝင်စားသော၊ ဘုံကိုကောက်ရင် စျာန်မဝင်စားသော လို့ ကိန်းသေမှတ်ရန် စျာနောကာသ, ဘုမ္မောကာသလို့ ပြထားပါတယ်။

သဝိတက္ကသဝိစာရစိတ် (၃၆) ခုဟာ ပုဂ္ဂိုလ်အားဖြင့် ရူပပုဂ္ဂိုလ် ဖြစ်ပါတယ်၊ ဘုံအားဖြင့် အသညသတ်ကြဉ်တဲ့ ရူပ (၁၅) ဘုံဖြစ်ပါတယ်၊ သဝိတက္ကသဝိစာရစိတ် ၂၇-ခုဟာ ပုဂ္ဂိုလ်အားဖြင့် အရူပပုဂ္ဂိုလ်၊ ဘုံအားဖြင့် အရူပလေးဘုံ ဖြစ်ပါတယ်၊ သဝိတက္ကသဝိစာရစိတ် (၃၆) ခုဆိုတာ ရူပဘုံမှာဖြစ်တဲ့ လောဘမူ, မောဟမူ, သမ္ပဋိစ္ဆိုင်းဒွေ သန္တီရဏသုံးခု, အဟိတ်ကြိယာသုံးခု, မဟာကုသိုလ် ၈-ခု, မဟာကြိယာ ၈-ခု, ပထမစျာန်ဝိပါက်, ဒုတိယစျာန်ဝိပါက်ဖြစ်ပါတယ်၊သဝိတက္ကသဝိစာရစိတ်(၂၇)ခုက အရူပပုဂ္ဂိုလ်တွေ အတွက်ဖြစ်ပါတယ်၊ (၂၇) ခုကတော့ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ်ရှစ်ခု, မဟာကြိယာရှစ်ခု ဖြစ်ပါတယ်၊ ဒါတွေကို ဖော်ဆိုဘို့ရန် အတွက် အစက်ကလေးတွေ ပြထားပါတယ်၊ ပဋိလောမမှာ အဿာသပဿာသ

ကင်းတဲ့ ပထမဈာန်စတဲ့ တရားတွေကို ဝစီသင်္ဂါရအကွက်မှာ ကြည့်မယ်ဆိုရင် ၃-၅-၈-၁၀-၁၁-မှာ တွေ့ပါလိမ့်မယ်၊ ဒါတွေကို ရေးထားတဲ့ အတိုင်း ကောက်ရပါတယ်။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အဿာသပဿာသကင်းသော ပထမဈာန်ဇော နှစ်ဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု-ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန်ဟု-ဆိုအပ်သော ဈာနောကာသ၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ပထမဈာန်ဇော (၁၄) ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု-ဆိုအပ်သော ဈာန်ဝင်စားသော အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန်ဟု-ဆိုအပ်သော ဈာနောကာသ၊ (ဒါက ဈာနောကာသတွေပါ၊ ဘုမ္မောကာသတွေက အောက်ကွက်နံပါတ် ၈-ကစပြီး လာပါတယ်) အဿာသပဿာသ ကင်းသော ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်သော ကာမစိတ် လေးဆဲ့လေးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု-ဆိုအပ်သော ဈာန်မဝင် စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (၁၀-နှင့် ၁၁-က သဝိတက္ကသဝိစာရစိတ် ၃၆-နှင့် ၂၇-ကို အထက်က ပြောခဲ့ပြီးပါပြီ) လောဘမူရှစ်၊ မောဟမူနှစ်၊ သမ္ပဋိစ္ဆိုင်း ၂၊ သန္တီရဏ သုံး၊ အဟိတ်ကြိယာ သုံး၊ မဟာကုသိုလ် ရှစ်၊ မဟာကြိယာ ရှစ်၊ ပထမဈာန် ဝိပါက် ဒုတိယဈာန် ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ် (၃၆) ခု တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု-ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရပုဂ္ဂိုလ် တို့အား အသညသတ်ကြဉ်သော ရူပ (၁၅) ဘုံဟု ဆိုအပ်သော ဘုမ္မော ကာသ။ လောဘမူရှစ်၊ မောဟမူနှစ်၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ရှစ်၊ မဟာကြိယာရှစ်ခုဟု-ဆိုအပ်သော သဝိတက္ကသဝိစာရစိတ် (၂၇) ခု တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော အရူပါဝစရပုဂ္ဂိုလ် တို့အား အရူပ လေးဘုံဟု-ဆိုအပ်သော ဘုမ္မောကာသ ရ၏၊ အနုလောမ သံသယလည်း ရ၏၊ သံသယကား နောက်သာ ရ၏။

ပစ္စနိက်အတွက် ပါဠိတော်ဇယားရဲ့ ပစ္စနိက်ကွက်ကို ကြည့်ရပါမယ်၊ အနုလောမ, ပဋိလောမ တဘက်ရတွေကတော့ ယမိုက်ထုံးစံအတိုင်း လဲလှယ်ပြီး ဟောရုံပါဘဲ၊ ပစ္စနိက်ကွက်မှာ သဗ္ဗေသံ စိတ္တသာ ဘင်္ဂက္ခဏေ လို့ ရှိပါတယ်၊ ဒါကို ပထမအချက် ထုတ်ရမယ်၊ ပစ္စနိက်မှာ ပြထားတဲ့ တရားများဟာ သင်္ခါရသုံးပါးနဲ့ လုံးဝမဆိုင်သို့ ပစ္စနိက်ကြွင်း ထွက်ပါတယ်၊ ဥပ္ပါဒက္ခဏများ ကိုသာ အနုလုံမှာဟောသဖြင့် ဘင်္ဂက္ခဏအားလုံး ပစ္စနိက်မှာလာရပါတယ်၊ တဖန် ကာယသင်္ခါရက အဿာသပဿာသနှင့် တကွဖြစ်တယ်၊ ဝစီသင်္ခါရက

ဝိတက် ဝိစာရနှင့် တကွဖြစ်လေတော့ အဿာသပဿာသကင်းပြီး ဝိတက်ဝိစာရ မရှိတဲ့ အဝိတက္ကအဝိစာရစိတ်တို့ရဲ့ ဥပ္ပါဒက္ခဏကို "ဝိနာ အဿာသပဿာ သေဟိ အဝိတက္ကအဝိစာရစိတ္တဿ ဥပ္ပါဒက္ခဏေ" လို့ ထုတ်ရပါတယ်၊ နောက် ပစ္စနိက်မှာရှိတဲ့ "နိရောဓသမာပန္နာန် နှင့် အသညသတ္တာန်"ကို ထုတ်ရပါတယ်၊ နိရောဓသမာပန္နာန်က ပုဂ္ဂလဝါရနဲ့သာ ဆိုင်ပါတယ်၊ ပုဂ္ဂလောကာသဝါရနဲ့ မဆိုင်ပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ နိရောဓသမာပတ် ဝင်စားတယ်ဆိုတာ သမာပတ်ရှစ်ပါးရတဲ့ အနာဂါမ် ရဟန္တာများသာ ဝင်စားနိုင်တယ်၊ ဒီသမာ ပတ်ကိုလဲ ဈာန်တခုပြီးတခု အဆင့်ဆင့် ဝင်စားလေတော့ ဘယ်ဈာန်ရယ်လို့ မမှတ်နိုင်လို့ ဈာနောကာသလဲ မရဘူး၊ ဘုံအားဖြင့်လဲ ကာမ ရူပ အရူပဘုံ များ သီးခြားရှိသလို ဒီနိရောဓသမာပတ်ဟာ သီးခြားဖြစ်ရာ ဘုံမရှိလေ တော့ ဘုမ္မောကာသလဲမရလို့ ပုဂ္ဂလောကာသဝါရမှာ မဟောပါဘူး။

ယဿ ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ တဿ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတီတိ၊ ဝိနာ အဿာသ ပဿာသေဟိ ဝိတက္က ဝိစာရာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ နော စ တေသံ တတ္ထ ဝစီသင်္ခါ ရော နုပ္ပဇ္ဇတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ အဿာသ ပဿာသေဟိ အဝိတက္က အဝိစာရ စိတ္တဿ ဥပ္ပါဒက္ခဏေ (နိရောဓ သမာပန္နာနံ) အသည- သတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ နုပ္ပဇ္ဇတိ ဝစီသင်္ခါရော စ နုပ္ပဇ္ဇတိ။ ။ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ တဿ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတီတိ၊ ဝိနာ ဝိတက္က ဝိစာရေဟိ အဿာသ ပဿာ- သာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ အဿာသ ပဿာသေဟိ အဝိတက္က အဝိစာရ စိတ္တဿ ဥပ္ပါဒက္ခဏေ (နိရောဓ သမာ ပန္နာနံ) အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ နုပ္ပဇ္ဇတိ ကာယ သင်္ခါရော စ နုပ္ပဇ္ဇတိ။

ပစ္စနိက်ဇယားမှာ ပစ္စနိက်သံသယကြွင်း ကြည့်လိုက်ရင် သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေအရ ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန် ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနော ကာသ၊ ဒါကို ကောက်ရပါမယ်၊ ဝိနာ အဿာသ ပဿာသေဟိ အဝိတက္က အဝိစာရ စိတ္တဿ ဥပ္ပါဒက္ခဏေအရက ၄-၆-၉-၁၂-၁၃-ကို ကောက်ရပါ မယ်၊ ၁၂-အရ အဝိတက္က အဝိစာရစိတ် ၇-ခုဆိုတာ စက္ခုဝိညာဉ် ဒွေ သောတ

ဝိညာဉ်ဒွေ တတိယဈာန်ဝိပါက် စတုတ္ထဈာန်ဝိပါက် ပဉ္စမဈာန်ဝိပါက်ဖြစ်ပါတယ်၊ ၁၃-အရ အဝိတက္က အဝိစာရစိတ် လေးခုကတော့ အရူပဝိပါက်လေးခုပါဘဲ၊ နောက်ပြီးတော့ နိရောဓသမာပတ်နှင့် အသညသတ်ကို ကောက်ပါ။

ပစ္စနိက် သံသယကြွင်းကား ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနောကာသ၊ ကာမ ၁၁-ဘုံ၊ အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ အဿာသ ပဿာသကင်းသော ဒုတိယဈာန်ဇော တဆယ် တတိယဈာန်ဇော တဆယ် စတုတ္ထဈာန်ဇော ၁၈-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊ သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာ ဒုတိယဈာန်ဇော ခုနစ်ခု၊ တတိယဈာန်ဇော ခုနစ်ခု၊ စတုတ္ထဈာန်ဇော ၁၅-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော အရူပါဝစရပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ ဒွေပဉ္စ ဝိညာဉ် တဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ စက္ခုဝိညာဉ်ဒွေ သောတဝိညာဉ်ဒွေ တတိယဈာန်ဝိပါက် စတုတ္ထဈာန်ဝိပါက် ပဉ္စမဈာန်ဝိပါက် အရူပဝိပါက် လေးခုဟုဆိုအပ်သော အဝိတက္က အဝိစာရစိတ် ၁၁-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အားအသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ (နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်) အသညသတ် ဥပပန္န စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

အဓိပ္ပါယ်။ ။ဝိဘင်းအရကောက် ဆိုပြီးတဲ့ အခါ ဒီဝိဘင်း အရကောက်များရဲ့ သိသင့်တဲ့ အဓိပ္ပါယ်ကို ထိုက်သည်အားလျော်စွာ အဋ္ဌကထာ ဋီကာမိန့်ဆိုချက်များနှင့်တကွ ပြောပြပါမယ်၊ ကာယမူဝစီမူလီ အနုလောမတဘာက်ရမှာ "ဝိနာ ဝိဘက္က ဝိစာရေဟိ အဿာသ ပဿာသာနံ ဥပ္ပါဒက္ခဏေ" ဆိုတဲ့ အနုလောမ တဘာက်ရမှာ "ဝိနာ ဝိတက္က ဝိစာရေဟီတိ ဒုတိယ တတိယ ဈာန ဝသေန ဝုတ္တံ" ဆိုတဲ့ အဋ္ဌကထာအရ ဒုတိယ တတိယဈာန်များကို ကောက်တဲ့နေရာမှာ နောက်ကပြခဲ့တဲ့အတိုင်း မဟဂ္ဂုတ်ဝိပါက်များဟာ ဈာန်အမည်ရပေမဲ့

ပဋ္ဌာနမှ ဘဝင်စုတိကိစ္စများသာ တပ်လေတော့ ဝင်စားလို့ မရနိုင်တဲ့အတွက် ဝင်စားလို့ ရကောင်းတဲ့ ဈာန်ဇော ထိုက်တဲ့ တရားများကိုသာ ကောက်ရ ပါတယ်။

"တေသန္တိ တေသံ ဒုတိယ တတိယဈာန သမင်္ဂီနံ"လို့ အဋ္ဌကထာ မိန့်ဆို ချက်အရ ဈာန်သက်သက်ကို ကောက်တဲ့ အခါ "ဈာန်ဝင်စား" ဆိုတဲ့ ဝိသေသနကို အမြဲထည့်ပေးရပါတယ်။

ကာယမူ ဝစီမူလီ ပဋ္ဌလောမ တဘာက်ရမှာ "ဝိနာ အဿာသ ပဿာသေဟိ ဝိတက္က ဝိစာရာနံ ဥပ္ပါဒက္ခဏေ"၌ "ဝိနာ အဿာသ ပဿာသေဟိတိ ရူပါ ရူပ ဘဝေသု နိဗ္ဗတ္တသတ္တာနံ ဝိတက္က ဝိစာရုပ္ပတ္တိ သန္ဓာယ ဝုတ္တံ"ဆိုတဲ့ အဋ္ဌ ကထာအရ ရူပ အရူပဘုံမှာဖြစ်ကြတဲ့ ရူပ အရူပသတ္တဝါတို့ရဲ့ ဝိတက် ဝိစာရ ဖြစ်မှုကို ရည်ရွယ်ပြီး ဟောတယ်လို့ မိန့်ဆိုပါတယ်။

မူလဋီကာ၊ အနုဋီကာ။ ။မူလဋီကာက အထက်ပါ စကားရပ်ဖြင့် ရူပ အရူပဘုံမှာ ပထမဈာန် ဝင်စားတဲ့ပုဂ္ဂိုလ်, ကာမပုဂ္ဂိုလ်ပင် ဖြစ်လည်း အမိ ဝမ်းတွင်း၌ ကိန်းအောင်းတဲ့ပုဂ္ဂိုလ် စသည်မှာ အဿာသ ပဿာသကင်းပြီး ဝိတက် ဝိစာရ ဖြစ်နိုင်ကြပါတယ်တဲ့။

အနုဋီကာကရေနစ်သူ၊ မိန်းမောတွေဝေသူများမှာလဲ အဿာသ ပဿာသ မဖြစ်နိုင်ဘူးလို့ ယူပါတဲ့၊ သေသူ စတုတ္ထဈာန် ဝင်စားနေသူ နိရောဓသမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်များမှာတော့ ဝိတက် ဝိစာရမရှိလို့ မယူပါနဲ့တဲ့၊ အနု ဋီကာကလဲ "ပဌမဇ္ဈာနတ္ထ ပဌမဈာန သမင်္ဂီနံ ရူပါ ရူပါဝစရာနံ ဂဟဏံ"လို့ ပထမဈာန်ဝင်စားနေတဲ့ ရူပ အရူပပုဂ္ဂိုလ်ကိုယူပါလို့ မိန့်ဆိုပါတယ်။

ခုပြောနေတာ လိုရင်းဘာလဲ၊ ကာယမူ ဝစီမူလီ ပဋ္ဌလောမတဘာက်ရမှာ အဿာသ ပဿာသကင်းတဲ့ ပထမဈာန်ကို ကောက်ရာမှာ အဋ္ဌကထာဋီကာ များက ပထမဈာန်ကို ဝင်စားနေတဲ့ ရူပပုဂ္ဂိုလ်နဲ့ အရူပပုဂ္ဂိုလ်ကို ကောက် ပါတဲ့၊ အရကောက်မှာပြသွားသလို ကာမပုဂ္ဂိုလ်ကို မကောက်ပါနဲ့တဲ့၊ အဋ္ဌ ကထာ ဋီကာများရဲ့ အဘိပ္ပာယ်က ပထမဈာန် ဝင်စားတဲ့ ကာမပုဂ္ဂိုလ်ဟာ အဿာသ ပဿာသ မကင်းရဘူးလို့ ယူလိုပါတယ်။

အဋ္ဌကထာမိန့်ဆိုတဲ့ ရူပ အရူပပုဂ္ဂိုလ်များမှာ ဘယ်တော့မှ ထွက်သက် ဝင်သက်မဖြစ်ကြလေတော့ အထူးစဉ်းစားစရာ လိုမယ်မဟုတ်ပါဘူး၊ အရ ကောက်ဆရာတော် ကောက်ထားတဲ့ကာမပုဂ္ဂိုလ်ပါ ရထိုက်မရထိုက် စဉ်းစား စရာ ရှိပါတယ်၊ အရကောက် ဆရာတော်ကြီးဟာ အထက်ပါ အဋ္ဌကထာ ဋီကာများရဲ့ မိန့်ဆိုချက်ကို မြင်တော်မူပြီးဖြစ်လျက် အဘယ်ကြောင့် ကာမ

ပုဂ္ဂိုလ်ကိုပါထည့်ပြီး ကောက်ထားသလဲဆိုတဲ့ ၎င်းရဲ့အာဘောဂကိုသာ စဉ်းစားကြံဆဘွယ် ဖြစ်ပါတယ်။

**စဉ်းစားစရာက** အဿာသပဿာသကင်းပြီး ပထမဈာန်ကို ဝင်စားနေတဲ့ ပုဂ္ဂိုလ်ဟာ ကာမပုဂ္ဂိုလ်ဖြစ်နိုင်သလား, မဖြစ်နိုင်ဘူးလားလို့ စဉ်းစားရမယ်၊ အဿာသပဿာသများဟာ ဆိုင်ရာစိတ္တုပ္ပါဒ်တွေမှာ ဖြစ်ကြပေမဲ့ ဒီစိတ်တွေဖြစ်ပေါ်တိုင်း ဖြစ်ကြသလားဆိုရင် မဟုတ်ပါဘူး၊ ရံခါကင်း၍ဖြစ်မယ်၊ ရံခါတကွဖြစ်မယ်၊ မှန်ပါတယ်၊ အဿာသပဿာသဟာ စိတ္တဇရုပ်ဖြစ်လေတော့ စိတ္တက္ခဏ ၁၇-ချက်, ခဏငယ် ၅၁-ချက် အသက်ရှည်ပါတယ်၊ စိတ်များမှာ ခဏငယ် ၃-ချက်သာရှိလို့ အသက်တိုပါတယ်၊ စိတ်ဖြစ်တိုင်း ထွက်သက်ဝင်သက်တွေ ဖြစ်ရမယ်ဆိုရင် စိတ်အဖြစ်များသလို ထွက်သက်ဝင်သက်တွေကလည်း များပြားလှတော့မယ်၊ ထွက်သက်တခုမချုပ်မှီ ထွက်သက်အသစ်တွေ အကြိမ်ပေါင်းများစွာ ဖြစ်ကြလိမ့်မယ်၊ ထွက်သက်ဝင်သက်ဆိုတာ ဒီလိုများပြားစွာ မဖြစ်နိုင်ကြဘဲ အစဉ်မှန်မှန် အချိန်မှန်မှန်သာ ဖြစ်ကြပါတယ်၊ ဒီတော့ စိတ်ဖြစ်တိုင်း ထွက်သက်ဝင်သက်တို့ မဖြစ်နိုင်ကြပါဘူး၊ ဒီထွက်သက်ဝင်သက်ဟာ စိတ္တဇရုပ်ဖြစ်ပေမဲ့ စိတ္တဇရုပ်တိုင်းကိုလည်း ထွက်သက်ဝင်သက်လို့ မဆိုရပါဘူး၊ ဝါယောဓာတ်လွန်ကဲတဲ့ စိတ္တဇရုပ်အထူးကိုသာ ထွက်သက်ဝင်သက်ရယ်လို့ ဆိုရလေတော့ စိတ္တဇရုပ်ဖြစ်တိုင်းလည်း ထွက်သက်ဝင်သက်ဖြစ်တယ်ရယ်လို့ မဆိုနိုင်ပါဘူး၊ ထွက်သက်ဝင်သက်သဘောနဲ့ စိတ္တဇရုပ်ရဲ့သဘောကိုလည်း ခွဲခြမ်းပြီး သိထားရပါတယ်၊ ဒါကြောင့် စိတ် ဝိတက် ဝိစာရတို့ဖြစ်တိုင်း ထွက်သက်ဝင်သက်နှင့်တကွ ဖြစ်တာမဟုတ်၊ ရံခါကင်း၍ဖြစ်မယ်၊ ရံခါတကွဖြစ်မယ်၊ ဒီတော့ အဿာသပဿာသကင်းပြီး ပထမဈာန်ကိုဝင်စားနေတဲ့ ကာမပုဂ္ဂိုလ်မှာ ထွက်သက် ဝင်သက် ကင်းနေခိုက် "ဝိနာ အဿာသပဿာသေဟိ" နဲ့ ညီညွတ်လိမ့်မည် ဖြစ်ရကား အရကောက်မှာ ကောက်သည့်အတိုင်း ကာမပုဂ္ဂိုလ်ကိုပါ ယူသင့်တယ်လို့ ကြံဆသင့်ပါတယ်။

**ကာယမူ ဝစီမူလီ နှစ်ဘက်ရ။** ။နှစ်ဘက်ရက ပြောခဲ့တဲ့အတိုင်း "ပထမဈာနံ သမာပန္နာနံ" ဖြင့် ဈာနောကာသရဲ့ အစွမ်းဖြင့် ပုဂ္ဂိုလ်ကိုပြပါတယ်၊ "ကာမာဝစရာနံ" ဖြင့် ဘုမ္မောကာသရဲ့ အစွမ်းဖြင့် ပုဂ္ဂိုလ်ကိုပြပါတယ်၊ ဒီဈာနောကာသ, ဘုမ္မောကာသ နှစ်ပါးလုံးကိုအထူးပြုဘို့ "အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ" လို့ ဟောပါတယ်၊ ဒီအဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ-ဆိုတဲ့ ဝိသေသနဖြင့် ရူပ အရူပဘုံမှာ ပထမဈာန်ဝင်စားတဲ့ ပုဂ္ဂိုလ်နဲ့ ကာမဘုံမှာ အမိဝမ်း၌ ကိန်းသူစသည်ကို နှစ်စေပါတယ်၊ ဒီပုဂ္ဂိုလ်များကို မယူရဘူးလို့

မူလဋီကာရဲ့ စကားအရ ကာမဘုံမှာ အဿာသပဿာသနဲ့ တကွဖြစ်တဲ့ ကာမပုဂ္ဂိုလ်ကို မနစ်စေဘူး၊ ယူရပါတယ်၊ ဒါပေမဲ့ ပထမဈာန်ကို ဝင်စားတိုင်းသော ကာမပုဂ္ဂိုလ်အား အဿာသပဿာသနဲ့ မကင်းရဘူး၊ တကွဖြစ်ရမယ်လို့တော့ မယူဆအပ်ပါဘူး။

အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေလို့ ဟောထားတဲ့ ပါဠိကို စဉ်းစားရင် ထွက်သက်ဝင်သက်ဟာ တပြိုင်နက် ဥပါဒ်သလို ဖြစ်နေပါတယ်၊ ဒီလိုတော့ မယူဆအပ်ပါဘူး၊ အကြောင်းက ထွက်သက်နဲ့ဝင်သက်တို့ ဖြစ်ပုံမှာ လွန်စွာကွာခြားလျက်ရှိ၍ ထွက်သက်ဥပါဒ်ဆဲမှာ ဝင်သက် မဥပါဒ်နိုင်၊ ဝင်သက်ဥပါဒ်ဆဲမှာ ထွက်သက် မဥပါဒ်နိုင်၊ စိတ်တို့ရဲ့ ဖြစ်ပျက်မှု လွန်စွာမြန်လှလို့ ဖြစ်ပါတယ်၊ တပေါင်းတည်းဟောတာကတော့ ဒေသနာနည်းသာ ဖြစ်ပါတယ်၊ ဒီတော့ ဗလဝါရမှာဈာန်ဝင်စားနေတဲ့ ကာမပုဂ္ဂိုလ်ပင် ဖြစ်စေကာမူ ဒီ ထွက်သက် ဝင်သက်တွေဟာ ဈာန်စိတ္တုပ္ပါဒ်များနဲ့ အမြဲ ဖြစ်နေရမယ်လို့ မယူဆအပ်ပါဘူး။

(ကာ-ဝ)ပစ္စနိက်ကြွင်း။ ။ပါဠိတော် ဇယားကိုကြည့်ရင်သခ်ါရသုံးပါးလုံးပင် ဆိုင်ရာ ဥပ္ပါဒက္ခဏများကို ရကြလေတော့ ဘင်္ဂက္ခဏများ ပစ္စနိက်လာထွက်ကြတယ်၊ ဒီဘင်္ဂက္ခဏများက ဈာန်ဝင်စား မဝင်စား အားလုံးနဲ့ ဆက်ဆံလို့ ဈာနေသကာသအားလုံး, ဘုမ္မောကာသအားလုံးကို ကောက်ရပါတယ်။

အဋ္ဌကထာမှာ ကာယသင်္ခါရဟာ စိတ္တဇရုပ် ကေန်ဖြစ်လေတော့ "စိတ္တဿ ဘင်္ဂက္ခဏေ" လို့ ဟောပါတယ်၊ ဥပါဒ်ဆဲ ဖြစ်ဆဲဖြစ်တဲ့စိတ်သာ စေတသိက်နာမ်နဲ့ စိတ္တဇရုပ်ကို ဖြစ်စေနိုင်တယ်၊ ပျက်ဆဲဘင်္ဂက္ခဏသို့ ရောက်ဆဲစိတ်ကတော့ ထိုနာမ်ရုပ်ကို မဖြစ်စေနိုင်ပါဘူးတဲ့။

## နိရောဓဝါရ (ကာ-ဝ)

ယမိုက်ဟောတော်မူပုံများမှာ ပဋ္ဌာန်းလို အာသေဝနပစ္စည်းတပ်မှု နည်းပါးလေတော့ အာသေဝနပစ္စည်းတပ်အောင် ပို့ချပေးမယ် ဆိုတာ မှု မူလိတခုကိုပင် ဥပ္ပါဒ, နိရောဓ, ဥပ္ပါဒနိရောဓဝါရရယ်လို့ သုံးပါးလုံးကို တခါတည်း ပို့ချပေးလိုက်ရင် ဥပ္ပါဒဝါရက သိနားလည်ပြီး ဖြစ်လေတော့ နိရောဓဝါရ စသည်မှာ ခက်ခဲဘွယ်မရှိတာကို ပြောတာဖြစ်ပါတယ်၊ ဥပ္ပါဒဝါရနဲ့ နိရောဓဝါရကို ယှဉ်ကြည့်ရင် ဥပ္ပါဒက္ခဏနဲ့ ဘင်္ဂက္ခဏမျှသာ ကွဲပြားကြောင်းကို တွေ့ရပါလိမ့်မယ်၊ ဒီတော့ ဥပ္ပါဒဝါရက ဥပ္ပါဒက္ခဏများကို ဘင်္ဂက္ခဏပြောင်း၊ ဘင်္ဂက္ခဏကို ဥပ္ပါဒက္ခဏလို့ ပြောင်းပြီး ဆိုရရုံပါဘဲ၊ အဓိပ္ပါယ်များကိုလဲ

အတော်ကလေး စုံလင်အောင် ပြောခဲ့ပြီဖြစ်၍ ထူးရာမျှကိုသာ ပြောပြပါမယ်၊ ပါဠိအရကောက်များကို ဆိုရရုံပါဘဲ။

ယဿ ယတ္ထ ကာယသင်္ခါရော နိရုဇ္ဈတိ၊ တဿ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈတီတိ၊ ဝိနာ ဝိတက္ကဝိစာရေဟိ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော နိရုဇ္ဈတိ နောစ တေသံ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈတိ၊ ပဌမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရောစ နိရုဇ္ဈတိ ဝစီသင်္ခါရော စ နိရုဇ္ဈတိ။ ။ ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော နိရုဇ္ဈတိ တဿ တတ္ထ ကာယသင်္ခါရော နိရုဇ္ဈတီတိ၊ ဝိနာ အဿာသပဿာသေဟိ ဝိတက္ကဝိစာရာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈတိ နောစ တေသံ တတ္ထ ကာယသင်္ခါရော နိရုဇ္ဈတိ၊ ပဌမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ ဝစီသင်္ခါရော စ နိရုဇ္ဈတိ ကာယသင်္ခါရော စ နိရုဇ္ဈတိ။

အရကောက်ကလဲ အတူတူပါဘဲ၊ ဥပ္ပါဒက္ခဏကို ဘင်္ဂက္ခဏလို့ ပြောင်းရရုံပါဘဲ။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အဿာသပဿာသနှင့် တကွ ဖြစ်သော ဒုတိယဈာန်ဇော တဆယ်၊ တတိယဈာန်ဇော တဆယ်တို့၏ ဘင်္ဂက္ခဏ သမင်္ဂီဟု-ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ဒုတိယ ဈာန် တတိယဈာန်ဟု-ဆိုအပ်သော ဈာနောကာသ ရ၏။ ။အဿာသပဿာသ နှင့်တကွဖြစ်သော ပဌမဈာန်ဇော နှစ်ဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ် သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟု ဆိုအပ် သော ဈာနောကာသ၊ အဿာသပဿာသနှင့် တကွဖြစ်သော ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ (၁၁) ဘုံဟု-ဆိုအပ် သော ဘုမ္မောကာသလည်း ရ၏၊ သံသယကား နောက်သာ ရ၏။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အဿာသပဿာသ ကင်းသော ပဌမဈာန်ဇော နှစ်ဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား သော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ပဌမဈာန်ဇော (၁၄) ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စား သော အရူပါဝစရပုဂ္ဂိုလ်၊ ဤ ပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ အဿာသပဿာသကင်းသော ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်

သော ကာမစိတ် ၄၄-ခုတို့၏ ဘင်္ဂဏ္ဍာသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စား သော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု-ဆိုအပ်သော ဘုမ္မောကာသ၊ လောဘမူရှစ်၊ ဒေါသမူနှစ်၊ သမ္ပယုတ်စိတ်နှစ်၊ သန္တီရဏသုံး၊ အဟိတ်ကြိယာသုံး၊ မဟာကုသိုလ်ရှစ်၊ မဟာကြိယာရှစ်၊ ပဌမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက်ဟုဆိုအပ်သော သဝိတက္ကသဝိစာရစိတ် (၃၆) ခုတို့၏ ဘင်္ဂဏ္ဍာသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ (၁၅) ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ လောဘမူရှစ်၊ မောဟမူနှစ်၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ရှစ်၊ မဟာကြိယာရှစ်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ် (၂၇)ခုတို့၏ ဘင်္ဂဏ္ဍာသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော အရူပါဝစရ ပုဂ္ဂိုလ်တို့အားအရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏၊ အနုလောမ သံသယလည်း ရ၏၊ သံသကား နောက်သာ ရ၏။

ပစ္စနိက်သံသယကြွင်းလဲ ဥပ္ပါဒဝါရတုံးကလိုပါဘဲ၊ ဥပ္ပါဒဝါရမှာ ဥပ္ပါဒက္ခဏေ လို့ဆိုတယ်၊ ဒီမှာ ဘင်္ဂက္ခဏေ လို့ဆိုရုံပါဘဲ။

ယဿ ယတ္ထ ကာယသင်္ခါရော န နိရုဇ္ဈတိ တဿ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈတီတိ၊ ဝိနာ အဿာသပဿာသေဟိ ဝိတက္ကဝိစာရာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော န နိရုဇ္ဈတိ နော စ တေသံ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈတိ၊ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ ဝိနာ အဿာသပဿာသေဟိ အဝိတက္ကအဝိစာရစိတ္တဿ ဘင်္ဂက္ခဏေ (နိရောဓသမာပန္နာနံ) အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ န နိရုဇ္ဈတိ ဝစီသင်္ခါရော စ န နိရုဇ္ဈတိ။ ။ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈတိ တဿ တတ္ထ ကာယသင်္ခါရော န နိရုဇ္ဈတီတိ၊ ဝိနာ ဝိတက္ကဝိစာရေဟိ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော န နိရုဇ္ဈတိ၊ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ ဝိနာ အဿာသပဿာသေဟိ အဝိတက္ကအဝိစာရစိတ္တဿ ဘင်္ဂက္ခဏေ (နိရောဓသမာပန္နာနံ) အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ န နိရုဇ္ဈတိ ကာယသင်္ခါရော စ န နိရုဇ္ဈတိ။

ပစ္စနိက်သံသယကြွင်းကား ခပ်သိမ်းသောစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ ကာမ (၁၁)ဘုံ၊ အသညသတ်ကြဉ်သော ရူပ

(၁၅)ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ အဿာသပဿာသ ကင်းသော ဒုတိယဈာန်ဇော တဆယ်၊ တတိယဈာန်ဇော တဆယ်၊ စတုတ္ထဈာန်ဇော (၁၈) ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာဒုတိယဈာန်ဇော ခုနစ်ခု၊ တတိယဈာန်ဇောခုနစ်ခု၊ စတုတ္ထဈာန်ဇော (၁၅)ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော အရူပါဝစရပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနောကာသ၊ဒွေပဉ္စဝိညာဉ်တဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သောဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ (၁၁) ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ စက္ခုဝိညာဉ်ဒွေ၊ သောတဝိညာဉ်ဒွေ၊ တတိယဈာန်ဝိပါက်၊ စတုတ္ထဈာန်ဝိပါက်၊ ပဉ္စမဈာန်ဝိပါက်၊ အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္ကအဝိစာရစိတ် (၁၁) ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ(၁၅) ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သောဘုမ္မောကာသ၊(နိရောဓသမာပတ်ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်) အသညသတ် ဥပပတ္တိစိတ္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

## ဥပ္ပါဒနိရောဓဝါရ (ကာ-ဝ)

နိရောဓဝါရပြီးတော့ ဥပ္ပါဒနိရောဓဝါရ ဆိုရပါမယ်၊ ဥပ္ပါဒနိရောဓဝါရအတွက် တရားကြည့်လိုက်ရင် ဥပ္ပါဒဝါရက ဥပ္ပါဒက္ခဏ၊ နိရောဓဝါရက ဘင်္ဂက္ခဏများ ဖြစ်နေတော့ အရမတူကြသဖြင့် "နော" ဝိဘင်း ထွက်ပါလိမ့်မယ်၊ ပဝတ္တိဝါရကို ဟောတဲ့ ဥပ္ပါဒနိရောဓဝါရဟူသမျှ အားလုံးပင် "နော" ဝိဘင်းထွက်ကြောင်း ယမိုက်ကျမ်းများမှာ တွေ့ရလိမ့်မယ်။

အဋ္ဌကထာကလဲ ကာယသင်္ခါရဟာ စိတ်တို့ရဲ့ ဥပ္ပါဒက္ခဏ၌ ဖြစ်နေသဲ၊ ဝစီသင်္ခါရဖြစ်တဲ့ ဝိတက်ဝိစာရတို့ ချုပ်ဆဲမဟုတ်လို့ "နော" ဝိဘင်း ထုတ်ရကြောင်း မိန့်ဆိုပါတယ်၊ ပါဠိတွေတုတ်မပြတော့ပါဘူး။

ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ တဿ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈတီတိ၊ **နော**။ ။ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော နိရုဇ္ဈတိ တဿ တတ္ထ **ကာယသင်္ခါရော** ဥပ္ပဇ္ဇတီတိ၊ နော။

အရကောက်မှာလဲ ပါဠိတော်ဇယားမှာ ပြထားတဲ့ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ အတိုင်း အရကောက်ရပါလိမ့်မယ်၊ အရကောက်ဇယား နံပါတ် ၁-၂-၇-မှာ ပြထားတဲ့အတိုင်းကောက်ပါ၊ ၁ နှင့် ၂-ကိုပေါင်းကောက်ပါ။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အဿာသပဿာသနှင့် တကွ ပဌမဈာန်ဇော နှစ်ဆယ်၊ ဒုတိယဈာန်ဇော တဆယ်၊ တတိယဈာန်ဇော တဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန် ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနေကာသ၊ အဿာသပဿာသနှင့် တကွဖြစ်သော ဒွေပဉ္စဝိညာဉ်တဆယ် ကြဉ်သော ကာမစိတ် လေးဆဲ့လေးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ ဟုဆိုအပ်သော ဘုမ္မောကာသ ရ၏၊ သံသယအရ မရှိ။

ပဋိလောမမှာလဲ "နော" ထွက်ခဲ့တယ်၊ နော-အရ ဝိတက္က ဝိစာရာနံ ဘင်္ဂက္ခဏေ"လို့ရှိတဲ့ ပါဠိအတိုင်း ဝဓိသင်္ခါရကွက်မှာ ရှိတာကို ကောက်နိုင်ပါတယ်၊ ဒါတွေကို တူရာပေါင်းပြီး အကျဉ်းကောက်ရင် ဝဓိရတဲ့ ၁-၃-၅-မှာ ပဌမဈာန်ချင်းတူနေလို့ ၎င်းကို စုပေါင်းပြီး ပဌမဈာန်ဇောနှစ်ဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ (၅-က အရူပါဝစရကို ထည့်ပေးပါ၊) ပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟုဆိုအပ်သော ဈာနောကာသ၊ တဖန် ၇-၈-မှာ ကာမစိတ် ၄၄-ရှိပါတယ်၊ ၁၀-သဝိတက္က သဝိစာရ ၃၆-ထဲမှာ ကာမစိတ် ၄၄-ထဲမပါသေးတာက ပဌမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက် ဖြစ်ပါတယ်၊ ၁၁-သဝိတက္က သဝိစာရ ၂၇-ထဲမှာတော့ မပါတာမရှိတော့ပါဘူး၊ ဒီတော့ ဒီ ၇-၈-၁၀-၁၁-လေးချက်ကိုပေါင်းပြီး "ဒွေပဉ္စ ဝိညာဉ်တဆယ် ကြဉ်သော ကာမစိတ် ၄၄-ခု၊ ပဌမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက်ဟုဆိုအပ်သော ဖြစ်ထိုက်သော သဝိတက္က သဝိစာရစိတ် ၄၆-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ"လို့ ကောက်ရပါတယ်၊ ဒီလို ဘာဖြစ်လို့ ပေါင်းကောက်သလဲ ဆိုရင် ဝဓိသင်္ခါရအတွက် သက်သက်ကောက်တာဖြစ်တော့ ကာယသင်္ခါရနဲ့ လျဉ်းပါးဘွယ်မရှိလို့ ဒီလို ပေါင်းကောက်ရပါတယ်။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ပဌမဈာန် ဇောနှစ်ဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ

အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ ဒွေ ပဉ္စ ဝိညာဉ်တဆယ် ကြဉ်သော ကာမစိတ် လေးဆဲ့လေးခု၊ ပထမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော ဖြစ်ထိုက်သော သဝိတက္က သဝိစာရစိတ် ၄၆-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာ ဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ၊ အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏၊ သံသယအရာ မရှိ။

ပစ္စနိက်ကျတော့ အပြန် အလှန် ထုံးစံအတိုင်း ဝိဘင်း ထုတ်ရပါတယ်၊ နှစ်ဘက်ရကျတော့ အဿာသ ပဿာသကင်းတာ ဝစီဆိုတဲ့ ဝိတက် ဝိစာရ ကင်းတာတွေ ထုတ်ရပါတယ်၊ ပစ္စနိက်ကွက်မှာရှိတဲ့ နိရောဓ သမာပန္နာနံနှင့် အသညသတ္တာနံကတော့ အမြဲထုတ်ရပါလိမ့်မယ်၊ ကာယသင်္ခါရ ဖြစ်ဆဲမဟုတ် တာ လိုချင်တော့ ဥပ္ပါဒမှာရှိတဲ့ ကာယသင်္ခါရ ကွက်လပ် "ဝိနာ အဿာသ ပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ"ကို ထုတ်ရပါတယ်၊ တဖန် ဝစီသင်္ခါရ ချုပ်ဆဲမဟုတ်တာကို နိရောဓမှာရှိတဲ့ ဝစီသင်္ခါရ၏ ကွက်လပ် "ဝိနာ ဝိတက္က ဝိစာရေဟိ စိတ္တဿ ဘင်္ဂက္ခဏေ"ကို ထုတ်ရတယ်၊ ပြီးတော့ ပစ္စနိက်ကွက်မှာ ရှိတဲ့ (ပုဂ္ဂလဝါရအတွက်=နိရောဓ သမာပန္နာနံ) အသညသတ္တာနံကို ထုတ်ရ ပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ တဿ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈတီတိ၊ ဝိတက္က ဝိစာရာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ နော စ တေသံ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈတိ၊ ဝိနာ အဿာသ ပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ, ဝိနာ ဝိတက္က ဝိစာရေဟိ စိတ္တဿ ဘင်္ဂက္ခဏေ (နိရောဓ သမာပန္နာနံ) အသညသတ္တာနံ တေသံ တတ္ထ ကာယ သင်္ခါရော စ နုပ္ပဇ္ဇတိ ဝစီသင်္ခါရော စ န နိရုဇ္ဈတိ။ ။ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈတိ တဿ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတီတိ၊ အဿာသ ပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ၊ ဝိနာ အဿာသ ပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ, ဝိနာ ဝိတက္က ဝိစာရေဟိ စိတ္တဿဘင်္ဂက္ခဏေ (နိရောဓ သမာပန္နာနံ) အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ န နိရုဇ္ဈတိ ကာယသင်္ခါရော စ နုပ္ပဇ္ဇတိ။

အရကောက်အကျယ်က ကာယမူ စိတ္တမူလီနဲ့ ဝစီမူ စိတ္တမူလီ ပဋိလောမ တဘက်ရများအတိုင်း ကောက်နိုင်ပါတယ်၊ ၎င်းကို ကာယမူ စိတ္တမူလီ၊ ဝစီမူ

စိတ္တမူလီကို ဟောတဲ့အခါ ပြောပြပါမယ်၊ အကျဉ်းကောက်ရင် အဿာသ ပဿာသကင်းတဲ့ ဈာန်တွေစိတ်တွေကိုစုပေါင်းပြီးကောက်ရမှာဖြစ်တော့ကာယ နဲ့မဆိုင်တဲ့ ကာယကွက်လပ်များ အားလုံးကိုကြည့်ပါ၊ အဿာသ ပဿာသကင်း သော ဖြစ်ထိုက်သောစိတ်တို့၏ (ဖြစ်ထိုက်သောစိတ်ဆိုတာ အဿာသ ပဿာသ ကင်းတဲ့ ဈာန်ဇောတွေ၊ စိတ္တုပ္ပါဒ်တွေကို အကုန်ယူရပါတယ်၊) ဥပ္ပါဒက္ခဏ သမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော (ဈာန်ဝင်စားအတွက် ဈာနေ့ာကာသ၊ မဝင်စားအတွက် ဘုမ္မော့ကာသ နှစ်ပါးလုံးကို ပေါင်းပြီး ကောက်ရန် ဖြစ်ပါတယ်၊) ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ် တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနေ့ာကာသ လေးပါး၊ ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မော့ကာသ သုံးပါး၊ ဒါက ဝိနာ အဿာသ ပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ ပါဠိအရ ဖြစ်ပါတယ်၊ တဖန် ''ဝိနာ ဝိတက္က ဝိစာရေဟိ စိတ္တဿဘင်္ဂက္ခဏေ''အရကိုလည်း အကျဉ်းကောက် ရင် ဝိတက် ဝိစာရကင်းတယ်လို့ ဆိုသဖြင့် ဝစီနဲ့ မဆိုင်တဲ့ ကွက်လပ်များကို ကြည့်ပါ၊ အဝိတက္က အဝိစာရစိတ် ၅၅-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ် တို့အား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနေ့ာ ကာသ သုံးပါး၊ ဘုမ္မော့ကာသ သုံးပါး၊ ပုဂ္ဂလဝါရအတွက် နိရောဓ သမာ ပတ်နဲ့ အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် တို့အား အသညသတ်ဘုံဟုဆိုအပ်သော ဘုမ္မော့ကာသလို့ ကောက်ရပါတယ်။

ပစ္စနိက် သံသယကြွင်းကား အဿာသ ပဿာသ ကင်းသော ဖြစ်ထိုက် သောစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနေ့ာကာသ၊ ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မော့ ကာသ၊ အဝိတက္က အဝိစာရစိတ် ၅၅-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ် တို့အား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနေ့ာ ကာသ၊ ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မော့ကာသ၊ (နိရောဓသမာပတ်ဝင်စားခိုက်သော အနာဂါမ်

ရဟန္တာပုဂ္ဂိုလ်၊)အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏။

ကာယသင်္ခါရမှု ဝစီသင်္ခါရမှုလီအတွက် ဥပ္ပါဒဝါရ၊ နိရောဓဝါရ၊ ဥပ္ပါဒ နိရောဓဝါရ အားလုံးပြီးသွားပါပြီ၊ ကာယသင်္ခါရမှု စိတ္တသင်္ခါရမှုလီ ဆက်ရ ပါမယ်။ ယနေ့ တော်ကြဦးစို့။

သာဓု - သာဓု - သာဓု။

## ဥပ္ပါဒဝါရ၊ ကာယမှု စိတ္တမှုလီ

ကာယသင်္ခါရမှု စိတ္တသင်္ခါရမှုလီ ပါဠိဇယားကြည့်လိုက်ရင် ကာယသင်္ခါရ ကနဲ့လို အနုလောမ "အာမန္တာ" ထွက်ပါလိမ့်မယ်၊ ပဋိလောမမှာ ကာယ သင်္ခါရမရတဲ့ ကွက်လပ်ကို တဘက်ရယူပြီး ကာယသင်္ခါရကွက်မှာ ပြထားတဲ့ "အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ" ကို နှစ်ဘက်ရ ဆိုရပါလိမ့်မယ်။

ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ တဿ ဟတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇတိ တဿ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ စိတ္တသင်္ခါရော စ ဥပ္ပဇ္ဇတိ ကာယသင်္ခါရော စ ဥပ္ပဇ္ဇတိ။

အရကောက်မှာ စိတ္တသင်္ခါရသာ ရ၍ ကာယသင်္ခါရ မရတဲ့ ကွက်လပ်တွေ ကိုကြည့်ပါ၊ ကြည့်တော့ နံပါတ် ၃-၄-၅-၆-၇-၉-၁၀-၁၁-၁၂-၁၃- တွေဟာ စိတ္တနှင့်သာဆိုင်ပြီး ကာယနဲ့မဆိုင်တာ တွေ့ပါလိမ့်မယ်၊ ဒီတော့ ဒီအကွက်တွေကို အားလုံးပေါင်းပြီး သူ့ဆိုင်ရာဆိုင်ရာတွေကို ကောက်ရပါ လိမ့်မယ်၊ ၃-၄-၅-၆-ဟာ ဈာန်တွေ ဖြစ်ပါတယ်၊ ၃-၄-က အဿာသ ပဿာသကင်းတဲ့ ပထမဈာန်နှစ်ဆယ်၊ ဒုတိယဈာန် တဆယ်၊ တတိယဈာန် တဆယ်၊စတုတ္ထဈာန် ၁၇-ပါး၊ ၅-၆-က သောတာပတ္တိမဂ်ကြဉ်တဲ့ လောကုတ္တရာ ပထမဈာန် ၁၄၊ဒုတိယဈာန် ခုနစ်ခု၊ တတိယဈာန် ခုနစ်ခု၊ စတုတ္ထဈာန် တဆဲ့ ငါးခုဖြစ်ပါတယ်၊ ဒီလေးချက်ကို ပေါင်းပြီး ဈာန်လေးပါး ဆိုလိုက်ရင် ကိစ္စပြီး ပါတယ်၊ ပုဂ္ဂိုလ်အားဖြင့် ကာမ ရူပ အရူပပုဂ္ဂိုလ်တွေ ရပါတယ်၊ နောက် ၇-၉-ကို ပေါင်းလိုက်ရင် အဿာသပဿာသနှင့် တကွဖြစ်တဲ့ ကာမစိတ် ၅၄-လာဖြစ်ပါတယ်၊ ၁၀-နှင့် ၁၂-ကို ပေါင်းလိုက်ရင် သဝိတက္က သဝိစာရ

* ၁၃၃၂-ခု၊ ဝါခေါင်လဆန်း (၂)ရက်(၄-၇-၇၀) အင်္ဂါနေ့-ပဋ္ဌမအကြိမ်။

အဝိတက္ကအဝိစာရ စိတ် ၄၃-ဖြစ်ပါ လိမ့်မယ်၊ ၁၁-နှင့် ၁၃-ကို ပေါင်း ရင်လဲ သဝိတက္ကသဝိစာရ အဝိတက္ကအဝိစာရ စိတ် ၃၁-ခု လာဖြစ် ပါတယ်၊ သူတို့ကို သဝိတက္ကသဝိစာရ အဝိတက္က အဝိစာရလို့ဆိုပြီး ကောက်ရ ပါလိမ့်မယ်၊ ပဋ္ဌာနကို ကောက်ပြပါမယ်။

ပဋ္ဌာနပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အဿာသပဿာသကင်းသော ပထမဈာန်ဇော နှစ်ဆယ်၊ ဒုတိယဈာန်ဇော တဆယ်၊ တတိယဈာန်ဇောတဆယ်၊ စတုတ္ထဈာန်ဇော ၁၀-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စား သော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယ ဈာန် စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနေဝကာသ၊ သောတာပတ္တိမဂ်ကြဉ် သော လောကုတ္တရာပထမဈာန်ဇော ၁၄-ခု၊ ဒုတိယဈာန်ဇော ခုနစ်ခု၊ တတိယ ဈာန်ဇော ခုနစ်ခု၊ စတုတ္ထဈာန်ဇော ၁၅-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ် သော ဈာန်ဝင်စားသော အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနေဝကာသ၊ (ဒါက ဈာနေဝ ကာသ အတွက်ပါ) အဿာသပဿာသနှင့် တကွဖြစ်သော ကာမစိတ် ၅၄-ခု တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ လောဘမူရှစ်၊ မောဟမူနှစ်၊ စက္ခုဝိညာဉ်နှစ်၊ သောတဝိညာဉ်နှစ်၊ သမ္ပဋိစ္ဆိုင်းနှစ်၊ သန္တီရဏ သုံး၊ အဟိတ်ကြိယာသုံးခု၊ မဟာကုသိုလ် ရှစ်ခု၊ မဟာကြိယာ ရှစ်ခု၊ ရူပဝိပါက် ငါးခုဟုဆိုအပ်သော သဝိတက္ကသဝိစာရစိတ် ၄၃-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ လောဘမူရှစ်၊ မောဟမူ နှစ်၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ရှစ်၊ မဟာကြိယာရှစ်၊ အရူပဝိပါက် လေးခုဟုဆိုအပ်သော သဝိတက္ကသဝိစာရစိတ် ၃၁-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သော ဈာန်မဝင်စားသော အရူပါဝစရပုဂ္ဂိုလ်တို့အား အရူပလေးဘုံ ဟုဆိုအပ်သော ဘုမ္မောကာသ ရ၏၊ (နှစ်ဘက်ရက ကာယသင်္ခါရမှာရှိတဲ့ ၁-၂-၇-အတိုင်း ပါဘဲ) အဿာသပဿာသနှင့် တကွဖြစ်သော ပထမဈာန် ဇော နှစ်ဆယ်၊ ဒုတိယဈာန်ဇော တဆယ်၊ တတိယဈာန်ဇော တဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့ အား ပထမဈာန် ဒုတိယဈာန် တတိယဈာန်ဟုဆိုအပ်သော ဈာနေဝကာသ၊ အဿာသပဿာသနှင့် တကွဖြစ်သော ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော ကာမ စိတ် ၄၄-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော

ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟုဆိုအပ်သော ဘုမ္မောကာသလည်းရ၏၊ သံသယကား နောက်သာရ၏၊ အနုလောမ ဌင်းရ၏။

ပစ္စနိက် ကျတော့ ပစ္စနိက်မှာရှိတဲ့ ပါဠိ အရကောက် အတိုင်း ပါဘဲ၊ ဘာ့ကြောင့်လဲဆိုတော့ စိတ္တသင်္ခါရက အပြည့်အစုံရနေပါတယ်၊ တဘက်ရကတော့ ထုံးစံအတိုင်း လှည့်ရရုံပါဘဲ။

ယဿ ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ တဿ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇတီတိ၊ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ (နိရောဓသမာပန္နာနံ) အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ နုပ္ပဇ္ဇတိ စိတ္တသင်္ခါရော စ နုပ္ပဇ္ဇတိ။ ။ ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇတိ တဿ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတီတိ၊ အာမန္တာ။ (နိရောဓသမာပန္နာနံက ပုဂ္ဂလဝါရ အတွက်ပါ)။

ပစ္စနိက်သံသယကြွင်းကား ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားမဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (နိရောဓသမာပတ်ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်) အသညသတ် ဥပပဇ္ဇန္တစဝန္တ ဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

## နိရောဓဝါရ၊ ကာယမူ စိတ္တမူလီ

နိရောဓဝါရမှာ ဥပ္ပါဒအတိုင်း ဥပ္ပါဒက္ခဏကို ဘင်္ဂက္ခဏလဲပြီး ဆိုရရုံပါဘဲ၊ အနုလောမမှာ ဥပ္ပါဒဝါရတုံးက ဘာကြောင့် "အာမန္တာ" ဝိဘင်း ထွက်ရတယ်၊ပဋိလောမမှာ ဘာကြောင့်ဝိဘင်းရှည်ထွက်ရတာကို အဋ္ဌကထာက ကာယသင်္ခါရဟာ အမြဲဘဲစိတ္တသင်္ခါရနဲ့ တပြိုင်နက်သောခဏမှာ အတူတကွ ချုပ်နိုင်လို့ အနုလောမမှာ "အာမန္တာ"လို့ ဟောပါတယ်၊ ပဋိလောမမှာတော့ စိတ္တသင်္ခါရက ကာယသင်္ခါရနဲ့ အမြဲ တပြိုင်နက်မချုပ်နိုင်ဘူး၊ ကာယသင်္ခါရနဲ့ကင်းပြီး ဖြစ်လဲ ဖြစ်နိုင်တယ်၊ ချုပ်လဲ ချုပ်နိုင်တယ်၊ အထူးအားဖြင့် ကာယသင်္ခါရဆိုတာ စိတ္တဇ ထွက်သက်ဝင်သက်လေမျှသာဖြစ်လေတော့ စိတ္တဇရုပ်ရဲ့ သဘောအတိုင်း စိတ်ရဲ့ ဥပါဒ်မှာဖြစ်ပြီး မိမိနှင့် တပြိုင်နက်ဖြစ်တဲ့ စိတ်တခုမှတပါး

၁၆-ချက်သော စိတ်တွေ ဖြစ်နေတဲ့ကာလအတွင်းမှာ ၎င်းဟာ ဌီအနေနဲ့တည် နေပြီး ၁၆-ချက်သော စိတ်တို့တွင် နောက်ဆုံး စိတ်နဲ့အတူတကွ ချုပ်တယ်၊ အတူဖြစ်တဲ့စိတ်ပါယူရင် ၁၇-ချက်မြောက်သော စိတ်နဲ့အတူ ချုပ်တယ်၊ တစုံ တခုသော စိတ်ရဲ့ ဥပါဒ်ခဏ ဌီခဏမှာ ချုပ်လည်း မချုပ်ဘူး၊ ဘင်ခဏမှာ ဖြစ်လည်း မဖြစ်ဘူး၊ဒီလို ၁၇ ချက်မြောက်တဲ့ စိတ်ရဲ့ဘင်နဲ့သာပြိုင်၍ချုပ်ခြင်း၊ မည်သည့်စိတ်၏ ဥပါဒ်ခဏ ဌီခဏမှာမှမချုပ်ခြင်း၊ ဘင်ခဏမှာမဖြစ်ခြင်းတို့ဟာ စိတ္တဇရုပ်တို့ရဲ့ ဓမ္မတာသဘောဖြစ်လေတော့ ကာယသံဓါရဟာ အမြဲပင် စိတ္တ သံဓါရနဲ့အတူတကွ တပြိုင်နက် ချုပ်နိုင်ခြင်းကြောင့် "အာမန္တာ"လို့ ဖြေပါ တယ်။ သိဟိဠ်ဝိဘင်း အဋ္ဌကထာများမှာ စိတ္တဇရုပ်ဟာ ၁၇-ချက်မြောက်သော စိတ်ရဲ့ ဥပါဒ်ခဏမှာ ချုပ်တယ်လို့ဆိုထားမှုဟာဒီ ကာယသံဓါရမူ စိတ္တသံဓါရ မူလီ "အာမန္တာ" ဝိဘင်းနဲ့ ဆန့်ကျင်ဘက် ဖြစ်နေပါတယ်၊ ပါဠိတော်က အဋ္ဌ ကထာထက် လွန်စွာအားကြီးလေတော့ ပါဠိတော်အတိုင်းသာ မှတ်သားပါလို့ မိန့်ဆိုပါတယ်။

ယဿ ယတ္ထ ကာယသံခါရော နိရုဇ္ဈတိ၊ တဿ တတ္ထ စိတ္တသံခါရော နိရုဇ္ဈတီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသံခါရော နိရုဇ္ဈတိ၊ တဿ တတ္ထ ကာယသံခါရော နိရုဇ္ဈတီတိ၊ ဝိနာ အဿာသ ပဿာသေဟိ စိတ္တဿဘင်္ဂက္ခဏေ တေသံ တတ္ထ စိတ္တသံခါရော နိရုဇ္ဈတိ၊ နော စ တေသံ တတ္ထ ကာယသံခါရော နိရုဇ္ဈတိ၊ အဿာသ ပဿာသာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ စိတ္တသံခါရော စ နိရုဇ္ဈတိ ကာယသံခါရော စ နိရုဇ္ဈတိ။

အရကောက်ကလဲ မထူးပါဘူး၊ ကာယသံခါရရဲ့ကွက်လပ်တွေနဲ့ စိတ္တသံခါ ရက ရတာတွေပေါင်းပြီး ဆိုရရုံပါဘဲ။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အဿာသ ပဿာသကင်းသော ပထမဈာန်ဇောနှစ်ဆယ်၊ ဒုတိယဈာန်ဇောတဆယ်၊ တတိယဈာန်ဇောတဆယ်၊ စတုတ္ထဈာန်ဇော ၁၈-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား သော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယ ဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနေသကာသ၊သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ပထမဈာန်ဇော ၁၄-ခု၊ ဒုတိယဈာန်ဇော ခုနစ်ခု၊ တတိယ ဈာန်ဇော ခုနစ်ခု၊ စတုတ္ထဈာန်ဇော ၁၅-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ် သော ဈာန်ဝင်စားသော အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနေသကာသ၊ အဿာသ ပဿာ နှင့်တကွဖြစ်သော ကာမစိတ် ၅၄-ခု တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော

ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ လောဘမူရှစ်၊ မောဟမူဒွေ၊ စက္ခုဝိညာဉ်ဒွေ၊ သောတဝိညာဉ်ဒွေ၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏသုံးခု၊ အဟိတ်ကြိယာသုံးခု၊ မဟာကုသိုလ်ရှစ်ခု၊ မဟာကြိယာရှစ်ခု၊ ရူပဝိပါက်ငါးခုဟု ဆိုအပ်သော သဝိတက္က သဝိစာရစိတ် ၄၃-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ လောဘမူရှစ်၊ မောဟမူဒွေ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ရှစ်၊ မဟာကြိယာရှစ်၊ အရူပဝိပါက် လေးခုဟု ဆိုအပ်သော သဝိတက္က သဝိစာရ အဝိတက္က အဝိစာရစိတ် ၃၁-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော အရူပါဝစရ ပုဂ္ဂိုလ်တို့အား အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။ (ဒါကို အကျဉ်းမှတ်မယ် ဆိုရင် ကာယသင်္ခါရ မရတဲ့ ကွက်လပ်တွေပါဘဲ၊ ဒါတွေ စုပေါင်းပြီး ဆိုရရုံပါဘဲ၊ ကာယသင်္ခါရ ရတာကတော့ အရကောက် ဇယားမှာပြထားတဲ့ ၁-၂-၇- ဖြစ်ပါတယ်။) ။ အဿာသ ပဿာသနှင့် တကွ ပထမဈာန်ဇော နှစ်ဆယ်၊ ဒုတိယဈာန်ဇော တဆယ်၊ တတိယဈာန်ဇော တဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ အဿာသ ပဿာသနှင့် တကွ ဖြစ်သော ဒွေ ပဥ္စ ဝိညာဉ် တဆယ်ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဘင်္ဂက္ခဏ သမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟုဆိုအပ်သော ဘုမ္မောကာသလည်း ရ၏၊ သံသယကား နောက်သာ ရ၏၊ အနုလောမ ၎င်းရ၏။

ပစ္စနိက် သံသယကြွင်းကတော့ ပစ္စနိက်ကွက်မှာ ရှိတဲ့အတိုင်း ဆိုရရုံပါဘဲ၊ ဘာ့ကြောင့်လဲဆိုတော့ စိတ္တသင်္ခါရက အကုန်ရပါတယ်၊ တဘက်ရကတော့ ထုံးစံအတိုင်းဘဲ ထွက်ရပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော န နိရုဇ္ဈတိ၊ တဿ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈတီတိ၊ဝိနာ အဿာသ ပဿာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော န နိရုဇ္ဈတိ၊ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈတိ၊ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ (နိရောဓ သမာပန္နာနံ) အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ န နိရုဇ္ဈတိ၊ စိတ္တသင်္ခါရော စ န နိရုဇ္ဈတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈတိ တဿ တတ္ထ ကာယသင်္ခါရော န နိရုဇ္ဈတီတိ၊ အာမန္တာ။

ပစ္စနိက် သံသယကြွင်းကား ခပ်သိမ်းသော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနေဘကာသ၊ ကာမ ၁၁-ဘုံ၊ အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (နိရောဓ သမာပတ်ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်) အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

## ဥပ္ပါဒနိရောဓဝါရ၊ ကာယမူ စိတ္တမူလိ

ဥပ္ပါဒနိရောဓဝါရဆိုရင် ထုံးစံအတိုင်း "နော" ဝိဘင်း ထွက်ပါတယ်၊ အရကောက်ကလဲ သူ့မှာရှိတဲ့အတိုင်း ကောက်ရရုံပါဘဲ၊ ဥပ္ပါဒက အဿာသ ပဿာသနှင့် တကွဖြစ်သော ဥပ္ပါဒက္ခဏတွေကို ကောက်ရပါတယ်၊ နိရောကေ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ အရ ကောက်ရရုံပါဘဲ။

ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ တဿ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈတီတိ၊ နော။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈတိ တဿ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ နော။

အရကောက်မှာ အနုလောမက ၁-၂-၇-ပါဘဲ၊ ကာယသင်္ခါရ ဖြစ်ဆဲတွေပါ။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အဿာသပဿာသနှင့် တကွ ပထမဈာန်ဇော နှစ်ဆယ်၊ ဒုတိယဈာန်ဇော တဆယ်၊ တတိယဈာန်ဇော တဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ အဿာသပဿာသနှင့် တကွ ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏၊ သံသယအရ မရှိ။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန်

စတုတ္ထစျာန်ဟုဆိုအပ်သော စျာနောကာသ၊ ကာမ ၁၁-ဘုံ၊ အသညတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏၊ သံသယ အရ မရှိ။

ပစ္စနိက်သံသယကြွင်းကျတော့ အနုလောမ တဘက်ရကို ထုံးစံအတိုင်း ထုတ်ချပါတယ်၊ အဿာသပဿာသနှင့် တကွဖြစ်တာရယ်၊ ခပ်သိမ်းသော စိတ်တို့ရဲ့ ဘင်္ဂက္ခဏရယ် ယူသွားပြီး ဖြစ်လေတော့ အဿာသပဿာသ ကင်းတဲ့ စိတ်၊ ပုဂ္ဂလဝါရအတွက် နိရောဓသမာပန္နာန်, အသညသတ္တာနံ ကြွင်းပါတယ်၊ အဿာသပဿာသကင်းတဲ့. စိတ်ဆိုတော့ ကာယသင်္ခါရကွက်က ကွက်လပ်တွေဘဲ ကောက်ရပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ တဿ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈတီတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈတိ၊ ဝိနာ အဿာသ ပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ (နိရောဓသမာပန္နာနံ) အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ နုပ္ပဇ္ဇတိ စိတ္တသင်္ခါရော စ န နိရုဇ္ဈတိ။ ။ ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈတိ တဿ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတီတိ၊ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ၊ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ (နိရောဓသမာပန္နာနံ) အသညသတ္တာနံ တေသံ တတ္ထ စိတ္တသင်္ခါရော စ န နိရုဇ္ဈတိ ကာယသင်္ခါရော စ နုပ္ပဇ္ဇတိ။

ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ ကို ကာယမူ ဝစီမူလီ တုံးက ကောက်ခဲ့တဲ့အတိုင်းဘဲ ကောက်ပါ။

ပစ္စနိက်သံသယကြွင်းကား အဿာသပဿာသကင်းသော ဖြစ်ထိုက်သော ခပ်သိမ်းသော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော စျာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်ဟုဆိုအပ်သော စျာနောကာသ၊ ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်) အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏။

ဥပ္ပါဒ၀ါရ၊ ဝစီမူ စိတ္တမူလီ

ပါဠိတော်ဇယားကြည့်လိုက်ရင် ဝစီသင်္ခါရ ရသမျှ စိတ္တသင်္ခါရက ရသဖြင့် အနုလောမ "အာမန္တာ" ဝိဘင်းထွက်ပါလိမ့်မယ်၊ ပဋိလောမကျတော့ ဝစီမရတဲ့ကွက်လပ် "ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ" ကို ထုတ်ရပါတယ်၊ နှစ်ဘက်ရက ဝစီကွက်မှာရှိတဲ့ "ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ" ဖြစ်ပါတယ်။

ယဿ ယတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ တဿ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇတိ တဿ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ. တေသံ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇတိ နောစ တေသံ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ၊ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ စိတ္တသင်္ခါရော စ ဥပ္ပဇ္ဇတိ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇတိ။

အရကောက် ပဋိလောမတဘက်ရက အရကောက်ဇယားမှာ ဝစီက ပထမစျာန် ရလေတော့ ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်ကို နံပါတ် ၄-အရ ကာမ ရူပပုဂ္ဂိုလ်ကို ကောက်ရပါတယ်၊ တဖန်- ဝစီက ပထမစျာန်သာရလေတော့ ဒုတိယ တတိယ စတုတ္ထစျာန်များနဲ့ နံပါတ် ၆-အရ အရူပပုဂ္ဂိုလ်ကို ကောက်ရပါတယ်၊ ဒါက စျာနေဝကာသ အတွက်ပါ၊ ဘုမ္မောကာသကျတော့ ဝစီကဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်ထားတော့ ၎င်းဒွေပဉ္စဝိညာဉ် တဆယ်ကို နံပါတ် ၉-အရ ကောက်ရပါတယ်၊ ၁၀-နှင့် ၁၁-မှာ ဝစီက သဝိတက္ကသဝိစာရစိတ်များကို ရလေတော့ ၁၂-၁၃- ဇယားမှာ ပြထားတဲ့ အတိုင်း ရူပအရူပ အဝိတက္က အဝိစာရစိတ် ၁၁-ခု ကျန်ပါတယ်၊ နှစ်ဘက်ရကတော့ ဝစီသင်္ခါရမှာရှိတဲ့ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ အရ စျာနေဝကာသမှ ၁-၃-၅-ပါ၊ ဘုမ္မောကာသမှ ၇-၈-၁၀-နှင့် ၁၁- ရပါတယ်၊ တခုစီဘဲ ကောက်ပြပါမယ်၊ ပထမ နံပါတ် ၄-အရကောက်ရပါမယ်။

ပဋိလောမ ပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဒုတိယစျာန်ဇော တဆယ်၊ တတိယစျာန်ဇော တဆယ်၊ စတုတ္ထစျာန်ဇော ၁၈-ခုတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊ (နံပါတ် ၆-က) သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ဒုတိယစျာန်ဇော ခုနစ်ခု၊ တတိယစျာန်ဇော ခုနစ်ခု၊ စတုတ္ထစျာန်ဇော ၁၅-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော အရူပါဝစရပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်ဟု ဆိုအပ်သော စျာနေဝကာသ၊ (နောက် ဝစီမရတဲ့

နံပါတ် ၉-ကြည့်ပါ၊)ဒွေ ပဥ္စ ဝိညာဉ်တဆယ်တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သောဘုမ္မောကာသ၊ (နောက် ဝစီမရတဲ့ ၁၂-၁၃) စက္ခု ဝိညာဉ် ဒွေ သောတ ဝိညာဉ် ဒွေ တတိယဈာန်ဝိပါက် စတုတ္ထဈာန်ဝိပါက် ပဥ္စမဈာန်ဝိပါက် အရူပဝိပါက် လေးခုဟုဆိုအပ်သော အဝိတက္က အဝိစာရစိတ် ၁၁-ခုတို့၏ ဥပ္ပါဒက္ခဏာ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

နှစ်ဘက်ရကျတော့ ဝစီသင်္ခါရ ရတာက ဈာနောကာသက နံပါတ် ၁-၃-၅-ရှိပါတယ်၊ ၃-မှာဆိုရင် ရူပပုဂ္ဂိုလ် ပါပါတယ်၊ ၅-က အရူပသက်သက် ဖြစ်ပါတယ်၊ သူက ပထမဈာန်ဖြစ်ပြီး ကာယသင်္ခါရနှင့် လင်းပါးစရာ မရှိလေတော့ အဿာသ ပဿာသ ကင်းတယ်မကင်းတယ် ဆိုနေစရာမလိုပါဘူး၊ ဒါကြောင့် သာမညအားဖြင့် ဆိုရပါတယ်။

ပထမဈာန်ဇော နှစ်ဆယ်တို့၏ ဥပ္ပါဒက္ခဏာ သမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊ (နံပါတ် ၅-က) သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ပထမဈာန်ဇော ၁၄-ခုတို့၏ ဥပ္ပါဒက္ခဏာ သမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော အရူပါဝစရပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား ပထမဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊(အောက်ရှောက်ကြည့်လိုက်ရင် ၇-၈-ရှိပါတယ်၊) ဒွေ ပဥ္စ ဝိညာဉ်တဆယ် ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဥပ္ပါဒက္ခဏာ သမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (နောက် ၁၀-၁၁-ရှိပါတယ်၊ ၁၀-အတွက်)လောဘမူ မောဟမူ သမ္ပယုတ်စိတ်နှင်း ဒွေ သန္တီရဏသုံး အဟိတ်ကြိယာသုံး မဟာကုသိုလ်ရှစ် မဟာကြိယာရှစ် ပထမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္က သဝိစာရစိတ် ၃၆-ခုတို့၏ ဥပ္ပါဒက္ခဏာ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (၁၁-အတွက်) လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ်ရှစ်ခု မဟာကြိယာရှစ်ခုဟု ဆိုအပ်သော သဝိတက္က သဝိစာရစိတ် ၂၇-ခုတို့၏ ဥပ္ပါဒက္ခဏာ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော အရူပါဝစရ ပုဂ္ဂိုလ်တို့အား အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏၊ သံသယကား နောက်သာရ၏၊ အနုလောမ ၄င်း ရ၏။

ပစ္စနိက်သံသယကြွင်းကတော့ ပစ္စနိက်မှာရှိတဲ့အတိုင်းပါဘဲ၊ တဘက်ရတွေ ထုတ်တာကတော့ ထုံးစံအတိုင်းပါ။

ယဿ ယတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ တဿ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇ-တီတိ၊ ဝိနာ ဝိတက္က ဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ဝစီ သင်္ခါရော နုပ္ပဇ္ဇတိ၊ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ (နိရောဓ သမာပန္နာနံ) အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ နုပ္ပဇ္ဇတိ စိတ္တသင်္ခါရော စ နုပ္ပဇ္ဇတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇတိ တဿ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတီတိ၊ အာမန္တာ။

ပစ္စနိက် သံသယကြွင်းကား ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ ကာမ ၁၁-ဘုံ အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (နိရောဓ သမာပတ် ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်) အသညသတ် ဥပပဇ္ဇန္တ ပဝတ္တိ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

## နိရောဓဝါရ၊ ဝစီမူ စိတ္တမူလီ

နိရောဓဝါရကလဲ မထူးပါဘူး၊ ဥပ္ပါဒက္ခဏကို ဘင်္ဂက္ခဏ ပြင်ရရုံပါဘဲ။

ယဿ ယတ္ထ ဝစီသင်္ခါရော နိရုဇ္ဈတိ တဿ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈ တီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈတိ တဿ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈတီတိ၊ ဝိနာ ဝိတက္က ဝိစာရေဟိ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈတိ၊ နော စ တေသံ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈတိ၊ ဝိတက္က ဝိစာရာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ စိတ္တသင်္ခါရော စ နိရုဇ္ဈတိ ဝစီသင်္ခါရော စ နိရုဇ္ဈတိ။

အရကောက်ကလဲ ဥပ္ပါဒအတိုင်းမှာ ဥပ္ပါဒက္ခဏကို ဘင်္ဂက္ခဏ ပြောင်းရရုံပါဘဲ။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဒုတိယဈာန်ဇော တဆယ်၊ တတိယဈာန်ဇော တဆယ်၊ စတုတ္ထဈာန်ဇော ၁၈-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊ သောတာပတ္တိ

မဂ်ကြဉ်သော လောကုတ္တရာ ဒုတိယဈာန်ဇော ခုနစ်ခု၊ တတိယဈာန်ဇော ခုနစ်ခု၊ စတုတ္ထဈာန်ဇော ၁၅-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန် ဝင်စားသော အရူပါဝစရ ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယ ဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ ဒွေ ပဥ္စ ဝိညာဉ်တဆယ် တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ စက္ခုဝိညာဉ် ဒွေ သောတဝိညာဉ်ဒွေ တတိယဈာန်ဝိပါက် စတုတ္ထဈာန်ဝိပါက် ပဥ္စမဈာန် ဝိပါက် အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္က အဝိစာရစိတ် ၁၁-ခု တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူ ပါဝစရ ပုဂ္ဂိုလ်တို့အားအသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

ပထမဈာန်ဇော နှစ်ဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင် စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊ သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာ ပထမဈာန်ဇော ၁၄-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော အရူပါဝစရပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား ပထမဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ ဒွေပဥ္စဝိညာဉ်တဆယ် ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ လောဘမူ၊ မောဟမူ၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏသုံးခု၊ အဟိတ်ကြိယာသုံးခု၊ မဟာကုသိုလ် ရှစ်ခု၊ မဟာကြိယာ ရှစ်ခု၊ ပထမဈာန်ဝိပါက်၊ ဒုတိယဈာန်ဝိပါက်ဟုဆိုအပ် သော သဝိတက္ကသဝိစာရစိတ် ၃၆-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ လောဘမူ၊ မောဟမူ၊ မနောဒွါရာ ဝဇ္ဇန်း၊ မဟာကုသိုလ်ရှစ်ခု၊ မဟာကြိယာရှစ်ခုဟု ဆိုအပ်သော သဝိတက္က သဝိစာရစိတ် ၂၇-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော အရူပါဝစရပုဂ္ဂိုလ်တို့အား အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသလည်း ရ၏၊ သံသယကား နောက်သာရ၏၊ အနုလောမ ၎င်းရ၏။

ပစ္စနိက်သံသယကြွင်းကလဲ ပစ္စနိက်မှာ ရှိတဲ့အတိုင်းပါဘဲ။

ယဿ ယတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈတိ တဿ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈ တီတိ၊ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ တတ္ထ ဝစီ သင်္ခါ ရော န နိရုဇ္ဈတိ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈတိ၊ သဗ္ဗေသံ

စိတ္တဿ ဥပ္ပါဒက္ခဏေ (နိရောဓသမာပန္နာနံ) အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ နနိရုဇ္ဈတိ စိတ္တသင်္ခါရော စ နနိရုဇ္ဈတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နနိရုဇ္ဈတိ တဿ တတ္ထ ဝစီသင်္ခါရော နနိရုဇ္ဈတီတိ၊ အာမန္တာ။

ပစ္စနိက်သံသယကြွင်းကား ခပ်သိမ်းသော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားမဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်ဟု ဆိုအပ်သော စျာနောကာသ၊ ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ (နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်) အသညသတ် ဥပပဇ္ဇန္တစဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏။

## ဥပ္ပါဒနိရောဓဝါရ၊ ဝစီမူ စိတ္တမူလိ

ဝစီနဲ့စိတ္တယှဉ်ကြည့်လိုက်ရင် အရမတူလို့ ထုံးစံအတိုင်း "နော" ဝိဘင်း ထွက်ပါတယ်။

ယဿ ယတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ တဿ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈတီတိ၊ နော။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈတိ တဿ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ နော။

အနုလောမ "နော" အရ ဝိတက္ကဝိစာရနံ ဥပ္ပါဒက္ခဏေ ကို ဥပ္ပါဒဝါရ တုံးက ဝစီသင်္ခါရမူ စိတ္တသင်္ခါရမူလိမှာ ကောက်ခဲ့တဲ့အတိုင်း နှစ်ဘက်ရ ကောက်သလို ဒါကိုပြန်ကောက်ရမှာဘဲ။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ပထမစျာန်ဇော နှစ်ဆယ်တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟုဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ ပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ပထမစျာန်ဇော ၁၄-ခု တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော အရူပါဝစရ ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား ပထမစျာန်ဟု ဆိုအပ်သော စျာနောကာသ၊ ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ ဟုဆိုအပ်သော ဘုမ္မောကာသ၊ လောဘမူရှစ်၊ မောဟမူနှစ်၊ သမ္ပဋိစ္ဆိုင်းနှစ်၊ သန္တီရဏသုံးခု အဟိတ်ကြိယာသုံးခု၊ မဟာကုသိုလ်ရှစ်ခု၊ မဟာကြိယာရှစ်ခု၊

ပထမဈာန်ဝိပါက်၊ ဒုတိယဈာန်ဝိပါက်ဟုဆိုအပ်သော သဝိတက္ကသဝိစာရစိတ် ၃၆-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ လောဘမူရှစ်၊ မောဟမူဒွေ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ရှစ်ခု၊ မဟာကြိယာရှစ်ခုဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ် ၂၇-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော အရူပါဝစရပုဂ္ဂိုလ်တို့အား အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏၊ သံသယအရ မရှိ။

ပဋိလောမကျတော့ စိတ္တသင်္ခါရအကွက်မှာရှိတဲ့ သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏေ ကောက်ရရုံပါဘဲ။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏အရကား ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနောကာသ၊ ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏၊ သံသယအရ မရှိ။

ပစ္စနိက်ကြွင်းကျတော့ ဝစီသင်္ခါရ ဥပ္ပါဒက္ခဏ ကွက်လပ်ဖြစ်တဲ့ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တာသ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ နဲ့ အသညသတ်ဘဲ ထုတ်ရပါတယ်။

ယဿ ယတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ တဿ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈတီတိ၊ သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏေ တေသံ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ နောစ တေသံ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈတိ၊ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တာသ ဥပ္ပါဒက္ခဏေ (နိရောဓသမာပန္နာနံ) အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ နုပ္ပဇ္ဇတိ စိတ္တသင်္ခါရော စ န နိရုဇ္ဈတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈတိ တဿ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတီတိ၊ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈတိ နောစ တေသံ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ၊ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တာသ ဥပ္ပါဒက္ခဏေ (နိရောဓသမာပန္နာနံ) အသညသတ္တာနံ တေသံ တတ္ထ စိတ္တသင်္ခါရော စ န နိရုဇ္ဈတိ ဝစီသင်္ခါရော စ နုပ္ပဇ္ဇတိ။

ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တာသ ဥပ္ပါဒက္ခဏေ-အရ ဝိတက်ဝိစာရ ကင်းတယ်ဆိုတာ အဝိတက္က အဝိစာရစိတ်တွေ ဖြစ်ကြောင်း နောက်တိုးက ဥပ္ပါဒဝါရ ဝစီမူ စိတ္တမူလီ ပဋိလောမတဘက်ရတုံးက ကောက်ခဲ့သလို အကျယ်ကောက်နိုင်တယ်၊ ဒါပေမဲ့ အကျဉ်းဘဲကောက်ကြပါစို့။

ပစ္စနိက်သံသယကြွင်းကား အဝိတက္ကအဝိစာရစိတ် ၅၅-ခုတို့၏ ဥပ္ပါဒက္ခဏ် သမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားမဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနေ ာကာသ၊ ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ (နိရောဓသမာပတ်ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်) အသညသတ်ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏။

## အ တိ တ ဝ ါ ရ

ပစ္စုပ္ပန္နဝါရပြီးသွားပါပြီ၊ ပစ္စုပ္ပန္နဝါရပြီးတော့ အတီတဝါရပါ၊ အတီတဝါရအတွက်ဇယားကို ကြည့်လိုက်ရင် ပုဂ္ဂလဝါရမှာ သဗ္ဗ ဥပ စဝန္တနှင့် ပဝတ္တိအခါမှာလဲ အလုံးစုံသောစိတ်တို့ရဲ ဥပ္ပါဒက္ခဏ ဘင်္ဂက္ခဏတွေ အကုန်ရပါတယ်၊ အကုန်ရတော့ သူ့အတွက်ဘာမှ စဉ်းစားနေစရာ မရှိပါဘူး၊ အားလုံး "အာမန္တာ" ချည်း ထွက်မှာပါဘဲ၊ ပစ္စနိက်မှာလဲ ကြက်ခြေပြပြီး ထားခြင်းကြောင့် ပစ္စနိက်သံသယကြွင်းလဲ မရှိပါဘူး၊ သူ့အတွက်ပါဠိကို ဆိုလိုက်ကြပါစို့၊ အာမန္တာချည်း ထွက်ပါလိမ့်မယ်။

ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ တဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ၊ အာမန္တာ။ ။ယဿ ဝါ ပန ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထ တဿ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ၊ အာမန္တာ။

အရကား (အရကား ဆိုတာ အနုလောမ ပဋိလောမ သန္နိဋ္ဌာန် သံသယတူတဲ့အခါမှာသ● သာမညအားဖြင့် အရကားလို့ ကောက်ပြပါတယ်) အစမထင် သံသရာမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်, အရိယာပုဂ္ဂိုလ်ရှစ်ယောက်ရ၏။

အရိယာရှစ်ယောက် ကောက်မှုကတော့ သစ္စယမိုက် နည်းတူ ပဝတ္တိကိုပါ ဟောသဖြင့် မဂ်ပုဂ္ဂိုလ်လေးယောက်ကို ရပါတယ်၊ သင်္ခါရသုံးပါးမှာ ကာယသင်္ခါရက အဿာသပဿာသဖြစ်လေတော့ ပဝတ္တိအခါ၌သာ ဖြစ်ပါတယ်၊ ဝစီနဲ့စိတ္တကတော့ ပဋိသန္ဓေ, ပဝတ္တိ, စုတိရယ်လို့ သုံးမျိုးလုံးနဲ့ ဆက်ဆံပါတယ်၊ ဒီ အတီတဝါရဟာ တရားကုန်, ပုဂ္ဂိုလ်ကုန်ရလေတော့ ဈာနေ ာကာသ, ဘုမ္မောကာသ အားလုံးနဲ့ ဆက်ဆံပါတယ်၊ ဒီ အတီတဝါရမှာ ပုဂ္ဂလဝါရဖြစ်စေ, ပုဂ္ဂလောကာသဝါရဖြစ်စေ ဥပ္ပါဒ နိရောဓ ဥပ္ပါဒနိရောဓ အားလုံးကုန်တူကြပါတယ်၊ ဥပ္ပါဒဝါရတခုကို ဟောလိုက်ရင် အားလုံးကိစ္စပြီးပါတယ်။

မစွနိက်ကျတော့ နတ္ထိဘဲ ထွက်ပါလိမ့်မယ်။

ယဿ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ တဿ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထာတိ၊ နတ္ထိ။ ။ယဿ ဝါ ပန ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထ တဿ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထာတိ၊ နတ္ထိ။

အစမထင်သံသရာမှ စ၍ ယနေ့တိုင်အောင် သင်္ခါရသုံးပါး မဖြစ်ဘူးတဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိပါဘူး၊ ဒါကြောင့် "နတ္ထိ" ထွက်ပါတယ်၊ သူ့အတွက် အထူးကောက်စရာ မလိုပါဘူး၊ ကာယသင်္ခါရမူ စိတ္တသင်္ခါရမူလီမှာလဲ ဒီအတိုင်း ပါဘဲ၊ ဝစီသင်္ခါရမူ စိတ္တသင်္ခါရမူလီလဲ အတူတူဘဲဖြစ်လို့ အထူးဆိုစရာမလို ပါဘူး၊ ပုဂ္ဂလောကာသဝါရ ဆက်လက်ပို့ချပေးပါမယ်။

## * အတိတဝါရ၊ ပုဂ္ဂလောကာသ

ပုဂ္ဂလောကာသဝါရအတွက် အရကောက်ဇယားကို သဘောပေါက်အောင် ပထမပြောပြပါမယ်၊ အရကောက်ဇယားကို ကြည့်ပါ၊ဇယားရှိ သင်္ခါရသုံးပါး ကို ထက်အောက်ကြည့်လိုက်ရင် ပထမစျာန်ဇော နှစ်ဆယ်က သင်္ခါရသုံးပါး နှင့် ဆိုင်ပါတယ်၊ ဒုတိယစျာန်ဇော တဆယ်, တတိယစျာန်ဇော တဆယ်က ကာယသင်္ခါရ စိတ္တသင်္ခါရနဲ့သာ ဆိုင်ပါတယ်၊ စတုတ္ထစျာန်က စိတ္တသင်္ခါရ နဲ့သာ ဆိုင်ကြောင်း တွေ့ရပါလိမ့်မယ်၊ ပုဂ္ဂိုလ်တွေကျတော့ ကာမ ရူပ အရူပ အားလုံးကုန် ရပါတယ်၊ ဒါက စျာနောကာသ အတွက် ဖြစ်ပါတယ်၊ ဘုမ္မော ကာသ ဘက်မှာလဲ ကာမစိတ် ၅၄-က သင်္ခါရသုံးပါးနဲ့ ဆိုင်ပါတယ်၊ ပုဂ္ဂိုလ်က ကာမပုဂ္ဂိုလ်ပါ၊ ဘုံက ကာမ ၁၁-ဘုံ ဖြစ်ပါတယ်၊ ပြီးတော့ သဝိတက္ကသဝိစာရစိတ် ၄၇-ခုက ဝစီ စိတ္တနဲ့ဆိုင်ပါတယ်၊ ပုဂ္ဂိုလ်က ရူပ အရူပ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ ဘုံက ရူပ ၁၅-ဘုံနဲ့ အရူပလေးဘုံဖြစ်ကြောင်း တွေ့ရ ပါလိမ့်မယ်၊ ၄၇-ခု ဆိုတာ ပစ္စုပ္ပန္နဝါရက ပြောခဲ့တဲ့ သဝိတက္ကသဝိစာရ စိတ် ၃၆-ခုနဲ့ အဝိတက္ကအဝိစာရစိတ် ၁၁-ခုကိုပေါင်းပြီးထားတာဖြစ်ပါတယ်။

သုဒ္ဓါဝါသ။ ။နောက်ပြီး အောက်ကိုကြည့်လိုက်ရင် သုဒ္ဓါဝါသတွေ့ပါ လိမ့်မယ်၊ ဒီ သုဒ္ဓါဝါသဟာ အတီတပုဂ္ဂလောကာသဝါရမှာ ခန္ဓစတဲ့ယမိုက် များလိုဘဲ သုဒ္ဓါဝါသ အမြဲပါရတယ်၊ ဒါဟာ ဝီထိအစဉ်ဖြစ်ပါတယ်၊ သုဒ္ဓါ ဝါသ ပဋိသန္ဓေ အခိုက်မှာ သင်္ခါရသုံးပါးလုံး မဖြစ်ဘူးသေးကြောင်းကို ကြက်ခြေပြထားပါတယ်၊ ပဋိသန္ဓေနောင် ပထမဘဝင်က စိတ္တသင်္ခါရမချ ဖြစ်ဘူးကြောင်းကို ခရေပွင့် အမှတ်နဲ့ ပြထားပါတယ်၊ ထို့နောင် ဘဝင်

---

* ၁၃၃၂-ခု၊ ဝါခေါင်လဆန်း (၅)ရက် (၇-၈-၇၀). သောကြာနေ့-ဆဋ္ဌအကြိမ်။

၁၅-ချက်နဲ့ မနောဒွါရာဝဇ္ဇန်းက စိတ္တသင်္ဂြိုဟ်ရ သဒိသဖြစ်ကြောင်းကို ပြပါတယ်၊ ဘဝနိကန္တိက ပထမဇောက စုတိတိုင်အောင်ကတော့ ဝစိ စိတ္တ နှစ်ပါး ဖြစ်ဘူးကို ပြပါတယ်၊ အဲဒီ အကွက်မှာ စိတ္တသင်္ဂြိုဟ်ရဟာ ပဋိသန္ဓေနောင် ပထမဘဝင်ကစပြီး စုတိတိုင်အောင် ဖြစ်ဘူး ရတယ်လို့ သိနိုင်ပါတယ်။

ကြွင်း ရူ အရူ-လို့ပြထားတာကသုဒ္ဓါဝါသမှတပါးသော ကြွင်း ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တွေမှာ ပဋိသန္ဓေက စပြီး စုတိတိုင်အောင် သဝိတက္က သဝိစာရ အဝိတက္ကအဝိစာရ ၄၇-ခုဟာ ဝစီသင်္ခါရ စိတ္တသင်္ခါရ နှစ်ပါးတို့ဖြစ်ဘူးကြပါတယ်၊ ယခုပြခဲ့တဲ့ဇယားအတိုင်းပင် အရကောက်တွေလဲဘဲ ဖြစ်ပါလိမ့်မယ်၊ ဇယားကို ယခုသဘောအတိုင်းကြည့်ပြီး အရကောက်ရရုံပါဘဲ၊ ပိုတာကို တဘက်ရ၊ တူတာကိုနှစ်ဘက်ရ၊ ကျွန်တာကို ပစ္စနိက်ကြွင်းလို့ ကောက်ရပါလိမ့်မယ်၊ အသညသတ္တာနံ-ဆိုတာကတော့ အမြဲပစ္စနိက်အနေနဲ့ နေပါတယ်၊ သူ့အတွက် မထူးလို့ ပြမထားပါဘူး၊ ပါဠိဇယားမှာတော့ ပါပါတယ်။

## ကာယမူ ဝစီမူလီ

ပစ္စုပ္ပန္နဝါရက ပါဠိတော်ဇယားသွားပုံကို ပြောခဲ့ပြီဖြစ်လို့ နားလည်သင့်လောက်ပါပြီ၊ ဇယားကြည့်လိုက်ရင် ကာယသင်္ခါရက ဒုတိယဈာန် တတိယဈာန်တွေ ပိုနေပါဘယ်၊ ဒီပိုနေတဲ့ ဒုတိယဈာန် တတိယဈာန်တွေကို အနုလောမ တဘက်ရထုတ်ပါ၊ တူနေတဲ့ ပထမဈာန်နဲ့ ကာမာဝစရာနံ က နှစ်ဘက်ရထုတ်ရပါတယ်၊ ပဋိလောမမှာလဲ ပိုနေတဲ့ ရူပါဝစရာနံ အရူပါဝစရာနံ ကို ပဋိလောမ တဘက်ရ ထုတ်ရပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ တဿ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ၊ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ နော စ တေသံ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထ ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရော စ ဥပ္ပဇ္ဇိတ္ထ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇိတ္ထ။ ။ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထ တဿ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထ နော စ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊ ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇိတ္ထ ကာယသင်္ခါရော စ ဥပ္ပဇ္ဇိတ္ထ။

အရကောက်မှာ ဈာန်ဆိုင်ရာ ဈာနောကာသကွက်မှာ အတီတဝါရဖြစ်လို့ ကာမ ရူပ အရူပပုဂ္ဂိုလ်ရယ်လို့ ပုဂ္ဂိုလ်အားလုံးနဲ့ ဆက်ဆံကြောင်း ပြထားပါ

တယ်၊ ဘာကြောင့်လဲဆိုရင် အနမတဂ္ဂ သံသရာတလျှောက် ဖြစ်ခဲ့ကြတဲ့ ကာမ ရူပ အရူပပုဂ္ဂိုလ်တွေမှာ မိမိတို့သန္တာန်ဝယ် ဒိပထမဈာန် ဒုတိယဈာန် တတိယ ဈာန် စတုတ္ထဈာန်များ ဖြစ်ခဲ့ကြဘူး ဝင်စားခဲ့ကြဘူးလို့ ဈာနောကာသကို ကောက်တဲ့အခါ ပုဂ္ဂိုလ် အားလုံးကို ကောက်ရပါတယ်၊ ဝင်စားဆဲ ဥပါဒ် အခိုက်ကိုသာဟောတဲ့ ပစ္စုပ္ပန္နဝါရနဲ့ မတူပါဘူး၊ ဒီလို ဈာနောကာသအတွက် ပုဂ္ဂိုလ်အားလုံးကိုရလေတော့ ကာယသင်္ခါရမူ ဝစီသင်္ခါရမူလီ အနုလောမ တဘက်ရမှာ ကာယသင်္ခါရဟာ ရူပ အရူပဘုံမှာ မဖြစ်နိုင်ပါဘဲလျက် အဘယ် ကြောင့် ရူပ အရူပပုဂ္ဂိုလ်များကို ကောက်ထားရပါလိမ့်လို့ အထူးစဉ်းစားစရာ မလိုတော့ပါဘူး၊ ထင်ရှားအောင် ထပ်မံပြောရရင် ယခု ရူပ အရူပဘုံမှာ ရှိနေကြတဲ့ ဗြဟ္မာများဟာ ဒုတိယဈာန် တတိယဈာန် များကို ၎င်းတို့ဘုံ၌ ဝင်စားကြတဲ့အခါ ဘုမ္မောကာသပါနေလို့ ကာယသင်္ခါရ ဖြစ်ဘူး မရနိုင် ပါဘူး၊ ဘာ့ကြောင့်လဲဆိုရင် ရူပ အရူပဘုံများဟာ ကာယသင်္ခါရဖြစ်ရာ မဟုတ်ကြပါဘူး၊ ဒါပေမဲ့ ဒီဗြဟ္မာတွေ ကာမဘုံမှာဖြစ်စဉ် အခါတုံးက အဿာသ ပဿာသဆိုတဲ့ ကာယသင်္ခါရ ဖြစ်ခဲ့ဘူးကြပါပြီ၊ ဒီလိုဝင်စားခဲ့ဘူး ဖြစ်ခဲ့ဘူးတဲ့ ဈာန်ချင်းတူလို့ ကာယသင်္ခါရဟာ ဒီဗြဟ္မာတွေရဲ့ အဇ္ဈတ္တသန္တာန် မှာ ဖြစ်ခဲ့ဘူးပြီလို့ ဆိုရပါတယ်။

နှစ်ဘက်ရမှာလဲ ပထမဈာန် နှစ်ဆယ်တို့၏ ခဏတ္တယသမင်္ဂီ စသည်တွေကို ဇယားမှာ ရှိတဲ့အတိုင်း ဆိုရပါတယ်၊ ဒီမှာ ပထမဈာန်အတွက် ရူပ အရူပ ပုဂ္ဂိုလ်များကိုလဲရကြောင်း • အနုလောမတဘက်ရမှာ ပြောခဲ့ပါတယ်၊ ကာမာ ဝစရာနံအရ ကာမစိတ် ၅၄-ခုကို ကောက်ထားလေတော့ ဒွေ ပဉ္စ ဝိညာဉ် တဆယ်ဟာ စိတ္တဇရုပ်ကို မဖြစ်စေနိုင်တဲ့အပြင် ဝိတက် ဝိစာရများနှင့်လည်း မယှဉ်ကြလေတော့ ကာယသင်္ခါရ ဝစီသင်္ခါရဖြစ်ဆဲ မရကြပါဘူး၊ ဒါပေမဲ့ ဖြစ်ဘူးတော့ရပါတယ်၊ အကြောင်းက အနန္တရသတ္တိနဲ့ ကျေးဇူးပြုနေတဲ့ ဝီထိ အစဉ်အတန်းကြီးကို မြော်လိုက်ခဲ့လို့ရှိရင် ဒွေ ပဉ္စ ဝိညာဉ်တဆယ် မဖြစ်မီ ရှေး အဘို့မှာ ကာယသင်္ခါရ ဝစီသင်္ခါရနဲ့ အတူ ဥပါဒ်တဲ့စိတ်များလည်း ဖြစ်ကြ လေတော့ ဒီစိတ်တို့၌လည်း ကာယသင်္ခါရ ဝစီသင်္ခါရဖြစ်ခဲ့ဘူးကြပါပြီ၊ ဒွေ ပဉ္စ ဝိညာဉ်တဆယ် အခိုက်ကလည်း ဖြစ်ခဲ့ဘူးလို့ ဒွေ ပဉ္စ ဝိညာဉ်တဆယ်ကိုပါ ထည့်ပြီး ကာမစိတ် ၅၄-ခုကို ကောက်ရပါတယ်။

ပဋိလောမကတော့ ဇယားရှိတဲ့ အတိုင်း ရူပါဝစရာနံ အရူပါဝစရာနံကို ထုတ်ရပါလိမ့်မယ်၊ ဈာနောကာသအတွက် ပိုတာမရှိပါဘူး၊ ဘုမ္မောကာသ သုဒ္ဓါဝါသကွက်ကိုကြည့်ရင် ဘဝနိကန္တိက ပထမဇောမှစ၍ စုတိတိုင်အောင်ကို

ဝစီကရပါတယ်၊ ဒါက ရူပါဝစရာနဲ့ဆိုတဲ့ ပါဠိမှုလိုအပ်သော သုဒ္ဓါဝါသကို ထုတ်ယူခြင်းဖြစ်ပါတယ်၊ ပဋိသန္ဓေမှုစ၍ စုတိတိုင်အောင် ဖြစ်ထိုက်တဲ့ သဝိတက္က သဝိစာရ အဝိတက္က အဝိစာရစိတ် ၄၇-ခုတို့ရဲ့ ခဏတ္တယ ရူပါဝစရ အရူပါ ဝစရများကို ကောက်ရပါတယ်၊ ဒီတော့ အရကောက်ဟာ သုဒ္ဓါဝါသဖြစ်အံ့၊ ဘဝနိကန္တိက ပထမဇောမှုစ၍ စုတိတိုင်အောင် ကြွင်းသော ရူပါဝစရ အရူပါ ဝစရဖြစ်အံ့၊ ပဋိသန္ဓေမှုစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော သဝိတက္က သဝိစာရ အဝိတက္က အဝိစာရ ၄၇-ခုတို့၏ ခဏတ္တယကိုကောက်ရပါတယ်၊ ဒီအရကောက် ဟာ ကာယမူ ဝစီမူလီ ပဋိလောမတဘက်ရသာ မဟုတ်ဘဲ ပါဠိအရကောက် ဇယားများကိုကြည့်ရင် ဝစီသင်္ခါရမူ စိတ္တသင်္ခါရမူလီ နှစ်ဘက်ရ ဖြစ်နေတာ ကိုလဲ တွေ့ရပါလိမ့်မယ်။

သုဒ္ဓါဝါသဘုံမှာ ရှိကြတဲ့ ပဋိသန္ဓေ ဘဝင်စိတ်တွေဟာ စတုတ္ထဈာန်ဖြစ် လေတော့ ဝိတက် ဝိစာရတို့ မယှဉ်ကြပါဘူး၊ မနောဒွါရာဝဇ္ဇန်း အခိုက်မှာ ယှဉ်နိုင်ပေမဲ့ ဝစီသင်္ခါရဖြစ်ဆဲသာ ရပါသေးတယ်၊ ဖြစ်ဘူး မရသေးပါဘူး၊ ဒါကြောင့် ဖြစ်ဘူးရရန် ဘဝနိကန္တိက ပထမဇောကစပြီး ကောက်ရပါတယ်၊ သုဒ္ဓါဝါသဘုံကိုသာ ရှေးရှေးက တခါမျှမရောက်ခဲ့ဘူးလို့ ဒီလို စီစစ်ရပါတယ်၊ ရူပ အရူပဘုံတို့၌ကား ဝစီဖြစ်ခဲ့ဘူးလှပါပြီ၊ ဘုမ္မောကာသ ရူပ အရူပဘုံများ ဖြစ်၍ ကာယသင်္ခါရနဲ့ လုံးဝ မဆိုင်ပါဘူး၊ သဝိတက္က သဝိစာရ အဝိတက္က အဝိစာရစိတ် ၄၇-ခု အကြောင်းကိုလဲ အရင်ကပြောခဲ့တဲ့အတိုင်း သဝိတက္က သဝိစာရ ၃၆-ခုနဲ့ အဝိတက္က အဝိစာရ ၁၁-ခုကို ပေါင်းလိုက်ရင် ၄၇-ခု ဖြစ်ပါတယ်။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဒုတိယဈာန်ဇော တဆယ်၊ တတိယဈာန်ဇော တဆယ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား သော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယ ဈာန်ဟု ဆိုအပ်သော ဈာနောကာသရ၏။ ။ပထမဈာန်ဇော နှစ်ဆယ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ ကာမစိတ် ၅၄-ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏၊ သံသယကား နောက်သာရ၏။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏အရကား သုဒ္ဓါဝါသဖြစ်အံ့၊ ဘဝနိကန္တိက ပထမဇောမှုစ၍ စုတိတိုင်အောင် ကြွင်းသော ရူပါဝစရ အရူပါဝစရဖြစ်အံ့၊

ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်သော သဝိတက္က သဝိစာရ အဝိတက္က အဝိစာရစိတ် ၄၇-တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏၊ အနုလောမ သံသယလည်း ရ၏၊ သံသယကား နောက်သာရ၏။

ပစ္စနိက်အကွက် ပါဠိဇယားမှာ ကာယနဲ့ဝစီ နှစ်ပါးလုံးရဲ့ ကွက်လပ်ကို ကြည့်ရင် ဈာနောကာသမှာ စတုတ္ထဈာနံ-တွေ့ပါလိမ့်မယ်၊ ဘုမ္မောကာသ အတွက် သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ လို့တွေ့ပါလိမ့်မယ်၊ပြီးတော့ ပစ္စနိက်ကွက်လဲ ကြည့်ရပါတယ်၊ ပစ္စနိက်ကွက်မှာ သုဒ္ဓါဝါသာနံ ဥပပဇ္ဇန္တာနံ အသညသတ္တာနံ-ရှိပါတယ်၊ ဇယားမှာရှိတဲ့အတိုင်း သုဒ္ဓါဝါသအတွက် သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ-ဟူ၍ရင်း, သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ-ဟူ၍ရင်း ဝိဘင်းထုတ်လိုက်ရင် သုဒ္ဓါဝါသ နှစ်ထပ်ဖြစ်နေမဲ့အပြင် သုခုစ္စာရဏာလည်း မဖြစ်ပါဘူး၊ ဒါကြောင့် သုဒ္ဓါဝါသ ဥပပဇ္ဇန္တကို သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ-ထဲ ထည့်ပြီး တချက်တည်းသာ ဟောတာ ဖြစ်ပါတယ်၊ အကြောင်းကို အရကောက်မှာ ပြောပြပါမယ်၊ ဒီတော့ ပစ္စနိက်သံသယကြွင်းက "စတုတ္ထဈာနံ သမာပန္နာနံ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ အသညသတ္တာနံ" လို့ ဝိဘင်းထုတ်ရပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ တဿ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထာတိ၊ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ နောစ တေသံ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထ၊ စတုတ္ထဈာနံ သမာပန္နာနံ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ နုပ္ပဇ္ဇိတ္ထ ဝစီသင်္ခါရော စ နုပ္ပဇ္ဇိတ္ထ။ ။ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထ တဿ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထာတိ၊ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ တေသံ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထ နောစ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ၊ စတုတ္ထဈာနံ သမာပန္နာနံ သုဒ္ဓါဝါသာနံ၊ ဒုတိယေ စိတ္တေ ဝတ္တမာနေ အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ နုပ္ပဇ္ဇိတ္ထ ကာယသင်္ခါရော စ နုပ္ပဇ္ဇိတ္ထ။

ပစ္စနိက်သံသယကြွင်းကား စတုတ္ထဈာန်ဇော ၁၈-ခုတို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနောကာသ၊ (သုဒ္ဓါဝါသ

အတွက် သစ္စယမိုက် သဘောအတိုင်း ပါဘဲ) သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင်ဟုဆိုအပ်သော မုချဒုတိယစိတ်၊ (မုချအတွက် ခရေပွင့်လေးပြထားပါတယ်) ထိုစိတ်နှင့် ဝစီသင်္ခါရ ဖြစ်ဘူးပြီးသည်ကို အတိတ်၌မရကောင်းသော အဖြစ်ဖြင့်တူသောကြောင့်တသဒိသ ဒုတိယစိတ်ဟုဆိုအပ်သော ပဋိသန္ဓေ၊ (ဒါက ပစ္စနိက်မှာရှိတဲ့ သုဒ္ဓါဝါသ ဥပပဇ္ဇန္တပါ) ဘဝင် ၁၅-ချက် မနောဒွါရာဝဇ္ဇန်း၊ ဤ ၁၈-ချက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏။

အဋ္ဌကထာက သုဒ္ဓါဝါသဘုံမှာ ပဋိသန္ဓေနောင် ပထမဘဝင်သာ ကာယသင်္ခါရ ဝစီသင်္ခါရတို့မဖြစ်ဘူးကြတာ မဟုတ်ပါဘူး၊ ပဋိသန္ဓေစိတ်လည်း မဖြစ်လေတော့ သုဒ္ဓါဝါသ ပဋိသန္ဓေကိုပါ ဝိဘင်းထုတ်သင့်တယ် မဟုတ်ဘူးလားတဲ့၊ ထုတ်သင့်ပါတယ်၊ ဒါပေမဲ့ မပြွမ်းတဲ့ ဝိပါက်စိတ်ဖြစ်လို့ပါ၊ မပြွမ်းတဲ့ ဝိပါက်စိတ်ဆိုတာ အာဝဇ္ဇန်းစတဲ့ အခြားသော ကြိယာစိတ်များ မပါသေးဘဲ ဝိပါက်စိတ်သက်သက်ကို ဆိုလိုပါတယ်၊ ဒီ ဝိပါက်စိတ်သာ ဖြစ်နေသေးသမျှ မဖြစ်ဘူးချည်းသာ ဖြစ်ပါတယ်၊ ဘာကိုဆိုလိုတာလဲဆိုရင် ပဋိသန္ဓေနောင် ပထမဘဝင်စိတ်ကလည်း ဝိပါက်စိတ်၊ ပဋိသန္ဓေစိတ်ကလည်း ဝိပါက်စိတ် ဖြစ်လေတော့ ဝိပါက်စိတ်ချင်း အတူတူဖြစ်လို့ ''သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ'' ကို ''သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ'' ထဲမှာ ထည့်သွင်းနိုင်လေတော့ ဝိဘင်းနှစ်ချက်ထုတ်ဘို့ မလိုတော့ဘဲ တချက်ထဲနှင့် ကိစ္စပြီးပါတယ်လို့ ဆိုလိုပါတယ်။

တနည်းအားဖြင့် စတုတ္ထဈာန်ကုသိုလ်ရဲ့ အကျိုးဖြစ်တဲ့ စတုတ္ထဈာန်ဝိပါက် ပဋိသန္ဓေစိတ်နဲ့ သုဒ္ဓါဝါသပုဂ္ဂိုလ်ရယ်လို့ ဖြစ်လာရာ ဒီ ဝိပါက်စိတ်ဟာ အကြိမ်တရာ တထောင် ဖြစ်နေပေမဲ့ ပထမစိတ်သာ မည်ပါသေးတယ်၊ ဝိပါက်စိတ်နဲ့ မတူတဲ့ ဘဝနိကန္တိက လောဘဇောရဲ့ရှေ့က မနောဒွါရာဝဇ္ဇန်းမှာတော့ ဝိပါက် မဟုတ်တော့ဘဲ ကြိယာစိတ်ဖြစ်လို့ ဒုတိယစိတ် မည်ပါတယ်၊ ဒီ ဘဝနိကန္တိက လောဘဇောရဲ့ရှေ့က အာဝဇ္ဇန်းကိုရည်ရွယ်ပြီး ''သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ'' လို့ ဟောပါတယ်၊ သစ္စယမိုက် အတီတဝါရ ပုဂ္ဂလောကာသ သမုဒယမူ မဂ္ဂမူလီ ပစ္စနိက်မှာ သုဒ္ဓါဝါသ ပဋိသန္ဓေကို ဒုတိယေမှာ သွင်းပြီး ကောက်ခဲ့ခြင်းရဲ့ အကြောင်းကိုတော့ အဋ္ဌကထာမှာ မပြခဲ့ပါဘူး၊ ယခု ပြခဲ့တဲ့ အကြောင်းနဲ့တော့ တူလှမယ် မဟုတ်ပါဘူး၊ သမုဒယသစ္စာနဲ့ စပ်နေလို့

ဘဝနိကန္တိက လောဘဇောများကိုသာ အကြောင်းရှာရပေလိမ့်မယ်၊ ကာယသခ်ါရမူ ဝစီသခ်ါရမူလီ ပြီးပါပြီ။

## ကာယမူ စိတ္တမူလီ

ပါဠိတော်ဇယား ကြည့်လိုက်ရင် ကာယသခ်ါရက နည်းပါတယ်၊ စိတ္တသခ်ါရက အပြည့်ရခြင်းကြောင့် အနုလောမ "အာမန္တာ" ထွက်ပါလိမ့်မယ်၊ ပဋိလောမ ကြည့်လိုက်ရင် ကာယသခ်ါရရဲ့ ကွက်လပ်ဖြစ်တဲ့ စတုတ္ထစျာန်နဲ့ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ, ရူပါဝစရာနံ အရူပါဝစရာနံ ကို တွေ့ရပါလိမ့်မယ်၊ ဒါတွေကိုထုတ်ရပါလိမ့်မယ်၊ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဟာ ရူပါဝစရဖြစ်လို့ ရူပါဝစရာနံ ထဲ သွင်းရပါတယ်၊ နှစ်ဘက်ရကျတော့ ကာယသခ်ါရမှာရှိတဲ့ ပထမစျာန် ဒုတိယစျာန် တတိယစျာန်နဲ့ ကာမာဝစရာနံ ကို ထုတ်ပါလိမ့်မယ်။

ယဿ ယတ္ထ ကာယသခ်ါရော ဥပ္ပဇ္ဇိတ္ထ တဿ တတ္ထ စိတ္တသခ်ါရော ဥပ္ပဇ္ဇိတ္ထာတိ၊ အာမန္တာ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသခ်ါရော ဥပ္ပဇ္ဇိတ္ထ တဿ တတ္ထ ကာယသခ်ါရော ဥပ္ပဇ္ဇိတ္ထာတိ၊ စတုတ္ထစျာနံ သမာပန္နာနံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ စိတ္တသခ်ါရော ဥပ္ပဇ္ဇိတ္ထ နောစ တေသံ တတ္ထ ကာယသခ်ါရော ဥပ္ပဇ္ဇိတ္ထ၊ ပထမစျာနံ ဒုတိယစျာနံ တတိယစျာနံ သမာပန္နာနံ ကာမာဝစရာနံ တေသံ တတ္ထ စိတ္တသခ်ါရော စ ဥပ္ပဇ္ဇိတ္ထ ကာယသခ်ါရော စ ဥပ္ပဇ္ဇိတ္ထ။

ပါဠိဇယားမှာ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ နောက်နားမှာ (ရူပါဝစရာနံ) လို့ လက်သဲကွင်းနဲ့ ပြထားပါတယ်၊ ဒါ ရူပါဝစရာနံ အထွက်ပါ၊ ဒါကြောင့် သူ့အတွက် ဝိဘင်းထုတ်စရာ မလိုပါဘူး၊ ဝစီသခ်ါရမူ စိတ္တသခ်ါရမူလီကျတော့ သူ့ကိုထုတ်ရပါလိမ့်မယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဝစီက အရူပရနေလို့ပါ။

အရကောက်မှာ ဈာနောကာသ အတွက် အထူး ပြောစရာ မလိုပါဘူး၊ စတုတ္ထစျာန်ကို ထုတ်ရုံပါဘဲ၊ ဘုမ္မောကာသ "ရူပါဝစရာနံ အရူပါဝစရာနံ" အရ သုဒ္ဓါဝါသကွက်ကို ကြည့်ရင် စိတ္တဆိုင်ရာ ပဋိသန္ဓေနောင် ပထမဘဝင်က စုတိတိုင်အောင် ရတာ တွေ့ရပါလိမ့်မယ်၊ ကာယသခ်ါရဟာ သုဒ္ဓါဝါသနဲ့ လုံးဝမဆိုင်လေတော့ မုချသဒိသတွေလဲ ခွဲနေစရာ မလိုပါဘူး၊ တဖန် ကြွင်းတဲ့ ရူပါဝစရ အရူပါဝစရတွေမှာလဲ ကာယနဲ့ မဆိုင်သဖြင့် အရကောက်မှာ ရေးထားတဲ့အတိုင်း ဖြစ်ပါတယ်။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား စတုတ္ထဈာန်ဇော ၁၈-ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ (ဒါက ဈာနောကာသပါ၊ ပြီးတော့ သုဒ္ဓါဝါသကို ကြည့်ရပါမယ်၊) သုဒ္ဓါဝါသဖြစ်အံ့၊ ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ စုတိတိုင်အောင်၊ (စိတ္တဆိုင်ရာ အားလုံးကို ယူထားပါတယ်၊ ပဋိသန္ဓေတခုသာ မရပါတယ်၊) ကြွင်းသော ရူပါဝစရ အရူပါဝစရဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော သဝိတက္က သဝိစာရ အဝိတက္က အဝိစာရစိတ် ၄၇-ခုတို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏၊ (နှစ်ဘက်ရက ကာယသင်္ခါရမှာရှိတာကို ဆိုရရုံပါဘဲ)။ ။ပထမဈာန်ဇော နှစ်ဆယ်၊ ဒုတိယဈာန်ဇော တဆယ်၊ တတိယဈာန်ဇော တဆယ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ ကာမစိတ် ၅၄-ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏၊ သံသယကား နောက်သာရ၏၊ အနုလောမ ၎င်းရ၏။

ပစ္စနိက်ကျတော့ ပါဠိက ပစ္စနိက်ကွက်မှာ ရှိတဲ့ သုဒ္ဓါဝါသ ဥပပဇ္ဇန္တနဲ့ အသညသတ်ပါ။

ယဿ ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ တဿ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိတ္ထာတိ၊ စတုတ္ထဈာနံ သမာပန္နာနံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိတ္ထ၊ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ နုပ္ပဇ္ဇိတ္ထ စိတ္တသင်္ခါရော စ နုပ္ပဇ္ဇိတ္ထ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိတ္ထ တဿ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထာတိ၊ အာမန္တာ။

ပစ္စနိက် သံသယကြွင်းကား ရူပါဝစရ ပဉ္စမဈာန်ပဋိသန္ဓေတခု၊ စေတသိက် ၁၁-သတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

## ဝစီမူ စိတ္တမူလီ

ပါဠိက အနုလောမ "အာမန္တာ"ဘဲ ထွက်ပါလိမ့်မယ်၊ ပဋိလောမကျတော့ ပိုနေတဲ့ ဒုတိယ တတိယ စတုတ္ထစျာန်နဲ့ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေဝတ္တမာနေကို ထုတ်ရပါတယ်၊ နှစ်ဘက်ရကတော့ ဝစီသင်္ခါရကွက်မှာရှိတဲ့ ပထမစျာနံ ကာမာဝစရာနံနဲ့ ရူပါဝစရာနံကို ပဋိလောမ တဘက်ရက သုဒ္ဓါဝါသာနံကို ယူသွားတော့ သုဒ္ဓါဝါသာနံကို အပါဒါန်ခံပြီး ဣတရေသံလို့ ထည့်ပေးရပါလိမ့်မယ်၊ ပြီးတော့ အရူပါဝစရာနံလဲ ရပါတယ်။

ယဿ ယတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထ တဿ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ၊ အာ၁မန္တာ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိတ္ထ တဿ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ၊ ဒုတိယစျာနံ တတိယစျာနံ စတုတ္ထစျာနံ သမာပန္နာနံ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ တေသံ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိတ္ထ နော စ တေသံ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊ ပထမစျာနံ သမာပန္နာနံ ကာမာဝစရာနံ ဣတရေသံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရော စ ဥပ္ပဇ္ဇိတ္ထ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇိတ္ထ။

အရကောက်က ဒုတိယ တတိယ စတုတ္ထစျာန်တွေကို စျာနောကာသအတွက် ကောက်ရရုံပါဘဲ၊ ဘုမ္မောကာသအတွက် သုဒ္ဓါဝါသက စိတ္တနဲ့သာ ဆိုင်တဲ့ မုချဖြစ်တဲ့ ပထမဘဝင်ရယ် သဒိသဖြစ်တဲ့ ဘဝင် ၁၅-ချက် မနောဒွါရာဝဇ္ဇန်းကို ကောက်ရပါတယ်၊နှစ်ဘက်ရကျတော့ စျာနောကာသအတွက် ဝိဘင်းအတိုင်း ပထမစျာန်ကို ကောက်ပါ၊ ဘုမ္မောကာသအတွက် ကာမာဝစရာနံကလဲ ထုံးစံအတိုင်း ကောက်ရရုံပါဘဲ၊ ဣတရေသံ ရူပါဝစရာနံကို ဇယားမှာရှိတဲ့ အတိုင်း သုဒ္ဓါဝါသဖြစ်ရင် ဆိုင်ရာဖြစ်တဲ့ ဘဝနိကန္တိက ပထမဇောက စုတိတိုင် ကောက်ပါ၊ ကြွင်း ရူပ အရူပမှာလဲ ဇယားအတိုင်း ကောက်ရရုံပါဘဲ။

ပဋိလောမ ပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဒုတိယစျာန်ဇော တဆယ်၊ တတိယစျာန်ဇော တဆယ်၊ စတုတ္ထစျာန်ဇော ၁၈-ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်ဟု ဆိုအပ်သော စျာနောကာသ၊ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင်ဟု ဆိုအပ်သော မုချ ဒုတိယစိတ်၊ ထိုစိတ်နှင့် ဝစီသင်္ခါရဖြစ်ဘူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသ ဒုတိယစိတ်ဟုဆိုအပ်သော ဘဝင် ၁၅-ချက်၊မနောဒွါရာဝဇ္ဇန်း၊ ဤ ၁၇-ချက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု

ဆိုအပ်သော ဈာန်မဝင်စားသော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅-ဘုံဟုဆိုအပ်သော ဘုမ္မောကာသရ၏။ ။ပထမဈာန်ဇော နှစ်ဆယ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ ကာမစိတ် ၅၄-ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ သုဒ္ဓါဝါသဖြစ်အံ့၊ ဘဝနိကန္တိက ပထမဇောမှစ၍ စုတိတိုင်အောင် ကြွင်းသော ရူပါဝစရ အရူပါဝစရဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော သဝိတက္က သဝိစာရ အဝိတက္က အဝိစာရစိတ် ၄၇-ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သောရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသလည်း ရ၏၊ သံသယကား နောက်သာရ၏၊ အနုလောမ ၎င်းရှ၏။

ပစ္စနိက်ကျတော့ ခုနကပြောခဲ့တဲ့အတိုင်း စိတ္တက မူလီဖြစ်နေတော့ သုဒ္ဓါဝါသ ဥပပဇ္ဇန္တနဲ့ အသညသတ်ဘဲကျန်ပါတော့တယ်၊ အရကောက်ကလဲ ခုနက အတိုင်းပါဘဲ။

ယဿ ယတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထ တဿ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိတ္ထာတိ၊ ဒုတိယဈာနံ တတိယဈာနံ စတုတ္ထဈာနံ သမာပန္နာနံ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ တေသံ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိတ္ထ၊ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ နုပ္ပဇ္ဇိတ္ထ စိတ္တသင်္ခါရော စ နုပ္ပဇ္ဇိတ္ထ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိတ္ထ တဿ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထာတိ၊ အာမန္တာ။

ပစ္စနိက်သံသယကြွင်းကား ရူပါဝစရပဌမဈာန် ပဋိသန္ဓေတခု၊ စေတသိက်တိ သတို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏။

အတီတဝါရအားလုံးကုန် ပြီးသွားပါပြီ၊ နိရောဓဝါရ ဥပ္ပါဒနိရောဓဝါရ တွေကလဲ ဥပ္ပါဒဝါရနဲ့ အားလုံးကုန်တူပါတယ်၊ ယခုပစ္စုပ္ပန္နဝါရနှင့် အတီတဝါရ ၂-မျိုးပြီးသွားတော့ ဒီဝါရနှစ်ပါးကိုတွဲပြီးဟောတဲ့ ပစ္စုပ္ပန္နာတီတဝါရ

ကို ပို့ချပေးခဲ့လို့ရှိရင် အာသေဝန ပစ္စည်းတပ်ပြီး လွယ်ကူ ပါလိမ့်မယ်၊ ဒါကြောင့် ပစ္စုပ္ပန္နာတီတဝါရကို ဆက်လက်ပို့ချပေးပါမယ်။

## ဥပ္ပါဒ၊ ပစ္စုပ္ပန္နာတီတဝါရ၊ ပုဂ္ဂလ

အတီတပုဂ္ဂလဝါရပါဠိကိုကြည့်ရင် သခ်ါရသုံးပါးလုံးပင် တရားကုန်ရကြသဖြင့် မူပစ္စုပ္ပန်ဘက်မှ ကာယစသည် မရတဲ့ ပစ္စနိက်ကွက်နဲ့ ကွက်လပ်များကို တဘက်ရထုတ်ရပါတယ်၊ ကာယသခ်ါရစသည်ရတဲ့ တရားများကို နှစ်ဘက်ရထုတ်ရမှာဖြစ်တော့ သစ္စယမက ပစ္စုပ္ပန္နာတီတထက် လွယ်ပါတယ်၊ အရကောက်များမှာလဲ ပစ္စုပ္ပန္နဝါရက ဆိုခဲ့တဲ့ အရကောက်များပင် ဖြစ်ပါလိမ့်မယ်၊ ပစ္စနိက်ကြွင်းများအတွက် ပစ္စနိက်ကိုကြည့်ရင် ကြက်ခြေပြထားသဖြင့် အမြဲ "ဥပ္ပဇ္ဇိတ္ထ နှင့် နတ္ထိ" ချည်း ထွက်ပါလိမ့်မယ်။

## ဥပ္ပါဒ၊ ကာယမူ ဝစီမူလီ၊ ကာယမူ စိတ္တမူလီ

ပါဠိဇယားကိုကြည့်လိုက်ရင် ဒါတွေဟာ အတူတူပါဘဲ၊ ဘာ့ကြောင့်လဲဆိုရင် အတီတပုဂ္ဂလက တရားကုန်ရနေလို့ ဖြစ်ပါတယ်၊ ဒီတော့ အနုလောမဟူသ၍ အမြဲ "အာမန္တာ" ထွက်ပါလိမ့်မယ်၊ ပဋိလောမပါဠိတော် ဇယားကြည့်ရင် ပစ္စုပ္ပန္နဝါရ ပစ္စနိက်ကွက် လှမ်းပြီး ကြည့်လိုက်ပါ၊ ပြီးတော့ ကာယသခ်ါရရဲ့ကွက်လပ်တွေ ကြည့်လိုက်ပါ၊ ဒါဘဲထုတ်ရပါလိမ့်မယ်၊ ဒီလိုလှမ်းကြည့်လိုက်တော့ ပစ္စုပ္ပန္နဝါရပစ္စနိက်မှာ ဘာရှိသလဲဆိုတော့ "သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ" နဲ့ ကာယသခ်ါရရဲ့ ကွက်လပ်ဖြစ်တဲ့ "ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ" တွေ့ပါလိမ့်မယ်၊ တဖန် ပစ္စနိက်မှာ ကျန်နေတဲ့ "နိရောဓသမာပန္နာနံ အသညသတ္တာနံ"ကို တဘက်ရ ထုတ်ရပါမယ်။

ကာယသခ်ါရကွက်မှာရှိတဲ့ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေကို နှစ်ဘက်ရ ထုတ်ရပါလိမ့်မယ်၊ ကာယသခ်ါရမူ စိတ္တသခ်ါရမူလီကို ကြည့်လိုက်ရင်လဲ ဒီ ဝိဘင်းအတိုင်းထွက်မည်ကို တွေ့ရပါလိမ့်မယ်။

ယဿ ကာယသခ်ါရော ဥပ္ပဇ္ဇတိ တဿ ဝစီသခ်ါရော ဥပ္ပဇ္ဇိတ္ထာတိ၊ အာမန္တာ။ ။ယဿ ဝါ ပန ဝစီသခ်ါရော ဥပ္ပဇ္ဇိတ္ထ တဿ ကာယသခ်ါရော ဥပ္ပဇ္ဇတီတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ ဝစီသခ်ါရော ဥပ္ပဇ္ဇိတ္ထ နော စ တေသံ ကာယသခ်ါရော ဥပ္ပဇ္ဇတိ၊ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ ဝစီသခ်ါရော စ ဥပ္ပဇ္ဇိတ္ထ ကာယသခ်ါရော စ ဥပ္ပဇ္ဇတိ။

အရကောက်ကျတော့ ပစ္စုပ္ပန္နဝါရကကောက်ခဲ့တဲ့အတိုင်း အကျယ်ကောက်နိုင်ပါတယ်၊ အရကောက်မှာတော့ အကျဉ်းဘဲ ကောက်ပြပါတယ်၊ သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏေ အရက ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီလို့ဘဲ ဆိုပါတယ်၊ ဝိနာ အသညသတ္တာနံ-ကိုလဲ အသညသတ္တာသ ကင်းသောစိတ်လို့ဘဲ ဆိုပါတယ်၊ ဒီတော့ အရကောက်ကပြတဲ့ ခပ်ကျဉ်းကျဉ်းဘဲ ဆိုလိုက်ကြပါစို့။

ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏အရကား ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အသညသတ္တာသကင်းသော ခပ်သိမ်းသော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်၊ နိရောဓသမာပတ်ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်၊ အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်ရ၏။

နှစ်ဘက်ရကျတော့ အရကောက် ပစ္စုပ္ပန္နဝါရမှာရှိတဲ့အတိုင်း နံပါတ် ၁-၂-၇-ကို ကောက်ရပါလိမ့်မယ်။

အသညသတ္တာသနှင့်တကွ ပဌမဈာန်ဇော နှစ်ဆယ်၊ ဒုတိယဈာန်ဇော တဆယ်၊ တတိယဈာန်ဇော တဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ အသညသတ္တာသနှင့်တကွ ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်လည်း ရ၏၊ သံသယကား နောက်သာ ရ၏၊ အနုလောမ ၎င်းရ၏။

အသညသတ္တာနံ-အရကောက်နဲ့ ပတ်သက်လို့ "အသညသတ္တာနံ-ကို ပဝတ္တိ၌လည်း ရကောင်းသောကြောင့် အသညသတ် ပုဂ္ဂိုလ်ရ၏ဟု ကောက်သင့်ကြောင်းကို အချို့သော ဆရာမြတ်တို့ ဆိုကုန်၏၊ ထိုဆရာမြတ်တို့ စကားကို သစ္စယမိုက်၌ ဥပပဇ္ဇန္တစဝန္တကိုသာ ဟောသောကြောင့် ကောက်တော်မမူကုန်" ဟု မှာသားချက် အရဆိုရင် ဓမ္မယမိုက် ပစ္စုပ္ပန္နာတီတ ပုဂ္ဂလဝါရမှာ "အသညသတ် ပုဂ္ဂိုလ်" ကို သာမညကောက်ထားခဲ့လည်း ဥပပဇ္ဇန္တစဝန္တကိုသာ အရကောက် ဆရာတော် လိုဟန်ရှိပါသည်။

အထက်ပါ အရကောက် ဆရာတော်၏ "အသညသတ္တာနံ" အရကို သစ္စယမိုက်၌ ဥပပဇ္ဇန္တစဝန္တကိုသာ ဟောတယ်ဆိုတဲ့ စကားရပ်ကို နဲနဲရှင်းပြပါဦးမယ်၊ အသညသတ္တာနံ-လို့ ဟောထားတဲ့ ပါဠိအရ ဥပ္ပါဒ နိရောဓ စတဲ့ဝါရများမှာ အသညသတ်ပုဂ္ဂိုလ်ကို ပဝတ္တိအခါ မကောက်ပါဘူး၊ သစ္စယမိုက်

သမုဒယမူ မဂ္ဂမူလီ ပစ္စနိုက်စသည်နှင့်တကွ အခြားသော ပဝတ္တိ အခါကိုပါ ဟောတဲ့ယမိုက်ကျမ်းများရှိ "အသညသတ္တာနံ" များဟာ ပဋိသန္ဓေစုတိနဲ့သာ ဆိုင်ကြပါတယ်၊ သမုဒယမူ မဂ္ဂမူလီပစ္စနိုက်မှာရှိတဲ့ အသညသတ္တာနံ-ဟာ သဗ္ဗေသံ ဥပပဇ္ဇန္တာနံ-မှ အသညသတ် ဥပပဇ္ဇန္တနဲ့ သဗ္ဗေသံ စဝန္တာနံ-မှ အသညသတ် စဝန္တနှစ်ခုကို ပေါင်းထားတာ ဖြစ်ပါတယ်လို့ အရကောက်ရဲ့ သစ္စယမိုက်ကို ညွှန်ပြမှုအတွက် နားလည်ရန် ရှင်းပြခြင်းဖြစ်ပါတယ်။

ပစ္စနိုက်ကျတော့ အတီတပုဂ္ဂလမှာ ကြက်ခြေပြပြီးထားခြင်းကြောင့် ဝိဘင်း အထူး မထွက်ပါဘူး၊ ဥပ္ပဇ္ဇိတ္ထနှင့် နုတ္ထိဘဲ ထွက်ပါလိမ့်မယ်။

ယဿ ကာယသင်္ခါရော နုပ္ပဇ္ဇတိ တဿ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထာတိ၊ ဥပ္ပဇ္ဇိတ္ထ။ ။ယဿ ဝါ ပန ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထ တဿ ကာယသင်္ခါရော နုပ္ပဇ္ဇတီတိ၊ နတ္ထိ။

အရကောက်မယ်ဆိုရင် ဥပ္ပဇ္ဇိတ္ထအရ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ အဿာသ ပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓ သမာပန္နာနံနဲ့ အသည သတ္တာနံကို ကောက်ရပါဘဲ။

## နိရောဓ၊ ကာယမူ ဝစီမူလီ၊ ကာယမူ စိတ္တမူလီ

နိရောဓဝါရကျတော့ ဥပ္ပါဒက္ခဏကို ဘင်္ဂက္ခဏ ပြောင်းရုံပါဘဲ၊ အထူး မရှိပါဘူး။

ဥပ္ပဇ္ဇိဿတိ စတုတ္ထစျာန် သမာပန္နာနံ အသညသတ္တာနံ တေသံ တတ္ထ ဝစီ သင်္ခါရော စ န နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ န နိရုဇ္ဈိဿတိ။

ပစ္စနိက်သံသယကြွင်း သဝိသစာ ပစ္ဆိမဘာဂ်အတွက် ဇယားမှာ ပြထားတဲ့ အတိုင်း မဟာဝိပါက် ဉာဏသမ္ပယုတ်လေးခု ပထမစျာန် ဒုတိယစျာန်စသည်ဖြစ် ပါတယ်၊ ဘုမ္မောကာသဇယား(က)နဲ့(ခ)ကို ပေါင်းထားပါတယ်၊ ဘုံသတ် ရာ၌ ရူပ၆–လို့ပြထားပါတယ်၊ ဒါကအာဘဿရာတိုင်အောင်သော ရူပါဝစရ ၆–ဘုံ ဖြစ်ပါတယ်၊ စတုက္ကနည်းအားဖြင့် ပထမစျာန် ဒုတိယစျာန်ကို ပေါင်းရှုယူထားသဖြင့် အာဘဿရာတိုင်အောင်သော ၆–ဘုံဖြစ်ပါတယ်။

ပစ္စနိက် သံသယကြွင်းကား မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်လေးခု ပထမ စျာန် ဝိပါက် ဒုတိယစျာန်ဝိပါက်ဟုဆိုအပ်သော သဝိတက္ကသဝိစာရ ပစ္ဆိမစိတ် ၆–ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာ ဝစရ ရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံ၊ အာဘဿရတိုင်အောင်သော ရူပါဝစရ ၆-ဘုံဟု ဆိုအပ်သော ဘုမ္မော ကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ကာမစုတိ ၁၀၊ ပထမစျာန်ဝိပါက် ဒုတိယစျာန်ဝိပါက်ဟုဆိုအပ်သော သဝိတက္ကသဝိစာရ စုတိ စိတ် ၁၂–ခု၊ စေတသိက်ပဋိသန္ဓေတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော စျာန် မဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ၊အာဘဿ ရတိုင်အောင်သော ရူပါဝစရ ၆-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊(ပဋိလောမ တဘာက်ရက အဆုံးစျာန်၏ ဥပါဒ်ကိုယူသွားလေတော့ ဘင်ကျန်ပါတယ်၊ ပစ္စနိက် ကွက်မှာကြည့်ပါ၊) ပထမစျာန်မဝင်စားလတ္တံ့သောသူဖြစ်အံ့– အဆုံးစျာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမစျာန်ဟုဆိုအပ်သော စျာနောကာသ၊ (အဝိ တက္က အဝိစာရ ပစ္ဆိမသမင်္ဂီနံကို ခဏတ္တယလို့ဆိုရပါတယ်၊)တတိယစျာန်ဝိပါက် စတုတ္ထစျာန်ဝိပါက် ပဉ္စမစျာန်ဝိပါက် အရူပဝိပါက်လေးခုဟုဆိုအပ်သော အဝိ တက္ကအဝိစာရ ပစ္ဆိမစိတ် ၇-ခုတို့၏ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင် စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ပထမစျာန် အသညသတ်ကြဉ်သော ရူပ ၁၂–ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊(အစစ်ပါ) မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော အဝိတက္ကအဝိစာရစုတိစိတ် ၇-ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော စျာန် မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမစျာန် အသည သတ် အကနိဋ္ဌကြဉ်သော ရူပ ၁၁–ဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မော

ကာသ၊ (အတု) (ယဿအတွက် ပဋိလောမတဘက်ရက ပဋ္ဌမဇော၏ ဥပါဒ်ကိုယူသွားပြီဖြစ်၍ ပဋ္ဌမဇော၏ဘင် ဘဝင်၏ခဏတ္တယဟု ဇယားမှာရှိတဲ့အတိုင်း ဆိုပါ၊) အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့်သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့- ပဋ္ဌမဇော၏ဘင်ကွဲဏသမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့- ပဋ္ဌမဇော၏ဘင် ဘဝင်၏ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဠာန်ပုဂ္ဂိုလ်တို့အား ပထမဈာန် အသည သတ်ကြဉ်သောရူပ ၁၂-ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် အဝိတက္က အဝိစာရစိတ် ၇-ခုတို့ဖြင့် စုတိလတ့်သောပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့- ပဋ္ဌမဇော၏ ဘင်ကွဏသမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့-ပဋ္ဌမဇော၏ဘင် ဘဝင်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန် အသညသတ်.အကနိဋ္ဌကြဉ်သော ရူပ ၁၁-ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (ပြီးတော့ ရသင့်လာပါတယ်၊ ဈာနောကာသဇယား ၃-ကိုကြည့်ပါ၊ ပဋိလောမကဥပါဒ်ကို ယူသွား၍ အဆုံးစွန် အဿာပဿာသနှင့်တကွ ချုပ်သောဈာန်၏ ဘင်မှသည်အဆုံး ဈာန်တိုင်အောင်ဟု ဆိုပါ။)

ကာမာဝစရဘုံ၌ ဒုတိယဈာန်၊ တတိယဈာန်ကို မဝင်စားလတ့်သောသူ ဖြစ်အံ့-အဆုံးစွန်အဿာသ ပဿာသနှင့်တကွချုပ်သော ဈာန်၏ ဘင်မှသည် အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ အစစ္စာ ဝင်စားသော ဈာန်မှသည်အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ရူပါဝစရ၊ အရူပါဝစရပုဂ္ဂိုလ်တို့အား ဒုတိယဈာန်၊ တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ စတုတ္ထဈာန်ဇော ၁၈-ခုတို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရ ပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနောကာသ၊ အသညသတ် ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော ဈာန်မဝင်စားသော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသရ၏။

## ဥပ္ပါဒနိရောဓဝါရ၊ အနာဂတ-ပုဂ္ဂလောကာသ၊ ကာယမူဝစီမူလိ

အရကောက်မှာ နိရောဓဝါရအတိုင်း ကောက်ပါလို့မှာပါတယ်။ မူက ဥပ္ပါဒ ဖြစ်လေတော့ အနုလောမတဘက်ရ-နှစ်ဘက်ရများကို ဥပ္ပါဒ အတိုင်း ကောက်ရပါလိမ့်မယ်။ ပဋိလောမမှာ နဲနဲပြင်ရမယ်၊ ပစ္စနိက်ကတော့ နိရောဓ

အတိုင်းပင်ဖြစ်ပါလိမ့်မယ်။ ဝိဘင်းက နိုရောဓအတိုင်းဖြစ်ပါတယ်၊ နိုရောဓအတိုင်းဖြစ်တော့ အနုလောမတဘက်ရမှာ ဇယားမှာပြထားတဲ့အတိုင်း ဒုတိယစျာန် တတိယစျာန် သမာပန္နာန်ကိုတဘက်ရ၊ ပထမစျာန် သမာပန္နာန်နှင့် ကာမာဝစရာန်က နှစ်ဘက်ရ၊ ပဋိလောမက ကာမပစ္စိမ ဥပ္ပါဒက္ခဏနဲ့ယဿ၊ ပြီးတော့ ရူပါဝစရ၊ အရူပါဝစရ–ဒါတွေဘဲ ပြန်ထုတ်ရပါလိမ့်မယ်။၊

ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိဿတိ တဿ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတီတိ၊ ဒုတိယစျာန် တတိယစျာန် သမာပန္နာန် တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိဿတိ နောစတေသံ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ၊ ပထမစျာန် သမာပန္နာန် ကာမာဝစရာန် တေသံ တတ္ထ ကာယသင်္ခါရောစ ဥပ္ပဇ္ဇိဿတိ ဝစီသင်္ခါရော စ နိရုဇ္ဈိဿတိ။ ။ယဿ ဝါပန ယတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ တဿ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊ ကာမာဝစရာန် ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ ယဿ စိတ္တဿ အနန္တရာကာမာဝစရာန် ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ ရူပါဝစရာန် အရူပါဝစရာန် တေသံ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ နောစ တေသံ တတ္ထကာယသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ ပထမစျာန်သမာပန္နာန် ဣတရေသံ ကာမာဝစရာန် တေသံ တတ္ထ ဝစီသင်္ခါရောစ နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ။

အရကောက်က အနုလောမတဘက်ရမှာ ဥပ္ပါဒစျာနောကာသနံပါတ် ၂-အတိုင်းကောက်ရရုံပါဘဲ၊ အနန္တရများကို ဥပါဒ်မပြင်ရပါဘူး။

**အနုလောမပစ္စုဒ္ဓသန္နိဋ္ဌာန်ပုဒ်၏** အရကား ကာမာဝစရဘုံ၌ ဒုတိယစျာန် တတိယစျာန်ကိုဝင်စားလတ့်သောသူ ဖြစ်အံ့-အဆုံးစျာန်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊ မဝင်စားလတ့်သောသူဖြစ်အံ့-အဆုံးစွန် အဿာသပဿာသနှင့်တကွဖြစ်သောစျာန်၏ အနန္တရတိုင်အောင် စျာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ဒုတိယစျာန်၊ တတိယစျာန်ဟု ဆိုအပ်သော စျာနောကာသရ၏။

နှစ်ဘက်ရမှာ ပထမစျာန်သမာပန္နာန်ကို စျာနောကာသ နံပါတ် ၁-အတိုင်းကောက်ပါ၊ ကာမာဝစရာန်အတွက် ဘုမ္မောကာသ နံပါတ် ၁–အစစ်အတုနှင့် နံပါတ် ၈–ဖြစ်ပြန်ကောင်းကို ကောက်ရပါမယ်။

ကာမာဝစရဘုံ၌ ပထမစျာန်ကို ဝင်စားလတ့်သောသူဖြစ်အံ့–အဆုံးစွန် စျာန်တိုင်အောင် စျာန်ဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊ မဝင်

စားလတံ့သောသူဖြစ်အံ့-အဆုံးစွန် အဿာသ ပဿာသနှင့်တကွ ဖြစ်သော ဈာန်၏အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန်ဟုဆိုအပ်သော ဈာနောကာသ၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အဿာသ ပဿာသနှင့်တကွဖြစ်သော တေတ္တိံသမစိတ်၏ အနန္တရတိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန် ကောင်းသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ အဆုံးစွန်အဿာသ ပဿာသနှင့် တကွ ဖြစ်သောစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ (ခွဲကောက်ပါတယ်) မိမိ ဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ ·စုတိ တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန် မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟုဆိုအပ်သော ဘုမ္မောကာသလည်းရ၏။ သံသကား နောက်သာရ၏။

ပဋိလောမမှာ ကာမပစ္ဆိမဥပ္ပါဒအတွက် ဘုမ္မောကာသနံပါတ်-၁-ရဲ့ အစစ် အတုကောက်ပါ။

**ပဋိလောမပုစ္ဆာ** သန္နိဋ္ဌာန်ပုဒ်၏အရကား ကာမတိဟိတ် စုတိ လေးခု စေတသိက်တေတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စား သော ကာမာဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုတ်တို့အား ကာမသုဂတိခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်း သော ကာမစုတိ ၁၀၊ စေတသိက်တေတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ် သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (ဒါက ကာမပစ္ဆိမဥပ္ပါဒ အတွက်ပါ၊ ယဿ အတွက်က ဘုမ္မောကာသ နံပါတ် ၂-အတိုင်း ဆိုရပါလိမ့်မယ်၊ အစစ်အတု ကိုလဲ ရှေးကပြောခဲ့တဲ့အတိုင်းဘဲယူပါ၊)ပစ္ဆိမစိတ်မှ ပြန်၍ရေသော် အဆုံးစွန် အဿာသပဿာသနှင့်တကွ ချုပ်သော တေတ္တိံသမစိတ်မှသည် ပစ္ဆိမစိတ်၏ အနန္တရဖြစ်သော ဒုတိယတဒါရုံ မရဏာသန္နပဥ္စမဇောဘဝင်တိုင်အောင် ဈာန် မဝင်စားသော ကာမာဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ် ပြန်ကောင်းသောသူဖြစ်အံ့- အဆုံးစွန် အဿာသပဿာသနှင့်တကွ ချုပ်သော စိတ်မှသည် စုတိ၏ အနန္တရဖြစ်သော ဒုတိယတဒါရုံ မရဏာသန္နပဥ္စမဇော

ဘဝင်တိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ (ပြီးတော့ ရသင့်ကောက်ရပါ မယ်။ ရသင့်က ဈာနောကာသနံပါတ် ၄-ပထမဈာန်ကိုယူရာ၌ နိရောဓ ဖြစ်၍ အနန္တရကို ဥပါဒ်ပြင်ပါ။ ပစ္စနိက်ကျတော့ ဘင်ကျန်ပါလိမ့်မယ်။) ကာမာဝစရဘုံ၌ ပထမဈာန်ကို မဝင်စားလတ့် ရူပါဝစရ အရူပါဝစရဘုံ၌ သာ ဝင်စားလတ့်သောသူဖြစ်အံ့- အဆုံးဈာန် အဿာသပဿာသနှင့် တကွ ချုပ်သော ဈာန်မှသည်အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ကာမာ ဝစရပုဂ္ဂိုလ်၊ အစစ္စာ ဝင်စားသော ဈာန်မှသည်အဆုံးဈာန် တိုင်အောင် ဈာန်ဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်၊ ရူပါဝစရ အရူပါဝစရ ဘုံ၌လည်း မဝင်စားလတ့်သော သူဖြစ်အံ့- အဆုံးစွန် အဿာသပဿာသနှင့် တကွချုပ်သော ဈာန်မှသည်အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စား သော ကာမာဝစရပုဂ္ဂိုလ်၊ အစစ္စာ ဝင်စားသော ဈာန်မှသည်အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန်ဟုဆိုအပ်သော ဈာနောကာသ။ (ပြီးတော့ ရူပါဝစရာနံ အရူပါ ဝစရာနံအတွက် ဘုမ္မောကာသနံပါတ် ၃-ကိုကြည့်၍ နိရောဓသဘောအတိုင်း အနန္တရကို ဥပါဒ်ပြင်၊ စတုတ္ထဇောကို ပဋ္ဌမဇော၏ ဥပါဒ်ပြင်ပြီး အစစ်အတု ကို ကောက်ပါ၊ ဖြစ်ပြန်ကောင်းကလဲ နံပါတ် ၉-အတိုင်းပါဘဲ၊) ပထမဈာန် ဝိပါက် ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ် ၂-ခုဖြင့် ပရိနိဗ္ဗာန်ပြုလတ့်သောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်၊ အဝိတက္ကအဝိစာရစိတ် ၇-ခုဖြင့် ပရိနိဗ္ဗာန်ပြုတ့်သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ မရဏာသန္နပဋ္ဌမဇော၏ ဥပါဒ်တိုင်အောင် ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် သဝိတက္ကသဝိစာရစိတ် ၂-ခုဖြင့် စုတိ လတ့်သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ဥပါဒ်တိုင်အောင် အဝိတက္ကအဝိ စာရစိတ် ၇-ခုဖြင့် စုတိလတ့်သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ မရဏာသန္နပဋ္ဌမ ဇော၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ် သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား အသညတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်

မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသရ၏၊ အနုလောမသံသယလည်းရ၏၊ သံသယကား နောက်သာရ၏။

ပစ္စနိက်သံသယကြွင်း ပါဠိနှင့်အရကောက်အားလုံး နိရောဓဝါရနဲ့ တူပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိဿတိ တဿ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ ယဿစိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိဿတိ နော စ တေသံ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ၊ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ အဝိတက္ကအဝိစာရပစ္ဆိမစိတ္တသမင်္ဂီနံ ယဿ စိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ စတုတ္ထဇ္ဈာနံ သမာပန္နာနံ အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ နုပ္ပဇ္ဇိဿတိ ဝစီသင်္ခါရော စ န နိရုဇ္ဈိဿတိ။ ။ ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ တဿ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိဿတီတိ၊ ဒုတိယဇ္ဈာနံ တတိယဇ္ဈာနံ သမာပန္နာနံ တေသံ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိဿတိ၊ သဝိတက္ကသဝိစာရ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ အဝိတက္ကအဝိစာရပစ္ဆိမစိတ္တသမင်္ဂီနံ ယဿစိတ္တဿအနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ စတုတ္ထဇ္ဈာနံ သမာပန္နာနံ အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ န နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ နုပ္ပဇ္ဇိဿတိ။

ပစ္စနိက်သံသယကြွင်းကား မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်လေးခု ပထမဈာန် ဝိပါက် ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရ ပစ္ဆိမစိတ် ၆-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံ၊ အာဘဿရတိုင်အောင်သော ရူပါဝစရ ၆-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ကာမစုတိ ၁၀၊ ပထမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက်ဟုဆိုအပ်သော သဝိတက္ကသဝိစာရစိတ် ၁၂-ခု စေတသိက် ပဉ္စတိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ၊ အာဘဿရ

တိုင်အောင်သော ရူပါဝစရ ၆-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ ပထမစျာန်ကိုမဝင်စားလတ့ံသောသူဖြစ်အံ့- အသုံးစျာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမစျာန်ဟုအပ်သော စျာနောကာသ၊ အဝိတက္က အဝိစာရ ပစ္ဆိမစိတ် ၇-ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ပထမစျာန် အသညသတ်ကြဉ်သော ရူပ ၁၂-ဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော အဝိတက္ကအဝိစာရစိတ် ၇-ခုတို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော စျာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမစျာန်အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၁-ဘုံ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့ံသောပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့-ပစ္ဆိမဇော၏ ဘင်္ဂက္ခဏသမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့-ပစ္ဆိမဇော၏ဘင် ဘဝင်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သောစျာန်မဝင်စားသော ရူပါဝစရ အရူပါဝစရအရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ပထမစျာန်အသညသတ်ကြဉ်သော ရူပ ၁၂-ဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် အဝိတက္ကအဝိစာရစိတ် ၇-ခုတို့ဖြင့် စုတိလတ့ံသော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့-ပစ္ဆိမဇော၏ ဘင်္ဂက္ခဏသမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့-ပစ္ဆိမဇော၏ဘင် ဘဝင်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမစျာန် အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၁-ဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ ကာမာဝစရဘုံ၌ ဒုတိယစျာန် တတိယစျာန်ကို မဝင်စားလတ့ံသောသူဖြစ်အံ့-အသုံးစွန်အဿာသ ပဿာသနှင့်တကွ ချုပ်သောစျာန်၏ ဘင်မှသည် အသုံးစျာန်တိုင်အောင် စျာန်ဝင်စားသောကာမာဝစရပုဂ္ဂိုလ်။ အစ စွာဝင်စားသော စျာန်မှသည် အသုံးစျာန်တိုင်အောင် စျာန်ဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဒုတိယစျာန် တတိယစျာန်ဟုဆိုအပ်သော စျာနောကာသ၊ စတုတ္ထစျာန်ဇော ၁၈-ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား စတုတ္ထစျာန်ဟုဆိုအပ်သော စျာနောကာသ၊ အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော စျာန်မဝင်စားသော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသရ၏။

## * ဉပ္ပါဒဝါရ၊ အနာဂတ–ပုဂ္ဂလော၊ ကာယမူ စိတ္တမူလီ

အရင်အပတ်က ကာယသင်္ခါရမူ ဝစီသင်္ခါရမူလီ ပြီးသွားပါပြီ။ ယခု အပတ်မှာကာယသင်္ခါရမူ စိတ္တသင်္ခါရမူလီကို ဆက်လက်ပို့ချပေးပါမယ်၊ ပါဠိတော်ဇယားကိုကြည့်ရင် အနုလောမအာမန္တာထွက်ကြောင်း ထင်ရှားပါတယ်။ ပဋိလောမတဘက်ရမှာ အထက်ဆုံးက ပိုနေတဲ့ ယဿစိတ္တဿအနန္တရာရမယ်၊ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဉပ္ပဇ္ဇိဿတိက ရူပါဝစရံ အရူပါဝစရာနံထဲမှာ ဝင်နေတော့ အောက်ဆုံးက ရူပါဝစရာနံ အရူပါဝစရာနံထဲသွင်းပြီး ဝိဘင်းထုတ်ရပါတယ်၊ ဒီတော့ ဘာကျန်တော့သလဲဆိုရင် ယဿစိတ္တဿအနန္တရာ ကာမာဝစရာနံပစ္ဆိမစိတ္တံဉပ္ပဇ္ဇိဿတိရယ် ကာယသင်္ခါရ၏ ကွက်လပ်ဖြစ်တဲ့ စတုတ္ထဈာနံနဲ့ ရူပါဝစရာနံ အရူပါဝစရာနံကို တဘက်ရထုတ်ရပါလိမ့်မယ်။ နှစ်ဘက်ရကတော့ ကာယသင်္ခါရမှာရှိတဲ့ ကွက်တူဖြစ်တဲ့ပဌမ ဒုတိယ တတိယဈာန်နဲ့ ဣတရေသံ ကာမာဝစရာနံကို နှစ်ဘက်ရထုတ်ရပါတယ်၊ ဣတရေသံပါမှုကတော့ တဘက်ရက ကာမပစ္ဆိမကို အပါဒါန်ခံတာဖြစ်ပါတယ်၊

ယဿ ယတ္ထ ကာယသင်္ခါရော ဉပ္ပဇ္ဇိဿတိ တဿ တတ္ထ စိတ္တသင်္ခါရော ဉပ္ပဇ္ဇိဿတီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော ဉပ္ပဇ္ဇိဿတိ တဿတတ္ထ ကာယသင်္ခါရော ဉပ္ပဇ္ဇိဿတီတိ၊ ယဿ စိတ္တဿအနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဉပ္ပဇ္ဇိဿတိ စတုတ္ထဈာနံ သမာပန္နာနံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရော ဉပ္ပဇ္ဇိဿတိ နောစ တေသံ တတ္ထ ကာယသင်္ခါရော ဉပ္ပဇ္ဇိဿတိ၊ ပဌမဈာနံ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ ဣတရေသံ ကာမာဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရောစ ဉပ္ပဇ္ဇိဿတိ ကာယသင်္ခါရော စ ဉပ္ပဇ္ဇိဿတိ။

ပဋိလောမတဘက်ရ အရကောက်က ယဿစိတ္တဿအနန္တရာအတွက် ဘုမ္မောကာသ ဇယားနံပါတ် ၂-မှာ ရေးထားတဲ့အတိုင်း အစစ်အတုကောက်ပါ။

**ပဋိလောမပုစ္ဆာ** သန္နိဋ္ဌာန်ပုဒ်၏ အရကား ပစ္ဆိမစိတ်မှ ပြန်၍ ရေသော် အဆုံးစွန် အဿာသ ပဿာသနှင့် တကွဖြစ်သော စတုတ္ထသမစိတ်မှသည် ပစ္ဆိမစိတ်၏ အနန္တရဖြစ်သော ဒုတိယတဒါရုံ မရဏာသန္နပဥ္စမဇောဘဝင်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသု

---

* ၁၃၃၂-ခု၊ ဝါခေါင်လဆုတ် ၁၁-ရက် (၂၈-၈-၇၀) ၁၂(ကြိမ်)။

ဂတိ ၇-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့-အဆုံးစွန်အဃာသ ပဃာသနှင့်တကွ ဖြစ်သော စိတ်မှသည် စုတိ၏ အနန္တရဖြစ်သော ဒုတိယတဒါရုံ မရဏာသန္နပဥ္စမဇော ဘဝင်တိုင်အောင် ချာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ (ဒါက ယဃအတွက်ပါ။ ပြီးတော့ ရသင့်ဆိုဒါ လာပါလိမ့်မယ်။ ဒီရသင့်ဟာလဲ ဈာနောကာသ ဇယားနံပါတ် ၄-အတိုင်း ပထမ ဒုတိယ တတိယဈာန်ကို ဆိုပါ။ ဒါဟာ နှစ်ဘက်ရ ပထမဈာန် ဒုတိယဈာန် တတိယဈာန်က ကြွင်းတဲ့တရားများဖြစ်ပါတယ်။) ကာမာဝစရဘုံ၌ ပထမဈာန် ဒုတိယာဈာန် တတိယဈာန်ကို မဝင်စားလတ့ံ ရူပါဝစရ အရူပါဝစရ ဘုံ၌သာ ဝင်စားလတ့ံသောသူ ဖြစ်အံ့-အဆုံးစွန်သော အဃာသ ပဃာသမှစ၍ အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်၊ အစစ္စာဝင်စားသော ဈာန်မှသည် အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်၊ ရူပါဝစရ အရူပါဝစရဘုံ၌လည်း မဝင်စားလတ့ံသောသူဖြစ်အံ့- အဆုံးစွန် အဃာသပဃာသနှင့်တကွဖြစ်သော ဈာန်မှသည် အဆုံးဈာန်၏ အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ အစစ္စာဝင်စားသော ဈာန်မှသည် အဆုံးဈာန်၏ အနန္တရတိုင်အောင် ဈာန်ဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ (ပြီးတော့ စတုတ္ထဈာနံ သမာပန္နာနံအတွက် ဈာနောကာသဇယား နံပါတ် ၅-မှာရှိတဲ့ လိုအပ်သော စတုတ္ထဈာန်ကိုသာ ယူရပါတယ်။) စတုတ္ထဈာန်ကို ဝင်စားလတ့ံသောသူဖြစ်အံ့- အဆုံးဈာန်တိုင်အောင်၊ မဝင်စားလတ့ံသောသူ ဖြစ်အံ့- အဆုံးဈာန်၏ အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနောကာသ။ (ပြီးတော့ ရူပါဝစရာနံ အရူပါဝစရာနံအတွက် ဘုမ္မောကာသနံပါတ် ၃-နဲ့ ၄-ကိုပေါင်းပြီး ဇယားပြအတိုင်း အစစ်အတုကိုဆိုပါ၊ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ် အနန္တရတိုင်အောင် ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမ ဘဝိကပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပ ၄-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရကိုင်အောင်ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ်အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ၊ အရူပ ၄-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (ပြီးတော့

ဖြစ်ပြန်ကောင်းကို နံပါတ် ၉-အတိုင်း ကောက်ပါ၊) မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဈာန် မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်ကိုင်အောင် သော ရူပါဝစရ ၁၀-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏။

နှစ်ဘက်ရက ဇယား ၁-၂-၌ ဈာနောကာသကို ပြထားသည့်အကိုင်း ကောက်ပါ။ ကာမာဝစရာန် အတွက်ကတော့ ဘုမ္မောကာသနံပါတ် ၁-အစစ် အတူနှင့် အောက်ဆုံးနံပါတ် ဂ-ကို ကောက်ပါ။

ကာမာဝစရဘုံ၌ ပထမဈာန်ဒုတိယဈာန်တတိယဈာန်ကိုဝင်စားလတံ့သော သူဖြစ်အံ့-အဆုံးဈာန်ကိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ ပုဂ္ဂိုလ်၊မဝင်စားလတံ့သောသူဖြစ်အံ့-အဆုံးစွန် အဿာသပဿာသနှင့်တကွ ဖြစ် သော ဈာန်၏ အနန္တရကိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့ အား ပထမဈာန် ဒုတိယဈာန် တတိယဈာန်ဟုဆိုအပ်သော ဈာနောကာသ၊ပဋိ သန္ဓေမှစ၍ အဆုံးစွန် အဿာသပဿာသနှင့်တကွဖြစ်သော တေတ္တိံသမစိတ်၏ အနန္တရကိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့ အား ကာမသုဂတိခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ အဆုံးစွန်သောအဿာသ ပဿာသနှင့်တကွဖြစ်သော စိတ်၏ အနန္တရတိုင်အောင်၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်ဈာန်မဝင် စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟုဆိုအပ်သော ဘုမ္မော ကာသလည်းရ၏၊ သံသယကား နောက်သာရ၏၊ အနုလောမရင်းရ၏။

ပစ္စနိက်မှာ စိတ္တကအကုန်ရနေတော့ ပစ္စနိက်မှာရှိတဲ့ ပစ္ဆိမစိတ္တသမင်္ဂီနံ့နဲ့ အသညသတ္တာနံဘဲ ကျန်ပါတော့တယ်။

ယဿ ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိဿတိ တဿ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတီတိ၊ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ စတုတ္ထဈာနံ သမာပန္နာနံ ရူပါဝစရာနံအရူပါဝစရာနံ တေသံ တတ္ထ ကာယ သင်္ခါရော နုပ္ပဇ္ဇိဿတိ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ၊ ပစ္ဆိမစိတ္တသမင်္ဂီနံ အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ နုပ္ပဇ္ဇိဿတိ စိတ္တသင်္ခါရော စ နုပ္ပဇ္ဇိဿတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ တဿ တတ္ထ ကာယ သင်္ခါရော နုပ္ပဇ္ဇိဿတီတိ၊ အာမန္တာ။

ပစ္စနိက်မှာ ပဋ္ဌိမစိတ္တသမင်္ဂီနံကို ပစ္စနိက်ကွက်မှာရှိတဲ့ အစစ်အတုကို ကောက်ပါ၊ ရသင့်ကလဲ ဈာနေသာကာသ ပစ္စနိက်ကဖြစ်ပါတယ်၊ ဈာန်အား လုံး ယူရပါတယ်၊ အသညသတ်ကတော့ ထုံးစံအတိုင်းဘဲကောက်ပါ။

**ပစ္စနိက်သံသယကြွင်းကား** တိဟိတ်စုတိတေရသ စေတသိက်ပဋ္ဌတိံသတို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရရူပါဝစရ အရူ ပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံ၊ အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိ ဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ် ကျေနုဝီသ စေ တသိက်ပဋ္ဌတိံသတို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ၊အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ကို မဝင်စားလတ့်သော သူဖြစ်အံ့- အဆုံးဈာန်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနေသာကာသ၊ အသညသတ် ဉပပဇ္ဇန္တ စဝန္တဖြစ်သော ဈာန်မဝင်စားသော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ် တို့အား အသညတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသရ၏။

## နိရောဓဝါရ၊ အနာဂတ၊ ပဂ္ဂလော၊ ကာယမူ စိတ္တမူလီ

ပါဠိက အနုလောမအာမန္တာပါ၊ ပဋိလောမတဘက်ရအတွက် ဇယားကို ကြည့်ရင် အများကြီးပိုနေတာ တွေ့ပါလိမ့်မယ်၊ ဒါပေမဲ့ အဝိအစာပစ္ဆိမဉပ္ပါ၊ သဝိသစာပစ္ဆိမဉပ္ပါနဲ့ ယဿစိတ္တဿအနန္တရာ အဝိတက္ကအဝိစာရံတို့ဟာ ရူပါ ဝစရ အရူပါဝစရများဖြစ်ကြလို့ ရူပါဝစရာနံ အရူပါဝစရာနံထဲဝင်ကြောင်း ဇယားမှာပြထားပါတယ်၊ ဒါကြောင့် ကျန်တဲ့ အပိုကွက်များကိုသာ ဝိဘင်း ထုတ်ရပါမယ်၊ ကျန်တာက ကာမပစ္ဆိမဉပ္ပါ၊ ယဿစိတ္တဿအနန္တရာ ကာမာ ဝစရာနံ ပစ္ဆိမစိတ္တံ ဉပ္ပဇ္ဇိဿတိ၊ စတုတ္ထဈာနံ သမာပန္နာနံ ရူပါဝစရာနံ အရူပါဝစရာနံဖြစ်ပါတယ်၊ နှစ်ဘက်ရက ထုံးစံအတိုင်း ကာယကွက်မှာရှိတဲ့ ပထမဈာနံ ဒုတိယဈာနံ တတိယဈာနံနှင့် ဣတရေသံ ကာမာဝစရာနံတို့ ဖြစ်ပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော နိရုဇ္ဈိဿတိ တဿ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတီတိ၊အာမန္တာ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ

တဿ တတ္ထ ကာယသင်္ခါရော နိရုဇ္ဈိဿတိ၊ ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဉပ္ပါဒက္ခဏေ ယဿစိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဉပ္ပဇ္ဇိဿတိ စတုတ္ထဈာနံ သမာပန္နာနံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော နိရုဇ္ဈိဿတိ၊ ပဌမဈာနံ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ ဣတရေသံ ကာမာဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရော စ နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ နိရုဇ္ဈိဿတိ။

ပဠိလောမတဘာက်ရက ဝိဘင်းအတိုင်း ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဉပ္ပါဒက္ခဏေကို ဘုမ္မောကာသဇယား (က) မှာ ရှိတဲ့အတိုင်း အစစ်အတု ကောက်ပါ၊

**ပဋိလောမပုစ္ဆာသန္နိဋ္ဌာန်ပုဒ်၏အရကား** ကာမတိဟိတ်စုတိလေးခု စေတသိက်တေတ္တိံသတို့၏ ဉပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရအရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ကာမစုတိ တဆယ်+စေတသိက်တေတ္တိံသတို့၏ ဉပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (ယဿအတွက် ဘုမ္မောကာသဇယား ၂-မှာရှိတဲ့ အကိုင်း အစစ်အတုကောက်ပါ။ ဒီမှာနိရောဓဝါရဖြစ်သော်လဲ ကာမပစ္ဆိမစိတ်ရဲ့ဉပါဒ်ကို တဘာက်ရယူသွားပြီးဖြစ်၍ အနန္တရကို ဉပါဒ်ပြင်စရာမလိုပါဘူး။) ပစ္ဆိမစိတ်မှပြန်၍ရေသော် အဆုံးစွန်အဿာသပဿာသနှင့် တကွ ချုပ်သော တေတ္တိံသမစိတ်မှသည် ပစ္ဆိမစိတ်၏ အနန္တရဖြစ်သော ဒုတိယတဒါရုံ မရဏာသန္နပဉ္စမဇောဘဝင်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့-အဆုံးစွန်အဿာသပဿာသနှင့်တကွ ချုပ်သောစိတ်မှသည် စုတိ၏အနန္တရဖြစ်သော ဒုတိယတဒါရုံမရဏာသန္နပဉ္စမဇောဘဝင်တိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ (ဒါက ယဿအတွက်ပါ၊ ပြီးတော့ ဉပ္ပါဒဝါရ သဘောအတိုင်း ရသင့်လာပါတယ်၊ ဇယားနံပါတ် ၄-အတိုင်း နိရောဓဝါရအားလျော်စွာ အနန္တရကို ဉပါဒ်ပြင်ပါ၊) ကာမာဝစရဘုံ၌ ပဌမဈာန် ဒုတိယဈာန် တတိယဈာန်ကို မဝင်

စားလတ့်၊ ရူပါဝစရ အရူပါဝစရဘုံ၌သာ ဝင်စားလတ့်သောသူဖြစ်အံ့- အဆုံးစွန်အဿာသ ပဿာသနှင့်တကွချုပ်သော ဈာန်မှသည် အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ အစစ္စာဝင်စားသော ဈာန်မှသည် အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်၊ ရူပါဝစရ အရူပါဝစရဘုံ၌လည်း မဝင်စားလတ့်သောသူဖြစ်အံ့- အဆုံးစွန်အဿာသ ပဿာသနှင့်တကွ ချုပ်သောဈာန်မှသည် အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ အစစ္စာဝင်စားသော ဈာန်မှသည် အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ (ပြီးတော့ စတုတ္ထဈာန် သမာပန္နာနံအတွက် ဈာနောကာသဇယား နံပါတ် ၅-အတိုင်း အနန္တရကို ဥပါဒ်ပြင်ပါ၊) စတုတ္ထဈာန်ကို ဝင်စားလတ့်သောသူဖြစ်အံ့-အဆုံးဈာန်တိုင်အောင် မဝင်စားလတ့်သော သူဖြစ်အံ့-အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ (ရူပါဝစရာနံ အရူပါဝစရာနံကို ၃-၄-အတိုင်း အနန္တရကို ဥပါဒ်ပြင်ပြီး အစစ်အတုကောက်ပါ)။ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော သူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိ၏ ဥပါဒ်တိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ်အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ၊ အရူပ ၄-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ၊ အရူပ ၄-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏။

နှစ်ဘက်ရက ဈာနောကာသဇယား ၁-၂-အတိုင်းကောက်ပါ၊ အနန္တရကို ဥပါဒ် ဒီမှာပြင်စရာမလိုပါဘူး၊ အကြောင်းက ပဋိလောမတဘက်ရက ဥပါဒ်များကို ယူသွားလို့ဖြစ်ပါတယ်။

ကာမာဝစရဘုံ၌ ပထမစျာန် ဒုတိယစျာန် တတိယစျာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့- အဆုံးစျာန်တိုင်အောင် စျာန်ဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊ မဝင်စားလတ္တံ့သောသူဖြစ်အံ့-အဆုံးစွန် အဿာသပဿာသနှင့်တကွဖြစ်သော စျာန်၏ အနန္တရတိုင်အောင် စျာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ပထမစျာန် ဒုတိယစျာန် တတိစျာန်ဟု ဆိုအပ်သော စျာနောကာသ၊ (ကာမာဝစရာနံအတွက်ကလဲ နံပါတ် ၁-နှင့် ၈-ကို အစစ်အတု ကောက်ရရုံပါဘဲ၊) ပဋိသန္ဓေမှစ၍ အဆုံးစွန် အဿာသပဿာသနှင့်တကွဖြစ်သော တေတ္တိံသမစိတ်၏ အနန္တရတိုင်အောင် စျာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ အဆုံးစွန် အဿာသပဿာသနှင့်တကွဖြစ်သောစိတ်၏ အနန္တရတိုင်အောင် ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် စျာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်းရ၏၊ သံသယကား နောက်သာရ၏၊ အနုလောမဒင်းရ၏။

ပစ္စနိက်ကြွင်းက ပစ္ဆိမဥပါဒ်များကို အားလုံးယူသွားပြီးဖြစ်၍ ပစ္စနိက်ကွက်မှာရှိတဲ့ ပစ္ဆိမစိတ္တဿဘင်္ဂက္ခဏေနှင့် အသညသတ္တာနံကိုထုတ်ပါ။

ယဿ ယတ္ထ ကာယသင်္ခါရော န နိရုဇ္ဈိဿတိ တဿ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ ကာမာဝစရာနံ ပစ္ဆိမစိတ္တဿဥပ္ပါဒက္ခဏေ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ စတုတ္ထစျာနံ သမာပန္နာနံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရော န နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ၊ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ န နိရုဇ္ဈိဿတိ စိတ္တသင်္ခါရော စ န နိရုဇ္ဈိဿတိ။ ယဿဝါ ပန ယတ္ထ စိတ္တ သင်္ခါရော န နိရုဇ္ဈိဿတိ တဿ တတ္ထ ကာယသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ အာမန္တာ။

**ပစ္စနိက်သံသယကြွင်းကား** တိဟိတ်စုတိတေရသ+စေတသိက်ပဥ္စတိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ် ဧကူနဝီသ+စေတသိက်ပဥ္စတိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ကာမာဝစရ ရူပါ

ဝစရ အရူပါဝစရ စဝန္တပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ၊ အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ (ရသင့်အတွက်ချာန်လေးပါး၏ ဘင်္ကဗ္ဗဏကိုကောက်ပါ) ပထမစျာန် ဒုတိယ စျာန် တတိယစျာန် စတုတ္ထစျာန်ကို မဝင်စားလတ္တံ့သောသူဖြစ်အံ့- အဆုံး စျာန်၏ ဘင်္ကဗ္ဗဏသမင်္ဂီဟုဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ရူပါ ဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်ဟု ဆိုအပ်သော စျာနောကာသ၊ အသညသတ် ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော စျာန်မဝင်စားသော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသည သတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသရ၏။

## ဥပ္ပါဒနိရောဓဝါရ၊ အနာဂတ၊ ပုဂ္ဂလောကာသ၊ ကာယမူ စိတ္တမူလီ

နှစ်ဘက်ရများမှာ မူကဥပ္ပါဒဖြစ်၍ အနန္တရများကို ဥပါဒ်လို့ပြင်စရာ မလို ပါဘူး။ ဥပ္ပါဒအတိုင်းဘဲဖြစ်ပါတယ်။ ပဋိလောမတဘက်ရနှင့် ပစ္စနိက်ဝိဘင်း အရကောက်များဟာလဲ နိရောဓနှင့် တူပါတယ်။ ဒါကြောင့် ဥပ္ပါဒနိရောဓ ဝါရအတွက် အရကောက်တွေကို မဆိုဘဲနဲ့ ပါဠိဘဲ ဆိုလိုက်ကြပါစို့။

ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိဿတိ တဿ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နိရု ဇ္ဈိဿတိ တဿ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊ ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ ယဿစိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမ စိတ္တံဥပ္ပဇ္ဇိဿတိ စတုတ္ထစျာနံ သမာပန္နာနံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ ပထမစျာနံ ဒုတိယစျာနံ တတိယစျာနံ သမာပန္နာနံ ဣတရေသံ ကာမာဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရော စ နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ။

ပစ္စနိက်အတွက်လဲ ပါဠိဘဲဆိုလိုက်ကြပါစို့။

ယဿ ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိဿတိ တဿ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ စတုတ္ထစျာနံ သမာပန္နာနံ ရူပါ ဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိဿတိ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ၊ ပစ္ဆိမစိတ္တဿဘင်္ဂက္ခဏေ အသည

သတ္တာနံ့ တေသံ တတ္ထ ကာယသင်္ခါရော စ နုပ္ပဇ္ဇိဿတိ စိတ္တသင်္ခါရော စ နနိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နနိရုဇ္ဈိဿတိ တဿ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိဿတီတိ၊ အာမန္တာ။

ကာယသင်္ခါရမူ အားလုံးပြီးသွားပါပြီ။

## ဥပ္ပါဒဝါရ၊ အနာဂတ၊ ပုဂ္ဂလော၊ ဝစီမူ စိတ္တမူလီ

ဝစီမူစိတ္တမူလီကို ဇယားကြည့်ပြီး ဝိဘင်းထုတ်တတ်လောက်ပါပြီ။ အနုလောမက အာမန္တာဘဲဖြစ်ပါတယ်။ စိတ္တက အကုန်ရနေတော့ ပဋိလောမမှာ ပိုနေတဲ့ ယဿ စိတ္တဿ အနန္တရာအဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိနှင့် ဒုတိယဈာန် တတိယဈာနံ စတုတ္ထဈာန်ကို တဘက်ရထုတ်ရပါတယ်။ ဝစီမှာ ရှိတဲ့ ယဿစိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ- မရဘူးလား ဆိုရင် ရပါတယ်။ ဒါကို ကာမာဝစရာနံမှာ ဝင်ကြောင်း ပါဠိဇယားမှာ လက်သဲကွင်းနဲ့ ပြထားပါတယ်။ ပြီးတော့ ဣတရေသံ ရူပါဝစရာနံ အရူပါဝစရာနံကို ထုတ်ရပါတယ်။ ဣတရေသံ အပါဒါန်ခံမှုကတော့ ပဋိလောမ တဘက်ရတုံးက ယဿ စိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိအတွက် ရူပ အရူပယူသွားလို့ ဣတရေသံ ခံရပါတယ်။

ယဿ ယတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ တဿ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတိ တဿ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ ဒုတိယဈာနံ တတိယဈာနံ စတုတ္ထဈာနံ သမာပန္နာနံ တေသံ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတိ နော စ တေသံ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ ပဉ္စမဈာနံ သမာပန္နာနံ ကာမာဝစရာနံ ဣတရေသံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ။

**ပဋိလောမပုစ္ဆာ** သန္နိဋ္ဌာန်ပုဒ်၏ အရကား အဝိတက္က အဝိစာရ စိတ်ခုနစ်ခုတို့ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိ ဖြစ်အံ့-ပဌမဇော၏ ခဏတ္တယသမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့- ပဌမဇော ဘဝင်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ပထမဈာန် အသညသတ် ကြဉ်သော ရူပ ၁၂-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် အဝိတက္က အဝိစာရစိတ်ခုနစ်ခုတို့ဖြင့်

စုတိလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့- ပဥ္စမဇော၏ ခဏတ္တယ သမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့- ပဥ္စမဇောဘဝင်တို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန် အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၁-ဘုံ၊ အရူပ ၄-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့- အဆုံးဈာန်တိုင်အောင်၊ မဝင်စားလတ္တံ့သောသူ ဖြစ်အံ့- အဆုံးဈာန်၏ အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ဟု ဆိုအပ်သော ဈာနောကာသရ၏။ ။ပထမဈာန်ကို ဝင်စားလတ္တံ့သောသူ ဖြစ်အံ့- အဆုံးဈာန်တိုင်အောင်၊ မဝင်စားလတ္တံ့သောသူဖြစ်အံ့- အဆုံးဈာန်၏ အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန်ဟုဆိုအပ်သော ဈာနောကာသ၊ပဋိသန္ဓေမှစ၍ ပစ္ဆိမ စိတ်၏ အနန္တရတိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ် ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင်၊ ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင် အောင်ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင် စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟုဆိုအပ်သော ဘုမ္မောကာ သ၊ (ပြီးတော့ ရူပါဝစရ အရူပါဝစရလာပါတယ်၊ ရူပါဝစရ အရူပါဝစရ အတွက် နံပါတ်၃-မှာရှိတဲ့အတိုင်း အစစ်နှင့်အတုကို ဆိုရပါလိမ့်မယ်၊ ပြီး တော့မှ ဖြစ်ပြန်ကောင်း အတွက် နံပါတ် ၉-ကို ဆိုရပါလိမ့်မယ်၊) သဝိတက္က သဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်၊ အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ မရဏာသန္န စတုတ္ထဇောတိုင်အောင် ဖြစ်ထိုက်သော သဝိတက္ကသဝိစာရ အဝိတက္ကအဝိစာရစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာ သ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား သဝိ တက္က သဝိစာရစိတ်ဖြင့် စုတိလတ္တံ့သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရ တိုင်အောင်၊ အဝိတက္က အဝိစာရစိတ်ဖြင့် စုတိလတ္တံ့သောသူဖြစ်အံ့-ပဋိသန္ဓေမှ စ၍ မရဏာသန္န စတုတ္ထဇောတိုင်အောင် ဖြစ်ထိုက်သော သဝိတက္က သဝိစာရ

အဝိတက္က အဝိစာရစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စား သော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက် သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော· ရူပါ ဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသလည်းရ၏၊ သံသယကား နောက်သာရ၏၊ အနုလောမရင်းရ၏။

ပစ္စနိက်ကျတော့ ပစ္ဆိမစိတ္တသမင်္ဂီနံ့နှင့် အသညသတ္တာနံ့ဘဲရှိပါတယ်။

ယဿ ယတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတိ တဿ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတီတိ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ ဒုတိယဈာနံ တတိယဈာနံ စတုတ္ထဈာနံ သမာပန္နာနံ တေသံ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတိ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ၊ ပစ္ဆိမစိတ္တသမင်္ဂီနံ အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ နုပ္ပဇ္ဇိဿတိ၊ စိတ္တသင်္ခါရောစ နုပ္ပဇ္ဇိဿတိ။ ။ယဿ ဝါပန ယတ္ထ စိတ္တသင်္ခါ ရော နုပ္ပဇ္ဇိဿတိ တဿ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတီတိ၊ အာမန္တာ။

အရကောက်ကလဲ မထူးပါဘူး၊ အစစ်အတုနဲ့ ရသင့်တဲ့ ဈာနောကာသ ၄-ပါး ကောက်ရရုံပါဘဲ။

**ပစ္စနိက်သံသယကြွင်း** ကား တိဟိတ်စုတိစေတနာ+စေတသိက် ပဥ္စတိံသတို့ ၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါ ဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မော ကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ် ဧကူနဝီသ+စေတသိက် ပဥ္စတိံသတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန် မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ၊ အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ အရူပ ၄-ဘုံဟု ဆိုအပ် သော ဘုမ္မောကာသ၊ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ကို မဝင်စားလတ္တံ့သောသူဖြစ်အံ့- အဆုံးဈာန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနော

ကာသ၊ အသညာသတ်ဥပပဇ္ဇန္တ စဝန္တဖြစ်သော ဈာန်မဝင်စားသော သုဂတိ အဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညာသတ်ဘုံဟု ဆိုအပ်သော ဘုမ္မော ကာသရ၏။

ဥပ္ပါဒဝါရ ဝစီမူ စိတ္တမူလီ ပြီးပါပြီ၊ နောက်အပတ်မှ နိရောဓဝါရ ဆက်ကြပါစို့။

## * နိရောဓဝါရ၊ အနာဂတ၊ ပုဂ္ဂလော၊ ဝစီမူ စိတ္တမူလီ

အရင်အပတ်က ဝစီမူ စိတ္တမူလီ ဥပ္ပါဒဝါရပြီးခဲ့ပါထယ်။ ယနေ့ နိရောဓ ဝါရ ဆက်လက်ပို့ချပါမယ်။

အနုလောမမှာ အာမန္တာထွက်ပါတယ်၊ စိတ္တသင်္ခါရက အကုန်ရပါတယ်၊ ပါဠိဇယားကိုကြည့်လိုက်ရင် ကာမပစ္ဆိမဥပ၊သဝိသစာ ပစ္ဆိမဥပများကို ဝစီစိတ္တ ၂-ပါးလုံး ရကြောင်း တွေ့ရမယ်၊ အဝိအစာ ပစ္ဆိမဥပက စိတ္တနဲ့သာဆိုင်သဖြင့် ၎င်းကို ပဋိလောမတဘက်ရ ထုတ်ရမယ်၊ တဖန်ဝစီကွက်လပ်ဖြစ်တဲ့ ယဿ စိတ္တဿကိုလဲထုတ်ရမယ်၊ ၎င်းတို့သည် အဝိအစာဖြစ်ကျလို့ စိတ္တနဲ့သာဆိုင်ပါ တယ်၊ ဝစီနဲ့မဆိုင်ပါဘူး၊ ၂ဘက်ရကျတော့ကာ ဈာနောကာသက ပထမ ဈာန် သမာပန္နာန်ရပါတယ်၊ ပြီးတော့ နောက်က ပြောခဲ့တဲ့အတိုင်း ကာမ ပစ္ဆိမ ဥပ္ပါနဲ့ ယဿ ကာမာဝစရာန် သမာပန္နာန်တွေပေါင်းပြီး ကာမာဝစရာ နံလို့ ထုတ်ရပါတယ်၊ အဲဒါတွေကို ဇယားမှာလဲ လက်သဲကွင်းနဲ့ပြထားပါတယ်၊ တဖန် သဝိတက္ကသဝိစာရ ပစ္ဆိမဥပ္ပါဟာ ရူပါဝစရာနံရဲ့ တစိတ်ဖြစ်ပါတယ်၊ ဒီတော့ ရူပါဝစရာနံထဲဝင်ပါတယ်၊ ဒါကို ရူပါဝစရာနံ အရူပါဝစရာနံလို့ ထုတ်ရပါတယ်။

ယဿ ယတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ တဿ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ တဿ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတီတိ၊ အဝိတက္က အဝိစာရ ပစ္ဆိမ စိတ္တဿ ဥပ္ပါဒက္ခဏေ ယဿ စိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမ စိတ္တံ ဥပ္ပဇ္ဇိဿတိ ဒုတိယဈာနံ တတိယဈာနံ စတုတ္ထဈာနံ သမာပန္နာနံ တေသံ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ ဝစီသင်္ခါ ရော နိရုဇ္ဈိဿတိ၊ ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ ဣတရေသံ ရူပါ ဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရော စ နိရုဇ္ဈိဿတိ ဝစီ သင်္ခါရော စ နိရုဇ္ဈိဿတိ။

* ၁၃၃၂-ခု၊ တော်သလင်းလဆန်း ၁.ရက်၊ (၁-၉-၇၀) (၁၃)ကြိမ်။

အဝိတက္ကအဝိစာရ ပဌမဥပ္ပါဒက္ခဏကို ဘုမ္မောကာသ ဇယား (၈)မှာ ပြထားပါတယ်။

**ပဋိလောမပုစ္ဆာသန္နိဋ္ဌာန်ပုဒ်၏**အရကား အဝိတက္ကအဝိစာရ ပဌမစိတ် ၇-ခု တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ပဌမဈာန် အသညသတ် ကြဉ်သော ရူပ ၁၂-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိ ဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော အဝိတက္က အဝိစာရ စုတိစိတ် (၇)ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပဌမဈာန် အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၁-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ (ယဿက ဝိဘင်းအတိုင်းကောက်ရ ပါမယ်၊ နိရောဓဝါရဖြစ်လို့ ခဏတ္တယကို ဘင်္ဂက္ခဏလို့ပြင်ပါ၊ ၂-ဘက်ရက ဥပါဒ်ကိုရပါတယ်၊ သူ့ဆိုင်ရာကြည့်ပြီးကောက်ရရုံပါဘဲ၊) အဝိတက္က အဝိ စာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့-ပစ္ဆိမဇော၏ ဘင်္ဂက္ခဏသမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့-ပစ္ဆိမဇော၏ဘင် ဘဝင်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါ ဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ပဌမဈာန် အသညသတ်ကြဉ်သော ရူပ ၁၂-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သော ဘုံ၌ နောင်မချုပ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် အဝိတက္ကအဝိစာရစိတ်ဖြင့် စုတိလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့-ပစ္ဆိမဇော၏ ဘင်္ဂက္ခဏ သမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့-ပစ္ဆိမဇော၏ဘင် ဘဝင်၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့ အား ပဌမဈာန် အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၁-ဘုံ၊ အရူပ လေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ (ပြီးတော့မှ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တွေကို ဈာနောကာသ ၅-အတိုင်းကောက်ပါ၊ နိရောဓဖြစ်လို့ အနန္တရကို ဥပါဒ်ပြင်ပါ၊) ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ကို ဝင်စား လတ္တံ့သောသူဖြစ်အံ့- အဆုံးဈာန်တိုင်အောင်၊ မဝင်စားလတ္တံ့သောသူဖြစ်အံ့- အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသရ၏။

ပဌမဈာန်ကိုဝင်စားလတ္တံ့သော သူဖြစ်အံ့-အဆုံးဈာန်တိုင်အောင်၊ မဝင် စားလတ္တံ့သောသူဖြစ်အံ့- အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စား

သောကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမစျာန်ဟုဆို အပ်သော စျာနောကာသ၊( ကာမာဝစရာန်အတွက် အစစ်အတုကို နံပါတ် ၁-နဲ့ ၂-ကိုကြည့်ပါ၊ ဖြစ်ပြန်ကောင်းက တုံးစံအတိုင်းပါဘဲ၊) ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သော ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော သူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိ၏ ဥပါဒ် တိုင်အောင်၊ ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ (၁၁)ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ (ပြီးတော့ ရူပါဝစရာန် အရူပါဝစရာန်အတွက် နံပတ် ၃-ဘဲကြည့်ရပါတယ်၊ အဲဒီမှာစုတိ ၂-မျိုးလုံးရဲ့ အနန္တရကို ဥပါဒ်၊ စတုတ္ထဇောကို ပဉ္စမဇော၏ ဥပါဒ်လို့ပြင်ကောက်ပါ၊ အတုကတော့ နံပါဒ် ၉-ကို ကောက်ရပါတယ်၊) သဝိတက္ကသဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့်သော သူဖြစ်အံ့-ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်၊ အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့် သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ မရဏာသန္နပဉ္စမဇော၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ခဏတ္တယသမင်္ဂီဟုဆိုအပ်သော စျာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သော ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် သဝိတက္ကသဝိစာရ စိတ်ဖြင့် စုတိလတ့်သောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိ၏ဥပါဒ်တိုင်အောင်၊ အဝိတက္က အဝိစာရစိတ်ဖြင့် စုတိလတ့်သောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ မရဏာသန္နပဉ္စမ ဇော၏ ဥပါဒ်တိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆို အပ်သော စျာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား အသည သတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မော ကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့-ပဋိသန္ဓေ မှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော စျာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်ကိုင် အောင်သော ရူပါဝစရ ၁၀-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မော ကာသလည်းရ၏၊ သံသယကား နောက်သာရ၏၊ အနုလောမငင်းရ၏။

ပစ္စနိက်သံသယကြွင်းက ပစ္ဆိမစိတ္တဿဘင်္ဂက္ခဏေနှင့် အသညသတ္တာနံဘဲ ကျန်ပါတော့တယ်။ မူလီဖြစ်တဲ့ စိတ္တနိရုဇ္ဈိဿတိ အရက ပစ္ဆိမစိတ် ဥပါဒ်တွေ အကုန်ရသွားပါတယ်။

ယဿ ယတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ တဿ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ အဝိတက္ကအဝိစာရပစ္ဆိမ စိတ္တဿ ဥပ္ပါဒက္ခဏေ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကံ အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ ဒုတိယဈာနံ တတိယဈာနံ စတုတ္ထ ဈာနံ သမာပန္နာနံ တေသံ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ၊ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ န နိရုဇ္ဈိဿတိ စိတ္တသင်္ခါရော စ န နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ တဿ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ အာမန္တာ။

ပစ္စနိက်မှာ ဥပါဒ်တွေယူသွားတော့ ဘင်္ဂက္ခဏလို့ ဆိုရရုံပါဘဲ။

**ပစ္စနိက်သံသယကြွင်းကား** တိဟိတ်စုတိ တေရသ စေတသိက် ပဉ္စတိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရအရ ဟတ္တာဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံ၊ အသည သတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ် ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ် ဧကူနဝီသ စေတသိက် ပဉ္စတိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာ ဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ၊ အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ကို မဝင်စားလတံ့သော သူဖြစ်အံ့- အဆုံးဈာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနောကာသ၊ အသညသတ် ဥပပတ္တိ စဝန္တဖြစ်သော ဈာန်မဝင်စားသော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ် တို့အား အသညသတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသရ၏။

### ဥပ္ပါဒနိရောဓဝါရ၊ အနာဂတ၊ ပုဂ္ဂလော၊ ဝစီမူ စိတ္တမူလီ

မူမှာ ဥပ္ပါဒဖြစ်၍ ပစ္ဆိမဥပါဒ်များနှင့် မဆိုင်ပြီ။

အနုလောမ အာမန္တာပါ၊ ပဋိလောမ တဘက်ရမှာ နိရောဓက စိတ္တသင်္ခါရဖြစ် နေတော့ ပစ္ဆိမစိတ္တဿ ဥပ္ပါဒတွေအကုန်ရပါတယ်၊ သူ့အတွက် ပစ္ဆိမစိတ္တဿ

ဥပ္ပါဒက္ခဏေလို့ ထုတ်ရပါတယ်၊ ပြီးတော့ ပိုနေတဲ့ ယဿ တို့ ဒုတိယ တတိယ စတုတ္ထစျာန်တွေကို ထုတ်ရပါတယ်၊ ၂-ဘက်ရကတော့ ဥပ္ပါဒဝါရမှာ ဟောခဲ့တဲ့အတိုင်း ပထမစျာန်သမာပန္နာန် ကာမာဝစရာနံ ဋ္ဌတရေသံ ရူပါဝစရာနံ အရူပါဝစရာနံတွေကို ထုတ်ရပါတယ်။

ယဿ ယတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ တဿ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတီတိ၊ အာမန္တာ။ ။ယဿ ဝါ ယတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ တဿတတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတီ တိ၊ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ ယဿ စိတ္တဿအနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ ဒုတိယစျာနံ တတိယစျာနံ စတုတ္ထစျာနံ သမာပန္နာနံ တေသံ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ ပထမစျာနံ သမာပန္နာနံ ကာမာဝစရာနံ ဋ္ဌတရေသံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရော စ နိရုဇ္ဈိဿတိ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ။

**ပဌိလောမပုစ္ဆာ** သန္နိဋ္ဌာန်ပုဒ်၏အရကား ဝိဟိတ်စုတိတေရသ+စေတသိက် ပဋ္ဌတိ သတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပ ၄-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ် ကျေနဝိသ+စေတသိက် ပဋ္ဌတိ သတို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ၊ အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ၊အရူပ ၄-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ (ရသင့် ပထမစျာန်ကြွင်း ရှိပါတယ်၊ အဲဒီရသင့် ပထမစျာန်ကြွင်းကလေးဟာ စျာနောကာသဇယားမှာ ကြည့်ရပါတယ်၊ သူကဘယ်လိုရမလဲဆိုရင်) ပထမစျာန်ကို မဝင်စားလတ့်သော သူဖြစ်အံ့-အဆုံးစျာန်၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမစျာန်ဟု ဆိုအပ်သော စျာနောကာသ။ (ဒီအရကောက်ဟာ ဥပ္ပါဒဝါရနိရောဓဝါရမှာ မဟောပါဘူး၊ ဒီမှာမှ ဘာ့ကြောင့် ကောက်ပြတော်မူသလဲလို့ အရကောက်ဆရာတော်ကြီးရဲ့ အာဘောဂကို စဉ်းစားရပါလိမ့်မယ်၊ အကြောင်းက ဥပ္ပါဒဝါရမှာ ဒီပထမစျာန်ကို အနန္တရတိုင်သာ ရလေတော့ ၂-ဘက်ရအနေနဲ့ ပါဝင်ခဲ့ပါတယ်၊ နိရောဓမှာတော့ နိရောဓသဘောအတိုင်း ဥပါဒ်ကိုင်အောင် ဝစီ စိတ္တ ၂-ပါးက ရခဲ့တော့ နှစ်ဘက်ရပင် ဖြစ်ပြန်ပါတယ်။ ဒီဥပ္ပါဒနိရောဓဝါရမှာ ဝစီ

က ဥပ္ပါဒဖြစ်နေတော့ အနန္တရ မျှသာရခဲ့လို့ ဥပါဒ် ကျန်နေပါတယ်၊ ဒီဥပါဒ်ကို နိရောဓဖြစ်တဲ့ စိတ္တက္ခဏကရလို့ ကောက်ရခြင်းဖြစ်ပါတယ်၊ ၎င်းရဲ့ဘင်ဟာ ပစ္စနိုက်ကြွင်းမှာ ဝင်ပါလိမ့်မယ်၊ ယသ္သ စိတ္တဿ အနန္တရာကတော့ ဇယားရှိနံပါတ် ၄-အတိုင်း အစစ်အတုများကို ကောက်ရပါတယ်၊ ဝစီက ဥပ္ပါက ဖြစ်နေတော့ ဥပါဒ်ကို မရတဲ့အတွက် ဘင်စသည် ပြင်စရာမလိုပါဘူး၊ ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် သမာပန္နာနံတွေကလဲ ဈာနေ ကာသ(၅-အတိုင်း အနန္တရကို ဥပါဒ်ပြင်ရရုံပါဘဲ၊ ဆက်ဆိုပါမယ်၊) အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့-ပဌမဇော၏ ခဏတ္တယသမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့- ပဌမဇောဘဝင်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ပထမဈာန် အသညသတ်ကြဉ်သော ရူပ ၁၂-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် အဝိတက္ကအဝိစာရစိတ်ဖြင့် စုတိလတ္တံ့ သောပုဂ္ဂိုလ်တို့အား-ဇောနောင်စုတိဖြစ်အံ့-ပဌမဇော၏ခဏတ္တယသမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့-ပဌမဇော ဘဝင်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန် အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၁-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ကို ဝင်စားလတ္တံ့သော သူဖြစ်အံ့- အဆုံးဈာန်တိုင်အောင်၊ မဝင်စားလတ္တံ့သောသူဖြစ်အံ့- အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနော ကာသရ၏။ ၂-ဘက်ရက ပထမဈာန်က ဈာနော ၅-မှာကြည့်ပြီး ဆိုရပါတယ်၊ ပြီးတော့ ကာမာဝစရာနံအတွက်က ဘုမ္မော ၁-၂-ပေါင်းပြီး ဆိုရပါတယ်၊ ရူပါဝစရာနံအတွက်က ၃-မှာရှိတဲ့အတိုင်း ဆိုရပါတယ်၊ ဒီ ၂-ဘက်ရဟာ ဥပ္ပါဒ ဖြစ်နေခြင်းကြောင့် ဘာမှပြင်စရာမရှိဘဲ ဇယားမှာရှိတဲ့အတိုင်း ဆိုရရုံပါဘဲ။

ပထမဈာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့- အဆုံးဈာန်တိုင်အောင်၊ မဝင်စားလတ္တံ့သောသူဖြစ်အံ့- အဆုံးဈာန်၏ အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန်ဟုဆိုအပ်သော ဈာနောကာသ၊ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား ကာမသုဂတိ

ခုနစ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင်၊ ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော၊ ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။(ဣတရေသံကျတော့ ကာ ရူပါဝစရ အရူပါဝစရအတွက် ဇယား ၃-မှာရှိတဲ့အတိုင်း အစစ်အတု ဆိုရရုံပါဘဲ)ပထမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္က သဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့ံသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်၊ တတိယဈာန်ဝိပါက် စတုတ္ထဈာန်ဝိပါက်၊ပဉ္စမဈာန်ဝိပါက် အရူပဝိပါက်လေးခုဟုဆိုအပ်သော အဝိတက္က အဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့ံသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ မရဏာသန္နစတုတ္ထဇောတိုင်အောင် ဖြစ်ထိုက်သော သဝိတက္က သဝိစာရ အဝိတက္ကအဝိစာရစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပ ၄-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် ပထမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ်ဖြင့် စုတိလတ့ံသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင်၊ တတိယဈာန်ဝိပါက် စတုတ္ထဈာန်ဝိပါက် ပဉ္စမဈာန်ဝိပါက် အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္က အဝိစာရစိတ်ဖြင့် စုတိလတ့ံသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ မရဏာသန္နစတုတ္ထဇောတိုင်အောင် ဖြစ်ထိုက်သော သဝိတက္ကသဝိစာရ အဝိတက္ကအဝိစာရ စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ်အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ၊ အရူပ လေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ၊ အရူပ ၄-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏။ သံသယကား နောက်သာရ၏။ အနုလောမ ၄င်းရ၏။

ပစ္စနိက်ကြွင်းကလဲ ပစ္ဆိမစိတ္တဘာဂ်နှင့် အသညသတ်ဘဲ ကျန်ပါတယ်။

ယဿ ယတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတိ တဿ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိ

စာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ ဒုတိယစျာနံ တတိယစျာနံ စတုတ္ထစျာနံ သမာ ပန္နာနံ တေသံ တတ္ထ ဝေဒနာက္ခန္ဓော စ ဥပ္ပဇ္ဇိဿတိ နော စ တေသံ တတ္ထ စိတ္တ သင်္ခါရော န နိရုဇ္ဈိဿတိ၊ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ အသညသတ္တာနံ တေသံ တတ္ထ ဝေဒနာက္ခန္ဓော စ နုပ္ပဇ္ဇိဿတိ စိတ္တသင်္ခါရော စ န နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ တဿ တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိဿတီတိ၊ အာမန္တာ။

**ပစ္စနိက်သံသယကြောင်းကား** တိဟိတ်စုတိတေရသ+ စေတသိက်ပဋ္ဌတိ သတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ၇-ဘုံ၊ အသည သတ်ကြဉ်သော ရူပ ၁၅-ဘုံ၊ အရူပ ၄-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ် ဧကူနဝီသ+ ·စေတသိက် ပဋ္ဌတိ သတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ၊ အသည သတ်အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ၊ အရူပ ၄-ဘုံဟုဆိုအပ်သော ဘုမ္မော ကာသ။ (စျာန်လေးပါးအတွက် ဥပ္ပါဒက္ခဏတွေကို ယူသွားတော့ ဘင်္ဂက္ခဏ တွေကို ပစ္စနိက်မှာရှိတဲ့အတိုင်း ရသင့်လို့ ကောက်ရပါတယ်) ပထမစျာန် ဒုတိယ စျာန် တတိယစျာန် စတုတ္ထစျာန်ကို မဝင်စားလတ္တံ့သောသူဖြစ်အံ့-အဆုံးစျာန် ၏ ဘင်္ဂက္ခဏသမင်္ဂီ ဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ဟုဆိုအပ်သော စျာနောကာသ၊ အသညသတ်ဥပပဇ္ဇန္တ ဝဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟု ဆိုအပ် သော ဘုမ္မောကာသရ၏။

အနာဂတဝါရပြီးသွားပါပြီ၊ ဒီအနာဂတဝါရဟာ နည်းမရခဲ့လို့ရှိရင် စာသင်သားများအတွက် အင်မတန်မျက်စိလယ်စရာ ခေါင်းကိုက်စရာဖြစ် ပါတယ်။ သဘာဝနှင့်တကွ အရကောက်များပါ ခက်ခဲလေတော့ အရ ကောက်ဆရာတော်ကြီးရဲ့ အာဘောဂကို ထိမိဘို့ရန် လွယ်ကူတဲ့ကိစ္စမဟုတ် ပါဘူး၊ ဒါလောက်ခက်နေတာတွေကို လွယ်လွယ်အကျဉ်းနည်းနဲ့ ဇယားကို ပြုလုပ်ပြီး ပို့ချပေးပါတယ်၊ ယခုပို့ချခဲ့သမျှအားလုံးဟာ ဇယားထဲမှာ အား လုံးဝင်နေတော့ ဇယားရဲ့သဘောကို ထိအောင် မိအောင် သဘောပေါက်ရင် လွယ်လွယ်နဲ့ ကိစ္စပြီးပါလိမ့်မယ်။

## ဥပ္ပါဒ ပစ္စုပ္ပန္နာနာဂတ၊ ပုဂ္ဂလ၊ ကာယမူ ဝစီမူလီ

ပစ္စုပ္ပန္နာနာဂတဝါရအတွက် ပစ္စုပ္ပန်ဇယားနှင့် အနာဂတဇယားကို ယှဉ်ကြည့်ရပါလိမ့်မယ်၊ ကာယမူဝစီမူလီ အနုလောမပါဠိဇယားမှာ ပစ္စုပ္ပန်ကာယကိုကြည့်ရင် အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေရှိပါတယ်၊ ဝစီမူလီကိုကြည့်လိုက်ရင် ဝစီမူလီမရတဲ့ ယဿ စိတ္တဿအနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ ကွက်လပ်နှင့် ပစ္စနိက်မှာရှိတဲ့ ပစ္ဆိမစိတ္တသမင်္ဂီနံ ရှိပါတယ်၊ ဒီ ၂-မျိုးလုံးကို ကာယက မရတော့ အနုလောမမှာ အာမန္တာထွက်ပါတယ်၊ ပဋိလောမကျတော့ကာ ဝိဘင်း ထုတ်ပုံနည်းအတိုင်း ကာယကွက်က ကွက်လပ်နှင့် ပစ္စနိက်မှာရှိတဲ့ တရားကိုရမရ ကြည့်ရပါတယ်၊ ဝစီဖြစ်လတံ့က ထိုက်သည့် အားလျော်စွာ အားလုံးကုန်ရ ပါတယ်၊ ဒါကြောင့် ပစ္စနိက်ကွက်နှင့် ကွက်လပ်များကို သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ အဿာသ ပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံရယ်လို့ တဘက်ရထုတ်ရပါတယ်၊ ဒီဝိဘင်းဟာ ပစ္စုပ္ပန္နာတီတ ပဋိလောမ ဝိဘင်းနှင့်အတူတူဘဲ ဖြစ်ပါတယ်၊ ဒါပေမဲ့ ပစ္စုပ္ပန္နာတီတမှာရှိတဲ့ ဝစီသင်္ခါရက တရားကုန်ရလေတော့ သဗ္ဗေသံစိတ္တဿဘင်္ဂက္ခဏေမှာရှိတဲ့ သဗ္ဗသဒ္ဒါဟာ အနာဝသေသသဗ္ဗ ဖြစ်ပါတယ်၊ ယခုဒီမှာရှိတဲ့ ဝစီသင်္ခါရက တရားကုန်ရတာမဟုတ်ဘဲ ဝစီဖြစ်လတံ့ဆိုင်ရာကိုသာ ရသဖြင့် သာဝသေသ သဗ္ဗဖြစ်ပါတယ်၊ ၂-ဘက်ရကျတော့ ပစ္စုပ္ပန်ကွက်မှာရှိတဲ့အတိုင်း အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေလို့ထုတ်ပြီး ပစ္စုပ္ပန်အတိုင်း ကောက်ရရုံပါဘဲ။

ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ တဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ တဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ သဗ္ဗေသံ စိတ္တဿဘင်္ဂက္ခဏေ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ နော စ တေသံ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ ကာယသင်္ခါရော စ ဥပ္ပဇ္ဇတိ။

ပဋိလောမ တဘက်ရက သဗ္ဗေသံ စိတ္တဿဘင်္ဂက္ခဏေ မူလီက အနာဂတဖြစ်လေတော့ ဝစီဖြစ်လတံ့တရားများဟာ ဘာလဲလို့ကြည့်ရင် အရကောက်ဇယားကို ဝိဘင်းအားလျော်စွာ ကြည့်ရပါလိမ့်မယ်၊ (ပစ္စုပ္ပန္နဝါရနှင့် အနာဂတဝါရအရကောက်ကို နှိုင်းယှဉ်ကြည့်ပါလို့ ပြောတာဖြစ်ပါတယ်၊) ကြည့်လိုက်

တော့ အနာဂတ ဘုမ္မောကာသဇယားမှာ နံပါတ် ၄-မှတပါး ၁.မှ ၇.တိုင် အောင် ဝစ်ရတာကို တွေ့ရပါလိမ့်မယ်။ ၁.နှင့် ၂.ကို မဟာဝိပါက် ဉာဏ သမ္ပယုတ်လေးခုကို ယူရန်ပြထားပါတယ်၊ ၃-က သဝိတက္က သဝိစာရစိတ် ၂-ခုဖြစ်ပါတယ်၊ ဒီ ၃-ခုကို ပေါင်းလိုက်ရင် မဟာဝိပါက်ဉာဏ သမ္ပယုတ် လေးခု ပထမစျာန် ဒုတိယစျာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္က သဝိစာရ စိတ်တွေ လာဖြစ်ပါတယ်။ ဒီ သဝိတက္က သဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတံ့ သောသူဖြစ်အံ့- ပဋိသန္ဓေမှ ပစ္ဆိမအနန္တရတိုင် ယူရပါတယ်။ ၃.အကွက်ကို ကြည့်ပါ။ အဝိတက္က အဝိစာရ ၇-ခုဖြင့် ပရိနိဗ္ဗာန် ပြုလတံ့သောသူဖြစ်အံ့.. ပဋိသန္ဓေမှ မရဏာသန္န စတုတ္ထဇောတိုင်အောင် ယူရပါတယ်။ ဒီလိုယူရမှုဟာ ဝိဘင်းအတိုင်း ဘင်္ဂက္ခဏသမင်္ဂီသာ ဖြစ်လေတော့ ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီလို့ ဆိုရပါတယ်။ ဒါက သဗ္ဗေသံ စိတ္တဿဘင်္ဂက္ခဏေအတွက် ဖြစ်ပါတယ်။ ဝိနာအဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေက အဿာသ ပဿာသကင်းသော ဖြစ်ထိုက်သောစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဖြစ်ပါတယ်။ ဒီ ၂-ချက်အတွက် ပုဂ္ဂိုလ်က ၁.နှင့် ၂- က ကာမ၊ ၃.က ရူပ အရူပ ပစ္ဆိမ ဘဝိကပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်များဟာ ဈာန်ဝင်စား မဝင်စား ကာမ ရူပ အရူပ ပစ္ဆိမဘဝိကပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ အဿာ ကင်းမှုမှာ ပထမစျာန်နှင့်သာ ဆိုင်လေတော့ ဈာန်ဝင်စားကိုပါ ထည့်ယူရပါတယ်။ ၂-ဘက်ရကလဲ ဈာန်ဝင်စားမှုတွေက ထင်ရှားပါတယ်။ ဒီတော့ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေအရ ၂-၃-ကို ကြည့်ပြီး ဆိုရပါလိမ့်မယ်။

**ပဋိလောမပုစ္ဆာ** သန္နိဋ္ဌာန်ပုဒ်၏အရကား မဟာဝိပါက် ဉာဏသမ္ပယုတ် စိတ်လေးခု ပထမစျာန်ဝိပါက် ဒုတိယစျာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္က သဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတံ့သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်၊ အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတံ့သောသူဖြစ် အံ့- ပဋိသန္ဓေမှစ၍ စတုတ္ထဇောတိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏ သမင်္ဂီ။ (ဒါက သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေအတွက်ပါ၊ ပြီးတော့ ဝိနာ အဿာသပဿာသေဟိအတွက် လာပါတယ်) အဿာသပဿာသ ကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်။ (ပြီးတော့မှ ၅.၆-၇-နှင့် လက်ျာဘက်က လက်သဲကွင်းကို ပေါင်းပြီး ဘဝ မဆုံးကို ဆိုရပါလိမ့်မယ်။) ဘဝမဆုံးသေးသောသူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အဿာသပဿာသ

ကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်၊ နိရောဓသမာပတ်ဝင်စားခိုက်သော အနာဂါမ်ရဟန္တာပုဂ္ဂိုလ်၊ အသညသတ်ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ရ၏။

၂-ဘက်ရက ပစ္စုပ္ပန္နဝါရကာယအတိုင်း ကောက်ရရှိပါဘဲ။

အဿာသပဿာသနှင့်တကွ ပဌမဈာန်ဇော ၂၀၊ ဒုတိယဈာန်ဇော ၁၀၊ တတိယဈာန်ဇော ၁၀-တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ အဿာသပဿာသနှင့်တကွ ဒွေပဥ္စဝိညာဉ်တဆယ်ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်လည်း ရ၏။ သံသယကား နောက်သာရ၏။ အနုလောမ ၎င်းရ၏။

ပစ္စနိက်ကြွင်းကလဲ အနာဂတဝစီ ဖြစ်လတ့ံ မရတဲ့ ပစ္ဆိမစိတ္တသမင်္ဂီနံ့နှင့် ကွက်လပ်ဖြစ်တဲ့ ယဿ စိတ္တဿ စသည်တွေကို ထုတ်ရပါတယ်။

ယဿ ကာယသင်္ခါရော နုပ္ပဇ္ဇတိ တဿ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတီတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ ကာယသင်္ခါရော နုပ္ပဇ္ဇတိ နော စ တေသံ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတိ၊ ပစ္ဆိမစိတ္တသမင်္ဂီနံ ယဿ စိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ တေသံ ကာယသင်္ခါရော စ နုပ္ပဇ္ဇတိ ဝစီသင်္ခါရော စ နုပ္ပဇ္ဇိဿတိ။ ။ယဿ ဝါ ပန ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတိ တဿ ကာယသင်္ခါရော နုပ္ပဇ္ဇတီတိ၊ အာမန္တာ။

ပစ္ဆိမစိတ္တသမင်္ဂီနံ့ကလဲ ဘုမ္မောကာသအတိုင်း ကောက်ရရှိပါဘဲ။ ယဿကလဲ နံပါတ် ၄-အတိုင်း ကောက်ရရှိပါဘဲ။

**ပစ္စနိက်သံသယကြွင်းကား** တိဟိတ် စုတိတေရသ+ စေတသိက်ပဥ္စတိံသ တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်၊ အဝိတက္က အဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့ံသော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့- ပဥ္စမဇော၏ ခဏတ္တယသမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့- ပဥ္စမဇောဘဝင်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။

ယနေ့ တော်ကြပါစို့။

သာဓု-သာဓု-သာဓု။

*** နိရောဓဝါရ၊ ပစ္စုပ္ပန္နာနာဂတ၊ ပုဂ္ဂလ၊ ကာယမူ ဝစီမူလီ**

အရင်အပတ်က ဥပ္ပါဒဝါရပြီးသွားတော့ ယနေ့နိရောဓဝါရကို ဆက်လက်ပို့ချပေးပါမယ်။ နိရောဓဝါရမှာလဲ အထူးမရှိပါဘူး။ ဥပါဒ်နဲ့ဘင်ကိုလဲပြီး ဝိဘင်းထုတ်ရရုံပါဘဲ။ အနုလောမက အာမန္တာပါဘဲ။ ပဋိလောမက သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ,ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ,နိရောဓသမာပန္နာနံ, အသညသတ္တာနံဘဲ ထုတ်ရပါတယ်။ နှစ်ဘက်ရကလဲ ဥပါဒ်ကိုဘင်လဲပြီး အဿာသပဿာသာနံ ဘင်္ဂက္ခဏေလို့ ထုတ်ရရုံပါဘဲ။

ယဿ ကာယသင်္ခါရော နိရုဇ္ဈတိ တဿ ဝစီသင်္ခါရော နိရုဇ္ဈိဿတီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန ဝစီသင်္ခါရော နိရုဇ္ဈိဿတိ တဿ ကာယသင်္ခါရော နိရုဇ္ဈတီတိ၊ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ ဝိနာအဿာသ ပဿာသေဟိ စိတ္တဿဘင်္ဂက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ နော စ တေသံ ကာယသင်္ခါရော နိရုဇ္ဈတိ၊ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ ဝစီသင်္ခါရော စ နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ နိရုဇ္ဈတိ။

အရကောက်ကလဲ အရင်ကပြောခဲ့တဲ့အတိုင်း နံပါတ် ၁-၂-၃-ပေါင်းပြီး နိရောဓသဘောအတိုင်း အနန္တရကို ဥပါဒ်ပြင်ရရုံပါဘဲ၊ စတုတ္ထဇောကို ပဌမဇော၏ ဥပါဒ်လို့ပြင်ရရုံပါဘဲ၊ ဘဝမဆုံးကျတော့ သူ့မှာရှိတဲ့အတိုင်းဘဲ ဆိုရပါတယ်၊ နိရောဓနဲ့ အသညသတ်ကတော့ ဆိုမြဲပါဘဲ။

**ပဋိလောမပုစ္ဆာသန္နိဋ္ဌာန်ပုဒ်၏အရကား** မဟာဝိပါက်ဉာဏသမ္ပယုတ်လေးခု ပထမစျာန်ဝိပါက် ဒုတိယစျာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့်သောသူ ဖြစ်အံ့-ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်၊ အဝိတက္ကအဝိစာရ စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့်သောသူ ဖြစ်အံ့-ပဋိသန္ဓေမှစ၍ မရဏာသန္နပဌမဇော၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ၊ အဿာသ ပဿာသကင်းသော ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်၊ ဘဝမဆုံးသေးသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ၊ အဿာသပဿာသကင်းသော ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စား မဝင်စားသော ကာမာဝစရ

* ၁၃၃၂-၃၊ တော်သလင်းလဆန်း ၁၅.ရက်၊ (၁၅-၉-၇၀) (၁၄) ကြိမ်။

ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်၊ နိရောဓ သမာပတ် ဝင်စားခိုက်သော အနာဂါမိ ရဟန္တာပုဂ္ဂိုလ်၊ အသညသတ်ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိ အဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ရ၏၊ (အဿာသ ပဿာသာနံဘင်္ဂက္ခဏေက ပစ္စုပ္ပန္န ဝါရအတိုင်းပါဘဲ)။ အဿာသပဿာသနှင့်တကွ ပထမဈာန်ဇော ၂၀၊ ဒုတိယဈာန်ဇော ၁၀၊ တတိယဈာန်ဇော ၁၀-တို့၏ ဘင်္ဂက္ခဏ သမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ ဒွေပဥ္စဝိညာဉ် တဆယ် ကြဉ်သော အဿာသပဿာသနှင့်တကွ ကာမစိတ် ၄၄-နှုတို့၏ ဘင်္ဂက္ခဏ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ် လည်းရ၏၊ သံသယကားနောက်သာရ၏၊ အနုလောမ ၎င်းရ၏။

ပစ္စနိက်သံသယကြွင်းကျတော့ နိရောဓရှေ့သဘောအတိုင်း ဆိုင်ရာဖြစ်တဲ့ ဥပါဒ်တွေကို ယူသွားခဲ့တော့ သဝိတက္ကသဝိစာရ ပစ္ဆိမစိတ် ၆-ခုဟာ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေထဲမှာ ပါသွားပါတယ်၊ ဒီတော့ ဘာကျန်မလဲဆိုရင် သဝိတက္ကသဝိစာရ စိတ္တဿ ဘင်္ဂက္ခဏေ အဝိတက္ကအဝိစာရ သမင်္ဂီနဲ့ ယဿဘဲ ကျန်ပါတယ်၊ ဒါတွေကို ဝိဘင်းထုတ်ရပါလိမ့်မယ်။

ယဿ ကာယသင်္ခါရော န နိရုဇ္ဈတိ တဿ ဝစီသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ ဝိနာ အဿာသပဿာသေဟိ စိတ္တဿဘင်္ဂက္ခဏေ နိရောဓ သမာပန္နာနံ အသညသတ္တာနံ တေသံ ကာယသင်္ခါရော န နိရုဇ္ဈတိ နော စ တေသံ ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ၊ သဝိတက္ကသဝိစာရ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ္တသမင်္ဂီနံ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ တေသံ ကာယသင်္ခါရော စ န နိရုဇ္ဈတိ ဝစီသင်္ခါရောစ န နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ တဿ ကာယသင်္ခါရော န နိရုဇ္ဈတီတိ၊ အာမန္တာ။

**ပစ္စနိက်သံသယကြွင်း** ကား သဝိတက္ကသဝိစာရ ပစ္ဆိမစိတ် ၆-ခု တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရဟတ္တဖလဥ္ဇာန်ပုဂ္ဂိုလ်၊ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ် ၇-ခုတို့၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တ ဖလဥ္ဇာန်ပုဂ္ဂိုလ်၊ (ယဿအတွက် နံပါတ် ၄-အတိုင်းပါ) အဝိတက္က အဝိစာရ စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့- ပဋ္ဌမ ဇော၏ ဘင်္ဂက္ခဏသမင်္ဂီ၊ (ဟိုတုံးက ဥပါဒ်ယူသွားပါတယ်)၊ ဘဝင်နောင် စုတ်ဖြစ်အံ့- ပဋ္ဌမဇော ဘဝင်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင် စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဥ္ဇာန်ပုဂ္ဂိုလ်ရ၏။

## ဥပ္ပါဒနိရောဓဝါရ၊ ပစ္စုပ္ပန္နာနာဂတ၊ ပုဂ္ဂလ၊ ကာယမူ ဝစီမူလီ

အနုလောမက အာမန္တာပါဘဲ၊ ပဋိလောမမှာ မူကဥပ္ပါဒဖြစ်၍ သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏေ ဝိနာ အသညာသပဿာသေဟိ စိတ္တာသ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံလို့ ဥပ္ပါဒသဘောအတိုင်းဖြစ်ပါတယ်။ ၂-ဘက်ရကမူ ဥပ္ပါဒအတိုင်း အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေပင် ဖြစ်ပါတယ်။

ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ တဿ ဝစီသင်္ခါရော နိရုဇ္ဈိဿတီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန ဝစီသင်္ခါရော နိရုဇ္ဈိဿတိ တဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏေ ဝိနာ အဿာသပဿာသေဟိ စိတ္တာသ ဥပ္ပါဒက္ခဏေ နိရောဓ သမာပန္နာနံ အသညသတ္တာနံ တေသံ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ နော စ တေသံ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ အဿသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ ဝစီသင်္ခါရော စ နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ ဥပ္ပဇ္ဇတိ။

ဒီမှာ အရကောက်တဲ့အခါမှာ ဝိဘင်းက ဥပ္ပါဒအတိုင်းဖြစ်နေပေမဲ့ ဝစီက နိရောဓဖြစ်နေလေတော့ နိရောဓသဘောအတိုင်းဘဲ ကောက်ရပါလိမ့်မယ်။

**ပဋိလောမပုစ္ဆာသန္နိဋ္ဌာန်ပုဒ်၏** အရကား မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်လေးခု ပထမစျာန်ဝိပါက် ဒုတိယစျာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရဖြင့် ပရိနိဗ္ဗာန်ပြုလတ့ံသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်၊ အဝိတက္က အဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန် ပြုလတ့ံသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ မရဏာသန္နပဉ္စမဇော၏ ဥပါဒ်တိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊အဿာသပဿာသကင်းသော ဖြစ်ထိုက်သောစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော စျာန်ဝင်စားမဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်၊ ဘဝမဆုံးသေးသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အဿာသပဿာသကင်းသော ဖြစ်ထိုက်သောစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော စျာန်ဝင်စားမဝင်စားသောကာမာဝစရရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်၊နိရောဓသမာပတ်ဝင်စားခိုက်သော အနာဂါမ်ရဟန္တာပုဂ္ဂိုလ်၊အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ရ၏။ (နှစ်ဘက်ရက ဥပ္ပါဒအတိုင်းပါဘဲ၊) အဿာသပဿာနှင့်တကွ ပထမစျာန်ဇောနှစ်ဆယ်၊ ဒုတိယစျာန်ဇောတဆယ်၊ တတိယစျာန်ဇော တဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသောကာမာဝစရပုဂ္ဂိုလ်၊အဿာသပဿာနှင့်တကွ ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်

သော ကာမစိတ် ၄၄-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်လည်းရ၏၊ သံသယကား နောက်သာရ၏၊ အနုလောမ ၎င်းရ၏။

ပစ္စနိက်သံသယကြွင်းကလဲ နိရောဓသဘောအတိုင်းဘဲ ဆိုရပါတယ်၊ ဘာ့ကြောင့်လဲ ဆိုတော့ ဝစီက သဝိတက္ကသဝိစာရစိတ်ရဲ့ ဥပါဒ်တွေ ယူသွားတော့ ဘင်ကျန်ပါတယ်၊ ပြီးတော့ အဝိတက္ကအဝိစာရနဲ့ ယဿဆိုရပါတယ်။

ယဿ ကာယသင်္ခါရော နုပ္ပဇ္ဇတိ တဿ ဝစီသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ အဿာသပဿာသေဟိ စိတ္တဿဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ ကာယသင်္ခါရော နုပ္ပဇ္ဇတိ နော စ တေသံ ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ၊ သဝိတက္ကသဝိစာရ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ္တသမင်္ဂီနံ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ တေသံ ကာယသင်္ခါရော စ နုပ္ပဇ္ဇတိ ဝစီသင်္ခါရော စ န နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ တဿ ကာယသင်္ခါရော နုပ္ပဇ္ဇတီတိ၊ အာမန္တာ။

အရကောက်ကလဲ နိရောဓသဘောအတိုင်းဘဲ ကောက်ရပါတယ်။

**ပစ္စနိက်သံသယကြွင်း** ကား သဝိတက္က သဝိစာရ ပစ္ဆိမစိတ် ၆-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ် ၇-ခုတို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ (ယဿ သူ့အတိုင်း ဘင်္ဂက္ခဏသမင်္ဂီလို့ ဆိုရပါလိမ့်မယ်၊) အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတံ့သော ပုဂ္ဂိုလ်တို့အား ဇောနှောင်စုတိဖြစ်အံ့- ပဋ္ဌမဇော၏ ဘင်္ဂက္ခဏသမင်္ဂီ၊ ဘဝင်နှောင်စုတိဖြစ်အံ့-ပဋ္ဌမဇော၏ဘင်ဘဝင်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏။

## ဥပ္ပါဒ၊ ကာယသင်္ခါရမူ စိတ္တသင်္ခါရမူလီ

ကာယသင်္ခါရမူ စိတ္တသင်္ခါရမူလီကလဲ ကာယသင်္ခါရမူ ဝစီသင်္ခါရမူလီနဲ့ တူပါတယ်၊ ဒါပေတဲ့ ဒီမှာသဗ္ဗေသံ စိတ္တဿဘင်္ဂက္ခဏေရဲ့ သဗ္ဗကိုစိတ္တက ပစ္ဆိမစိတ္တသမင်္ဂီနံကို မရသေးပါဘူး၊ ဒီတော့ ဒီသဗ္ဗဟာ သာဝသေသ သဗ္ဗလို့ဘဲ ဆိုရပါလိမ့်မယ်၊ ဝိဘင်းတူနေပေတယ်လို့ အရကောက်မှာ ဝစီနဲ့ စိတ္တအရမတူတောင်

ကာ အနည်းငယ်ကွဲပါတယ်၊ နှစ်ဘက်ရကတော့ ကာယသင်္ခါရကွက်မှာရှိတဲ့ အတိုင်း အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေဘဲဖြစ်ပါတယ်။

ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ တဿ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတိ တဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ အဿာသ ပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ စိတ္တ သင်္ခါရော ဥပ္ပဇ္ဇိဿတိ နော စ တေသံ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ အဿာသ ပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ စိတ္တသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ ကာယသင်္ခါ ရော စ ဥပ္ပဇ္ဇတိ။

သဗ္ဗေသံ စိတ္တဿဘင်္ဂက္ခဏေအရ စိတ္တဆိုင်ရာ အရကောက် ဇယားကို ကြည့်လိုက်ရင် စိတ္တဟာ ပစ္ဆိမစိတ်ကိုသာ ရပါတယ်၊ ပစ္ဆိမစိတ်ရဲ့ အနန္တရ တိုင်အောင် ရပါတယ်။ ဒါကြောင့် ခပ်ကျဉ်းကျဉ်း ခပ်လွယ်လွယ် စိတ္တ သင်္ခါရကွက်မှာရှိတဲ့ အရကောက်တွေကို ပေါင်းလိုက်ရင် ပဋိသန္ဓေကစပြီး ပစ္ဆိမစိတ်ရဲ့ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တွေရဲ့ ဘင်္ဂက္ခဏသမင်္ဂီ ရပါတယ်။ ပြီးတော့ ဝိနာ အဿာသပဿာသေဟိကလဲ အဿာသပဿာသ ကင်းတဲ့ ဖြစ်ထိုက်သော စိတ်တွေရဲ့ ဥပ္ပါဒက္ခဏသမင်္ဂီ ရပါတယ်။ နံပါတ် ၅-၆-၇-က ထုံးစံအတိုင်း ဘဝမဆုံးသေးကို ကောက်ရပါတယ်။ နိရောဓ သမာပတ်နဲ့ အသညသတ်ကိုလဲ ထုံးစံအတိုင်း ကောက်ရပါတယ်။ နှစ်ဘက်ရ ကလဲ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေအရ ကောက်ရပါတယ်။

**ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏** အရကား ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အဿာသပဿာ သကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပစ္ဆိမ ဘဝိကပုဂ္ဂိုလ်၊ ဘဝမဆုံးသေးသောသူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင် အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အဿာသပဿာသ ကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်။ နိရောဓ သမာပတ်ဝင်စားခိုက်သော အနာဂါမ်ရဟန္တာပုဂ္ဂိုလ်၊ အသညသတ် ဥပပဇ္ဇန္တ ပဝတ္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ရ၏။ ။(နှစ်ဘက်ရလဲ ထုံးစံ အတိုင်းပါဘဲ) အဿာသပဿာသနှင့်တကွ ပဌမဈာန်ဇောနှစ်ဆယ်၊ ဒုတိယ ဈာန်ဇောတဆယ်- တတိယဈာန်ဇောတဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်

သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ အဿာသပဿာသနှင့်တကွ ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်လည်းရ၏။ သံသယကား နောက်သာရ၏။ အနုလောမ ၎င်းရ၏။

ပစ္စနိက်က စိတ္တမရတာက ပစ္ဆိမစိတ္တသမင်္ဂီနံ့ဘဲ ရှိပါတော့တယ်။ သူ့ကိုဘဲ ဝိဘင်းထုတ်ရပါတယ်။

ယဿ ကာယသင်္ခါရော နုပ္ပဇ္ဇတိ တဿ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတီတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ ကာယသင်္ခါရော နုပ္ပဇ္ဇတိ နော စ တေသံ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ၊ ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ ကာယသင်္ခါရော စ နုပ္ပဇ္ဇတိ စိတ္တသင်္ခါရော စ နုပ္ပဇ္ဇိဿတိ။ ။ယဿ ဝါ ပန။ ပ။အာမန္တာ။

**ပစ္စနိက်သံသယကြွင်းကား** တိဟိတ်စုတိစေရသ၊ စေတသိက်ပဋိသတို့၏ ခဏ်တ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏။

## နိရောဓဝါရ၊ ကာယသင်္ခါရမူ စိတ္တသင်္ခါရမူလီ

နိရောဓဝါရကျတော့ ဥပါဒ်နဲ့ဘင် ပြောင်းရုံပါဘဲ။ ခုနက အတိုင်းပါဘဲ။

ယဿ ကာယ သင်္ခါရော နိရုဇ္ဈတိ တဿ စိတ္တသင်္ခါရော နိရုဇ္ဈိဿတီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ တဿ ကာယသင်္ခါရော နိရုဇ္ဈတီတိ၊ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ နော စ တေသံ ကာယသင်္ခါရော နိရုဇ္ဈတိ၊ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ စိတ္တသင်္ခါရော စ နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ နိရုဇ္ဈတိ။

အရကောက်ကလဲ နိရောဓ သဘောအတိုင်း အနန္တရကို ဥပါဒ်ပြင်ပေးရုံပါဘဲ။

**ပဋိလောမပုစ္ဆာသန္နိဋ္ဌာန်ပုဒ်**၏ အရကား ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ၊ အဿာသပဿာသ ကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်

ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်၊ ဘဝ မဆုံးသေးသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ၊ အဃာသပဃာသ ကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်၊ နိရောဓသမာပတ် ဝင်စားခိုက် သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်၊ အသညသတ် ဥပပဇ္ဇန္တစဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ရ၏။ ။အဃာသပဃာသနှင့်တကွ ပထမဈာန် ဇောနှစ်ဆယ်၊ ဒုတိယဈာန်ဇော တဆယ်၊ တတိယဈာန်ဇော တဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ အဃာသပဃာသနှင့် တကွ ဒွေပဉ္စ ဝိညာဉ်တဆယ် ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာ ဝစရပုဂ္ဂိုလ်လည်းရ၏။ သံသယကား နောက်သာရ၏။ အနုလောမ ၎င်းရ၏။

ပစ္စနိက်သံသယကြွင်းက ပစ္ဆိမစိတ်ရဲ့ ဥပါဒ်ကို ခုနကဥပါဒ် တိုင်အောင်လို့ စိတ္တသင်္ခါရက အကုန်ယူသွားတော့ ဘင်္ဂက္ခဏဘဲ ကျန်ပါတော့တယ်၊ သူ့ကိုဘဲ ဝိဘင်းထုတ်ရပါမယ်။

ယဿ ကာယသင်္ခါရော န နိရုဇ္ဈတိ တဿ စိတ္တသင်္ခါရော န နိရုဇ္ဈိဿ တီတိ၊ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ ဝိနာ အဃာသ ပဃာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ ကာယ သင်္ခါရော န နိရုဇ္ဈတိ နော စ တေသံ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ၊ ပစ္ဆိမ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ ကာယသင်္ခါရော စ န နိရုဇ္ဈတိ စိတ္တသင်္ခါရော စ န နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန။ပ။ အာမန္တာ။

ပစ္စနိက်သံသယကြွင်းကား တိဟိတ်စုတိတေရသ၊ စေတသိက် ပဉ္စတိံသဟု ဆိုအပ်သော ပစ္ဆိမစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စား သော ကာမာဝစရ ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏။

## ဥပ္ပါဒနိရောဓဝါရ၊ ကာယသင်္ခါရမူ စိတ္တသင်္ခါရမူလီ

ဥပ္ပါဒနိရောဓ ဝါရမှာလဲ မူက ဥပ္ပါဒဖြစ်နေတော့ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ အဃာသပဃာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓ သမာပန္နာနံ အသညသတ္တာနံလို့ ဥပ္ပါဒသဘောအတိုင်းဘဲ ထုတ်ရပါတယ်။ နှစ်ဘက်ရကလဲ ဥပ္ပါဒအတိုင်း အဃာသပဃာသာနံ ဥပ္ပါဒက္ခဏေဘဲ ထုတ်ရ ပါတယ်။

ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ တဿ စိတ္တသင်္ခါရော နိရုဇ္ဈိဿတီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ တဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ နော စ တေသံ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ စိတ္တသင်္ခါရော စ နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ ဥပ္ပဇ္ဇတိ။

အရကောက်ကလဲ အနန္တရကို ဥပါဒ်ပြင်၍ နိရောဓအတိုင်းကောက်ရပါတယ်။

**ပဋိလောမပုစ္ဆာသန္နိဋ္ဌာန်ပုဒ်၏** အရကား ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အဿာသပဿာသ ကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပစ္ဆိမ ဘဝိကပုဂ္ဂိုလ်၊ ဘဝမဆုံးသေးသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အဿာသပဿာသ ကင်းသော ဖြစ်ထိုက်သောစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်၊ နိရောဓ သမာပတ် ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်၊ အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ရ၏။ ။အဿာသ ပဿာသနှင့်တကွ ပထမဈာန်ဇောနှစ်ဆယ် ဒုတိယဈာန်ဇောတဆယ် တတိယ ဈာန်ဇောတဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ အဿာသပဿာသနှင့်တကွ ဒွေပဉ္စဝိညာဉ် တဆယ် ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန် မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်လည်းရ၏။ သံသယကား နောက်သာ ရ၏။ အနုလောမ ငင်းရ၏။

ယဿ ကာယသင်္ခါရော နုပ္ပဇ္ဇတိ တဿ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါ ဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ ကာယသင်္ခါရော နုပ္ပဇ္ဇတိ နော စ တေသံ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ၊ ပစ္ဆိမ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ ကာယသင်္ခါရော စ နုပ္ပဇ္ဇတိ စိတ္တသင်္ခါရော စ န

နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ တဿ ကာယသင်္ခါရော နုပ္ပဇ္ဇတီတိ၊ အာမန္တာ။

**ပစ္စနိက်သံသယကြွင်းကား** တိဟိတ်စုတိတေရသ+ စေတသိက်ပဉ္စတိံသဟု ဆိုအပ်သော ပစ္ဆိမစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။

## ဥပ္ပါဒဝါရ၊ ဝစီသင်္ခါရမူ စိတ္တသင်္ခါရမူလီ

ဒီမှာလဲ ပါဠိတော်ရဲ့ တဘက်ရကို ဝိဘင်းထုတ်တဲ့နည်းအတိုင်း မူလီစိတ္တမရတာကို ပါဠိတော်ဇယားကြည့်လိုက်ရင် ပစ္စနိက်ကွက်မှာရှိတဲ့ ပစ္ဆိမစိတ္တသမင်္ဂီနံကိုဘဲ တွေ့ရပါလိမ့်မယ်။ ဝစီဖြစ်ဆဲသည် ဒီပစ္ဆိမစိတ္တသမင်္ဂီနံထဲက ဆိုင်ရာဖြစ်တဲ့ သဝိတက္ကသဝိစာရပစ္ဆိမစိတ်ရဲ့ ဥပါဒ်ကိုရသဖြင့် သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေလို့ အနုလောမ တဘက်ရ ထုတ်ရပါလိမ့်မယ်။ နှစ်ဘက်ရကျတော့ ပစ္စုပ္ပန္နဝါရ ဝစီကွက်မှာရှိတဲ့အတိုင်း၊ ဠတရေသံ ဝိတက္က ဝိစာရာနံ ဥပ္ပါဒက္ခဏေလို့ ထုတ်ရပါတယ်။ ပဋိလောမကျတော့ ဝစီမရတဲ့ ပစ္စနိက်နဲ့ကွက်လပ်ကို သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ ဝိတက္က ဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံကို ထုတ်ရပါတယ်။ ဟိုတုံးက ကာယနဲ့ဖြစ်ခြင်းကြောင့် အဿာသပဿာသေဟိကို ဝိနာနဲ့ ဆိုတယ်၊ ဒီမှာ ဝစီဖြစ်ခြင်းကြောင့် ဝိတက္ကဝိစာရေဟိလို့ ဆိုရရုံပါဘဲ။

ယဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ တဿ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊ သဝိတက္က သဝိစာရ ပစ္ဆိမ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ နော စ တေသံ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ ဠတရေသံ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ တေသံ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇတိ စိတ္တသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ။ ။ယဿ ဝါ ပန စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတိ တဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတိ နော စ တေသံ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ၊ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ တေသံ စိတ္တသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇတိ။

သဝိတက္ကသဝိစာရ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေဆိုတာ အရကောက်ဇယားမှာရှိတဲ့(က)နဲ့ (ခ)ကို ပေါင်းလိုက်တာပါဘဲ၊ ဒီတော့ သဝိတက္ကသဝိစာရ ပစ္ဆိမ(၆)ခုပါဘဲ။

**အနုလောမပစ္စ္စာ** သန္နိဋ္ဌာန်ပုဒ်၏ အရကား မဟာဝိပါက် ဉာဏသမ္ပယုတ် စိတ်လေးခု ပထမစျာန်ဝိပါက် ဒုတိယစျာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္က သဝိစာရ ပစ္ဆိမစိတ် ၆-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏။ ။(နှစ်ဘက်ရကျတော့ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေဆိုတာ သဝိတက္ကသဝိစာရစိတ်တွေ ၆၆-ခု အကုန်လုံး ကောက်ပါတယ်။ အနုလောမတဘက်ရက သဝိတက္ကသဝိစာရ ပစ္ဆိမစိတ် ၆-ခုယူသွားတော့ သူ့ကို အပါဒါန် ခံရပါလိမ့်မယ်၊) ပစ္ဆိမစိတ်မှတပါး သဝိတက္ကသဝိစာရစိတ် ၆၆-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်လည်းရ၏။ သံသယကား နောက်သာရ၏။

ပဋိလောမကျတော့ စိတ္တက ပစ္ဆိမစိတ်သာ မရတယ်၊ အနန္တရတိုင်ရတော့ ဇယ်ားမှာ စိတ္တရှိတဲ့ ၁-၂-၃-၄-တွေ ပေါင်းပြီး ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီလို့ ကောက်ရပါတယ်။ ပြီးတော့ ဝိနာ ဝိတက္ကဝိစာရေဟိ အရကလဲ ဖြစ်ထိုက်သော အဝိတက္ကအဝိစာရစိတ်ဘဲ၊ ဝိတက်ဝိစာရ မဟုတ်ဘူးဆိုတာ အဝိတက္ကအဝိစာရစိတ်တွေရဲ့ ဥပ္ပါဒက္ခဏဘဲ၊ ဒါတွေကို ကောက်ရပါတယ်၊ နောက်ဆုံး ၅-၆-၇-ဘဝမဆုံးကတော့ ထုံးစံအတိုင်း ကောက်ရပါတယ်၊ နိရောဓအသညသတ်လဲ ကောက်ရပါမယ်။

**ပဋိလောမပစ္စ္စာသန္နိဋ္ဌာန်** ပုဒ်၏အရကား ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ ဖြစ်ထိုက်သော အဝိတက္ကအဝိစာရစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်၊ ဘဝမဆုံးသေးသောသူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ ဖြစ်ထိုက်သော အဝိတက္ကအဝိစာရ စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်၊ နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ်ရဟန္တာပုဂ္ဂိုလ်၊ အသညတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်ရ၏၊ အနုလောမ သံသယလည်းရ၏၊ သံသယကား နောက်သာရ၏။

ပစ္စနိက်သံသယကြွင်းက အနုလောမတဘက်ရက သဝိတက္ကသဝိစာရ ပဌမ စိတ်ရဲ့ ဥပ္ပါဒက္ခဏကိုယူသွားတော့ ဘင်ကျန်ပါတယ်၊ ပြီးတော့ အဝိတက္ကအဝိစာရ ပဌမစိတ္တသမင်္ဂီနံကိုလဲ ထုတ်ရပါတယ်။

ယဿ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ တဿ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတီ တိ၊ သဗ္ဗသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ နော စ တေသံ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ၊ သဝိတက္ကသဝိစာရ ပဌမ စိတ္တဿ ဘင်္ဂက္ခဏေ အဝိတက္ကအဝိစာရ ပဌမစိတ္တ သမင်္ဂီနံ တေသံ ဝစီသင်္ခါရော စ နုပ္ပဇ္ဇတိ စိတ္တသင်္ခါရော စ နုပ္ပဇ္ဇိဿတိ။ ။ယဿ ဝါ ပန စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ တဿ ဝစီသင်္ခါရော နုပ္ပဇ္ဇတီတိ၊ သဝိတက္ကသဝိစာရ ပဌမ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ နော စ တေသံ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ၊ သဝိတက္ကသဝိစာရ ပဌမ စိတ္တဿ ဘင်္ဂက္ခဏေ အဝိတက္ကအဝိစာရ ပဌမ စိတ္တသမင်္ဂီနံ တေသံ စိတ္တသင်္ခါရော စ နုပ္ပဇ္ဇိဿတိ ဝစီသင်္ခါရော စ နုပ္ပဇ္ဇတိ။

ပစ္စနိက်သံသယကြွင်းကား သဝိက္ကသဝိစာရ ပဌမစိတ် ၆-ခုတို့၏ ဘင်္ဂက္ခဏ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အဝိတက္ကအဝိစာရ ပဌမစိတ် ၇-ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။

## နိရောဓဝါရ၊ ဝစီသင်္ခါရမူ စိတ္တသင်္ခါရမူလီ

နိရောဓဝါရကျတော့ ဥပါဒ်နဲ့ဘင် ပြောင်းရရုံပါဘဲ။

ယဿ ဝစီသင်္ခါရော နိရုဇ္ဈတိ တဿ စိတ္တသင်္ခါရော နိရုဇ္ဈိဿတီတိ၊ သဝိတက္ကသဝိစာရ ပဌမ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ ဝစီသင်္ခါရော နိရုဇ္ဈတိ နော စ တေသံ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ၊ ဣတရေသံ ဝိတက္ကဝိစာရာနံ ဘင်္ဂက္ခဏေ တေသံ ဝစီသင်္ခါရော စ နိရုဇ္ဈတိ စိတ္တသင်္ခါရော စ နိရုဇ္ဈိဿတိ။ ယဿ ဝါ ပန စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ တဿ ဝစီသင်္ခါရော နိရုဇ္ဈတီတိ၊ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဘင်္ဂက္ခဏေ နိရောဓသမာပန္နာနံ အသညတ္တာနံ တေသံ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ နော စ တေသံ ဝစီသင်္ခါရော နိရုဇ္ဈတိ၊ ဝိတက္ကဝိစာရာနံ ဘင်္ဂက္ခဏေ တေသံ စိတ္တသင်္ခါရော စ နိရုဇ္ဈိဿတိ ဝစီသင်္ခါရော စ နိရုဇ္ဈတိ။

**အနုလောမပစ္စယသန္နိဋ္ဌာန်ပုဒ်**၏ အရကား သဝိတက္ကသဝိစာရ ပစ္ဆိမစိတ် ၆-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏။ ။ပစ္ဆိမစိတ်မှတပါး သဝိတက္ကသဝိစာရစိတ် ၆၆-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆို အပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်လည်း ရ၏၊ သံသယကား နောက်သာရ၏။

ပဋိလောမကျတော့ နိရောဓသဘောအတိုင်း အနန္တရကို ဥပါဒ်ပြင်ပေးရချိ ပါဘဲ။

**ပဋိလောမပစ္စယသန္နိဋ္ဌာန်ပုဒ်**၏အရကား ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ် တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ၊ ဖြစ်ထိုက်သော အဝိတက္ကအဝိစာရစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်၊ ဘဝမဆုံးသေးသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ၊ ဖြစ်ထိုက်သော အဝိတက္က အဝိစာရစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်၊ နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်၊ အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ရ၏။ အနုလောမ သံသယလည်းရ၏။ သံသယကား နောက်သာ ရ၏။

ပစ္စနိက်ကြွင်းကျတော့ နိရောဓရဲ့ သဘောအတိုင်း အနန္တရကို ဥပါဒ်ပြင် ပြီး အနုလောမ တဘက်ရကို ကောက်လိုက်တော့ ပစ္ဆိမစိတ် ဥပါဒ်တွေ ကုန်သွားတယ်။ ကုန်သွားရုံတင်မက အနုလောမ တဘက်ရကလဲ သဝိတက္က သဝိစာရ ပစ္ဆိမစိတ်ရဲ့ဘင်ကို ယူထားတယ်၊ ဒီတော့ အဝိတက္က အဝိစာရ ပစ္ဆိမစိတ်ရဲ့ဘင်သာ ကျန်တော့တယ်၊ ဒါကလေးကိုသာ ဝိဘင်းထုတ် အရ ကောက်ရပါတယ်။

ယဿ ဝစီသင်္ခါရော န နိရုဇ္ဈတိ တဿ စိတ္တသင်္ခါရော န နိရုဇ္ဈိဿ တီတိ၊ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဘင်္ဂက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ ဝစီသင်္ခါရော န နိရုဇ္ဈတိ နော စ တေသံ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ၊ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ ဝစီသင်္ခါရော စ န နိရုဇ္ဈတိ စိတ္တသင်္ခါ

ရော စ န နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ တဿ ဝစီသင်္ခါရော န နိရုဇ္ဈတီတိ၊ သဝိတက္က သဝိစာရ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ နော စ တေသံ ဝစီသင်္ခါ ရော န နိရုဇ္ဈတိ၊ အဝိတက္က အဝိစာရ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ စိတ္တသင်္ခါရော စ န နိရုဇ္ဈိဿတိ ဝစီသင်္ခါရော စ န နိရုဇ္ဈတိ။

**ပစ္စနိက်သံသယကြွင်း** ကား အဝိတက္က အဝိစာရ ပစ္ဆိမစိတ် (၇) ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏။

နိရောဓဝါရပြီးသွားပါပြီ။ နောက်အပတ်မှ ဥပ္ပါဒနိရောဓဝါရ ဆက်လက် ပို့ချပေးပါမယ်။

သာဓု - သာဓု - သာဓု။

## * ဥပ္ပါဒနိရောဓဝါရ၊ ဝစီသင်္ခါရမူ စိတ္တသင်္ခါရမူလီ

ဖြစ်ဆဲဝစီဟာ သဝိတက္ကသဝိစာရ ပစ္ဆိမစိတ်ရဲ့ ဥပါဒ်ကို ရပေတယ်လို့ ချုပ်လတ့ံဖြစ်တဲ့ စိတ္တသင်္ခါရပစ္ဆိမစိတ်ရဲ့ ဥပါဒ်အား လုံးကို ရနေတော့ ဥပ္ပါဒဝါရ တုံးကလို တဘက်ရဝိဘင်း မထွက်နိုင်တော့ဘဲ အာမန္တာ ဝိဘင်းဘဲထွက်ပါတယ်။ ပဋိလောမကြည့်လိုက်ရင် ဝိဘင်းက ဥပ္ပါဒသဘော အတိုင်း သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ ဝိတက္က ဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံလို့ဘဲ ထွက်ပါလိမ့်မယ်။ နှစ်ဘက်ရကတော့ ဝစီမှာရှိတဲ့အတိုင်း ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေလို့ဘဲ ထွက်ပါလိမ့်မယ်။

ယဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ တဿ စိတ္တသင်္ခါရော နိရုဇ္ဈိဿတီတိ၊ အာမန္တာ။ ။ယဿ ဝါ ပန စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ တဿ ဝစီ သင်္ခါရော ဥပ္ပဇ္ဇတီတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓ သမာပန္နာနံ အသညသတ္တာနံ တေသံ စိတ္တ သင်္ခါရော နိရုဇ္ဈိဿတိ နော စ တေသံ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ၊ ဝိတက္က ဝိစာရာနံ ဥပ္ပါဒက္ခဏေ တေသံ စိတ္တသင်္ခါရောစ နိရုဇ္ဈိဿတိ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇတိ။

အရကောက်ကလဲ စိတ္တက ပစ္ဆိမဥပါဒ် ရတော့ကာ သူ့ရဲ့သဘော အတိုင်း ကောက်ရပါလိမ့်မယ်။

---

* ၁၃၃၂-ခု၊ တော်သလင်းလဆုတ် ၃-ရက် (၁၀-၉-၇၀) ၁၅(ကြိမ်)။

ပဋိလောမပဋ္ဌာသန္နိဋ္ဌာန်ပုဒ်၏ အရကား ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အဝိတက္က အဝိစာရစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပစ္ဆိမ ဘဝိကပုဂ္ဂိုလ်၊ ဘဝ မဆုံးသေးသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊အဝိတက္ကအဝိစာရစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်၊ နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်၊ အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ရ၏။

နှစ်ဘက်ရကျတော့ ဝိတက္က ဝိစာရာနံ ဥပ္ပါဒက္ခဏေအရ လွယ်လွယ်ကောက် မယ်ဆိုရင် သဝိတက္က သဝိစာရစိတ် (၆၆)ခုဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်ရ၏လို့ ကောက် ရပါမယ်၊ ပြီးတော့ ဝိတက္က ဝိစာရာနံ ဥပ္ပါဒက္ခဏေလို့ ဥပ္ပါဒဝိဘင်းနဲ့ အတူတူပင် ဖြစ်ပေတယ်လို့ ဥပ္ပါဒတုံးက တဘက်ရက သဝိတက္က သဝိစာရ ပစ္ဆိမစိတ် ယူသွားတော့ကာ နှစ်ဘက်ရမှာ ပစ္ဆိမစိတ်ရဲ့ ဥပါဒ်မပါဘူး၊ မပါ တော့ ပစ္ဆိမစိတ်မှတပါးလို့ဆိုပြီး ကောက်ရပါတယ်။ ဒီမှာတော့ သဝိတက္က သဝိစာရ ပစ္ဆိမစိတ်(၆)ခု ပါနေတော့ ပစ္ဆိမစိတ်မှတပါးလို့ မဆိုရပါဘူး။ အဲဒါဝိဘင်း တူနေပေတယ်လို့ ထူးပုံကိုပြောပြတာပါ၊ အရကောက် ဆရာတော် ကြီးကတော့ ဒီနှစ်ဘက်ရကို ဥပ္ပါဒပစ္စုပ္ပန္နဝါရအတိုင်းကောက်ပါလို့ မှာထား ပါတယ်၊ အမှာအတိုင်း ကောက်မယ်ဆိုရင် ဝစီရတဲ့အတိုင်း ပထမဈာန်ဇော နှစ်ဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာ ဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်၊ ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော သဝိ တက္က သဝိစာရစိတ် ၄၆-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန် မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်ရ၏လို့ ရပါမယ်၊ ဒီတော့ လွယ်လွယ်ဘဲ ကောက်လိုက်ကြပါစို့။

သဝိတက္ကသဝိစာရစိတ် ၆၆-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ် လည်းရ၏၊ သံသယကား နောက်သာရ၏၊ အနုလောမ ၎င်းရ၏။

ပစ္စနိက်ကျတော့ မူလီ စိတ္တသင်္ခါရက ပစ္ဆိမစိတ်ရဲ့ ဥပါဒ်တွေ အကုန်ရ တော့ကာ ဘင်ဘဲကျန်ပါတယ်၊ ဒီဘင်ကိုဘဲ ဝိဘင်းထုတ်ရပါလိမ့်မယ်။

ယဿ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ တဿ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ ဝိနာ ဝိတက္က ဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ ဝစီသင်္ခါရော နုပ္ပဇ္ဇတိ နော စ တေသံ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ၊ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ ဝစီသင်္ခါရော စ နုပ္ပဇ္ဇတိ စိတ္တသင်္ခါရော စ န နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ တဿ ဝစီသင်္ခါရော နုပ္ပဇ္ဇတီတိ၊ အာမန္တာ။

**ပစ္စနိက်သံသယကြွင်းကား** တိဟိတ်စုတိတေရသ+ စေတသိက်ပဥ္စတိံသဟု ဆိုအပ်သော ပစ္ဆိမစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင် စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ရ၏။

ပစ္စုပ္ပန္နာနာဂတဝါရ ပုဂ္ဂလပြီးသွားပါပြီ။

## ဥပ္ပါဒဝါရ၊ ပစ္စုပ္ပန္နာနာဂတ၊ ပုဂ္ဂလောကာသ

ဒီပစ္စုပ္ပန္နာနာဂတ ပုဂ္ဂလောကာသဝါရရဲ့ ကမ္ဘာအေးကနောက်ဆုံးရိုက်တဲ့ စာအုပ်မှာ ပြင်ဆင်ချက်တွေ ထည့်ထားပါတယ်။ စာမျက်နှာ (၃၃၉) အောက်ပိုင်းမှာလဲ အမှာကလေးပါပါတယ်။ဒီ အရကောက်ကျမ်းကို တပည့် တော်တို့ ပြင်ဆင်တယ်ဆိုပေမယ်လို့ အားလုံး ကိုယ့်သဘောအတိုင်း မဟုတ် ပါဘူး။ ဒီတော့ ဒီကိစ္စအတွက် အထူးမပြောတော့ဘဲ ရှေးရှေးအရကောက် ဆရာတော်ကြီးများရဲ့ ယူဆချက်အတိုင်းသာ ယခုပို့ချပေးပါမယ်။ ပါဠိတော် အရကောက်ဇယားများကိုလဲ ပစ္စုပ္ပန်နဲ့ အနာဂတတွဲပြီး ကြည့်ရှုပါဘဲ။ အထူးကျက်နေစရာ လိုလှမယ်မဟုတ်ပါဘူး၊ ပြီးတော့ ဒီဇယားမှာ ရေး ထားတာကလဲ ရှေးအရကောက်နဲ့ အကုန်လုံး ညီညွတ်ပါတယ်။ ပြင်ဆင်တဲ့ အတိုင်းဆိုရင် တမျိုးတမည်ဖြစ်သွားပါလိမ့်မယ်၊ ဒါကြောင့် ဒီအတိုင်းဘဲ ပို့ချပေးပါမယ်။

## ဥပ္ပါဒဝါရ ကာယသင်္ခါရမူ ဝစီသင်္ခါရမူလီ

ကာယသင်္ခါရရတဲ့ ပစ္စုပ္ပန္နဝါရက ပါဠိက အဿာသပဿာသာနံ ဥပ္ပါဒက္ခ ဏေ ဖြစ်ပါတယ်၊ အဲဒီ အဿာသပဿာသနံ ဥပ္ပါဒက္ခဏေအရက ဈာန်ဆိုင်ရာဆို ရင် ပထမဈာန် ဒုတိယဈာန် တတိယဈာန်များရကြောင်း သိပြီးဖြစ်ပါတယ်၊ မူလီ ဝစီမရတဲ့ ကွက်လပ်နဲ့ ပစ္စနိက်ကွက်တွေကိုကြည့်လိုက်ရင် ပစ္ဆိမစိတ္တသမင်္ဂီနံ

တွေရှိပါတယ်၊ ဒါတွေဟာ ကာယသင်္ခါရနဲ့ မဆိုင်ပါဘူး၊ ပြီးတော့ ဝစီသင်္ခါရ မရတဲ့ ကွက်လပ်တွေထဲမှာ ယဿစိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိဖြစ်ပါတယ်၊ ဒါလဲ ကာယသင်္ခါရနဲ့ မဆိုင်ပါဘူး၊ တဖန် ကွက်လပ်ဖြစ်တဲ့ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ရှိရာမှာ ဒုတိယဈာန် တတိယဈာန်ကသာ ကာယသင်္ခါရက ဆိုင်တဲ့အတွက် သူ့ကို တဘက်ရဝိဘင်း ထုတ်ရပါလိမ့်မယ်၊ နှစ်ဘက်ရကျတော့ ပစ္စုပ္ပန္နဝါရမှာရှိတဲ့ ပထမဈာန် စသည်ကို ရနိုင်လေတော့ ပထမဈာနံ စသည်တွေကို ဝိဘင်း ထုတ်ရပါလိမ့်မယ်၊ ပဋိလောမကြည့်လိုက်တော့ ကာယသင်္ခါရ မရတာတွေဟာ ပစ္စုပ္ပန္နာတီတကဆိုခဲ့တဲ့ သဘောအတိုင်း ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ * ဘင်္ဂက္ခဏေ တေသံ ယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေနဲ့ ရူပါဝစရာနံ အရူပါဝစရာနံကို ထုတ်ရပါလိမ့်မယ်။

ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ တဿ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ နော စ တေသံ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော စ ဥပ္ပဇ္ဇတိ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ။ ။ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ တဿ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ ယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ ကာယသင်္ခါရော စ ဥပ္ပဇ္ဇတိ။

အရကောက်ကလဲ ပစ္စုပ္ပန္နဝါရက ကောက်ခဲ့တဲ့ အတိုင်းပါဘဲ။

**အနုလောမပုစ္ဆာသန္နိဋ္ဌာန်** ပုဒ်၏ အရကား အဿာသပဿာသနှင့် တကွ ဒုတိယဈာန်ဇောတဆယ် တတိယဈာန်ဇော တဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသရ၏။ ။(ဒါက တဘက်ရ၊ နှစ်ဘက်ရကလဲ ပစ္စုပ္ပန္နဝါရက အတိုင်းပါဘဲ၊) အဿာသပဿာသနှင့် တကွ

ပထမဈာန်ဇော နှစ်ဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ပထမဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ အဃာသပဃာသနှင့်တကွ ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်းရ၏၊ သံသယကား နောက်သာရ၏။

(အဲဒီအရကောက်ကို ရည်ရွယ်ပြီး မူရင်းအရကောက်ဟောင်းမှာ ပစ္စုပ္ပန္နာတီတ ဝိဘင်းအတိုင်း အရကောက်၊ အနုလောမလည်း နည်းတူလို့ မှာထားခဲ့ခြင်းဖြစ်ပါတယ်၊ သူ့ပါဠိနဲ့ သူ့အရကောက်ဟာ အင်မတန်ရှင်းနေပါတယ်၊ ပြင်ဆင်စရာလုံးဝမလိုပါဘူး)။

ပဋိလောမကျတော့ ပစ္စုပ္ပန္နာတီတက ပြောခဲ့တဲ့အတိုင်း ဝိဘင်းကို နှစ်ချက်ခွဲရပါတယ်၊ ပထမဈာနံ သမာပန္နာနံ အဃာသပဃာသာနံ ဘင်္ဂက္ခဏေ တေသံ ယေဝ ဝိနာ အဃာသပဃာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေလို့တချက်၊ ပြီးတော့ တဖန် ကာမာဝစရာနံ အဃာသပဃာသာနံ ဘင်္ဂက္ခဏေ တေသံ ယေဝ ဝိနာ အဃာသပဃာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေလို့ ခွဲရပါတယ်၊ ပထမဈာနံ သမာပန္နာနံအရမှာ အရကောက် ဈာနောကာသ ဇယားနံပါတ် ၅-ကြည့်ပါ၊ မူလီ ဝစီဖြစ်လေတော့ ဝစီဆိုင်ရာဖြစ်တဲ့ ပထမဈာန်ကိုသာ ယူရပါတယ်။

ပဋိလောမပုစ္ဆာသန္နိဋ္ဌာန် ပုဒ်၏အရကား ပထမဈာန်ကို ဝင်စားလတ့ံသော သူဖြစ်အံ့-အဆုံးဈာန်တိုင်အောင်၊ မဝင်စားလတ့ံသောသူဖြစ်အံ့-အဆုံးဈာန်၏ အနန္တရကိုင်အောင် ပထမဈာန်ဇော ၂၀-တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊(လိုပါဠိခွဲပြတဲ့ အတိုင်း)အဃာသပဃာသကင်းသော ပထမဈာန်ဇော ၂၀-တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသောကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန်ဟုဆိုအပ်သော ဈာနောကာသ၊ (ဒါက ပထမဈာန် ဆိုင်ရာ ဖြစ်ပါလိမ့်မယ်၊ ပြီးတော့ တေသံ ယေဝ ဝိနာဆတဲ့ ဝိဘင်းအတွက် ဘုမ္မောကာသကြည့်ရပါလိမ့်မယ်၊ ကြည့်တဲ့အခါ အကျဉ်းချုပ်အားဖြင့် ကာမာဝစရအစစ်အတု ရူပါဝစရ အရူပါဝစရ အစစ်အတု ဖြစ်ပြန်ကောင်းများကို တွေ့တဲ့ အတိုင်း ကောက်ရပါမယ်၊ ကာမာဝစရအတွက် ဘုမ္မောကာသ ဇယားက နံပါတ် ၁-နဲ့ ၂-ကိုပေါင်း၍ ဇယားမှာပြထားတဲ့အကိုင်း အစစ်အတု ဖြစ်ပြန်ကောင်းဆိုရပါလိမ့်မယ်၊ အဲဒီတော့ ဒီကာမာဝစရအတွက် အရကောက် မရှိလည်း အတုကို ထောက်လျှင် ရသင့်) ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရ

ကိုင်အောင် ဖြစ်ထိုက်သောကာမစိတ် ၅၄-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အဿာသ ပဿာသ ကင်းသော ဖြစ်ထိုက်သော ကာမစိတ် ၅၄-ခုတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပစ္ဆိမဘဝိက ပုဂ္ဂိုလ် တို့အား ကာမသုဂတိ ခုနစ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ (ဒါကအစစ်ပါ၊ အတုမဖြစ်ပြန်ကောင်းက) မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော သူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရတိုင်အောင်၊ ဖြစ်ပြန်ကောင်းသော သူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော ကာမစိတ် ၅၄- ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အဿာသပဿာသကင်းသော ဖြစ်ထိုက်သော ကာမ စိတ် ၅၄-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (ဝစီက ကာမစိတ် ၅၄-ခုအားလုံးကို ရပါတယ်၊ ပြီးတော့သူ့ရဲ့ဝိဘင်းအတိုင်း ရူပါဝစရာနံ့ အရူပါဝစရာနံ့ လာပါတယ်၊ ဒါက ဘုမ္မောကာသ ဇယားမှာ နံပါတ်၃-အစစ်နဲ့ အတုဖြစ်ပြန်ကောင်းတွေကို ဇယားအတိုင်း ကောက်ရပါ လိမ့်မယ်၊ ဒါတွေက အနာဂတ ရူပါဝစရာနံ့ အရူပါဝစရာနံ့အတိုင်းပါဘဲ၊ပေး ထားတဲ့အရကောက် ဇယားထဲက ဘယ်မှမထွက်ပါဘူး၊ ထိုက်သည်အားလျော် စွာ သူ့ကို အနည်းငယ်ပြင်ပေးရတာပါဘဲ၊ရူပါဝစရာနံ့ အရူပါဝစရာနံ့အတွက် နံပါတ် ၃-ကို ကောက်ရပါလိမ့်မယ်၊) သဝိတက္ကသဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်၊ အဝိ တက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ မရဏာ သန္နစတုတ္ထဇောတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ် သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပ လေးဘုံဟုဆိုအပ်သော ဘုမ္မော ကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် သဝိတက္ကသဝိစာရစိတ်ဖြင့် စုတိလတ္တံ့သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင်၊ အဝိတက္ကအဝိစာရစိတ်ဖြင့် စုတိ လတ္တံ့သောသူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ မရဏာသန္နစတုတ္ထဇောတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ်အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ အရူပ လေးဘုံ ဟုဆိုအပ်သော ဘုမ္မောကာသ၊ (ဖြစ်ပြန်ကောင်း နံပါတ် ၃-မှာ ရှိပါတယ်။) မိမိဖြစ်ခိုက်သောဘုံ၌ နောင် ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိကိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်

မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်ဘုံတိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏၊ အနုလောမ သံသယလည်းရ၏။ သံသယကား နောက်သာရ၏။

ပစ္စနိက်ကျတော့ ဝစီမရတာ ပါဠိဇယားမှာ ကြည့်ရင် ပစ္ဆိမစိတ္တသမင်္ဂီနံ ရှိပါတယ်၊ ပြီးတော့ ဝစီရဲ့ကွက်လပ်ထဲက ယဿစိတ္တဿအနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ တွေ့ရပါလိမ့်မယ်။ တဖန် ဒုတိယဈာနံ တတိယဈာနံ စတုတ္ထဈာနံ သမာပန္နာနံလို့ တွေ့မယ်၊ စတုတ္ထဈာန်ကတော့ ကာယသင်္ခါရ ဝစီသင်္ခါရနဲ့ လုံးဝမဆိုင်ပါဘူး၊ ဒုတိယ ဈာန် တတိယဈာန်ကို ကာယသင်္ခါရ အနုလောမ တဘက်ရက ဒုတိယဈာနံ တတိယဈာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေလို့ ဥပ္ပါဒက္ခဏကို ယူသွားတော့ ဘင်္ဂက္ခဏနှင့် အဿာသပဿာသကင်းတဲ့ စိတ်တို့ရဲ့ ဥပ္ပါဒက္ခဏ ကျန်ခဲ့ပါတယ်၊ ဒါကို ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ ယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေလို့ ထုတ်ရပါတယ်၊ စတုတ္ထဈာန်အတွက် စတုတ္ထဈာနံ သမာပန္နာနံလို့ ထုတ်ပြီး ပစ္စနိက်ကွက်မှာရှိတဲ့ အသညသတ္တာနံကို နောက်ဆုံးထုတ်ရပါတယ်။

ယဿ ယတ္ထ ကာယ သင်္ခါရော နုပ္ပဇ္ဇတိ တဿ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတီတိ၊ ပဌမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ ယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ နော စ တေသံ တတ္ထဝစီသင်္ခါရော နုပ္ပဇ္ဇိဿတိ၊ ပစ္ဆိမ စိတ္တသမင်္ဂီနံ ယဿ စိတ္တဿအနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမ စိတ္တံ ဥပ္ပဇ္ဇိဿတိ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ ယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ စတုတ္ထဈာနံ သမာပန္နာနံ အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ နုပ္ပဇ္ဇတိ ဝစီသင်္ခါရော စ နုပ္ပဇ္ဇိဿတိ။ ။ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတိ တဿ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတီတိ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ အဿာသဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇတိ၊ ပစ္ဆိမစိတ္တသမင်္ဂီနံ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ ယေဝ ဝိနာ အဿာသ

ပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ စတုတ္ထစျာနံ သမာပန္နာနံ အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ နုပ္ပဇ္ဇိဿတိ ကာယသင်္ခါရော စ နုပ္ပဇ္ဇတိ။

ဝိဘင်း ပါဠိကရှည်တော့ အရကောက်တွေကလဲ ရှည်ပါတယ်။ ဒါတွေကို ဆိုတတ်အောင် တခုစီပို့ချပေးပါမယ်။ပစ္ဆိမစိတ္တသမင်္ဂီနံ အရက ဘုမ္မောကာသ ပစ္စနိက်ကွက်မှာရှိတဲ့အတိုင်း အစစ်အတု ဆိုရပါလိမ့်မယ်။

**မစ္စနိက်သံသယကြွင်းကား** တိဟိတ်စုတိတေရသ+စေတသိက် ပဉ္စတိံသတို့၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံ အသည သတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပ လေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ် ကျေနဝိသ+ စေတသိက် ပဉ္စတိံသတို့၏ ခဏတ္တယသ မင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ အသည သတ်အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မော ကာသ၊ (ပြီးတော့ ရသင့်တဲ့ပထမဈာန်ကြွင်းရှိပါတယ်။ဒါက ဈာနေောကာသ ပစ္စနိက်မှာကြည့်ရပါလိမ့်မယ်။ ပဋိလောမ တဘက်ရ ကောက်တဲ့ အခါတိုးက ဈာန်မဝင်စား အတွက် အနန္တရ တိုင်အောင် ကောက်ခဲ့ ပါတယ်။ ဒီတော့ အဆုံးဈာန် ကျန်နေပါတယ်။ ဒါကိုဆိုရပါလိမ့်မယ်။) ပထမဈာန်ကို မဝင် စားလတ့ံသောသူဖြစ်အံ့-အဆုံးဈာန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန် ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန် ဟုဆိုအပ်သော ဈာနောကာသ။(ပြီးတော့ ယဿ စိတ္တဿ အနန္တရာက ဘုမ္မော ကာသ ဇယားနံပါတ် ၄-အစစ်အတု ဆိုရပါလိမ့်မယ်။) အဝိတက္က အဝိစာရ စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့ံသော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိကျသည်ဖြစ်အံ့- ပဉ္စမဇော၏ ခဏတ္တယသမင်္ဂီ၊ ဘဝင်နောင်စုတိကျသည်ဖြစ်အံ့-ပဉ္စမဇောဘဝင် တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါ ဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ပထမဈာန် အသညသတ် ကြဉ်သော ရူပ ၁၂-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောပုဂ္ဂိုလ်တို့တွင် အဝိတက္ကအဝိစာရစိတ်ဖြင့် စုတိလတ့ံ သော ပုဂ္ဂိုလ်တို့အား ဇောနောင် စုတိကျသည်ဖြစ်အံ့-ပဉ္စမဇော၏ ခဏတ္တယ သမင်္ဂီ၊ ဘဝင်နောင်စုတိကျသည်ဖြစ်အံ့-ပဉ္စမဇောဘဝင်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန် မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန်အသညသတ်အကနိဋ္ဌကြဉ်သော ရူပ ၁၁-ဘုံ အရူပလေးဘုံဟုဆိုအပ်

သော ဘုမ္မောကာသ၊ (နောက်ပြီး ဒုတိယစျာနံ တတိယစျာနံ စသည်တွေကို ကောက်ရပါမယ်။ ဒါက ပဌ္ဌိလောမတဘက်ရတုံးက မိမိဆိုင်ရာ ပထမစျာန်ကိုသာ ယူသွားလေတော့ ဒုတိယစျာန် တတိယ စျာန်များ ကျန်နေပါတယ်။ ကျန်နေတာကို) ဒုတိယစျာန်ဇော တဆယ် တတိယစျာန်ဇော တဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အဿာသ ပဿာသကင်းသော ဒုတိယစျာန်ဇော တဆယ်၊ တတိယစျာန်ဇောတဆယ်တို့၏ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဒုတိယစျာန် တတိယစျာန်ဟုဆိုအပ်သော စျာနောကာသ၊ (စတုတ္ထစျာန်နဲ့ အသညသတ္တာနံကတော့ လွယ်ပါတယ်။) စတုတ္ထစျာန်ဇော ၁၈-ခုတို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား စတုတ္ထစျာန်ဟုဆိုအပ်သော စျာနောကာသ၊ အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏။

## နိရောဓဝါရ၊ ကာယသင်္ခါရ မူ ဝစီသင်္ခါရမူလီ

နိရောဓဝါရက မထူးပါဘူး၊ ဥပါဒ်နဲ့ဘင် လဲရုံပါဘဲ။

ယဿ ယတ္ထ ကာယသင်္ခါရော နိရုဇ္ဈတိ တဿ တတ္ထ ဝစီသင်္ခါရောနိရုဇ္ဈိဿတီတိ၊ ဒုတိယစျာနံ တတိယစျာနံ သမာပန္နာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော နိရုဇ္ဈတိ နော စ တေသံ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ၊ ပထမစျာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော စ နိရုဇ္ဈတိ ဝစီသင်္ခါရော စ နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ တဿ တတ္ထ ကာယသင်္ခါရော နိရုဇ္ဈတီတိ ပထမစျာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ ယေဝ ဝိနာ အဿာသပဿာ သေဟိ စိတ္တဿ ဘင်္ဂက္ခဏေ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော နိရုဇ္ဈတိ၊ ပထမစျာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ ဝစီသင်္ခါရော စ နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ နိရုဇ္ဈတိ။

အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အဿာသပဿာသနှင့် တကွ ဒုတိယစျာန်ဇောတဆယ်၊ တတိယစျာန်ဇောတဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ဒုတိယစျာန် တတိယ

ဈျာန်ဟုဆိုအပ်သော ဈျာနောကာသရ၏။ အဿာသပဿာသနှင့်တကွ ပထမဈျာန်ဇောနှစ်ဆယ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈျာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ပထမဈျာန်ဟုဆိုအပ်သော ဈျာနောကာသ၊အဿာသပဿာသနှင့်တကွ ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈျာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟုဆိုအပ်သော ဘုမ္မောကာသလည်း ရ၏။ သံသယကား နောက်သာရ၏။

ပဋိလောမမှာ ပထမဈျာန် စသည်တွေက ဈျာနောကာသဇယားနံပါတ် ၅ ကြည့်ရပါတယ်။ နိရောဓဝါရဖြစ်နေသဖြင့် နိရောဓထုံးစံအတိုင်း အနန္တရကို ဥပါဒ်ပြင်ပေးရမယ်။

**ပဋိလောမပုစ္ဆာ** သန္နိဋ္ဌာန်ပုဒ်၏အရကား ပထမဈျာန်ကိုဝင်စားလတ္တံ့သောသူ ဖြစ်အံ့-အဆုံးဈျာန် တိုင်အောင်၊ မဝင်စားလတ္တံ့သောသူ ဖြစ်အံ့-အဆုံးဈျာန်၏ ဥပါဒ်တိုင်အောင် ပထမဈျာန်ဇောနှစ်ဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ၊ အဿာသပဿာသကင်းသော ပထမဈျာန်ဇောနှစ်ဆယ်တို့၏ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈျာန်ဝင်စားသောကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အားပထမဈျာန်ဟုဆိုအပ်သော ဈျာနောကာသ၊ (ပြီးတော့ ကာမာဝစရာနံက ဘုမ္မောကာသဇယားက ၁-၂ ပါဘဲ။ အစစ်အတုဆိုရရုံဘဲ။) ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်' ဖြစ်ထိုက်သောစိတ်တို့၏ဥပ္ပါဒက္ခဏသမင်္ဂီ၊ အဿာသပဿာသကင်းသော ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈျာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သော ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ ဥပါဒ်တိုင်အောင်၊ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်သော ကာမစိတ်(၅၄)ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ၊ အဿာသပဿာသကင်းသော ဖြစ်ထိုက်သော ကာမစိတ်(၅၄)ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈျာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ (ရူပါဝစရာနံ အရူပါဝစရာနံအတွက် ဘုမ္မောကာသ ဇယား နံပါတ် ၃-မှာကြည့်ရပါတယ်။ သူ့ကိုလဲ နိရောဓသဘောအတိုင်း အနန္တရကို ဥပါဒ်ပြင်၊ စတုတ္ထဇောကို ပဉ္စမဇော၏ ဥပါဒ်လို့ပြင်ပြီး အစစ်အတု ဖြစ်ပြန်ကောင်းကို ဆိုရပါလိမ့်မယ်။) သဝိတက္က သဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်၊ အဝိတက္က အဝိစာရစိတ်ဖြင့် ပရိ

နိဗ္ဗာန်ပြုလတ့ံသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ မရဏာသန္နပဥ္စမဇောဇ၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် သဝိတက္ကသဝိစာရစိတ်ဖြင့် စုတေလတ့ံသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ ဥပါဒ်တိုင်အောင်၊ အဝိတက္ကအဝိစာရစိတ်ဖြင့် စုတေလတ့ံသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ မရဏာသန္နပဥ္စမဇောဇ၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော စျာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော စျာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်ဘုံတိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ၊ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသရ၏၊ အနုလောမသံသယလည်း ရ၏၊ သံသယကား နောက်သာရ၏။

ပစ္စနိက်သံသယကြွင်းကလဲ သဝိတက္ကသဝိစာရ ပစ္ဆိမစိတ်ရဲ့ ဥပါဒ်ကို ဝစီချုပ်လတ့ံက ရခဲ့ပါတယ်၊ ဒီတော့ ဘင်ကျန်တယ်၊ ပြီးတော့ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ်ကတော့ အားလုံးကျန်တယ်၊ နောက်ကျန်ဝိဘင်းတွေကတော့ ဥပ္ပါဒက ပြောခဲ့တဲ့အတိုင်း ဒုတိယစျာန်တွေ တတိယစျာန်တွေ၊ ပြီးတော့ စတုတ္ထစျာန်နဲ့ အသညသတ်ကျန်ပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော န နိရုဇ္ဈတိ တဿ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ ပဉ္စမစျာန် သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ ယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရော န နိရုဇ္ဈတိ နော စ တေသံ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ၊ သဝိတက္ကသဝိစာရ ပစ္ဆိမ စိတ္တဿ ဘင်္ဂက္ခဏေ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ္တသမင်္ဂီနံ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ ဒုတိယစျာနံ တတိယစျာနံ သမာပန္နာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ ယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ စတုတ္ထစျာနံ သမာပန္နာနံ အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ န နိရုဇ္ဈတိ

ဝစီသဉ်္ဂါရော စ န နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ တဿ တတ္ထ ကာယသင်္ခါရော န နိရုဇ္ဈတီတိ၊ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော န နိရုဇ္ဈတိ၊ သဝိတက္ကသဝိစာရ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ္တသမင်္ဂီနံ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ ယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ စတုတ္ထဈာနံ သမာပန္နာနံ အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ န နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ န နိရုဇ္ဈတိ။

သဝိတက္ကသဝိစာရ ပစ္ဆိမ စိတ္တဿ ဘင်္ဂက္ခဏေအရ ဘုမ္မောကာသ ဇယား မှ (က)နှင့် (ခ)ကိုပေါင်းပြီး ဝစီ အတုကိုပါ ကောက်ရပါတယ်။

**ပစ္စနိက်သံသယကြွင်း** ကား မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် လေးခု ပထမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္က သဝိစာရ ပစ္ဆိမစိတ် (၆)ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံ အာဘဿရာဘုံတိုင်အောင်သော ရူပါဝစရ (၆)ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ကာမစုတိ တဆယ် ပထမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္က သဝိစာရစိတ် (၁၂)ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ အာဘဿရာဘုံတိုင်အောင်သော ရူပါဝစရ(၆)ဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ (ပြီးတော့ ရသင့် ပထမဈာန်ကြွင်း ရှိပါတယ်။ ပဋိလောမ တဘက်ရက အဆုံးဈာန်ရဲ့ ဥပါဒ်ကို ယူသွားတော့ ဒီမှာ ဘင်ကျန်ပါတယ်။ ဒါက ဈာနောကာသ ပစ္စနိက်ကွက်ကို ကြည့်ရပါတယ်) ပထမဈာန်ကို မဝင်စား လတ့်သောသူ ဖြစ်အံ့- အဆုံးဈာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ (အဝိတက္က အဝိစာရ ပစ္ဆိမစိတ္တသမင်္ဂီနံက ဘုမ္မောကာသ ဇယား(ဂ)ငယ်ကို ကြည့်ရပါတယ်)တတိယဈာန် ဝိပါက် စတုတ္ထဈာန် ဝိပါက် ပဉ္စမဈာန်ဝိပါက် အရူပဝိပါက် လေးခုဟု ဆိုအပ်သော အဝိတက္က

အဝိစာရပဌမစိတ် (၇)ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန် အသညသတ်ကြဉ်သော ရူပ(၁၂)ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်ဖြစ်အံ့- တတိယဈာန်ဝိပါက် စတုတ္ထဈာန်ဝိပါက် ပဉ္စမဈာန်ဝိပါက် အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္ကအဝိစာရစိတ် (၇)ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပဌမဈာန် အသညသတ် အကနိဋ္ဌကြဉ်သော ရူပ(၁၁)ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (ပြီးတော့ ယဿ စိတ္တဿ အနန္တရာအရေက ဘုမ္မောကာသ ဇယားနံပါတ် (၄)ကို ကြည့်ရပါတယ်။ ပဋိလောမ တဘက်ရက ဥပါဒ်ကို ယူထားသဖြင့် ပဉ္စမဇော၏ ဘင်ဟု အစစ်အတုကို ကောက်ပါ။) အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့်သော ပုဂ္ဂိုလ်တို့အား ဇောနောင် စုတိဖြစ်အံ့- ပဉ္စမဇော၏ ဘင်က္ခဏသမင်္ဂီ၊ ဘဝင်နောင် စုတိဖြစ်အံ့- ပဉ္စမဇော၏ ဘင် ဘဝင်၏ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ပဌမဈာန် အသညသတ်ကြဉ်သော ရူပ (၁၂)ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် အဝိတက္ကအဝိစာရစိတ်ဖြင့် စုတေလတ့်သော ပုဂ္ဂိုလ်တို့အား ဇောနောင် စုတိဖြစ်အံ့- ပဉ္စမဇော၏ ဘင်က္ခဏသမင်္ဂီ၊ဘဝင်နောင်စုတိဖြစ်အံ့- ပဉ္စမဇော၏ ဘင် ဘဝင်၏ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန် အသညသတ် အကနိဋ္ဌကြဉ်သော ရူပ(၁၁) ဘုံ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ (ပြီးတော့ ဝိဘင်းအတိုင်း ဒုတိယဈာန် တတိယဈာန် စသည်တွေကို ကောက်ရပါလိမ့်မယ်။ ဒါကလဲ ဥပ္ပါဒအတိုင်းမှာ ဥပါဒ်နဲ့ ဘင် လဲရုံပါဘဲ။) ဒုတိယဈာန်ဇောတဆယ် တတိယဈာန်ဇောတဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ၊ အဿာသပဿာသ ကင်းသော ဒုတိယဈာန်ဇောတဆယ် တတိယဈာန်ဇော တဆယ်တို့၏ ဘင်က္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ (စတုတ္ထဈာန်နဲ့ အသညသတ်ကတော့ ကောက်မြဲအတိုင်းပါဘဲ) စတုတ္ထဈာန်ဇော (၁၈)ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်

သော ဈာနေ္ဒကာသ၊ အသညသတ်ဥပပတ္တိစဝနတ္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

ဥပ္ပါဒနိရောဓဝါရ ကျန်ပါသေးတယ်။ နောက်အပတ်မှ ဆက်လက်ပို့ချပေးပါမယ်။

သာဓု-သာဓု-သာဓု။

## * ဥပ္ပါဒနိရောဓဝါရ၊ ကာယသင်္ခါရမူ ဝစီသင်္ခါရမူလိ

ပါဠိထုတ်ပုံကတော့ ဥပ္ပါဒသဘောအတိုင်းပါဘဲ။ အနုလောမ တဘက်ရမှာ ဒုတိယဈာနံ တတိယဈာနံ စသည်ထုတ်ရပါတယ်။ နှစ်ဘက်ရက ပထမဈာန်နဲ့ ကာမာဝစရာနံကို ထုတ်ရပါတယ်။ ပဋိလောမကျတော့လဲ ဥပ္ပါဒအတိုင်းပါဘဲ။

ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ တဿ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတီတိ၊ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ နော စ တေသံ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ၊ ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော စ ဥပ္ပဇ္ဇတိ ဝစီသင်္ခါရော စ နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ တဿ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတီတိ၊ ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ တေသံ ယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ဝစီသင်္ခါရော စ နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ ဥပ္ပဇ္ဇတိ။

အရကောက်ကျတော့ အနုလောမ တဘက်ရနဲ့ နှစ်ဘက်ရက ဥပ္ပါဒက ကောက်ခဲ့တဲ့အတိုင်းပါဘဲ။

**အနုလောမပုစ္ဆာသန္နိဋ္ဌာန်ပုဒ်၏** အရကား အဿာသပဿာသနှင့် တကွ ဒုတိယဈာန်ဇော တဆယ် တတိယဈာန်ဇော တဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ ရ၏။ အဿာသပဿာသနှင့်

* ၁၃၃၂-ခု၊ တော်သလင်းလဆုတ် ၇-ရက်၊ (၂၂-၉-၇၀) (၁၆) ကြိမ်။

တကွ ပထမစျာန်ဇော နှစ်ဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ပထမစျာန်ဟု ဆိုအပ်သော စျာနောကာသ၊ အသညာသပဿာသနှင့်တကွ ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော ကာမစိတ် ၄၄-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ လည်း ရ၏၊ သံသယကား နောက်သာရ၏။

ပဋိလောမကျတော့ မူလိက နိရောဓဖြစ်နေသဖြင့် နိရောဓသဘောအတိုင်း အနန္တရတွေကို ဥပါဒ်ပြင်ပေးရပါမယ်။ စတုတ္ထဇောကို ပဉ္စမဇော၏ ဥပါဒ်လို ပြင်ရရုံပါဘဲ။ ဒီတော့ သူ့ရဲ့ ဝိဘင်းအတိုင်း ပထမစျာန်အရက စျာနော ကာသ ဇယား နံပါတ် ၅-ကြည့်ပါ။ အနန္တရကို ဥပါဒ်ပြင်ပေးရပါလိမ့်မယ်။

**ပဋိလောမပုစ္ဆာသန္နိဋ္ဌာန်ပုဒ်၏အရကား** ပထမစျာန်ကို ဝင်စားလတ့်သော သူဖြစ်အံ့- အဆုံးစျာန်တိုင်အောင် မဝင်စားလတ့်သောသူ ဖြစ်အံ့- အဆုံး စျာန်၏ ဥပါဒ်တိုင်အောင် ပထမစျာန်ဇော ၂၀-တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အသညာသပဿာသကင်းသော ပထမစျာန်ဇော ၂၀-တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟု ဆိုအပ်သော စျာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမစျာန်ဟု ဆိုအပ်သော စျာနောကာသ၊ (ပြီးတော့ ကာမာဝစရာနံ စသည်တွေကို ဘုမ္မောကာသ ဇယား ကာမာဝစရဆိုင်ရာ ၁-နဲ့ ၂-ပေါင်းလိုက်ရပါလိမ့်မယ်။ ဒီမှာလဲ အစစ်အတု ဖြစ်ပြန်ကောင်း တွေကို ဆိုရပါမယ်။) ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက် သော ကာမစိတ် ၅၄-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အသညာသပဿာသကင်းသော ဖြစ်ထိုက်သော ကာမစိတ် ၅၄-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ် ပြန်ကောင်းသောသူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော ကာမစိတ် ၅၄-ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အသညာသပဿာသ ကင်းသော ဖြစ်ထိုက်သော ကာမစိတ် ၅၄-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ ဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်း သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အသညာသပဿာသကင်းသော ဖြစ်ထိုက်သော စိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်

ကာမတိဟိတ် စုတိလေးခု+စေတသိက် တေတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ (ပြီးတော့ ဥပ္ပါဒတုံးက ပြောခဲ့တဲ့အတိုင်း ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ လာပါတယ်၊ အဲဒါက ဘုမ္မောကာသ ၂- အတိုင်း တေတ္တိံသမစိတ်ရဲ့ ဘင်လို့ ကောက်ရပါလိမ့်မယ်၊) ပစ္ဆိမစိတ်မှ ပြန်၍ ရေသည်ရှိသော် အဆုံးစွန်သော အဿာသပဿာသနှင့်တကွဖြစ်သော တေတ္တိံသမစိတ်၏ ဘင်မှသည် ပစ္ဆိမစိတ်၏ အနန္တရဖြစ်သော ဒုတိယတဒါရုံ မရဏာသန္နပဋ္ဌမဇော ဘဝင်တိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ (နောက်ပြီး ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိကာနံ ရှိပါတယ်၊ ဒါကလဲ ဘုမ္မောကာသဇယား နံပါတ် ၃-အတိုင်း အနန္တရကို ဥပါဒ်၊ စတုတ္ထဇောကို ပဋ္ဌမဇော၏ ဥပါဒ်ပြင်၍ ကောက်ရပါလိမ့်မယ်၊ ဒါဟာ သဝိတက္ကသဝိစာရ ပစ္ဆိမစိတ္တရဲ့ ဥပ္ပါဒက္ခဏမှာ ဝင်ကြပါတယ်၊) သဝိတက္ကသဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန် ပြုလတံ့သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်၊ အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတံ့သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ မရဏာသန္နပဋ္ဌမဇော၏ ဥပါဒ်တိုင်အောင် ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်၊ (ပြီးတော့ ဝစီရတာယေစ စသည်တွေရှိပါတယ်၊ ဒါကလဲ ဘုမ္မောကာသ ၆-အတိုင်း ကောက်ရပါလိမ့်မယ်၊) ကာမသုဂတိ ခုနစ်ဘုံမှ ရူပါဝစရဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတံ့သောသူဖြစ်အံ့- အဆုံးစွန်သော အဿာသပဿာသနှင့်တကွ ချုပ်သောစိတ်မှသည် စုတိတိုင်အောင် ကာမာဝစရ စဝန္တပုဂ္ဂိုလ်၊ ရူပါဝစရ အရူပါဝစရ ဘုံ ချင်းချင်းဖြစ်၍ ပရိနိဗ္ဗာန် ပြုလတံ့သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် အသညသတ် အကနိဋ္ဌမှတပါး ဈာန်မဝင်စားသော ရူပါဝစရ

အရူပါဝစရပုဂ္ဂိုလ်လည်း ရ၏၊ သံသယကား နောက်သာရ၏၊ ပဋိလောမ ၎င်းရ၏။

ယဿ ကာယသင်္ခါရော န နိရုဇ္ဈိတ္ထ တဿ ဝစီသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ နတ္ထိ။ ။ယဿ ဝါ ပန ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ တဿ ကာယသင်္ခါရော န နိရုဇ္ဈိတ္ထာတိ၊ နိရုဇ္ဈိတ္ထ။

ဥပ္ပါဒနိရောဓဝါရကို အထူးပို့ချပေးစရာ မလိုပါဘူး၊ နိရောဓနဲ့ တူပါတယ်။

## ဥပ္ပါဒ၊ ကာယသင်္ခါရမူ စိတ္တသင်္ခါရမူလီ

ကာယသင်္ခါရမူ စိတ္တသင်္ခါရမူလီနဲ့ ဝစီသင်္ခါရမူ စိတ္တသင်္ခါရမူလီဟာ အတူတူဘဲဖြစ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ မူဖြစ်တဲ့ကာယနှင့် ဝစီတို့က တရားကုန်ရကြလို့ ဖြစ်ပါတယ်၊ ဒီတော့ ဒီ ၂-ခုမှာ တခုကို ဆိုလိုက်ရင် ကိစ္စပြီးပါတယ်၊ မူလီစိတ္တရဲ့ ပါဠိတော်ကြည့်လိုက်ရင် ကွက်လပ်မရှိပါဘူး၊ ကွက်လပ်မရှိတော့ ပစ္စနိက်မှာရှိတဲ့ ပဌမစိတ္တသမင်္ဂီနံကိုသာ တဘက်ရထုတ် ရပါလိမ့်မယ်၊ နှစ်ဘက်ရကျတော့ စိတ္တရတာတွေ အကုန်ပေါင်းပြီး ဣတရေ သံလို့ ထုတ်ရပါတယ် ပဋိလောမကတော့အမြဲ အာမန္တာဘဲ ဖြစ်ပါတယ်။

ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ တဿ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊ ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ နောစ တေသံ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ ဣတရေသံတေသံ ကာယသင်္ခါရော စ ဥပ္ပဇ္ဇိတ္ထ စိတ္တသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ။ ။ယဿ ဝါ ပန။ပ။အာမန္တာ။

အရကောက်ကလဲ လွယ်ပါတယ်၊ ပစ္ဆိမစိတ္တသမင်္ဂီနံအရ ဘုမ္မောကာသ ပစ္စနိက်မှာ ရှိတာဘဲ ဆိုရပါတယ်။

**အနုလောမပုစ္ဆာသန္နိဋ္ဌာန်ပုဒ်၏** အရကား တိဟိတ်စုတိစေတသိက်ပဉ္စတိံသတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏။

စိတ္တဆိုင်ရာ ရတာကို အရကောက်မှာ ကြည့်လိုက်မယ်ဆိုရင် အကုန်လုံး ရပါတယ်၊ ယခုကောက်ခဲ့တဲ့ ပစ္ဆိမစိတ္တသမင်္ဂီနံဘဲ မရပါတယ်၊ ဒီတော့ ဣတရေသံအရ ဘုမ္မောကာသဇယား ၁-၂-၃-၄-တို့ကို ပေါင်းပြီး တချက်ကောက်ရမယ်၊ နောက်ပြီး ၅-၆-၇-ကို ပေါင်းပြီး ဘဝမဆုံးလို့ ကောက်ရရုံပါဘဲ။

ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်၊ ဘဝမဆုံးသေးသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်လည်းရ၏။ သံသယကား နောက်သာရ၏၊ ပဋိလောမ ၎င်းရ၏။

ယဿ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ တဿ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတီတိ၊ နတ္ထိ။ ။ယဿ ဝါ ပန စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ တဿ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထာတိ၊ ဥပ္ပဇ္ဇိတ္ထ။

## ဒိ႑ာစ၊ ကာယသင်္ခါရမူ စိတ္တသင်္ခါရမူလီ

နိရောဓမှာလဲ ယမူ ဝစီမူလီ၊ ဝစီမူ စိတ္တမူလီ အတူတူပါဘဲ၊ မူလီဖြစ်တဲ့ စိတ္တက နိရောဓသဘောအတိုင်း ပစ္ဆိမစိတ်ရဲ့ ဥပါဒ်တွေကိုရလေတော့ ပစ္ဆိမ စိတ္တဿ ဘင်္ဂက္ခဏေဘဲ တဘက်ရထွက်ပါတယ်၊ နှစ်ဘက်ရက ဣတရေသံဘဲ ထွက်မယ်၊ ပဋိလောမကလဲ အာမန္တာပါဘဲ။

ယဿ ကာယသင်္ခါရော နိရုဇ္ဈိတ္ထ တဿ စိတ္တသင်္ခါရော နိရုဇ္ဈိဿတီတိ၊ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ ကာယသင်္ခါရော နိရုဇ္ဈိတ္ထ နော စ တေသံ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ၊ ဣတရေသံ တေသံ ကာယသင်္ခါရော စ နိရုဇ္ဈိတ္ထ စိတ္တသင်္ခါရော စ နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန။ပ။အာမန္တာ။

အရကောက်ကလဲ ဥပ္ပါဒက္ခဏအတိုင်းမှာ ဘင်္ဂက္ခဏလို့ ဆိုရုံပါဘဲ၊ နှစ်ဘက်ရတွေကျတော့ အရကောက်မှာ အပြည့်အစုံမပြဘဲ နောက်ကိုပြန်ညွှန်းတာများပါတယ်၊ ဒီတော့ ဥပ္ပါဒဝါရကိုမှီပြီး ကောက်ရပါလိမ့်မယ်၊ နိရောဓရဲ့ သဘောအတိုင်း အနန္တရကို ဥပါဒ်ပြင်ရပါမယ်။

**အနုလောမပုစ္ဆာ**သန္နိဋ္ဌာန်ပုဒ်၏အရကား တိဟိတ်စုတိတေရသ+စေတသိက် ပဉ္စတိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏။ ။ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပစ္ဆိမဘဝိကပုဂ္ဂိုလ်၊ ဘဝမဆုံးသေးသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်

မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်လည်းရ၏၊ သံသယကား နောက်သာရ၏၊ ပဋိလောမ ၎င်းရ၏။

ယဿ ကာယသင်္ခါရော န နိရုဇ္ဈိတ္ထ တဿ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ နတ္ထိ။ ။ယဿ ဝါ ပန စိတ္တသင်္ခါရော နနိရုဇ္ဈိဿတိ တဿ ကာယသင်္ခါရော န နိရုဇ္ဈိတ္ထာတိ၊ နိရုဇ္ဈိတ္ထ။

ပုဂ္ဂလဝါရပြီးသွားပါပြီ၊ ဥပ္ပါဒနိရောဓဝါရက နိရောဓဝါရနဲ့ တူပါတယ်။

## အတီတာနာဂတ (ပုဂ္ဂလောကာသ)

ပုဂ္ဂလောကာသဝါရက အစစ်အတုရသင့်တွေပါကောက်ရသဖြင့် ပုဂ္ဂလဝါရထက် နက်နဲလာပါတယ်၊ ဒါပေမဲ့ အနာဂတဇယားကိုဘဲ အသုံးချလိုက်ရင် အစစလွယ်သွားပါလိမ့်မယ်။

## ဥပ္ပါဒ၊ ကာယသင်္ခါရမူ ဝစီသင်္ခါရမူလီ

အတီတဝါရပုဂ္ဂလောကာသနဲ့ အနာဂတဝါရပုဂ္ဂလောကာသပါဠိဇယားကို ယှဉ်ကြည့်ပါ၊ အတီတဝါရကာယသင်္ခါရမှာ ပထမစျာန် ဒုတိယစျာန် တတိယစျာန်နဲ့ ကာမာဝစရာနံ ရှိပါတယ်၊ အနာဂတဝါရ ဝစီမှာ ပထမစျာန်နဲ့ ကာမာဝစရာနံ ရူပါဝစရာနံ အရူပါဝစရာနံ ရှိပါတယ်၊ ပစ္စနိက်ကွက်မှာ ဝစီကိုကြည့်လိုက်ရင် ပစ္ဆိမစိတ္တသမင်္ဂီနံနဲ့ အသညသတ္တာနံရှိပါတယ်။ တဘက်ရဝိဘင်းထုတ်ရင် မူလီပစ္စနိက်ကွက်ကို မူဖြစ်တဲ့တရားက ရမရပထမ ရှေးဦးစွာ ကြည့်ရပါတယ်၊ မူကာမာဝစရာနံမှာ ပစ္ဆိမစိတ် ရှိလေတော့ ကာမာဝစရေ ပစ္ဆိမစိတ္တသမင်္ဂီနံလို့ ထုတ်ရပါတယ်၊ တဖန် စျာန်ချင်းယှဉ်ကြည့်တဲ့အခါ မူက ဒုတိယစျာန် တတိယစျာန်ပိုနေလေတော့ ဒုတိယစျာနံ တတိယစျာနံ သမာပန္နာနံလို့ ထုတ်ရပါတယ်၊ နှစ်ဘက်ရမှာ တူတာရှာရင် ပထမစျာန်နှင့် ကာမာဝစရာနံတို့ တူလေတော့ ပထမစျာနံသမာပန္နာနံနဲ့ တဘက်ရက ပစ္ဆိမကိုယူသွားတော့ ၎င်းကို အပါဒါန်ခံပြီး ဌတရေသံ ကာမာဝစရာနံလို့ ထုတ်ရပါတယ်၊ ပဋိလောမမှာဝစီရတဲ့ ရူပါဝစရာနံ အရူပါဝစရာနံကို ကာယက မရတဲ့အတွက် ရူပါဝစရာနံ အရူပါဝစရာနံလို့ ထုတ်ရပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ တဿ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊ ကာမာဝစရေ ပစ္ဆိမစိတ္တသမင်္ဂီနံ ဒုတိယစျာနံ တတိယစျာနံ သမာပန္နာနံတေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ နော စ တေသံ တတ္ထ

ဝစီသင်္ခါရော ဥပ္ပဇ္ဇိံသုတိ၊ ပဌမဈာနံ သမာပန္နာနံ ဂူတရေသံ ကာမာဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရော စ ဥပ္ပဇ္ဇိတ္ထ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ။ ။ ယဿဝါ ပန ယတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ တဿ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ၊ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊ ပဌမဈာနံ သမာပန္နာနံ ကာမာဝစရာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ ကာယသင်္ခါရော စ ဥပ္ပဇ္ဇိတ္ထ။

အရကောက်က ဘုမ္မောကာသ(က)မှာ ဥပါဒ်ရှိတာကို သမင်္ဂီနံ့လို့ ဝိဘင်း ထုတ်သဖြင့် ခဏတ္တယလို့ ပြင်ရပါမယ်၊ အစစ်အတုလဲ ကောက်ရပါတယ်း၊

**အနုလောမပစ္စုပ္ပန္နာ သန္နိဋ္ဌာန်ပုဒ်**၏ အရကား ကာမတိဟိတ် စုတိလေးခု+ စေတသိက် တေတ္တိံသတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စား သော ကာမာဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်း သော ကာမစုတိတဆယ်+ စေတသိက် တေတ္တိံသတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ စဝန္တပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (ပြီးတော့ ရသင့်တဲ့ ပဌမဈာန်ရှိပါ တယ်၊ ဒါကို ဈာနောကာသဇယား နံပါတ် ၅-ကြည့်ရပါတယ်၊ ဝစီဖြစ်လတံ့ ကိုကြည့်ရင် ပဌမဈာန် မဝင်စားလတံ့မှာ အဆုံးဈာန်၏ အနန္တရကိုသာ ရလေတော့ အဆုံးဈာန်ကျန်နေပါတယ်၊ ဒါကိုပစ္စနိက်ကွက်မှာ ကြည့်ပါ၊ ဒီအဆုံးဈာန်ဟာ ကာယဖြစ်ဘူး ဖြစ်လေတော့ သူ့ကို ကောက်ရပါလိမ့်မယ်၊) ပဌမဈာန်ကို မဝင်စားလတံ့သောသူဖြစ်အံ့- အဆုံးဈာန်၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ (အတီတံဝါရ ဖြစ်လို့ အားလုံးကုန်နဲ့ ဆက်ဆံပါတယ်၊) ပြီးတော့ ဝိဘင်းအတိုင်း ဒုတိယ ဈာနံ တတိယဈာနံပါ၊) ဒုတိယဈာန်ဇောတဆယ် တတိယဈာန်ဇောတဆယ် တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါ ဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသရ၏။

နှစ်ဘက်ရ ပဌမဈာနံ သမာပန္နာနံက ဈာနောကာသ ၅-ကိုကြည့်ရ ပါတယ်။

ပထမချာန်ကို ဝင်စားလတ့်သောသူဖြစ်အံ့– အဆုံးချာန်တိုင်အောင်၊ မဝင်စားလတ့်သောသူဖြစ်အံ့– အဆုံးချာန်၏ အနန္တရတိုင်အောင် ချာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမချာန်ဟု ဆိုအပ်သော ချာနောကာသ၊ (ကာမာဝစရာနံအတွက် ဘုမ္မောကာသဇယား ကြည့်ရပါလိမ့်မယ်၊ ဒီကာမာဝစရာနံဟာ ဘာတွေ ပေါင်းထားသလဲဆိုရင် ယသာ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိနှင့် ကာမာဝစရာနံကို ပေါင်းထားတာဖြစ်ပါတယ်၊ ဒီတော့ ဘုမ္မောကာသနံပါတ် ၁–၂-နှင့် နံပါတ် ၈-ဖြစ်ပြန်ကောင်းကို ကောက်ရပါလိမ့်မယ်၊) ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ချာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့– ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင်၊ ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့– ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ၊ချာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁–ဘုံဟုဆိုအပ်သော ဘုမ္မောကာသလည်းရ၏၊ သံသယကား နောက်သာရ၏။

ပဋိလောမကျတော့ ဘုမ္မောကာသဇယား နံပါတ် ၃-နဲ့ ၉-အတိုင်း အစစ်အတုကို ကောက်ရပါလိမ့်မယ်။

**ပဋိလောမပုစ္ဆာ** သန္နိဋ္ဌာန်ပုဒ်၏ အရကား သဝိတက္ကသဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့်သောသူ ဖြစ်အံ့– ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်၊ အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့်သောသူဖြစ်အံ့–ပဋိသန္ဓေမှစ၍ မရဏာသန္န စတုတ္ထဇောတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ချာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် သဝိတက္ကသဝိစာရစိတ်ဖြင့် စုတေလတ့်သော သူဖြစ်အံ့– ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင်၊ အဝိတက္ကအဝိစာရစိတ်ဖြင့် စုတေလတ့်သောသူဖြစ်အံ့– ပဋိသန္ဓေမှစ၍ မရဏာသန္န စတုတ္ထဇောတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ချာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့–ပဋိသန္ဓေမှစ၍ စုတိကိုင်အောင် ဖြစ်ထိုက်

သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါ စဝရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏၊ အနုလောမ သံသယလည်း ရ၏၊ သံသယကား နောက်သာရ၏။

ပစ္စနိက်ကျတော့ အနုလောမတဘက်ရက ကာမပစ္ဆိမကို ယူသွားသဖြင့် ရူပ အရူပ ပစ္ဆိမ ကျန်ပါတယ်၊ ဒါကို ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမ ဘဝိကာနံလို့ ထုတ်ရပါတယ်။ တဖန်ကွက်လပ်များ ဖြစ်ကြတဲ့ ယဿ စိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ စတုတ္ထဈာနံ သမာပန္နာနံနှင့် အသညသတ္တာနံတွေကို ထုတ်ရပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ တဿ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတီတိ၊ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ နော စ တေသံ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတိ၊ ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမစိတ္တသမင်္ဂီနံ ယဿ စိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမ စိတ္တံ ဥပ္ပဇ္ဇိဿတိ စတုတ္ထဈာနံ သမာပန္နာနံ အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ နုပ္ပဇ္ဇိတ္ထ ဝစီသင်္ခါရော စ နုပ္ပဇ္ဇိဿတိ။ ။ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတိ တဿ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထာတိ၊ ကာမာဝစရေ ပစ္ဆိမစိတ္တသမင်္ဂီနံ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ တေသံ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ၊ ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမစိတ္တသမင်္ဂီနံ ယဿ စိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ စတုတ္ထဈာနံ သမာပန္နာနံ အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ နုပ္ပဇ္ဇိဿတိ ကာယသင်္ခါရော စ နုပ္ပဇ္ဇိတ္ထ။

ပစ္စနိက်မှာ ရူပါဝစရ အရူပါဝစရ ပစ္ဆိမစိတ်ဆိုတာ စုတိကိစ္စတပ်တဲ့ မဟဂ္ဂုတ်ဝိပါက်(၉)ခုဘဲဖြစ်ပါတယ်။ ဒါကို အစစ်အတု ကောက်ရမယ်။

**ပစ္စနိက်သံသယကြွင်းကား** မဟဂ္ဂုတ်စုတိကိုးခု+ စေတသိက်ပဥ္စတိံသတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပ လေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ် ပြန်ကောင်းသော မဟဂ္ဂုတ်စုတိ ကိုးခု+စေတသိက်ပဥ္စတိံသတို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ စဝန္တ ပုဂ္ဂိုလ်တို့အား အသညသတ်အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ အရူပလေးဘုံ

ဟု ဆိုအပ်သော ဘုမ္မောကာသ၊ (ယဿ စိတ္တဿ အနန္တရာအတွက်က ဘုမ္မောကာသ ၄-အတိုင်း အစစ်အတု ကောက်ရပါတယ်၊) အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့- ပဥ္စမဇော၏ ခဏတ္တယသမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့- ပဥ္စမဇော ဘဝင်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ပဌမဈာန် အသညသတ်ကြဉ်သော ရူပ-၁၄-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ဆိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် အဝိတက္ကအဝိစာရစိတ်ဖြင့် စုတေလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့-ပဥ္စမဇော၏ ခဏတ္တယသမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့- ပဥ္စမဇောဘဝင်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန် အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၁-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ စတုတ္ထဈာန်ဇော ၁၈-ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ အသညသတ် ဥပပတ္တိ စဝန္တိ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏။

## နိရောဓ၊ ကာယသင်္ခါရမူ ဝစီသင်္ခါရမူလိ

မူလီ ဝဇီကတိုင်ရာ ကာမပဋ္ဌိမ၊ သဝိတက္ကသဝိစာရ ပဋ္ဌိမတို့ရဲ့ ဥပါဒ်ကို ရနေသဖြင့် ဥပ္ပါဒဝါရလို သမင်္ဂီနံမထုတ်နိုင်ဘဲ ဘင်ကိုသာ ထုတ်ရပါတယ်၊ ဒီတော့ ပါဠိကင်းက ကာမာဝစရေ မဋ္ဌိမစိတ္တဿ ဘင်္ဂက္ခဏေနဲ့ ပိုဘဲဈာန်ကတော့ ဥပ္ပါဒအတိုင်း ဒုတိယဈာန် တတိယဈာန် သမာပန္နာနံကို ထုတ်ရပါတယ်၊ နှစ်ဘက်ရကတော့ ပဌမဈာန်နဲ့ ဣတရေသံ ကာမာဝစရာနံပါဘဲ၊ ပဋိလောမမှာလဲ ရူပါဝစရာနံ အရူပါဝစရာနံပင် ဖြစ်ပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော နိရုဇ္ဈတိ တဿ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတီတိ၊ ကာမာဝစရေ ပဋ္ဌိမစိတ္တဿ ဘင်္ဂက္ခဏေ ဒုတိယဈာန် တတိယဈာနံ သမာပန္နာနံ တေသံ တတ္ထ ကာယသင်္ခါရော နိရုဇ္ဈတိ နော စ တေသံ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ ပဌမဈာန် သမာပန္နာနံ ဣတရေသံ ကာမာဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရော စ နိရုဇ္ဈတိ ဝစီသင်္ခါရော စ နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ တဿ တတ္ထ

ကာယသခ်ါရော နိရုဇ္ဈိတ္ထာတဲ၊ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ဝစီသခ်ါရော နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ ကာယသခ်ါရော နိရုဇ္ဈိတ္ထ၊ ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ တေသံ တတ္ထ ဝစီသခ်ါရော စ နိရုဇ္ဈိဿတိ ကာယသခ်ါရော စ နိရုဇ္ဈိတ္ထ။

အရကောက်ကလဲ ဥပ္ပါဒအတိုင်း ဘင်လို ကောက်ရရုံပါဘဲ။

**အနုလောမပစ္စုပ္ပန္န** သန္နိဋ္ဌာန်ပုဒ်၏ အရကား ကာမတိဟိတ် စုတိလေးခု+ စေတသိက် တေတ္တိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ကာမစုတိတဆယ်+စေတသိက်တေတ္တိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ စဝန္တပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟုဆိုအပ် သော ဘုမ္မောကာသ၊ (ပထမဈာန်ကြွင်းမှာ မူလိဝစီက ဥပါဒ်ရနေသဖြင့် ဘင်ကို ကောက်ရပါမယ်၊) ပထမဈာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့- အဆုံး ဈာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန်ဟု ဆိုအပ်သော ဈာနော ကာသ၊ (ဒုတိယ တတိယဈာန်တွေက သူ့အတိုင်းပါဘဲ) ဒုတိယဈာန်ဇော တဆယ် တတိယဈာန်ဇော တဆယ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသရ၏။

နှစ်ဘက်ရကျတော့ ပထမဈာန်အတွက် ဈာနောကာသ ၅-ကိုကြည့်ပါ၊ ဥပါဒ်တိုင်အောင် ရပါတယ်။

ပထမဈာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့- အဆုံးဈာန်ကိုင်အောင်၊ မဝင် စားလတ္တံ့သောသူဖြစ်အံ့- အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန်ဟု ဆိုအပ် သော ဈာနောကာသ၊ (ကာမာဝစရာနံကျတော့ ဥပ္ပါဒကဲ့သို့ ၁-၂-၈-တို ကို ပေါင်း၍ အနန္တရကို ဥပါဒ်ပြင်ခါ အစစ်အတုနှင့် ဖြစ်ပြန်ကောင်းကို ဆိုရပါမယ်၊) ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဈာန်မဝင်စား သော ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်း သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ဥပါဒ်တိုင်အောင်၊ ဖြစ်ပြန်ကောင်း

သောသူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်းရ၏၊ သံသယကား နောက်သာရ၏။

ပဋိလောမကျတော့ ဝိဘင်း ရူပါဝစရာနံ အရူပါဝစရာနံအတိုင်း ဘုမ္မောကာသဇယား နံပါတ် ၃-ကိုကြည့်ပြီး အနန္တရကို ဥပါဒ်ပြင်၊ စတုတ္ထဇောကို ပဌမဇော၏ ဥပါဒ်ပြင်ပြီး အစစ်အတုနဲ့ ၄-ဖြစ်ပြန်ကောင်းကို ကောက်ရရုံပါဘဲ။

**ပဋိလောမပုစ္ဆာသန္နိဋ္ဌာန်ပုဒ်**၏ အရကား သဝိတက္က သဝိစာရ စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့်သောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်၊ အဝိတက္က အဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ့်သောသူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ မရဏာသန္နပဌမဇော၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ (၁၅)ဘုံ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် သဝိတက္ကသဝိစာရစိတ်ဖြင့် စုတေလတ့်သောသူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ဥပါဒ်တိုင်အောင်၊ အဝိတက္ကအဝိစာရစိတ်ဖြင့် စုတေလတ့်သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ မရဏာသန္နပဌမဇော၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သော ဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်ဘုံတိုင်အောင်သော ရူပါဝစရ(၁၀)ဘုံ အရူပလေးဘုံ ဟုဆိုအပ်သော ဘုမ္မောကာသရ၏၊ အနုလောမ သံသယလည်းရ၏၊ သံသယကား နောက်သာရ၏။

ပစ္စနိက်သံသယကြွင်းပါဠိမှာရော အရကောက်မှာရော ရူပါဝစရရော အရူပါဝစရရော သဝိတက္ကသဝိစာရ ပစ္ဆိမစိတ္တာသ ဘင်္ဂက္ခဏေလို့ ရှိနေပါတယ်၊ အဲဒါ အရူပါဝစရရော ပါသင့် မပါသင့် အတော်ကလေးရှင်းပြီး ပြရပါလိမ့်မယ်၊ ဒီပစ္စနိက်အတွက် နောက်အပတ်မှာဘဲ ဆိုကြပါစို့။

## * နိရောဓ၊ ကာယသင်္ခါရမှု ဝစီသင်္ခါရမှုလီ

အရင်အပတ်က ကာယသင်္ခါရမှု ဝစီသင်္ခါရမှုလီ ပစ္စနိက်ကြွင်း ကျန်ခဲ့ပါတယ်၊ အဲဒီပစ္စနိက်ကြွင်းရဲ့ ပါဠိမှာ ရူပါဝစရေ အရူပါဝစရေ သဝိတက္ကသဝိစာရ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေလို့ ပါဠိအရကောက်နှစ်မျိုးလုံးမှာပင် အရူပါဝစရေ ပါနေပါတယ်၊ အဲဒီ အရူပါဝစရေ ပါသင့် မပါသင့်ကို ရှင်းပြပါမယ်၊ ကာယသင်္ခါရဖြစ်ဘူးဟာ ကာမနဲ့သာဆိုင်လေတော့ ဥပ္ပါဒဝါရတုံးက ကာမာဝစရေ ပစ္ဆိမစိတ္တဿမင်္ဂိနံ့လို့ အနုလောမ တဘက်ရ ဝိဘင်းထုတ်ခဲ့လို့ ပစ္စနိက်မှာ ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမစိတ္တဿမင်္ဂိနံ့လို့ထွက်ပါတယ်၊ဒါအတွက် ဘာမှစဉ်စားစရာ မရှိပါဘူး၊ အလွန်ရှင်းနေပါတယ်။

ဒီနိရောဓဝါရ ဝစီသင်္ခါရချုပ်လတ့်က ကာမပစ္ဆိမဘဝိက ဥပ္ပါဒက္ခဏနဲ့ သဝိတက္ကသဝိစာရ ပစ္ဆိမဘဝိက ဥပ္ပါဒက္ခဏများကို ရခဲ့ပါတယ်။ ပါဠိတော် ဇယားကိုကြည့်ပါ၊ ကာမပစ္ဆိမ ဘဝိက ဥပ္ပါဒက္ခဏက နှစ်ဘက်ရမှာ ဝင်လေတော့ အနုလောမတဘက်ရမှာ ကာမာဝစရေ ပစ္ဆိမ စိတ္တဿ ဘင်္ဂက္ခဏေလို့ ဝိဘင်းထုတ်ရပါတယ်။ ဒီတော့ ကာမပစ္ဆိမဘဝိကအတွက် ကုန်သွားပါပြီ၊ တဖန်ပထမစျာန်ဝိပါက် ဒုတိယစျာန်ဝိပါက်ဖြစ်တဲ့ သဝိတက္ကသဝိစာရ ပစ္ဆိမစိတ်ရဲ့ ဥပ္ပါဒက္ခဏကလည်း ပဋိလောမ တဘက်ရဖြစ်တဲ့ ရူပါဝစရေနံ့ထဲ ဝင်သွားလေတော့ သဝိတက္ကသဝိစာရပစ္ဆိမစိတ်ရဲ့ ဘင်္ဂက္ခဏ ကျန်ပါတယ်။ ဒီဘင်္ဂက္ခဏဟာ ကာမနဲ့ လုံးဝမဆိုင်ပါဘူး၊ ရူပနဲ့သာဆိုင်တဲ့ ပထမစျာန်ဝိပါက် ဒုတိယစျာန်ဝိပါက် ဖြစ်ပါတယ်၊ ထို့ပြင် အဝိတက္က အဝိစာရ ခဏတ္တယကတော့ ကာယသင်္ခါရ ဝစီသင်္ခါရနဲ့ လုံးဝ မဆိုင်လေတော့ သီးခြားဝိဘင်းထုတ်ရပါတယ်။

အထက်က ပြောခဲ့တဲ့ သဝိတက္ကသဝိစာရ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏဟာ ကာမနဲ့မဆိုင် ရူပနဲ့သာဆိုင်တယ်လို့ နားလည်ရန် ရူပါဝစရေ လို့ ဝိသေသန မပေးရလေတော့ အရူပါဝစရေဟာ သက်သက်ပိုနေကြောင်း ထင်ရှားပါတယ်၊ ဒါထက် တိုးတက်စဉ်းစားရင် ပစ္စုပ္ပန္နာနာဂတ နိရောဓပုဂ္ဂလောကာသ ဝါရ ဝစီသင်္ခါရမှု စိတ္တသင်္ခါရမှုလီ အနုလောမ တဘက်ရတုံးက သဝိတက္ကသဝိစာရ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေဆိုတဲ့ ဝိဘင်းအတွက် မဟာဝိပါက် ဉာဏသမ္ပယုတ် လေးခု ပထမစျာန်ဝိပါက် ဒုတိယစျာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္က သဝိစာရ ပစ္ဆိမစိတ်(၆)ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီလို့ ကာမနဲ့ ရူပရောပြီးကောက်

---

* ၁၃၃၂-ခု၊ သီတင်းကျွတ်လဆန်း ၂.ရက်၊ (၂-၁၀-၇၀) (၁၉)ကြိမ်။

ခဲ့ပါတယ်၊ သခ်ါရယမိုက် တကျမ်းလုံးမှာ သာမညအားဖြင့် ဟောထားတဲ့ သဝိတက္က သဝိစာရအရမျှားကို စဥ်းစားရင် ကာမရူပများသာ ဖြစ်ပါတယ်၊ အရူပနဲ့လုံးဝမဆိုင်ပါဘူး၊ ကာမရူပဆိုင်ရာ ပဋိသန္ဓေဘဝင်စုတိ တဒါရုံကိစ္စ တပ်ကြတဲ့ ဒိစိတ်တွေကို အရူပက မရနိုင်ပါဘူး။

အဝိတက္ကအဝိစာရ ပစ္ဆိမစိတ်ကတော့ ဘင်္ဂက္ခဏသာမဟုတ် ခဏတ္တယ အားလုံးကျန်နေလို့ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ္တသမင်္ဂိနံလို့ ဝိဘင်းထုတ်ပါ လိမ့်မယ်၊ ရူပါဝစရေလို့ ဝိသေသန မရတာက သာမညအားဖြင့် သဝိတက္က သဝိစာရ ပစ္ဆိမစိတ္တဘင်္ဂက္ခဏေလို့ ဟောလိုက်ရင် အထက်က ပြောခဲ့တဲ့အတိုင်း ကာမဆိုင်ရာ ပစ္ဆိမဘဝိကဖြစ်တဲ့ မဟာဝိပါက် ဉာဏသမ္ပယုတ်လေးခုပါလာ လိမ့်မယ်၊ ဒိကာမပစ္ဆိမဘဝိကကို စင်စေလိုတဲ့အတွက် ရူပါဝစရေလို့ ဝိသေ သန မပြီး ဟောရတာဖြစ်ပါတယ်။

အရကောက်ရဲ့ အစစ်အတုကို ကြည့်လိုက်ရင်လည်း အရူပါဝစရေအတွက် လုံးဝမပါဘဲ ရူပဆိုင်ရာ ပဌမဈာန်ဝိပါက် ဒုတိယဈာန် ဝိပါက်ကိုသာ ကောက်ထားကြောင်း ရှင်းလင်းစွာ တွေ့ရပါတယ်။ ဒါကြောင့် အရူပါ ဝစရေဟာ လုံးဝမပါသင့်ကြောင်း ထင်ရှားပါတယ်။ ဒီတော့ ဝိဘင်းက ရူပါဝစရေ သဝိတက္က သဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ အဝိတက္ကအဝိစာရ ပစ္ဆိစိတ္တသမင်္ဂိနံနှင့် ကွက်လပ်များ ဖြစ်ကြတဲ့ ယဿ စိတ္တဿ အနန္တရာ အဝိ တက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ စတုတ္ထဈာနံ သမာပန္နာနံနှင့် အသည သတ္တာနံတို့ဖြစ်ပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော န နိရုဇ္ဈိတ္ထ တဿ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ ရူပါဝစရာနံ အရူပါဝစရာနံ တေသံတတ္ထ ကာယသင်္ခါ ရော န နိရုဇ္ဈိတ္ထ နော စ တေသံ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ၊ ရူပါ ဝစရေ သဝိတက္ကသဝိစာရ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ္တသမင်္ဂိနံ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ စတုတ္ထဈာနံ သမာပန္နာနံ အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ န နိရုဇ္ဈိတ္ထ ဝစီသင်္ခါရော စ န နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန ယတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ တဿ တတ္ထ ကာယသင်္ခါ ရော န နိရုဇ္ဈိတ္ထာတိ၊ ကာမာဝစရေ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ တေသံ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော န နိရုဇ္ဈိတ္ထ၊ ရူပါဝစရေ သဝိတက္ကသဝိ

စာရ ပစ္ဆိမစိတ္တာသ ဘင်္ဂက္ခဏေ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ္တ သမင်္ဂီနံ ယဿ စိတ္တဿ အနန္တရာ အဝိက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ စတုတ္ထဈာနံ သမာပန္နာနံ အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ န နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ န နိရုဇ္ဈိတ္ထ။

အရကောက်ကျတော့ ရူပါဝစရေ သဝိတက္က သဝိစာရ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေအရ ဘုမ္မောကာသ ဇယား (ခ) အတိုင်း ကောက်ရပါတယ်။ ဥပ္ပါဒက္ခဏကို ဘင်္ဂက္ခဏလို့ ပြင်ပေးရှုံပါဘဲ။

**ပစ္စနိက်သံသယကြွင်းကား** ပထမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္က သဝိစာရပစ္ဆိမစိတ်နှစ်ခုတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်အား အာဘဿရဘုံတိုင်အောင်သော ရူပါဝစရ ၆-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပထမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက်ဟုဆိုအပ်သော သဝိတက္ကသဝိစာရ စုတိစိတ်နှစ်ခုတို့၏ ဘင်္ဂက္ခဏ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ ပုဂ္ဂိုလ်တို့အား အာဘဿရဘုံ တိုင်အောင်သော ရူပါဝစရ ၆-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ် ၇-ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ပထမဈာန် အသညသတ်ကြဉ်သော ရူပ ၁၂-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော အဝိတက္ကအဝိစာရ စုတိစိတ် ၇-ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန် အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၁-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (ပြီးတော့ ယဿအတွက် ဘုမ္မောကာသ ၃-အတိုင်းမှာ ပဋိလောမက ဥပါဒ်ကို ယူသွားသဖြင့် ပဋ္ဌမဇောဏ် ဘင်္ဂက္ခဏ သမင်္ဂီလို့ အစစ်အတု ကောက်ရပါတယ်၊) အဝိတက္ကအဝိစာရစိတ် ၇-ခုဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံသော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့- ပဋ္ဌမဇော၏ ဘင်္ဂက္ခဏသမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့-ပဋ္ဌမဇော၏ဘင် ဘဝင်၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ပထမဈာန် အသညသတ်ကြဉ်သော ရူပ ၁၂-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် အဝိတက္ကအဝိစာရ စိတ်ဖြင့်

စုတေလတ့်သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့- ပဋ္ဌမဇော၏ ဘင်္ဂက္ခဏ သမင်္ဂီ၊ ဘဝင်နောင်စုတိဖြစ်အံ့-ပဋ္ဌမဇော၏ဘင် ဘဝင်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမ ဈာန် အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၁-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ စတုတ္ထဈာန်ဇော ၁၈-ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ အသညသတ် ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဟု ဆိုအပ်သော ဘုမ္မောကာသရ၏။

## ဥပ္ပါဒ၊ ကာယသင်္ခါရမှု စိတ္တသင်္ခါရမှုလီ

အနုလောမ တဘက်ရမှာ ကာယဆိုင်ရာ ကာမပ စ္ဆိမဘဝိကသာ ရပါ တော့မယ်၊ မူလီ စိတ္တက ကွက်လပ်မရှိဘူး၊ ဒါကြောင့် ကာမာဝစရေ ပစ္ဆိမ စိတ္တသမင်္ဂီနံ့လို့ တဘက်ရဝိဘင်း ထုတ်ရပါတယ်၊ နှစ်ဘက်ရကျတော့ ကာယ ဆိုင်ရာဈာန်ကို ပထမဈာနံ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံလို့ ထုတ်ရ ပါလိမ့်မယ်၊ စိတ္တုပ္ပါဒ်ဆိုင်ရာကို အနုလောမ တဘက်ရက ကာမပစ္ဆိမကို ယူသွားသဖြင့် အပါဒါန်ခံပြီး ဂ္ဂတရေသံ ကာမာဝစရာနံလို့ ထုတ်ရပါတယ်၊ ပဋိလောမကြည့်လိုက်ရင် ကာယသင်္ခါရနဲ့ မဆိုင်တဲ့ စတုတ္ထဈာန်နှင့် ရူပ အရူပ ကို ထုတ်ရပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ တဿ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊ ကာမာဝစရေ ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ ပထမဈာနံ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ ဂ္ဂတရေသံ ကာမာဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရောစ ဥပ္ပဇ္ဇိတ္ထ စိတ္တသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတိ တဿ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ၊ စတုတ္ထဈာနံ သမာပန္နာနံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊ ပထမဈာနံ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ ကာမာဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ ကာယသင်္ခါရော စ ဥပ္ပဇ္ဇိတ္ထ။

**အနုလောမပုစ္ဆာ** သန္နိဋ္ဌာန်ပုဒ်၏ အရကား ကာမတိဟိတ် စုတိလေးခု+ စေတသိက် တေတ္တိံ သတို၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော

ကာမာဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော ကာမစုတိတဆယ်+စေတသိက်တေတ္တိံသတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ စဝန္တ ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (ကာယသခ်ါရက ပထမဈာန် ဒုတိယဈာန် တတိယဈာန်နဲ့သာဆိုင်လေတော့ ဈာနောကာသဇယား ပစ္စနိက်ကွက်ကိုကြည့်ပါ။ နှစ်ဘက်ရကအဆုံးဈာန်ရဲ့ အနန္တရတိုင် ရသဖြင့် အဆုံးဈာန်ကျန်နေပါတယ်။ ဒါကိုကောက်ရပါတယ်၊) ပထမဈာန် ဒုတိယဈာန် တတိယဈာန်ကို မဝင်စားလတ့ံသော သူဖြစ်အံ့-အဆုံးဈာန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန်ဟုဆိုအပ်သော ဈာနောကာသရ၏။

(နှစ်ဘက်ရ ပထမ ဒုတိယ တတိယဈာန်က ဈာနောကာသဇယား ၅-ကို ကြည့်ရပါတယ်၊)ပထမဈာန် ဒုတိယဈာန် တတိယဈာန်ကို ဝင်စားလတ့ံသော သူဖြစ်အံ့-အဆုံးဈာန်တိုင်အောင်၊ မဝင်စားလတ့ံသောသူဖြစ်အံ့- အဆုံးဈာန်၏ အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပထမဈာန် ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ (ပြီးတော့ ဣတရေသံ ကာမာဝစရာနံအတွက် ဘုမ္မောကာသ ဇယား ၁-၂-နဲ့ ဖြစ်ပြန်ကောင်း ဂ-ကို ကြည့်ရပါတယ်၊ အစစ်အတုကောက်ရပါတယ်၊) ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရဟိုင်အောင်၊ ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်ထို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟုဆိုအပ်သော ဘုမ္မောကာသလည်းရ၏၊ သံသယကား နောက်သာရ၏။

ပဋိလောမက စတုတ္ထဈာနံ သမာပန္နာနံလို့ရှိပါတယ်၊ ဈာန်တွေကျရင် ဈာနောကာသဇယား နံပါတ် ၅-အမြဲကြည့်ရပါတယ်၊ ကြည့်ပြီးဆိုင်ရာဖြစ်တဲ့ ဈာန်တွေကို ဆိုရပါတယ်။

**ပဋိလောမပုစ္ဆာသန္နိဋ္ဌာန်ပုဒ်**၏ အရကား စတုတ္ထဈာန်ကိုဝင်စားလတ့ံသော သူဖြစ်အံ့-အဆုံးဈာန်တိုင်အောင်၊ မဝင်စားလတ့ံသောသူဖြစ်အံ့-အဆုံးဈာန်၏

အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ (ပြီးတော့ ရူပါဝစရာနံ အရူပါဝစရာနံက ဘုမ္မောကာသဇယား ၃-နှင့် ၄-ပေါင်းထားပါတယ်၊ သူ့ကိုလဲ အစစ်အတုကို ဆိုရပါတယ်၊) ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဧကတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော သူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ်အကနိဋ္ဌကြဉ်သော ရူပ၁၄-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊(နံပါတ် ၉-ဖြစ်ပြန်ကောင်းက) မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော သူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်ဘုံ တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏၊ အနုလောမ သံသယ လည်းရ၏၊ သံသယကား နောက်သာရ၏။

ပစ္စနိက်ကျတော့ အနုလောမတဘက်ရက ကာမပစ္ဆိမကို ယူသွားသဖြင့် ရူပ အရူပ ပစ္ဆိမနဲ့ အသညသတ်သာကျန်သဖြင့် ဒါကို ထုတ်ရပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ တဿ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတီတိ၊ ပစ္ဆိမဘဝိကာနံ သမာပန္နာနံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ၊ ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမဘဝိကာနံ အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ နုပ္ပဇ္ဇိတ္ထ စိတ္တသင်္ခါရော စ နုပ္ပဇ္ဇိဿတိ။ ။ ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ တဿ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထာတိ၊ ကာမာဝစရေ ပစ္ဆိမဘဝိကာနံ တေသံ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော နုပ္ပဇ္ဇိတ္ထ၊ ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမဘဝိကာနံ အသညသတ္တာနံ တေသံ တတ္ထ စိတ္တသင်္ခါရော စ နုပ္ပဇ္ဇိဿတိ ကာယသင်္ခါရော စ နုပ္ပဇ္ဇိတ္ထ။

ရူပ အရူပ ပစ္ဆိမစိတ္တာသမင်္ဂီနံ့ဆိုတာ မဟာဂုတ်ပါဘဲ။ ဒီတော့ မဟာဂုတ် စုတိ ၉-ခုကိုဘဲ ကောက်ရပါတယ်၊ ဒီမှာလဲ ပစ္ဆိမစိတ်ရဲ့ ထုံးစံအတိုင်း အစစ် အတု ကောက်ရပါတယ်။

**ပစ္စနိက်သံသယကြွင်းကား** မဟာဂုတ်စုတိကိုးခု+ စေတသိက်ပဥ္စတိံသတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပ လေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန် ကောင်းသော မဟာဂုတ်စုတိကိုးခု+ စေတသိက် ပဥ္စတိံသတို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့ အား အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ အရူပလေးဘုံဟု ဆိုအပ် သော ဘုမ္မောကာသ၊ (ပဋိလောမတဘက်ရတုံးက စတုတ္ထဈာန်ကို အနန္တရ တိုင် ကောက်ခဲ့ပါတယ်၊ အဆုံးဈာန်ကျန်ခဲ့ပါတယ်၊ ဒါကို ကောက်ရပါလိမ့် မယ်၊) စတုတ္ထဈာန်ကို မဝင်စားလတ့်သောသူဖြစ်အံ့- အဆုံးဈာန်၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါ ဝစရပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ် ဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏။

## နိရောဓ၊ ကာယသင်္ခါရမူ စိတ္တသင်္ခါရမူလီ

မူလီဖြစ်တဲ့ စိတ္တသင်္ခါရက ပစ္ဆိမစိတ်ရဲ့ ဥပ္ပါဒက္ခဏတွေကို အားလုံးရနေပါ တယ်၊ဒီတော့ ကာယဆိုင်ရာ ကာမာဝစရေ ပစ္ဆိမစိတ္တာသ ဘင်္ဂက္ခဏေလို့ တဘက် ရ ထုတ်ရပါတယ်၊ နှစ်ဘက်ရကျတော့ ဥပ္ပါဒအတိုင်း ပထမဈာနံ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံနဲ့ ဣတရေသံ ကာမာဝစရာနံ ထုတ်ရပါတယ်၊ ပဋိလောမမှာလဲ ဥပ္ပါဒအတိုင်းပင် စတုတ္ထဈာနံ သမာပန္နာနံနဲ့ ရူပါဝစရာနံ အရူပါဝစရာနံ ထုတ်ရပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော နိရုဇ္ဈိတ္ထ တဿ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿ တီတိ၊ကာမာဝစရေ ပစ္ဆိမစိတ္တာသ ဘင်္ဂက္ခဏေ တေသံ တတ္ထ ကာယသင်္ခါရော နိရုဇ္ဈိတ္ထ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ၊ ပထမဈာနံ ဒုတိယဈာ နံ တတိယဈာနံ သမာပန္နာနံ ဣတရေသံ ကာမာဝစရာနံ တေသံ တတ္ထ ကာယ သင်္ခါရော စ နိရုဇ္ဈိတ္ထ စိတ္တသင်္ခါရော စ နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ တဿ တတ္ထ ကာယသင်္ခါရော နိရုဇ္ဈိတ္ထာတိ၊

စတုတ္ထဈာနံ သမာပန္နာနံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော နိရုဇ္ဈိတ္ထ၊ ပဌမဈာနံ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ ကာမာဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရော စ နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ နိရုဇ္ဈိတ္ထ။

အရကောက်ကျတော့ ဘင်္ကွဲဏလို့ ပြင်ရရှိပါဘဲ။

**အနုလောမပုစ္ဆာ** သန္နိဋ္ဌာန်ပုဒ်၏ အရကား ကာမတိဟိတ် စုတိလေးခု+ စေတသိက်တေတ္တိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ကာမစုတိတဆယ် + စေတသိက် တေတ္တိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ စဝန္တပုဂ္ဂိုလ်တို့အား ကာမ ၁၁· ဘုံဟုဆိုအပ်သော ဘုမ္မောကာသ၊ (ပြီးတော့ ဥပ္ပါဒသဘောအတိုင်း ပဌမဈာန် ဒုတိယဈာန် တတိယဈာန်ကြွင်းကို ပစ္စနိက်ကွက်မှာကြည့်ပြီး အဆုံးဈာန်ရဲ့ဘင်ကို ကောက်ရပါတယ်။ နှစ်ဘက်ရက ဥပါဒ်ကိုရမှာ ဖြစ်ပါတယ်။) ပဌမဈာန် ဒုတိယဈာန် တတိယဈာန်ကို မဝင်စားလတ့်သောသူ ဖြစ်အံ့– အဆုံးဈာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန် ဒုတိယဈာန် တတိယဈာန်ဟုဆိုအပ်သော ဈာနောကာသရ၏။

နှစ်ဘက်ရကျတော့ ဥပ္ပါဒအတိုင်းမှာ အနန္တရကို ဥပါဒ်ပြင်ရရှိပါဘဲ။

ပဌမဈာန် ဒုတိယဈာန် တတိယဈာန်ကို ဝင်စားလတ့်သောသူ ဖြစ်အံ့– အဆုံးဈာန်ကိုင်အောင်၊ မဝင်စားလတ့်သောသူဖြစ်အံ့– အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပဌမဈာန် ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ဥပါဒ်တိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့– ပဋိသန္ဓေမှစ၍ စုတိ၏ ဥပါဒ်တိုင်အောင်၊ ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့– ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ

၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်းရ၏။ သံသယကား နောက်သာ ရ၏။

ပဋိလောမမှာလဲ အနန္တရကို ဥပါဒ်ပြင်ပေးရချိပါသဲ။

**ပဋိလောမပုစ္ဆာ**သန္နိဋ္ဌာန်ပုဒ်၏ အရကား စတုတ္ထဈာန်ကို ဝင်စားလတ္တံ့ သောသူဖြစ်အံ့- အဆုံးဈာန်တိုင်အောင်၊ မဝင်စားလတ္တံ့သောသူ ဖြစ်အံ့- အဆုံးဈာန်၏ဥပါဒ်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမ ဘဝိကပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သော ဘုံ၌ နောင်မဖြစ်ပြန်ကောင်း သောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင် ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်ဘုံတိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏။ အနုလောမ သံသယလည်း ရ၏။ သံသယကား နောက်သာရ၏။

ပစ္စနိက်ကျတော့ အနုလောမတဘက်ရက ကာမပစ္ဆိမဘက်ကို ယူသွား သဖြင့် ရူပ အရူပ ပစ္ဆိမဘက်ကျန်ပါတယ်။ သူနဲ့ အသညသတ်ကိုဘဲ ထုတ်ရ ပါတယ်။

ယဿ ယတ္ထ ကာယသင်္ခါရော န နိရုဇ္ဈိတ္ထ တဿ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ စတုတ္ထဈာနံ သမာပန္နာနံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ ကာယသင်္ခါရော န နိရုဇ္ဈိတ္ထ နော စ တေသံ တတ္ထ စိတ္တ သင်္ခါရော န နိရုဇ္ဈိဿတိ၊ ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ အသညသတ္တာနံ တေသံ တတ္ထ ကာယသင်္ခါရော စ န နိရုဇ္ဈိတ္ထ စိတ္တသင်္ခါရော စ န နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ တဿ တတ္ထ ကာယသင်္ခါရော န နိရုဇ္ဈိတ္ထာတိ၊ ကာမာဝစရေ ပစ္ဆိမစိတ္တဿ

ဘင်္ဂဉာဏေ တေသံ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ ကာယသင်္ခါရော န နိရုဇ္ဈိတ္ထ၊ ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ အသညသတ္တာနံ တေသံ တတ္ထ စိတ္တသင်္ခါရော စ န နိရုဇ္ဈိဿတိ ကာယသင်္ခါရော စ န နိရုဇ္ဈိတ္ထ။

**ပစ္စနိက်သံသယကြွင်းကား** မဟဂ္ဂုတ်စုတိကိုးခု+စေတသိက် ပဉ္စတိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သော ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော မဟဂ္ဂုတ်စုတိကိုးခု+ စေတသိက်ပဉ္စတိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (စတုတ္ထဈာန်ကြွင်းမှာလဲ ဥပါဒ်ကို ယူသွားပြီးဖြစ်တော့ ဘင်ကျန်ပါတယ်။) စတုတ္ထဈာန်ကို မဝင်စားလတ့်သောသူ ဖြစ်အံ့-အဆုံးဈာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏။

ဥပ္ပါဒနိရောဓဝါရက နိရောဓဝါရနဲ့ တူပါတယ်။ ကာယသင်္ခါရမူအတွက် လုံးဝပြီး သွားပါပြီ။ ဝစီသင်္ခါရမူ ကျန်ပါသေးတယ်။ ဝစီသင်္ခါရမူမှာ ဝိဘင်းတွေက ဆန်းဆန်းကြယ်ကြယ် သိမ်သိမ်မွေ့မွေ့ ဟောထားပါတယ်။ နောက်အပတ်မှဘဲ ဆက်လက်ပို့ချပေးပါမယ်။

သာဓု-သာဓု-သာဓု။

* ဥပ္ပါဒ၊ ဝစီသင်္ခါရမူ စိတ္တသင်္ခါရမူလီ

ဝစီသင်္ခါရမူ စိတ္တသင်္ခါရမူလီမှာ သဗ္ဗညုတ ဉာဏ်တော်ရဲ့ ဆန်းကြယ်နက်နဲသိမ်မွေ့တော်မူသည် အားလျော်စွာ ဝိဘင်းကိုလည်း ဆန်းဆန်းကြယ်ကြယ် သဝိတက္ကသဝိစာရ ဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံရယ်လို့ ဟောထားပါတယ်၊ ဘာကြောင့် ဒီလိုဟောတော်မူပါလိမ့်မလဲလို့ စဉ်းစားရင် အနာဂတဝါရတုံးက များစွာ ဟောပြောခဲ့တဲ့အတိုင်း ဝစီသင်္ခါရဟာ သဝိတက္ကသဝိစာရဘုံနဲ့ဆိုင်တယ်၊ ဝစီဖြစ်ဘူးစိတ္တမဖြစ်လတ့်မှာ စိတ္တပစ္စနိက်ကွက်ရှိ ပစ္ဆိမစိတ္တသမင်္ဂီနံနဲ့

---

* ၁၃၃၂-ခု၊ သီတင်းကျွတ်လဆန်း ၆-ရက် (၆-၁၀-၇၀) ၂၀-ကြိမ်။

ပထမစျာန်မဝင်စားလတ့် အဆုံးစျာန်ရဲ့ ခဏတ္တယဖြစ်တယ်၊ ဒါကိုဝိဘင်းထုတ်ရင် ပစ္ဆိမစိတ္တသမင်္ဂီနံ့လို့ဘဲ ထုတ်ရမယ်၊ ပထမစျာန်မဝင်စားပါ တပါးတည်းပါစေရန်အတွက် သဝိတက္ကသဝိစာရ ဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံ့လို့ ထုတ်ပါတယ်။

နှစ်ဘက်ရကျပြန်တော့ ဣတရေသံ သဝိတက္ကသဝိစာရ ဘူမိယံရယ်လို့ ထုတ်ပြပြန်တယ်၊ ဒီအတွက် ပါဠိဇယားနှစ်တက်ရကို ကြည့်ရင် ပထမစျာန် သမာပန္နာနံ ကာမာဝစရာနံ ရူပါဝစရာနံ အရူပါဝစရာနံလို့ ထုတ်ရပေလိမ့်မယ်၊ ဒီလိုဆိုရင် ဝိဘင်းမှာ ကျယ်ဝန်းတော့မည်ဖြစ်၍ ကျဉ်းကျဉ်းနဲ့ ထုတ်ပြတာဖြစ်ပါတယ်။

ပဋိလောမကျတော့ ဝစီမဖြစ်ဘူးတာကို ပါဠိတော်ဇယားမှာ ကြည့်ရင် စျာနေ့ာကာသ ဒုတိယ တတိယ စတုတ္ထစျာန်များနဲ့ ဘုမ္မော့ကာသမှ သုဒ္ဓါဝါသ ပဋိသန္ဓေ ဒုတိယစျာန်များဖြစ်ကြလေတော့ ဒီတရားတွေကို ဝိဘင်းထုတ်ရင် ဒုတိယစျာနံ တတိယစျာနံ စတုတ္ထစျာနံ သမာပန္နာနံ သုဒ္ဓါဝါသာနံ ဒုတိယေစိတ္တေ ဝတ္တမာနေလို့ ထုတ်ရပါလိမ့်မယ်၊ ဒါတွေဟာ အဝိတက္ကအဝိစာရဘုံဆိုင်ရာ တရားဖြစ်ခြင်းကြောင့် ရှင်းရှင်းနဲ့သိလွယ်အောင် အဝိတက္ကအဝိစာရ ဘူမိယံလို့ ထုတ်ရပါတယ်။

ယဿ ယတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထ တဿ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊ သဝိတက္ကသဝိစာရ ဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ ဣတရေသံ သဝိတက္ကသဝိစာရ ဘူမိယံ တေသံ တတ္ထ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇိတ္ထ စိတ္တသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတိ တဿ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ၊ အဝိတက္ကအဝိစာရ ဘူမိယံ တေသံ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတိ နော စ တေသံ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊ သဝိတက္ကသဝိစာရ ဘူမိယံ တေသံ တတ္ထ စိတ္တသင်္ခါရော စ ဥပ္ပဇ္ဇိဿတိ ဝစီသင်္ခါရော စ ဥပ္ပဇ္ဇိတ္ထ။

အရကောက် သဝိတက္ကသဝိစာရဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံက တိဟိတ်စုတိတေရသ အကုန်လုံးရပါတယ်၊ ပစ္စနိက်ကွက် ဘုမ္မော့ကာသ ဇယားမှာ ရှိတဲ့အတိုင်း အစစ်အတုတွေကို ကောက်ရပါတယ်။

**အနုလောမပစ္စုပ္ပန္နာ သန္နိဋ္ဌာန်ပုဒ်**၏အရကား တိဟိတ်စုတိတေရသ+စေတသိက်ပဉ္စတိံသတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော စျာန်မဝင်စားသော ကာမာ

ဝစရ ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမ သုဂတိ ခုနစ်ဘုံ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်း သော စုတိစိတ် ကျေနပ်သ+ စေတသိက်ပဋိသန္ဓေ သတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ စဝန္တပုဂ္ဂိုလ်တို့အား 'ကာမ ၁၁-ဘုံ အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (ပြီးတော့ ရသင့်ပထမ ဈာန်အတွက် ဈာနောကာသ ပစ္စနိက်ကွက်မှာ ကြည့်ရပါတယ်၊ ပထမဈာန်နှဲ့ သာ ဆိုင်ပါတယ်၊) ပထမဈာန်ကိုမဝင်စားလတ့်သောသူဖြစ်အံ့- အဆုံးဈာန် ၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါ ဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန်ဟု ဆိုအပ်သော ဈာနောကာ သရ၏။

ဣတရေသံ သဝိတက္ကသဝိစာရ ဘူမိယံ နှစ်ဘက်ရက ဝစီသည် ပထမဈာန် နှင့်သာ ဆိုင်ခြင်းကြောင့် ဈာနောကာသ ဇယားနံပါတ် ၅-ကြည့်ပါ။

ပထမဈာန်ကို ဝင်စားလတ့်သောသူဖြစ်အံ့- အဆုံးဈာန်တိုင်အောင်၊ မဝင် စားလတ့်သောသူဖြစ်အံ့- အဆုံးဈာန်၏ အနန္တရတိုင်အောင် ဈာန်ဝင်စား သော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊(ပြီးတော့ ခုနက ဝိဘင်းထုတ်ရင် ဘယ်လိုထုတ် ရမယ်လို့ ပြောခဲ့တဲ့အတိုင်း ကာမာဝစရာနံအကွက်ကို ကြည့်ပါ၊ ကာမဖြစ်လို့ ဘုမ္မောကာသဇယား ၁.၂-ကို ကြည့်ရပါတယ်၊ အစစ်အတုဆိုရမယ်၊)ပဋိသန္ဓေ မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ် တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက် သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင်၊ ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင် အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင် စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မော ကာသ၊ (ပြီးတော့ ရူပါဝစရာနံ အရူပါဝစရာနံ အကွက်ကို ကြည့်ရပါလိမ့် မယ်၊ ဒါက အနာဂတဝါရအကွက်မှာ ဘုမ္မောကာသဇယား နံပါတ် ၃-ရှိပါ တယ်၊ ပြီးတော့ အတီတဇယားက သုဒ္ဓါဝါသဇယား ရှိပါတယ်၊ ဒီဇယား

၂-ခုကို ယှဉ်ပြီးကြည့်ရပါလိမ့်မယ်၊ အတီတမှာ စုတိရှိပါတယ်၊ အနာဂတမှာ ပဋိသန္ဓိစိတ်၏ အနန္တရရှိပါတယ်၊တဘက်ရကပဋိသန္ဓိစိတ်ကို ယူသွားလေတော့ စုတိကို ပဋိသန္ဓိစိတ်၏ အနန္တရလို့ ဆိုရရုံပါဘဲ၊ အတီတမှ ဝစီရတဲ့အကွက်ကြည့်ပါ၊) သုဒ္ဓါဝါသဖြစ်အံ့- ဘဝနိကန္တိက ပထမဇောမှစ၍ ပဋိသန္ဓိစိတ်၏ အနန္တရတိုင်အောင်၊ ကြွင်းသော ရူပါဝစရ အရူပါဝစရဖြစ်အံ့- ပဋိသန္ဓေမှစ၍ ပဋိသန္ဓိစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပဋိသန္ဓိမဘာဝိက ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ (ဒါကအစစ်ပါ၊ မဖြစ်ပြန်ကောင်းကလဲ ဒီအတိုင်းဆိုရပါတယ်၊) မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် သုဒ္ဓါဝါသဖြစ်အံ့-ဘဝနိကန္တိက ပထမဇောမှစ၍ စုတိ၏ အနန္တရတိုင်အောင်၊ ကြွင်းသော ရူပါဝစရ အရူပါဝစရဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ အရူပ လေးဘုံဟု ဆိုအပ်ဘော ဘုမ္မောကာသ၊ (ဖြစ်ပြန်က နံပါတ် ၉-ပါဘဲ၊) မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်ဘုံ တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်းရ၏၊ သံသယကား နောက်သာရ၏။

ပဋိလောမက အဝိတက္ကအဝိစာရ ဘူမိယံအတွက် ဝစီနဲ့မဆိုင်တဲ့ ဈာနောကာသဇယား နံပါတ် ၅-ကြည့်ပါ၊ ဝစီနဲ့မဆိုင်တာဟာ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တွေရှိပါတယ်၊ ဒီဈာန်တွေကို ပထမရှေးဦးစွာ ဆိုရပါလိမ့်မယ်။

**ပဋိလောမပုစ္ဆာ** သန္နိဋ္ဌာန်ပုဒ်၏အရကား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ကိုဝင်စားလတ့်သောသူဖြစ်အံ့- အဆုံးဈာန်တိုင်အောင်၊ မဝင်စားလတံ့သောသူဖြစ်အံ့- အဆုံးဈာန်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊ (ပြီးတော့ ဝစီမဖြစ်ဘူးတာ သုဒ္ဓါဝါသာနံ ဒုတိယေ

စိတ္တေ ဝတ္တမာနေရှိပါတယ်၊ ဒါကို အတီတသုဒ္ဓါဝါသအတွက် စိတ္တနဲ့ဆိုင်ရာမှာ ကြည့်ရပါလိမ့်မယ်၊) သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေ (ပဋိသန္ဓေဟာ အတီတဝါရအတွက် စိတ္တဖြစ်ဘူး မရပေမဲ့ အနာဂတဝါရအတွက် ဖြစ်လတ္တံ့ ရပါတယ်၊) ဘဝင် ၁၆-ချက်၊ မနောဒွါရာဝဇ္ဇန်း ဤ ၁၇-ချက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏၊ အနုလောမသံသယလည်းရ၏၊ သံသယကား နောက်သာရ၏။

ပစ္စနိက်ကျတော့ အဝိတက္ကအဝိစာရ ဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံနဲ့ အသညသတ္တာနံလို့ ဟောပါလိမ့်မယ်၊ ဒီအဝိတက္ကအဝိစာရဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံ ဝိဘင်းကိုကြည့်ရင် အဝိတက္ကအဝိစာရ ပစ္ဆိမစိတ်များကို အရကောက်ရတော့ မယောင်ဖြစ်နေပါတယ်၊ အနုလောမ တဘာက်ရက သဝိတက္ကသဝိစာရ ဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံအရ ပစ္ဆိမစိတ်များ ကုန်သွားပြီဖြစ်ပေမဲ့ အနုလောမတဘာက်ရ ပါဠိတော်မှာ ဟောခဲ့တဲ့ ပါဠိနဲ့ အလားတူ အသံတူဖြစ်တဲ့ အဝိတက္ကအဝိစာရ ဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံ ကျန်နေလို့ ထုတ်ပြတာဖြစ်ပါတယ်၊ ဒီဝိဘင်းအရ ပဋိလောမ တဘာက်ရက ကြွင်းကျန် နေတဲ့ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်များကိုသာ ကောက်ရပါတယ်၊ မှန်ပါတယ်၊ ဒီအဆုံးဈာန်ရဲ့ ခဏတ္တယဖြစ်တဲ့ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်များဟာ သဝိတက္ကသဝိစာရမဟုတ်ကြပါဘူး၊ ဝိတက္ကဝိစာရတွေနဲ့ လုံးဝမဆိုင်တဲ့ အဝိတက္ကအဝိစာရ တရားများသာ ဖြစ်ကြလို့ ဒီလိုထုတ်ပြတော်မူတာ ဖြစ်ပါတယ်၊ ဒီလိုမှ အဝိတက္ကအဝိစာရ ဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံလို့ မဟောရင် ဘယ်လောက်အသိခက်ပြီး ရှုပ်ထွေးသွားမည်ကို အနည်းငယ်ပြောပြပါမယ်။

ဒီပစ္စနိက်သံသယကြွင်း အရကောက်အရ ဝိဘင်းထုတ်ရင် ဒုတိယဈာနံ တတိယဈာနံ စတုတ္ထဈာနံ သမာပန္နာနံလို့ ဝိဘင်းထုတ်ရလိမ့်မယ်၊ ဒီဝိဘင်းကလဲ ပဋိလောမ တဘာက်ရနဲ့ ဆိုင်နေပြန်တော့ ဝိဘင်းတူလို့ ထပ်ပြီး မထုတ်သင့်ပါဘူး၊ သစ္စယမိုက် အတီတာနာဂတဝါရ သုဒ္ဓါဝါသကြွင်းများလို ပါဠိဂတိဝိဘင်း ထုတ်လိုကလည်း မဂ်ရမရတာသာ ကွဲပြားတာမဟုတ်ဘဲ တရားကြွင်းရှိနေလို့ မလျောက်ပတ်ပါဘူး၊ ဒီတော့ ဝိဘင်းထုတ်ရမှု အင်မတန်ခက်မယ်၊ အသိဉာဏ်လဲ ရှုပ်ထွေးမယ်၊ အသညသတ္တာနံ တခုတည်း ထုတ်ပြန်လဲ မပြည့်စုံဘူး၊ ဒီအခက်အခဲ အရှုပ်အထွေးကို ရှင်းရှင်းနဲ့ လွယ်ကူအောင်

ဟောတော်မူတဲ့ သဗ္ဗညုတဉာဏ်တော်အစွမ်းကိုသာ ချီးမွမ်းအံ့ဩဘွယ်ဖြစ်ပါ တယ်။

ယဿ ယတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထ တဿ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိတိ၊ အဝိတက္ကအဝိစာရဘူမိယံ တေသံ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ၊ အဝိတက္ကအဝိစာရ ဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံ အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ နုပ္ပဇ္ဇိတ္ထ စိတ္တသင်္ခါရော စ နုပ္ပဇ္ဇိဿတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ၊ တဿ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထာတိ၊ သဝိတက္ကသဝိစာရ ဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ တတ္ထ စိတ္တသင်္ခါရော နုပ္ပဇ္ဇိဿတိ နော စ တေသံ တတ္ထ ဝစီသင်္ခါရော နုပ္ပဇ္ဇိတ္ထ အဝိတက္ကအဝိစာရ ဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံ အသညသတ္တာနံ တေသံ တတ္ထ စိတ္တသင်္ခါရော စ နုပ္ပဇ္ဇိဿတိ. ဝစီသင်္ခါရော စ နုပ္ပဇ္ဇိတ္ထ။

အဝိတက္ကအဝိစာရ ဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံအရ ခုနကပြောခဲ့တဲ့ ဒုတိယ တတိယ စတုတ္ထဈာန်ကြွင်းကို ကောက်ရပါတယ်၊ ဈာနေသကာသ ပစ္စနိက်ကွက် ကြည့်ရှုပါဘဲ။

**ပစ္စနိက်သံသယကြွင်း**ကား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ကိုမ ဝင်စားလတ္တံ့သောသူဖြစ်အံ့-အဆုံးဈာန်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနေသကာသ၊ အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အညသတ် ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

## နိရောဓ၊ ဝစီသင်္ခါရမူ စိတ္တသင်္ခါရမူလီ

နိရောဓဝါရကလဲ ဥပ္ပါဒသဘောအတိုင်းပါဘဲ၊ ဒီမှာ မူလီဖြစ်တဲ့ စိတ္တက ဆိုင်ရာအားလုံးတို့ရဲ့ ပစ္ဆိမဥပါဒ်စသည်ကို ရလေတော့ အနုလောမ တဘက် ရမှာ ဘင်များကို ထုတ်ရပါလိမ့်မယ်၊ ဒါကြောင့် သဝိတက္က သဝိစာရဘူမိယံ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေလို့ ထုတ်ရပါတယ်၊ နှစ်ဘက်ရကျတော့လဲ ဥပ္ပါဒ နည်းတူ ဣတရေသံ သဝိတက္ကသဝိစာရ ဘူမိယံလို့ ထုတ်ရပါတယ်၊ ပဋိလောမ မှာလဲ အဝိတက္ကအဝိစာရ ဘူမိယံလို့ ထုတ်ရပါတယ်။

ယဿ ယတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိတ္ထ တဿ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတီတိ၊ သဝိတက္ကသဝိစာရ ဘူမိယံ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ ဧတေသံ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိတ္ထ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ ဣတရေသံ သဝိတက္ကသဝိစာရဘူမိယံ တေသံ တတ္ထ ဝစီသင်္ခါရော စ နိရုဇ္ဈိတ္ထ၊ စိတ္တသင်္ခါရော စ နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ တဿတတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိတ္ထာတိ၊ အဝိတက္ကအဝိစာရဘူမိယံ တေသံ တတ္ထ စိတ္တသင်္ခါရော နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ ဝစီသင်္ခါရော နိရုဇ္ဈိတ္ထ သဝိတက္ကသဝိစာရဘူမိယံ တေသံ တတ္ထ စိတ္တသင်္ခါရော စ နိရုဇ္ဈိဿတိ ဝစီသင်္ခါရော စ နိရုဇ္ဈိတ္ထ။

အရကောက်ကလဲ ဥပ္ပါဒအတိုင်းမှာ ဘင်္ဂက္ခဏလို့ ဆိုရုံပါဘဲ။

**အနုလောမပုစ္ဆာ** သန္နိဋ္ဌာန်ပုဒ်၏ အရကား တိဟိတ် စုတိတေရသ+ စေတသိက် ပဋ္ဌတိ သတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ချာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပ လေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ် ကျေနပ်သ+ စေတသိက် ပဋ္ဌတိ သတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ချာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ စဝန္တပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံ အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ ပထမချာန်ကို မဝင်စားလတ္တံ့သောသူဖြစ်အံ့-အဆုံးချာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ချာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမချာန်ဟု ဆိုအပ်သော ချာနောကာသရ၏။

ပထမချာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့- အဆုံးချာန်တိုင်အောင်၊ မဝင်စားလတ္တံ့သောသူဖြစ်အံ့- အဆုံးချာန်၏ ဥပါဒ်တိုင်အောင် ချာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမချာန်ဟု ဆိုအပ်သော ချာနောကာသ၊ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ချာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟုဆိုအပ်သော ဘုမ္မော

ကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိ၏ ဥပါဒ်တိုင်အောင်၊ ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ သုဒ္ဓါဝါသဖြစ်အံ့-ဘဝနိကန္တိက ပထမဇောမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင်၊ ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့- ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် သုဒ္ဓါဝါသဖြစ်အံ့-ဘဝနိကန္တိက ပထမဇောမှစ၍ စုတိ၏ ဥပါဒ်တိုင်အောင်၊ ကြွင်းသော ရူပါဝစရ အရူပါဝစရဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိ၏ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ် အကနိဋ္ဌကြဉ်သော ရူပ ၁၄-ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်ဘုံ တိုင်အောင်သော ရူပါဝစရ ၁၀-ဘုံ အရူပလေးဘုံဟု ဆိုအပ် သော ဘုမ္မောကာသလည်းရ၏၊ သံသယကား နောက်သာရ၏။

ပဋိလောမ တဘက်ရ အဝိတက္ကအဝိစာရ ဘူမိယံကို ဥပ္ပါဒဝါရတုံးက ဈာနောကာသကို အရင်ကောက်ပြပြီးမှ ဘုမ္မောကာသကို ကောက်ပါတယ်၊ အရကောက် နိရောဓဝါရမှာ ဘုမ္မောကာသကို အရင် ဈာနောကာသကို နောက်ဖြစ်နေပါတယ်၊ ဒီတော့ ဥပ္ပါဒနဲ့တူစေရန် ဈာနောကာသကိုဘဲ အရင် ကောက်ပြပါမယ်။

**ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်**၏ အရကား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့- အဆုံးဈာန်တိုင်အောင်၊ မဝင်စားလတ္တံ့သောသူ ဖြစ်အံ့- အဆုံးဈာန်၏ ဥပါဒ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ

အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊(သုဒ္ဓါဝါသကတော့ ဥပ္ပါဒအတိုင်းပါဘဲ၊) သုဒ္ဓါဝါသဘုံ၌ပဋိသန္ဓေ ဘဝင် ၁၆-ချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဤ ၁၇-ချက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅-ဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏၊ အနုလောမသံသယလည်းရ၏· သံသယကား နောက်သာရ၏။

ပစ္စနိက်ကျတော့ ဥပ္ပါဒဝါရအတိုင်း ဒီမှာ ဘင်ကျန်ပါတယ်။ အဝိတက္က အဝိစာရဘူမိယံ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေနဲ့ အသညသတ္တာနံလို့ ထုတ်ရပါမယ်။

ယဿ ယတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိတ္ထ တဿ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတီတိ၊ အဝိတက္က အဝိစာရ ဘူမိယံ တေသံ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိတ္ထ နော စ တေသံ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ၊ အဝိတက္က အဝိစာရဘူမိယံ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ အသညသတ္တာနံ တေသံ တတ္ထ ဝစီသင်္ခါရော စ န နိရုဇ္ဈိတ္ထ စိတ္တသင်္ခါရော စ န နိရုဇ္ဈိဿတိ။ ။ယဿ ဝါ ပန ယတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ တဿ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိတ္ထာတိ၊ သဝိတက္က သဝိစာရ ဘူမိယံ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ တတ္ထ စိတ္တသင်္ခါရော န နိရုဇ္ဈိဿတိ နော စ တေသံ တတ္ထ ဝစီသင်္ခါရော န နိရုဇ္ဈိတ္ထ၊ အဝိတက္က အဝိစာရဘူမိယံ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ အသညသတ္တာနံ တေသံ တတ္ထ စိတ္တသင်္ခါရော စ န နိရုဇ္ဈိဿတိ ဝစီသင်္ခါရော စ န နိရုဇ္ဈိတ္ထ။

ပဋိလောမတဘက်ရက ဒုတိယ တတိယ စတုတ္ထဈာန်ရဲ့ ဥပါဒ်ယူသွားပါတယ်၊ ဘင် ကျန်နေပါတယ်၊ အဲဒီဘင်နဲ့ အသညသတ်ကို ကောက်ရရုံပါဘဲ။

**ပစ္စနိက်သံသယကြောင်းကား** ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ကို မဝင်စားလတံ့သောသူဖြစ်အံ့- အဆုံးဈာန်၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဒုတိယ

ဈျာန် တတိယဈျာန် စတုတ္ထဈျာန်ဟုဆိုအပ်သော ဈျာနေ့ာကာသ၊ အသညသတ် ဥပပတ္တိစဝန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ဟု ဆိုအပ်သော ဘုမ္မောကာသရ၏။

ဥပ္ပါဒနိရောဓဝါရက နိရောဓဝါရနဲ့တူပါတယ်။

**သင်္ခါရယမိုက် ပရိညာဝါရကလဲ** ခန္ဓယမိုက်ပရိညာဝါရနဲ့ တူပါတယ်။ ဒီတော့ သင်္ခါရယမိုက်ကိစ္စအားလုံးကုန် ပြီးသွားပါပြီ။

သာဓု- သာဓု- သာဓု။

——